www,yeyintnge.com

[လူမှား နေရာမှား](#)

MONDAY, 23 MARCH 2009 18:51 ဟန်လေး



[ဗေဒင်မေးရန်မလိုပါ.....](#)

Monday, March 23, 2009




[သန်းရွှေနှင့်ကြိုင်ကြိုင်ကင်ပွန်းတတ်ပွဲ](#)

Saturday, March 21, 2009




ကာတွန်း ကလျာမိတေ
မတ် ၂၁၊ ၂၀၀၉

မျိုးဆက်
အိမ်သီ (သာယာဝတီ)
မတ် ၂၂၊ ၂၀၀၉



အမေ
ရင်က အန်ချလိုက်တဲ့
သွေးစက်
အခု
ကမ္ဘာမြေ အတွက်
ကိုယ်စားပြုလျက်ပေါ့ .....
အမေ့ ကို စံထား
အို.....
သားများရဲ့
အမေတို့
ဂုဏ်ယူ လိုက်ကြပါ စို့ .....

သေခြင်းဆိုတာ
နိယာမ ဆိုပေမဲ့
မသေတဲ့ သေခြင်းနဲ့
လောကကို အောင်နိုင်ပြီး
သားရဲ့
အနားမှာ
တော်လှန်သောတေးသီချင်းတွေ
ဆိုညည်း နေအုံးမှာပါ..........။

မြန်မာ နေရှင်နယ်လိဂ် ၏ အလျှော်အစားဘွတ်ကီ ဒိုင်ကို ဗိုလ်ချုပ်မှူးကြီး၏ မြေး ဖိုးလပြည့်ကိုင်မည်

March 23, 2009 ·

၂၃ မတ် ရန်ကုန်၊ ဟိန်းခိုင်ထွန်း

## ဘွတ်ကီ ဒိုင် ကိစ္စ ညကြီးသန်းခေါင်လည်းအချင်းများသဖြင့် အရပ်ကူပါ လူပိုင်းပါ ဖြစ်ရသေးသည့် ဖိုးလပြည့် မြန်မာပရိ ဘောလုံးလောက ၏ အလျော့်အစားဘွတ်ကီ ဒိုင်ကို လက်ဂါးကြီးအုပ်ရန်ကြံ

မြန်မာစစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မြေးဖြစ်သူ အသက် ၁၅ နှစ်အရွယ်ရှိ
နေရွှေသွေးအောင် ခေါ် ဖိုးလပြည့် က တိုင်းပြည်၏ ဆုကြေးစား ဘောလုံးကလပ် အသင်းတစ်
တစ်ခုဖြစ်သည့် မြန်မာနေရှင်နယ် လိဂ် ၏ တရားဝင်အလျော့်အစားဘွတ်ကီဒိုင်ကို တာဝန်ယူလိမ့် မည်ဟု မြန်မာနေရှင်နယ် လိဂ် မှ တာဝန်ရှိသူ တစ်ဦးက Freedom News Group သို့ ပြောကြားသည်။

မတ်လ၄ ရက် ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးများပိုင်ဆိုင်သည့် အသင်းရှစ်သင်းပါမြန်မာ နေရှင်နယ်လိဂ် ပြိုင်ပွဲများအားလာမည့်မေတွင်စတင် ကျင်းပတော့မည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မြေး ဖိုးလပြည့် ဘွတ်ကီဒိုင်ကိုင် မည့် ကိစ္စ နှင့်ပတ်သက်၍ မြန်မာနေရှင်နယ် လိဂ် မှ အကြီးတန်း အရာရှိ တစ်ဦး က FNG သို့ ပြောရာတွင်
"ကလပ်အသင်းတွေ စထောင်ဖို့ ဂန်ကြီးချုပ်ဆီ စာတင်ကတည်း သူလည်း ကလပ် အသင်းတစ်သင်းထောင်မယ် ဆိုပြီး အသည်းအသန်ဖြစ်နေတာ အဲဒါနဲ့
ကိုဇော်ဇော် (မြန်မာ့ ဘောလုံးအသင်း ဥက္ကဌ)ရယ် ကို တေဇ ရယ် ကသူ့ လဲပြော ဗိုလ်ချုပ်မှူးကြီးလဲပြောပြီးမနည်း
နားချထားရတာ ကိုဇော်ဇော် က ပြောတယ် သူ ပါရင်ဘယ်ဖြစ်မလဲ သူကလပ်ရှုံးရင် ညစ်တာတို့
ဘာတို့ဖြစ်လာလိမ့် မယ် ဒါကြောင့် သူ့ ကို ဘွတ်ကီဒိုင်ပေး ကိုင်ဖို့ လုပ်ထားရတာ "ဟုဆိုသည်။ဖိုးလပြည့် မှာ ၂၀၀၆ ခုနှစ် က ဂျပန်ဘောလုံးသမား
နာကာတာမြန်မာ ပြည်သို့ လာရောက်လည်ပတ် စဉ် ချစ်ကြည်ရေးပွဲ ဦ မြန်မာ့ လက် ရွေးစင်အသင်းဦဝင်ရောက် ကန်ကတည်းကပင် တခြားဗိုလ် လုံးသမားများက သူ
့ကို တမင်ရှောင်ပြီးကစားရသည် ဟုဆိုသည်။ဘောလုံးခရေဇီဖြစ်သော နေရွှေသွေးအောင် မှာ သူ့ အသက် ၁၆ နှစ်ပြည့် မွေးနေ့ ပွဲ ကိုဆီဒိုနားဟိုတယ်တွင်
ကျင်းပခဲ့စဉ် က သူကြိုက် နှစ်သက်သော အင်္ဂလိပ် ကလပ်အသင်း မန်ချက်စတာယူနိုက်တက် ကဲ့သို့ ခန်းလုံးပြည့် အနီရောင်များဆင် ခဲ့သည်ဟုဆိုသည်။
သူနှင့် နီးစပ်သော သူများကမူ ဘောလုံးအားကစားထက် ဘေဘလုံးပွဲများလောင်းရသည်
ကို ပို ဂါသနာထုံသည် ဟုဆိုသည်။အခြားအတည် မပြုနိုင်သေးသော သတင်းတစ်ရပ် အရမူ ဦးတေဇ ပိုင်ဆိုင်သည့် Yangon United ကလပ်အသင်း၏ရှယ် ယာအချို
့ကို နေရွှေသွေးအောင် ပိုင်ဆိုင်သည် ဟုဆိုသည်။အခွန်စည်းကမ်းများအရ မူ ဘွတ်ကီဒိုင် အတွင် အဓိက တာဝန်ရှိသူမှာ ပြည်တွင်းအခွန်များဦးစီး
ဌာန မှသာဟု အခွန်ဂန်ထမ်းတစ်ဦး ကပြောသည်။မြန်မာနေရှင် နယ်လိဂ် ၏ ဘွတ်ကီဒိုင် ကိစ္စ နှင့် ပတ်သက်၍ ပြီးခဲ့သည့် တစ်ပတ်ခန့် ကလည်း
ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မီကာဆာ (ဆီဒိုးနားဟိုတယ်အနီး)ဟိုတယ် တွင်ချံပီယံလိဂ်ပွဲစဉ်တစ်ခုသွားကြည့်စဉ်အခြားစီး
ပွားရေးလုပ်ငန်း ရှင် များနှင့် အချင်းများသဖြင့် ဟိုတယ်မှ တာဝန်ရှိသူများ ရန်ကုန်တိုင်းစစ် ဌာနချုပ်မှ ဗိုလ်မှူးကြီးအဆင့် ရှိ တာဝန်ရှိသူ တစ်ဦးတို
့လာရောက်ဖြန်ဖြေပေးခဲ့ရသ
ည်။





● မကြာခင် ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေ ထိုင်းနိုင်ငံ သွားမည် ●

# ကနေဒါရှိ ကျုံးယွမ် ဦးကျော်မြင့်၏ ယူဒီပီ ပါတီနှင့် မပတ်သက်ဟု ဦးသုဝေ ငြင်းဆို

## နိုင်ငံကူးလက်မှတ် အပိတ်ခံထားရသည့် ဦးသုဝေအား နိုင်ငံကူးလက်မှတ်ထုတ်ပေး




ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေ

NEJ / မတ်လ(၂၃) ရက်၊ ၂၀၀၉

ကနေဒါနိုင်ငံရှိ (ကျုံးယွမ်) ဦးကျော်မြင့်ဖွဲ့စည်းထားသော ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) သည် ၎င်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ခေတ်ပြိုင်နှင့် သီးသန့် ဆက်သွယ်မေးမြန်းရာတွင် ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေက ငြင်းဆိုလိုက်သည်။

သို့သော် ဦးသုဝေသည် အဆိုပါပါတီ၏ ဥက္ကဋ္ဌဖြစ်ကြောင်း ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) ၏ ဂဂ်ဆိုက်ဖြစ်သည့် http://udpmyanmar.blogspot.com/ တွင် ဦးသုဝေ၏ ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်။ အဆိုပါ ဂဂ်ဆိုက်တွင် UDP ပါတီမှ ဦးကျော်မြင့်၏ ရာထူးကို Ex Vice Chairman ဟု ဖော်ပြထားသည်။

ဦးကျော်မြင့်၏ UDP ပါတီနှင့် မပတ်သက်ကြောင်း ဦးသုဝေကငြင်းဆိုသော်လည်း UDP ပါတီက ထုတ်ပြန်ထားသော မူဝါဒသဘောထားနှင့် UDP ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းစာတမ်းများကို ဦးသုဝေကိုယ်တိုင် ရန်ကုန်တွင် ဖြန့်ဝေမှုများ ပြုခဲ့သည်ဟု ရန်ကုန်ရှိ ဝါရင့်နိုင်ငံရေးသမားကြီးတဦးက ခေတ်ပြိုင်သို့ပြောသည်။

ထို့ပြင် ရန်ကုန်မြို့မှ ရှေ့နေဦးရဲထွန်းမှတဆင့် ဦးကျော်မြင့်နှင့် အဆက်အသွယ်ရခဲ့ကြောင်း၊ ပါတီဖွဲ့စည်းရေးကိစ္စ များ ဆွေးနွေးခဲ့ကြောင်းကိုမူ ဦးသုဝေက ဝန်ခံပြောဆိုသည်။

ရန်ကုန်ရှေ့နေ ဦးရဲထွန်းနှင့် ကနေဒါနိုင်ငံရောက် ဦးကျော်မြင့်တို့ မည်သို့အဆက်အသွယ်ရခဲ့ကြောင်းကိုမူ ဦးသုဝေက ရှင်းရှင်းလင်းလင်း ပြောဆိုမသွားပေ။ သို့သော် မြန်မာနိုင်ငံတွင် အဆိုပါပါတီ ထောင်သည့်အချိန်၌ ဦးကျော်မြင့်က ငွေကြေးထောက်ပံ့နိုင်ကြောင်း ပြောခဲ့သည်ဟု ဦးသုဝေက ပြောသည်။

လောလောဆယ်တွင်မူ ပါတီဖွဲ့စည်းရေးအတွက် ဦးရဲထွန်းနှင့် ၎င်းတို့ နှစ်ဦးသာ လှုပ်ရှားနေပြီး ပါတီဖွဲ့ဖြစ်ပါက ဝန်ကြီးချုပ်ဟောင်း ဦးနု သမီး ဒေါ်သန်းသန်းနု၊ ဦးကျော်ငြိမ်းသမီး ဒေါ်ချိုချိုကျော်ငြိမ်း၊ ဦးဘဆွေသမီး ဒေါ်နေရီဘဆွေတို့ ပါဝင်မည်ဟုလည်း ဦးသုဝေက အတိအလင်း ပြောဆိုသွားသည်။

ဦးသုဝေသည် ၂၀၀၅ ခုနှစ်မှစပြီး နိုင်ငံကူးလက်မှတ်ထုတ်မပေးရမည့် နာမည်ပျက်စာရင်း အသွင်းခံထားရ သော်လည်း ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) နှင့် ပတ်သက်ကြောင်း သတင်းများထွက်ပေါ်ပြီးမကြာခင် စစ်အစိုးရက ဦးသုဝေအား နိုင်ငံကူးလက်မှတ်ထုတ်ပေးခဲ့သည်။ မကြာခင် ထိုင်းနိုင်ငံသို့ ဆေးကုသွားမည်ဟု ဦးသုဝေက ပြောသည်။

ယင်းခရီးစဉ်ကို ဦးရဲထွန်းထံ အသိပေးသွားမည်ဖြစ်ရာ ဦးရဲထွန်း၏ ဆက်သွယ်မှုကြောင့် ဦးကျော်မြင့်နှင့်လည်း တွေ့ဆုံကောင်း တွေ့ဆုံနိုင်သည်ဟု အာဏာပိုင်များက ခေါ်ယူတွေ့ဆုံစဉ် ပြောကြားခဲ့ပြီးဖြစ်ကြောင်း ဦးသုဝေက ပြောသည်။

ဦးသုဝေ၏ ဇနီးမှာ ထိုင်းနိုင်ငံသားဖြစ်နေသည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းများနှင့် ကိုက်ညီမှု ရှိမရှိ ခေတ်ပြိုင်က မေးမြန်းရာ ရွေးကောက်ခံတဦး မဖြစ်နိုင်သော်လည်း နိုင်ငံအကျိုးအတွက် ဆက်လုပ်သွားမည်ဟု ဦးသုဝေက ပြောသည်။

ဦးသုဂေသည် ယခုရက်ပိုင်းအတွင်း မန္တလေးသို့ရောက်ရှိနေသည်။ ရန်ကုန်ရှိ ဂါရင့်နိုင်ငံရေးသမားကြီးတဦးက ပါတီစည်းရုံးရေးအတွက် သွားခြင်းဖြစ်သည်ဟု ပြောသော်လည်း ဦးသုဂေကမူ အလည်အပတ်ကိစ္စလည်းပါကြောင်း မယုတ်မလွန်ပြောကြားခဲ့သည်။

## စက်မှု (၁) ဝန်ကြီးဌာနမှ ကြံ့ဖွံ့အမတ်လောင်း (၃) ဦး လျာထား

NEJ / မတ်လ(၂၃) ရက်၊ ၂၀၀၉

ဂန်ကြီးဌာနပေါင်းစုံမှ ပင်စင်ယူကာနီး အကြီးတန်းအရာရှိများကို ကြံ့ဖွံ့အမတ်လောင်းအဖြစ် လျာထားရာ စက်မှု (၁) ဂန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး (၃) ဦးပါဂင်သည်ဟု စက်မှု (၁) ဂန်ကြီးရုံး အရာရှိတဦးက ပြောသည်။

နေပြည်တော် စက်မှု (၁) ဂန်ကြီးဌာန လက်အောက်ရှိ အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းမောင်အား ရခိုင် (ကြံ့ဖွံ့) လွှတ်တော်ကိုယ်စားလှယ်၊ ထွေထိန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်အား မလှိုင် (ကြံ့ဖွံ့) လွှတ်တော်ကိုယ်စားလှယ်နှင့် စက္ကူဓာတုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်အား မိုးညှင်း(ကြံ့ဖွံ့) လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျာထားကြောင်း အဆိုပါ အရာရှိက ပြောသည်။

အဆိုပါ ဦးဆောင်ညွှန်ကြားရေးမှူး (၃) ဦးလုံး စစ်ဘက်အရာရှိများသာဖြစ်ပြီး ပင်စင်သွားတော့မည့်သူများ ဖြစ်သည်။

ရွေးကောက်ပွဲဥပဒေ မထုတ်ပြန်သေးသဖြင့် ကြံ့ဖွံ့ပါတီကို တရားဂင် နိုင်ငံရေးပါတီ ပြောင်းကြောင်း မကြေညာသေး သော်လည်း ကြံ့ဖွံ့ပါတီအတွက် စည်းရုံးရေးလုပ်ငန်းများကိုမူ သက်ဆိုင်ရာဂန်ကြီးများက တိုင်းအလိုက် စည်းရုံးရေး ဆင်းနေသည်မှာ ၂၀၀၈ ခုနှစ်ကတည်းက ဖြစ်သည်။ သဘောမှာ ရွေးကောက်ပွဲနီးမှ ကပ်ပြီး ရွေးကောက်ပွဲ ဥပဒေ ထုတ်ပြန်သည့်အချိန် အခြားပါတီများ စည်းရုံးရေးစရန် ပြင်နေချိန်တွင် ကြံ့ဖွံ့ပါတီက တနိုင်ငံလုံး စည်းရုံးထားပြီး ဖြစ်နေအောင် ကြိုတင်လျှို့ဂှက် အကွက်ရိုက်ထားသည်ဆိုသည့် သဘောဖြစ်သည်ဟုလည်း အဆိုပါအရာရှိက ပြောသည်။

အချို့မြို့နယ် အတော်များများရှိ နယ်မြေခံ ချမ်းသာသည့် ကြံ့ဖွံ့တာဂန်ခံများကလည်း ၂၀၁၀ ရွေးကောက်ပွဲ အတွက် ကြံ့ဖွံ့ပါတီကိုယ်စားလှယ် အရွေးခံနိုင်ရန် မျှော်လင့်ထားရာ ယခုကဲ့သို့ အရွေးခံမည့် ဂန်ကြီးဌာန အကြီးအကဲများနှင့် ထိပ်တိုက်ပြဿနာဖြစ်မည့် အလားအလာများလည်း ရှိနေသည်ဟု နေပြည်တော်ဂန်ကြီးဌာန များကြား ခန့်မှန်းပြောဆိုနေကြသည်။

ကြံ့ဖွံ့ပါတီအတွက် အရွေးခံမည့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များသည် လောလောဆယ် တာဂန်ထမ်းဆောင်နေသည့်အတွက် ၎င်းတို့၏ ဌာနဆိုင်ရာ ငွေကြေးသုံးစွဲခွင့် လုပ်ပိုင်ခွင့်များကို အသုံးချပြီး ကြံ့ဖွံ့အတွက် စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်မည် ဖြစ်သည်ဟု ဆောက်လုပ်ရေးဂန်ကြီးဌာနနှင့် နီးစပ်သည့် အရာရှိတဦးကလည်း ပြောသည်။

## ဝင်းသူဇာဆိုင်တွေကို ရတနာမန်းကုမ္ပဏီက အေးဂျင့်ယူ

NEJ / မတ်လ(၂၃) ရက်၊ ၂၀၀၉

စက်မှု (၁) ဂန်ကြီးဌာနအောက်ရှိ ဂင်းသူဇာ အရောင်းဆိုင်များ အရှုံးပေါ်လွန်းသည့်အတွက် ပြင်ပ အရောင်းအေးဂျင့် များကို လွှဲပြောင်းရာ ရတနာမန်းကုမ္ပဏီက အရောင်းအေးဂျင့်တာဂန်ယူလိုက်သည်ဟု စုံစမ်းသိရသည်။

အေးဂျင့်ယူသည့်ဆိုင်များမှာ မြောက်ဒဂုံဂင်းသူဇာဆိုင်၊ မြစ်ကြီးနားဂင်းသူဇာဆိုင်နှင့် ရွှေဂါဆပ်ပြာ သိန်းတရာကျော် ဖိုး အလွဲသုံးစားလုပ်ခဲ့သည့် တောင်ဥက္ကလာ ဂင်းသူဇာဆိုင်တို့ဖြစ်သည်ဟု စက်မှု (၁) မန်နေဂျာတဦးက ပြောသည်။

ဂန်ကြီးဦးအောင်သောင်းက ဂင်းသူဇာဆိုင်များ၏ နေ့စဉ်ရောင်းရငွေကို သိန်းမည်မျှရှိရမည်ဟု သတ်မှတ်ထားရာ သတ်မှတ်ငွေမရသည့် ဆိုင်တာဂန်ခံများ အိတ်စိုက်သွင်းရခြင်း၊ အရောင်းစာရင်းလိမ်ပြရခြင်းတို့ကြောင့် ဆိုင်တာဂန်ခံအချို့ မိမိကိုယ်မိမိ သတ်သေသည်ထိ ဖြစ်ပွားခဲ့သည်။

ယခုကဲ့သို့ ဂင်းသူဇာဆိုင်များကို အေးဂျင့်လက်အပ်သည့်အတွက် ဆိုင်ဂန်ထမ်းများ ဂန်ကြီးဖိအားပေးမှု မခံရတော့ သဖြင့် စိတ်ချမ်းသာသွားသည်ဟု ဂန်ထမ်းတဦးက ပြောသည်။

ဂင်းသူဇာဆိုင်များတွင် ငွေသိန်းပေါင်း (၁၀) ဂဏန်းမှ (၁၀၀) ဂဏန်းထိ ကွာဟမှု မကြာခဏဖြစ်နေသည့်အတွက် အရောင်းဆိုင်တာဂန်ခံများ မိမိကိုယ်မိမိ သတ်သေခြင်း၊ ထွက်ပြေးခြင်းအမှုများ များနေရာ မကြာခင်က တောင်သာ မြို့ ဂင်းသူဇာအရောင်းဆိုင်မှ သိန်း (၃၀) ကျော် ကွာဟမှု ဖြစ်ခဲ့သည်။

တပြည်လုံးရှိ ဝင်းသူဇာအရောင်းဆိုင်များကို အနည်းဆုံး တနေ့ ကျပ်ငွေ (၁) သိန်းကနေ (၂၅) သိန်းထိ ဆိုင်အနေ အထားလိုက် ဝင်ငွေရအောင် ရောင်းရမည်ဟု စက်မှု (၁) ဝန်ကြီးက သတ်မှတ်ထားသည်။

ရန်ကုန်မြို့ရှိ တနေ့ (၂၅) သိန်းအရောင်းပြရမည့် ဝင်းသူဇာဆိုင်များက ဝန်ထမ်းအချို့ဆိုလျှင် တနေ့ဝင်ငွေ မပြည့်သည်ကိုဖြည့်ရန် အပြင်က အတိုးဖြင့် ငွေချေးပြီး ဖြည့်နေရသည်ဟု ဂန်ထမ်းများက ပြောသည်။

သိန်းကျော်နေသဖြင့် ဆိုင်ဝန်ထမ်းများ လျော်ရမည်ကို စိုးရိမ်နေသည်ဟု စုံစမ်းသိရသည်။

ရန်ကုန် တောင်ဥက္ကလာပရှိ ဝင်းသူဇာအရောင်းဆိုင်ကြီးမှ ငွေသိန်း (၁၄၀) ကျော် ကွာသည့်အတွက် ထွက်ပြေးသူ တာဝန်ခံကို ယခုထိ မမိသေးပေ။

မိတ္ထီလာမြို့ ဝင်းသူဇာအရောင်းဆိုင်တာဝန်ခံ လက်ထောက် အထွေထွေမန်နေဂျာဆိုလျှင် တနေ့ (၇) သိန်း ရောင်းငွေပြည့်အောင် မဖြည့်နိုင်သည့်အတွက် မိတ္ထီလာကန်ထဲ ခုန်ချသတ်သေသွားသည်ဟု စက်မှု (၁) ဝန်ကြီး ဌာန သတင်းရပ်ကွက်က ပြောသည်။

ရန်ကုန် တာမွေ အခွန်လွတ်ဈေး ဝင်းသူဇာဆိုင်တာဝန်ခံ ဦးမောင်မောင်ညွန့်လည်း စစ်ဆေးရေးအဖွဲ့ လာမည့်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားသည်။

ဘားအံမြို့နယ် တရုတ်လှကျေးရွာရှိ စက်မှု (၁) ဝန်ကြီးဌာနလက်အောက်ခံ ဝင်းသူဇာအရောင်းဆိုင်တွင် ငွေသိန်း (၄၁) ကျော်ကွာသည့်အတွက် ဆိုင်တာဝန်ခံနှစ်ဦးကို အရေးယူထားရသည်။ ဘားအံမြို့နယ် တရုတ်လှကျေးရွာသည် တချိန်က အတွင်းရေးမှူး (၂) ဒု-ဗိုလ်ချုပ်ကြီးတင်ဦး ရဟတ်ယာဉ်ပျက်ကျသည့် ရွာဖြစ်ပြီး ရွာသားများ ကူညီခဲ့သဖြင့် စက်မှု (၁) ဝန်ကြီးဌာနက ဝင်းသူဇာ အရောင်းဆိုင် ဖွင့်ပေးခဲ့ခြင်း ဖြစ်သည်။

စက်မှု (၁) ဝန်ကြီးဌာန လက်အောက်ခံ ဝင်းသူဇာအရောင်းဆိုင်များ ငွေကြေးမသမာမှုများ မဖြစ်ရန်အတွက် သက်ဆိုင်ရာ ရယက ဥက္ကဋ္ဌများ၊ ကြံ့ဖွံ့အဖွဲ့ဝင်များက ဝိုင်းစောင့်ရှောက်ရမည်ဆိုပြီး စက်မှု (၁) ဝန်ကြီးဌာနမှ ညွှန်ကြားချက် ထုတ်ခဲ့သော်လည်း မအောင်မြင်ဟု ဝန်ထမ်းတဦးက ပြောသည်။

ဝင်းသူဇာအရောင်းဆိုင်များကို တပြည်လုံး မြို့ကြီးအတော်များများတွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး စက်မှု (၁) ဝန်ကြီးဌာန ထွက်ကုန်စည်များ ရောင်းချခြင်းဖြစ်သည်။ နိုင်ငံရေး ရည်မှန်းချက်၊ စီးပွားရေးရည်မှန်းချက်၊ အုပ်ချုပ် ရေးရည်မှန်းချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း စက်မှု (၁) ဝန်ကြီး ဦးအောင်သောင်း မကြာခဏ ပြောလေ့ ရှိသည်။

## ပြည်ထောင်စုနဲ့ ဘုံရန်သူ

ဗိုလ်ထက်မင်း

မတ်လ(၂၃) ရက်၊ ၂၀၀၉

> KIA နဲ့ NMSP တို့သာ စစ်အာဏာရှင်တွေကို ရဲရဲဝံ့ဝံ့ ဆန့်ကျင်စိန်ခေါ်ပြီး စစ်မှန်တဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲဖို့ တွန်းအားပေးမယ်ဆိုရင် တခြားအဖွဲ့ငယ်တွေလည်း လိုက်ပါနိုင်ကာ မြန်မာ့နိုင်ငံရေး တမျိုးတဖုံဖြစ်လာနိုင်ပါတယ်။ ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ တန်းတူအခွင့်အရေး ရရှိရေးဟာ အထူးအရေးတကြီး လိုအပ်ပါတယ်။ ဒါ့ကြောင့် စစ်အာဏာရှင်တွေဟာ ဒါကို ဒို့တာဝန် အရေးသုံးပါးအနေနဲ့ အသံကောင်းဟစ်ကာ ကြွေးကြော်ပြနေပါတယ်။ ဒါပေမယ့် အတိတ်သမိုင်းကို ပြန်ပြောင်းကြည့်ရင်း လက်တွေ့ကျကျ သိရှိနိုင်စေဖို့နဲ့ ပြည်ထောင်စုရဲ့ ဘုံရန်သူကို မျက်နှာဖုံးခွာချကာ ဖော်ထုတ်ပြီး တိုင်းရင်းသား ပြည်သူလူထုအားလုံး အချိန်မီ လက်ချင်းချိတ်နိုင်ကြဖို့ ဒီဆောင်းပါးကို ရည်ရွယ်တင်ဆက်လိုက်ပါတယ်။

၁၉၉၀ ပြည့်နှစ်မှာ မူဆယ်တွင် ကကလုမ်းက ဒု-ဗိုလ်မှူးကြီးတင်ဝင်းနဲ့ KIA ခေါင်းဆောင်တွေ စတင်တွေ့ဆုံခဲ့ပါတယ်။ KIA က DAB အနေနဲ့ တွေ့မယ်လို့ ပြောခဲ့တာကို နဝတက လက်မခံခဲ့လို့ အဆင်မပြေ ဖြစ်ခဲ့ကြပါတယ်။ တခါ ၁၉၉၃ ခုနှစ်မှာ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များဖြစ်တဲ့ Dr Saboi John (Christian Religious Leader), U Khun Myat (Businessman) and U La Won (Former Ambassador) တို့ဟာ ကကလုမ်းကို KIA အနေနဲ့ ကြားခံ သွားရောက်ဆက်သွယ်ကာ တွေ့ဆုံခဲ့ပါတယ်။

KIA တဖွဲ့တည်းအနေနဲ့ ဆွေးနွေးဖို့ကို သဘောတူညီချက်ရခဲ့ပြီး လားရှိုးမှာ ကကလုမ်း ဒု-ညွှန်မှူး ဗိုလ်မှူးချုပ်ကျော်ဝင်းနဲ့ အဖွဲ့တို့ကို KIA ခေါင်းဆောင်တွေက တွေ့ဆုံဆွေးနွေးဖို့ စီစဉ်ခဲ့ပါတယ်။ အဲဒီနောက် KIA ခေါင်းဆောင် ဗိုလ်ချုပ်ဘရန်ဆိုင်း ကွယ်လွန်ရာ ဗိုလ်ချုပ်ဇော်မိုင်က ဆက်လက်ညှိနှိုင်း လုပ်ဆောင်ခဲ့ပါတယ်။

အဲဒီလို ၁၉၉၃ က တွေ့ဆုံဆွေးနွေးခဲ့စဉ်မှာ ဗိုလ်ခင်ညွန့်အနေနဲ့ မှတ်ချက်ပြုခဲ့တာကတော့ KIA ဟာ ကချင်အမျိုးသား တွေရဲ့ ခေါင်းဆောင်မှုကို ရနိုင်ခဲ့ရင်၊ ကချင်ပြည်သူတွေကို စည်းရုံးနိုင်ခဲ့ရင် အမျိုးသား ညီလာခံမှာ ဆွေးနွေးညှိနှိုင်း ကြပြီးရင်တော့ တချိန်ချိန်မှာ KIA ခေါင်းဆောင်တွေအနေနဲ့ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဖြစ်လာလိမ့်မယ်လို့ ပြောဆိုခဲ့တာပဲဖြစ်ပါတယ်။

KIA အဖွဲ့မှာ ပညာတတ်ဘွဲ့ရ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သူ၊ အမြော်အမြင်ကြီးသူတွေ ပါဝင်ပြီး သူတို့အဖွဲ့ရဲ့ တပ်ဖွဲ့စည်းပုံကို စစ်တပ်ပုံစံ War Establishment ဖြင့် စနစ်တကျ ဖွဲ့စည်းထားတဲ့အပြင် နဝတကို လိမ္မာပါးနပ်စွာ နည်းမျိုးစုံနဲ့ ချဉ်းကပ်ခဲ့တာမျိုး၊ အပျော့ဆွဲ လိုရာတောင်းဆိုတာတဖုံနဲ့ စည်းရုံးလှုပ်ရှားခဲ့ကြပါတယ်။

KIA အနေနဲ့ နယ်မြေ (၄) ခုကို စတင်တောင်းခဲ့ရာ ပထမတော့ နဝတက ခွင့်မပြုချင်ခဲ့ပေမယ့် ကျောက်စိမ်းနယ်မြေ၊ ဖားကန့် ဧရိယာနဲ့ နီးတဲ့ နယ်မြေတခုကို ပေးလိုက်ရကာ ထိုးကျွေးပြီး နိုင်ငံရေး အမြတ်ထုတ်ဖို့ နဝတက ကြံစည်ခဲ့ပါတယ်။

အရေးကြီးတဲ့ အတွင်းရေးတခုကတော့ နဝတကို KIA က "ငြိမ်းချမ်းရေးစာချုပ် တရားဝင်ချုပ်ဆို လက်မှတ်ထိုးပြီး ကချင်သမိုင်းမှာ မှတ်တမ်းမှတ်ရာ ထားချင်ကြောင်း၊ ကချင်လူထု ကို တချိန်မှာ ပြချင်ကြောင်း" လိမ္မာပါးနပ်စွာ ပြောဆိုခဲ့ပါတယ်။ နဝတဟာ မထိုးချင် ထိုးချင်နဲ့ ဒါကို ငြင်းလို့မရဘဲ လိုက်လျော ပေးခဲ့ရပါတယ်။ အဲဒီနောက် KIA ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မိုင် ကို နဝတဘက်က တိုင်းမှူးနှစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်စောလွင်နဲ့ ဗိုလ်ချုပ်အေးကျော်တို့ဟာ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ကြိတ်ပြီး လက်မှတ်ထိုးပေးခဲ့ရပါတယ်။ နဝတက ဒီစာချုပ်ကို လျှို့ဝှက်ထားပေးဖို့နဲ့ တခြားအပစ်ရပ်တိုင်းရင်းသားအဖွဲ့တွေ သိသွားရင် အားလုံးက စာချုပ်ချုပ်ဖို့

ထပ်မံတောင်းဆိုလာနိုင်လို့ ဖုံးဖိထားဖို့ ပြောခဲ့ပါတယ်။

ဒီလို ပြောခဲ့တာကိုထောက်ရင် လက်နက်ကိုင် တိုင်းရင်းသားတွေကို ငြိမ်းချမ်းရေးလုပ်ကတည်းက စစ်ခေါင်းဆောင် တွေရဲ့ မရိုးသားမှု၊ တိုင်းရင်းသား အခွင့်အရေးတွေကို ချုပ်ကိုင်ထားလိုမှုနဲ့ နိုင်ငံရေး အမြတ်ထုတ်လိုမှု သက်သက်တာဖြစ်ကြောင်းကို သိရှိနိုင်ပါတယ်။

ဒီလို စာနဲ့ပေနဲ့ ချုပ်ဆိုခဲ့တာတောင်မှ အမျိုးသားညီလာခံမှာ KIA အပါအဝင် အပစ်ရပ်တိုင်းရင်းသား အဖွဲ့တွေရဲ့ တိုင်းရင်းသားအခွင့်အရေး တောင်းဆိုချက်တွေကို စစ်အာဏာရှင်တွေဟာ အရေးမစိုက် မလိုက်လျောတဲ့အတွက် ဒီစာချုပ်နဲ့ နအဖကို ပြန်ကိုင်ဖို့ လိုအပ်နေပြီလို့ သတိပေး ပြောကြားလိုပါတယ်။ အမျိုးသားညီလာခံ တက်နေတုန်း မှာ ရှမ်းပြည်မြောက်ပိုင်းရှိ KIA စခန်းကို တပ်က ဝင်ရောက်ပစ်ခတ်တဲ့ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး နအဖရဲ့ နိုင်ထက်စီးနင်းလုပ်ရပ်ကို သဘောပေါက်ဖို့သင့်ပါတယ်။

တိုင်းရင်းသားတွေကို မျှော်လင့်ချက်တွေ အမျိုးမျိုးပေးခဲ့တဲ့ ကကလုမ်း အကြီးအကဲ ဗိုလ်ခင်ညွန့်ကို ဖြုတ်လိုက် ကတည်းက အပစ်ရပ်တိုင်းရင်းသားအဖွဲ့တွေအနေနဲ့ အခြေအနေကို သုံးသပ်သင့်ပြီး စစ်မှန်တဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ရရှိဖို့ စစ်အာဏာရှင်တွေကို တညီတညွတ်တည်း ဖိအားပေး တောင်းဆိုတိုက်ပွဲ ဝင်ဖို့ အချိန်ကျရောက်နေပြီ ဖြစ်ပါတယ်။

အခုအခါ နအဖဟာ KIA က ခွဲထွက်လာတဲ့ ဗိုလ်မှူးကြီး လဆန်အောင်ဝါတို့ကို ပြန်ပေါင်းဖို့ သဘောရိုးထက် သွေးထိုး ခွဲခြားဖို့ကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ တကယ်တမ်းပြောရရင် စစ်အာဏာရှင်တွေ အနေနဲ့ တချိန်တုန်းက KIA နဲ့ NMSP အဖွဲ့တွေကို အခြားအပစ်ရပ် အဖွဲ့တွေနဲ့ မတူဘဲ လိုက်လျောဆက်ဆံခဲ့တဲ့ အဓိက အကြောင်းရင်းရှိခဲ့ပါတယ်။ ဒါကတော့ KNU ကို အဓိက ရန်သူအဖြစ် ပစ်မှတ်ထားနေရလို့ ဖြစ်ပါတယ်။

ဗိုလ်ခင်ညွန့်ကို ထောက်လှမ်းရေးဆိုတဲ့ အမဲစက်နဲ့ ပြည်သူကို အရေးယူပြကာ တကောင်ထိုးကျွေးပြီး အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ၊ ပြည်သူတွေနဲ့ အပစ်မရပ် တိုင်းရင်းသားတွေ အားလုံးကို သုံးကောင်စားတော့မယ့်

၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ KNU ရှိရာ လွတ်မြောက်နယ်မြေကို ကျောင်းသားအင်အားစုတွေ ထောင်သောင်းနဲ့ ချီပြီး ရောက်နေသလို လွှတ်တော် ကိုယ်စားလှယ်များလည်း ရောက်လာခဲ့လို့ အင်အားတောင့်တင်းခဲ့ပါတယ်။ KIA နဲ့ NMSP ဟာ KNU ခေါင်းဆောင် ဗိုလ်ချုပ်မြ ဦးစီးတဲ့ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု NDF နဲ့ မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် DAB တို့မှာ အရေးပါ အားထားရတဲ့နေရာတွေကို ကိုင်တွယ် ထားတာမို့ အင်အားတောင့်တင်းနေ တဲ့ KNU ကို ဖြိုခွဲချင်တာကြောင့် KIA နဲ့ NMSP ကို နအဖက ဖဲ့ထုတ်ခဲ့တာ ဖြစ်ပါတယ်။

KIA နဲ့ NMSP တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ကြီးစိုးတဲ့ ဒေသနေရာတွေဟာလည်း မြန်မာပြည်ရဲ့ ထိပ်ပိုင်းနဲ့ အောက်ပိုင်းမှာဖြစ်သလို ပင်လယ်ထွက်ပေါက်၊ နယ်စပ်ထွက်ပေါက် အချက်အချာကျတဲ့ နေရာတွေ ဖြစ်နေလို့ ထိန်းချုပ်ကိုင်တွယ်ထားနိုင်တာမို့ သူတို့ကို အလွတ်မပေးရဲဘဲ နိုင်ငံရေး မဟာဗျူဟာအရ စစ်အာဏာရှင်တွေဟာ လိုက်လျောပြီး စည်းရုံးဆက်ဆံခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် KIA ကို ၁၉၉၄ ခုနှစ်၊ NMSP ကို ၁၉၉၅ ခုနှစ်တွေမှာ စည်းရုံးသိမ်းသွင်းကာ ငြိမ်းချမ်းရေးကို ကိုယ်ကျိုးစီးပွားနဲ့ မက်လုံးပေးပြီး နိုင်ငံရေးအရ စစ်အာဏာရှင်တွေက ထိန်းချုပ်ကစားခဲ့ပါတယ်။ ဆွေးနွေးပွဲ ကိုတော့ မော်လမြိုင် ရတခမှာ ကကလုမ်း ဒု-ညွှန်မှူး၊ တိုင်းမှူးတို့နဲ့ အတူ ပြုလုပ်ခဲ့ပါတယ်။

စစ်အာဏာရှင်တွေအနေနဲ့ NMSP ကို လိုက်လျောဆက်ဆံခဲ့ရတဲ့ နောက်တချက်က နအဖရဲ့အသက် သွေးကြောဖြစ်တဲ့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဟာ မွန်ပြည်သစ်ရဲ့ ဧရိယာနယ်မြေ အတွင်းမှာ ရှိလို့ လုံခြုံရေးအတွက် မချစ်ဘဲ အောင့်နမ်းခဲ့တာ ဖြစ်ပါတယ်။ KNU ကိုထိန်းချုပ်ဖို့ KIA နဲ့ NMSP တို့ကို စစ်ခေါင်းဆောင်တွေက ကနဦးမှာ လိုက်လျောဟန်ဆောင်ကာ မစားရ ဝခမန်း ပြောခဲ့ပေမယ့် DKBA ကို ခွဲထုတ်ပြီး နယ်စပ်တွေမှာ ထိန်းချုပ် ချထားနိုင်ချိန်မှာတော့ NMSP ကို တခြားငြိမ်းချမ်းရေး အဖွဲ့တွေနဲ့ လှည့်တိုက်တဲ့အထိ အတင့်ရဲစွာ လုပ်လာနိုင်ခဲ့ပြီ ဆိုတာကို သတိပြုကြဖို့ လိုပါတယ်။ နအဖရဲ့ ဘီလူးခေါင်း ခွာချပြပုံက NMSPရဲ့ ထမင်းအိုးဖြစ်နေတဲ့ ဘုရားသုံးဆူ နယ်စပ်ဂိတ်ကို KNLA ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်ထိန်မောင်အဖွဲ့ အား ပေးလိုက်တာပဲ ဖြစ်ပါတယ်။

နောက်ပိုင်းမှာ ဇာတိရုပ်ပေါ်လာတဲ့ နအဖကိုလည်း အမျိုးသား ညီလာခံတွင် NMSP က လေ့လာသူ အဆင့်သာ တက်ရောက်ပြီး တုံ့ပြန်ခဲ့ပါတယ်။ နှစ် (၅၀) ပြည့် မွန်ပြည်သစ်ပါတီ အခမ်းအနားမှာလည်း မွန်ခေါင်းဆောင်တွေက ၂၀၁၀ ရွေးကောက်ပွဲနဲ့ စပ်လျဉ်းပြီး အခြေခံဥပဒေ ပြဋ္ဌာန်းချက် အချို့ကို ပြန်လည် ဆွေးနွေးပေးဖို့ နအဖကို တောင်းဆိုခဲ့ပါတယ်။

KIA နဲ့ NMSP တို့အနေနဲ့ အာဏာသိမ်းထားတဲ့ တရားမဝင် စစ်အာဏာရှင်တွေ လက်ထဲမှာတောင် အမျိုးသားညီလာခံမှာ တင်ပြတောင်းဆိုချက်အား ဂရုမစိုက်ဘဲ ကတိ ဖောက်ဖျက်နေတာကို သင်ခန်းစာ ယူပြီး တရားဝင် အစိုးရဖြစ်ဖို့ ကိုယ့်ဘာသာကိုယ်ရေး၊ ကိုယ့်ဘာသာကိုယ် အတည်ပြုထားတဲ့ ဥပဒေနဲ့ ဒီရွေးကောက်ပွဲကြီး ကိုသာ ဆင်နွှဲခွင့် ပေးလိုက်မယ်ဆိုရင်တော့ အနာဂတ်အတွက် မတွေးရဲစရာ ဖြစ်မှာ သေချာသလောက် ဖြစ်တယ်ဆိုတာကို သိမြင်ဖို့ လိုပါတယ်။

အပစ်ရပ်တွေထဲမှာ အင်အားရှိတဲ့ KIA နဲ့ NMSP တို့သာ စစ်အာဏာရှင်တွေကို ရဲရဲပုံ့ပုံ့ ဆန့်ကျင်စိန်ခေါ်ပြီး စစ်မှန်တဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲဖို့ တွန်းအားပေးမယ်ဆိုရင် တခြားအဖွဲ့ငယ်တွေလည်း လိုက်ပါနိုင်ကာ မြန်မာ့နိုင်ငံရေး တမျိုးတဖုံဖြစ်လာနိုင်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အားသွန်ခွန်စိုက်လုပ်ချင်ပြီး တိုင်းရင်းသားတွေနဲ့ အဆင်ပြေတဲ့ ဗိုလ်ခင်ညွန့်ကို ထောက်လှမ်းရေးဆိုတဲ့ အမဲစက်နဲ့ ပြည်သူကို အရေးယူပြကာ တကောင်ထိုးကျွေးပြီး အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ၊ ပြည်သူတွေနဲ့ အပစ်မရပ် တိုင်းရင်းသားတွေ အားလုံးကို သုံးကောင်စား တော့မယ့် ဗိုလ်သန်းရွှေရဲ့ "ကင်းပေါက်" အကွက်ကို အားလုံးပိုင်းပိတ်ထားကြဖို့ အရေးကြီးဆုံး အချိန်ကို ရောက်နေပြီ ဖြစ်ပါတယ်။ ဘုံရန်သူ စစ်အာဏာရှင်တစုကို ဖြုတ်ချဖို့ အပစ်ရပ်ရော၊ အပစ်မရပ်ရော၊ တိုင်းရင်းသား လုပ်သားပြည်သူတရပ်လုံး လက်တွဲညီညီ ပူးပေါင်းချိတ်ဆက်ကာ စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရန် အားကုန်ကြိုးပမ်းကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

# ■ ခေတ်ပြိုင် ပုံနှိပ်သတင်းဂျာနယ် ခေတ္တရပ်နားမည်
# ■ ခေတ်ပြိုင် အွန်လိုင်း ဆက်ရှိနေမည်

မတ်လ(၂၃) ရက်၊ ၂၀၀၉

လစဉ်ထုတ်ဝေသည့် ခေတ်ပြိုင်ပုံနှိပ်သတင်းဂျာနယ်ကို ၂၀၀၉ ခု မေလမှစ၍ ခေတ္တရပ်နားမည်ဖြစ်ကြောင်း ခေတ်ပြိုင်ပရိသတ်များအား ကြိုတင်အသိပေးအပ်ပါသည်။

၁၉၉၃ ခု ဇန်နဝါရီ (၁) ရက်မှစ၍ ယခု ၂၀၀၉ ခု ဧပြီလအထိ (၁၆) နှစ်နှင့် (၃) လတိုင် အခက်အခဲ အမျိုးမျိုးကြားမှ ထုတ်ဝေခဲ့သည့် ခေတ်ပြိုင်ပုံနှိပ်သတင်းဂျာနယ်ကို ခေတ္တရပ်နားရသည့်အတွက် စာဖတ်ပရိသတ်များအား အနူးအညွတ် တောင်းပန်အပ်ပါသည်။

ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် မြန်မာပြည်သူလူထုဘက်မှ မားမားမတ်မတ်ရပ်တည်သွားမည့် အခြေခံမူဖြင့် ထုတ်ဝေသွားမည်ဟု ခေတ်ပြိုင်ဦးစီးတည်ထောင်သူ ဦးတင်မောင်ဝင်းက ခံယူခဲ့ပါသည်။ ထိုအခြေခံမူများအရ ပြည်သူဘက်မှ ခိုင်မာစွာရပ်တည်၍ အမှန်တရားကို ဖော်ထုတ်ရေးသားခဲ့ရာတွင် ခေတ်ပြိုင်သတင်းဂျာနယ်သည် မြန်မာ့ဒီမိုကရေစီရေး ဆန္ဒနှင့်ခံစားချက်များကို ရှေ့တန်းတင်ဖော်ပြသော "ဒီမိုကရေစီ တော်လှန်ရေးသတင်းဂျာနယ်" အဖြစ် စာဖတ်ပရိသတ်များ၏ ယုံကြည်မှုကို ခံယူရရှိခဲ့ပါသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများ နှင့် တိုင်းပြည်ကိုစိုးမိုးထားသော စစ်အုပ်စုတို့ ဆွေးနွေးအဖြေရှာမှသာ စစ်မှန်သည့် ဒီမိုကရေစီခေတ် ပြန်လည် ဖွံ့ဖြိုးနိုင်မည်ဟု ခေတ်ပြိုင်က ယုံကြည်သည်။ ဒီမိုကရေစီမဏ္ဍိုင်ပီသစွာဖြင့် အမှန်တရားကို စွမ်အားရှိသရွေ့ ခေတ်ပြိုင်က ဆက်လက်တင်ပြသွားမည်ဖြစ်သည်။

ခေတ်ပြိုင်အွန်လိုင်းကိုမူ ပုံမှန်အတိုင်း ဆက်လက် ထုတ်ဝေသွားမည်ဖြစ်သည်။

ဒီမိုကရေစီ တော်လှန်ရေးတိုက်ပွဲဝင် သတင်းဂျာနယ်အဖြစ် (၁၆) နှစ်ကျော် စာစောင်အမှတ် (၁၉၁) အထိ ထုတ်ဝေခဲ့သော "ခေတ်ပြိုင်သတင်းဂျာနယ်" အား ဝိုင်းဝန်းကူညီခဲ့သည့် ဆောင်းပါးရှင်များနှင့် တုံ့ပြန်ပေးစာများ ရေးသားပေးပို့ခဲ့ကြသည့် စာဖတ်ပရိသတ်များအား ခေတ်ပြိုင်မှ အထူးကျေးဇူးတင်ရှိပါသည်။

ခင်မျိုးအေး
ထုတ်ဝေသူ

## မြန်မာစစ်အစိုးရ လူမျိုးစုလက်နက်ကိုင်များနဲ့ ဆွေးနွေးနိုင်ရေး ထိုင်း အကူအညီတောင်း

23 March 2009


AP Photo

ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာကဆစ်ပီရွမ်း။ မတ် ၂၀၊ ၂၀၀၉။

လေ့စီးပြေး ရိုဟင်ဂျာဒုက္ခသည်တွေအရေး ဖြေရှင်းရေး မြန်မာနိုင်ငံကို ၂ ရက်ကြာသွားတဲ့ ထိုင်းနိုင်ငံခြားရေး ဝန်ကြီး ထိုင်းနိုင်ငံခြားရေးဌာနမှာ သတင်းထောက်တွေကို ပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲကို ကိုယ်တိုင် ဝိုင်းတော်သား ကိုအောင်လွင်ဦးကို ဆက်သွယ် မေးမြန်းပြီး

ထိုင်းနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံမှာ ဆွေးနွေးဖြစ်ပါသလဲ။

"ထိုင်း-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးတွေ ၂ ရက်ကြာသွားခဲ့တဲ့ ခရီးစဉ်ထဲမှာ မြန်မာစစ်အစိုးရဝန်ကြီးချုပ် ပုဂ္ဂိုလ်တွေနဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးက တွေ့ပြီး ရိုဟင်ဂျာ ဒုက္ခသည်ကိစ္စတွေ ပြောခဲ့တယ်လို့ ဆိုပါတယ်။

အပါအဝင် နှစ်နိုင်ငံ အရေး ကိစ္စတွေကို ဆွေးနွေးဖို့ ကဆစ် ပီရွမ်း (Kasit Piromya) ဟာ ဒီနေ့ နေ့လယ်ပိုင်းက တယ်လီဖုန်းပေါ်ကနေ တဆင့် သတင်းစာရှင်းလင်းပွဲ လုပ်ခဲ့ သတင်းသွားယူခဲ့တဲ့ ဘန်ကောက်ရောက် ဗွီအိုအေ တင်ပြပေးထား ပါတယ်။

တာဝန်ရှိသူတွေနဲ့တွေ့တော့ ဘာအကြောင်းတွေကို အဓိက

တိုးတက်အောင်လုပ်ဖို့ဆိုပြီး မြန်မာနိုင်ငံကို ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီ ဦးဉာဏ်ဝင်း စတဲ့ မြန်မာပြည်က နိုင်ငံရေးပြဿနာတွေ၊ ထိုင်းကိုရောက်လာတဲ့

နိုင်ငံခြားရေးဝန်ကြီးက နိုင်ငံရေးကိစ္စတွေနဲ့ ပတ်သက်လို့ မြန်မာစစ်အစိုးရနဲ့ ဆွေးနွေးတယ်ဆိုတဲ့နေရာမှာ မြန်မာ စစ်အစိုးရ ဘက်က သူ့ရဲ့ နိုင်ငံရေးလမ်းပြမြေပုံအဆင့်တခုဖြစ်တဲ့ ရွေးကောက်ပွဲတွေလုပ်ဖို့ ရှိနေတယ်ဆိုပြီး သူ့ကို ရှင်းပြခဲ့တယ်လို့ ပြောပါတယ်။ ဒါကလည်း တချို့က တွက်နေကြသလို ဒီခရီးစဉ်က နှစ်နိုင်ငံဆက်ဆံရေးကိစ္စဆိုပြီး အစောပိုင်းမှာ ယေဘုယျ ပြောထားပေမဲ့ နှစ်နိုင်ငံကိစ္စထက် နိုင်ငံရေးကိစ္စ၊ အထူးသဖြင့် လာမယ့်နှစ် မြန်မာနိုင်ငံမှာ ပြုလုပ်မယ့် ရွေးကောက်ပွဲကိစ္စတွေကို မြန်မာစစ်အစိုးရဘက်က သွယ်ဝိုက်ပြီး ထိုင်းအစိုးရကို တဆင့်ပြောချင်လို့ ဒီလိုလုပ်ပုံရတယ်လို့ ယူဆလို့လည်း ရပါတယ်။

"ရွေးကောက်ပွဲတွေမှာ အတိုက်အခံအင်အားစုတွေ ပါနိုင်မယ့်အခြေအနေ မရှိဘဲ ဖြစ်နေတာတွေ၊ ရွေးကောက်ပွဲဟာ ဘယ်လောက် လွတ်လွတ်လပ်လပ် လုပ်ခွင့်ရမလဲဆိုတာတွေကလည်း မေးခွန်းထုတ်စရာတွေ ဖြစ်နေတာပါ။ ဒါနဲ့ ပတ်သက်လို့ နိုင်ငံခြားရေးဝန်ကြီး ကဆစ် ပီရွမ်းက ကုလသမဂ္ဂ၊ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) တို့က တိုက်တွန်းထားသလိုပဲ နိုင်ငံရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်ခွင့် ရှိဖို့အတွက် ထိုင်းဘက်ကလည်း လိုလားတဲ့အကြောင်း ပြောသွားပါတယ်။ ဒီလို အားလုံးပါဝင်တဲ့နေရာမှာ လက်နက်ကိုင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားတွေပါ ပါဝင်အောင် မြန်မာ စစ်အစိုးရဘက်က ကြိုးစားနေတယ်ဆိုပြီး သူ့ကိုပြောတယ်လို့ ပြောပါတယ်။"

အဲဒီတော့ ဒီလိုမျိုး တိုင်းရင်းသားအရေးမှာ ထိုင်းနိုင်ငံဘက်က ဘယ်လိုမျိုး ကူညီစေချင်တဲ့ သဘောပါလဲ၊ မြန်မာဘက်က နေ ပြီးတော့ နိုင်ငံရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်ရမယ်ဆိုတဲ့နေရာမှာ လက်နက်ကိုင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသား အဖွဲ့အစည်းတွေအနေနဲ့လည်း ငြိမ်းချမ်းရေးယူပြီး ပါဝင်လာနိုင်အောင် မြန်မာစစ်အစိုးရဘက်က ကြိုးပမ်းနေပါတယ်တဲ့။ ဒါကိုလည်း ထိုင်းအစိုးရက အကူအညီပေးဖို့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ တွေ့တုန်းကရော၊ နိုင်ငံခြားရေးဝန်ကြီး နဲ့ တွေ့တုန်း ကရော သူ့ကိုပြောလိုက်တယ်ဆိုပြီး ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။ ဒီလိုပြောလို့လည်း ထိုင်းအစိုးရ ဘက်က ဒါနဲ့ပတ်သက်ပြီးတော့ တတ်နိုင်သလောက် သူတို့ဘက်က အကူအညီပေးမယ်ဆိုပြီး အပြန်အလှန် ကတိပြုခဲ့တယ် ဆိုပြီး ပြောပါတယ်။"

အဓိက ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ် ပီရွမ်း မြန်မာနိုင်ငံကိုသွားတဲ့ကိစ္စက ရိုဟင်ဂျာကိစ္စ မဟုတ်ဘူးလား၊ ရိုဟင်ဂျာ ကိစ္စ နဲ့ ပတ်သက်ပြီးတော့ရော မြန်မာနဲ့ ထိုင်းနိုင်ငံကြားမှာ သဘောတူညီမှု ဆွေးနွေးဖို့ အဖြေရခဲ့တယ်ဆိုတာမျိုးရော
မပြောဘူးလား။

"ဟုတ်ပါတယ်။ အခု သူ့ခရီးစဉ်ရဲ့ အဓိကရည်ရွယ်ချက်တခုဖြစ်တဲ့ ရိုဟင်ဂျာကိစ္စနဲ့ ပတ်သက်လို့လည်း သတင်းစာ ရှင်းလင်းပွဲမှာ သူက ပြောပါသေးတယ်။ သူပြောတဲ့အထဲမှာ ထိုင်းလူဝင်မှုကြီးကြပ်ရေးကလည်း ဒီကိစ္စတွေကို စပြီး ကိုင်တွယ်နေတာရှိသလို ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နဲ့လည်း ပူးတွဲဆောင်ရွက်မှုတွေ ရှိနေတယ်။ ပြီးတော့ အခုရောက်လာတဲ့ ရိုဟင်ဂျာတွေက မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေဘက်က ဖြစ်တယ်ဆိုပြီး ပြောနေတာတွေ ရှိတာမို့လည်း ဒီလူတွေ ဘယ်ကလာသလဲဆိုတော သေချာစုံစမ်းသွားမယ်၊ ဒီအတွက် ဘန်ကောက် မှာရှိတဲ့ မြန်မာသံရုံးဝန်ထမ်းတွေဘက်ကလည်း အကူအညီပေးသွားဖို့ ပြောတယ်လို့လည်း သူက ပြောပါတယ်။

"ဒါပေမဲ့ တကယ်လို့ ဒီလူတွေက မြန်မာနိုင်ငံကဆိုရင်လည်း အဲဒီလူတွေလာတဲ့ဒေသတွေမှာ အလုပ်အကိုင်တွေရအောင် ထိုင်းအစိုးရက ကူညီပြီး ဖန်တီးပေးသွားမယ်။ နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကဆိုလည်း အဲဒီဘက်မှာရှိနေတဲ့ ဆင်းရဲ မွဲတေမှု အခြေအနေတွေ လျော့ပါးအောင် ထိုင်းအစိုးရက အကူအညီပေးသွားမယ်ဆိုပြီးတော့လည်း သူက ပြောပါတယ်။"

အဲဒီတော့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာပြည်ခရီးစဉ်အတွင်းမှာ ထိုင်းနဲ့မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ရော ဘာတွေ ဆွေးနွေးဖြစ်ခဲ့ပါသလဲ။

"အခု ဒီခရီးစဉ် မစခင်ကတည်းက သွားရင် ဆွေးနွေးမယ်ဆိုတဲ့ ကိစ္စတော်တော်များများထဲမှာ ပါတဲ့အတိုင်း သူတို့ ဆွေးနွေး ဖြစ်ကြပါတယ်။ အဲဒီထဲမှာ မြန်မာနိုင်ငံက ရွှေ့ပြောင်းအလုပ်သမားတွေကိစ္စ၊ လူမှောင်ခိုကူးတဲ့ကိစ္စ၊ မူးယစ် ဆေးဝါး နှိမ်နင်းရေးကိစ္စတွေ၊ ဒါတွေအပြင် စီးပွားရေးကိစ္စတွေအနေနဲ့ ထိုင်းက ဆောက်ဖို့ရှိတဲ့ တနင်္သာရီတိုင်း ထားဝယ် ရေနက်ဆိပ်ကမ်းကိစ္စတွေ၊ ပြီးတော့ မြန်မာနိုင်ငံက သဘာဝဓာတ်ငွေ့ကို ထိုင်းက ဝယ်နေတဲ့ ကိစ္စတွေ၊ အဲဒါတွေနဲ့ ပတ်သက်ပြီး သူတို့ ဆွေးနွေးဖြစ်ခဲ့တယ်လို့ ပြောပါတယ်။"

တယ်လီဖုန်းပေါ်ကနေတဆင့်လုပ်တဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးရဲ့ သတင်းစာရှင်းလင်းပွဲကို ထိုင်းနိုင်ငံခြားရေးရုံးမှာ ကိုယ်တိုင်သတင်းသွားယူခဲ့တဲ့ ကိုအောင်လွင်ဦး တင်ပြပေးခဲ့တာ ဖြစ်ပါတယ်။

## အမေရိကန် ဘဏ္ဍာရေးဌာနရဲ့ ဘဏ်အကြွေးဆိုးများ ဖယ်ရှားရေး အစီအစဉ်

23 March 2009

အမေရိကန် ဘဏ္ဍာရေးစနစ် ပုံမှန်မလည်ပတ်နိုင်အောင် ပိတ်ဆို့နေတဲ့ ဘဏ်တွေရဲ့ အကြွေးဆုံးတွေ ဖယ်ရှားပစ်နိုင်မယ့် အစီအစဉ်တရပ်ကို အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက ဒီနေ့ ကြေညာလိုက်ပါတယ်။

ဘဏ်တွေရဲ့အကြွေးဆုံးတွေ၊ နောက် အဲဒီဆုံးနေတဲ့ အကြွေးတွေနဲ့ ဆက်စပ်နေတဲ့ အာမခံ စာချုပ်တွေ ဝယ်ယူရေးအတွက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအသစ်တရပ်ကို ကြေညာလိုက်တာပါ။

ဒုက္ခရောက် အကျပ်ရိုက်နေတဲ့ ဘဏ်တွေရဲ့ အကြွေးဆုံးတွေ ဒေါ်လာသန်းပေါင်း ၅၀၀,၀၀၀ ကနေ သန်းပေါင်း ၁,၀၀၀,၀၀၀ အထိ ဝယ်ယူနိုင်ရေးအတွက် အခွန်ထမ်းတွေရဲ့ ဘဏ္ဍာငွေတွေနဲ့ ပုဂ္ဂလိကပိုင် ရန်ပုံငွေတွေ ပူးပေါင်း မတည်ပြီး အစိုးရ-ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ကြေညာလိုက်တာ ဖြစ်ပါတယ်။

မနှစ်က အတည်ပြုခဲ့တဲ့ စီးပွားရေးကျားကန်ပေးမယ့် အစီအစဉ်ထဲက ရန်ပုံငွေ တစိတ်တပိုင်းလည်း ဒီကြေညာချက်ထဲမှာ ပါဝင်နေပါတယ်။ ဒီလို ဘဏ်တွေကို ကျားကန်ပေးခြင်းအားဖြင့် လူထုကို ငွေထုတ်ချေးနိုင်ပြီး စီးပွားရေး ပြန်လည် လည်ပတ် စေဖို့ မျှော်လင့်နေတာ ဖြစ်ပါတယ်။

## နိုင်ငံရေးအကျဉ်းသား ၉ ဦး ထောင်ဒဏ်ချမှတ်

23 March 2009

နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ရဲ့တောင်းဆိုမှုတွေ မကြာခင်ကပဲ ထွက်ပေါ်လာခဲ့ပေမယ့် နိုင်ငံရေးအကျဉ်းသားမရှိပါဘူးလို့ ပြောနေတဲ့ မြန်မာစစ်အစိုးရကတော့ နိုင်ငံရေးလှုပ်ရှားသူတွေ ကို ဖမ်းဆီးထောင်ချမှုတွေ လုပ်နေဆဲ ဖြစ်ပါတယ်။ အခုနောက်ဆုံး အန်န်အယ်လ်ဒီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေနဲ့ လူမှုရေးလုပ်ငန်းတွေလုပ်ရင်းနဲ့ ဖမ်းဆီးခံရသူတွေကို အကျိုးဆောင်ရှေ့နေတွေ၊ မိသားစုတွေ မပါဘဲနဲ့ ထောင်ဒဏ်တွေ ချမှတ်နေပါတယ်။ အကြောင်းစုံကို စုံစမ်းထားတဲ့ မနန္ဒာချမ်းက တင်ပြပေးထားပါတယ်။

၂၀၀၈ ကျောင်းသားသမဂ္ဂများအဖွဲ့မှ ကိုအောင်ကျော်ကျော်၊ ကိုသန်းထွန်းဇင်၊ ကိုထင်အောင်၊ ကိုဇေယျာဦး၊ ကိုမျိုးသန့်နဲ့ ကိုတင်ထွန်းတို့ ၆ ဦးကို ဒီကနေ့ပဲ အင်းစိန် အထူးတရားရုံးမှာ စီရင်ချက်တွေ ချမှတ်ခဲ့တာပါ။ သူတို့ ၆ ဦးထဲက

ကိုအောင်ကျော်ကျော်နဲ့ ကိုဇေယျာဦးကိုတော့ ပုဒ်မ ၆ တရားမဝင် အသင်းအဖွဲ့ ဖွဲ့စည်းမှု၊ ၅ဝ၅(ခ) နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မတွေနဲ့ ၇ နှစ် ထောင်ဒဏ်တွေ ချမှတ်ခဲ့ပါတယ်။

ကိုထင်အောင်၊ ကိုတင်ထွန်းနဲ့ ကိုသန်းထွန်းဇင်တို့ကိုတော့ ပုဒ်မ ၆ တရားမဝင် အသင်းအဖွဲ့ ဖွဲ့စည်းမှုနဲ့ ၅ နှစ် ချမှတ်ခဲ့ပြီး ကိုမျိုးသန့်ကိုတော့ ပုဒ်မ ၁၄၅ ဆန့်ကျင်သော အစုအဝေးမှာ ပါဝင်မှု နဲ့ ၂ နှစ် ချမှတ်ခဲ့ပါတယ်။ သူတို့ကို အခုလို စီရင်ချက် ချမှတ်ချိန်မှာနဲ့ စီရင်ချက်မချခင် တရားရုံးတင် စစ်ဆေးချိန်တွေမှာ မိသားစုဝင်တွေအနေနဲ့ သွားရောက် နားထောင်ခွင့် မရသလို၊ အကျိုးဆောင်ပေးမယ့် ရှေ့နေတွေလည်း လိုက်ပါဆောင်ရွက်ခွင့် မရှိဘူးလို့ ဒီကနေ့ စီရင်ချက် ချမှတ်ခံရတဲ့ အထဲမှာ ပါဝင်သူတဦးရဲ့ မိသားစုဝင်က အခုလို ပြောပြပါတယ်။

"မိသားစုဘက်က ရှေ့နေကလေ၊ ရှေ့နေတွေက ဖမ်းနေတာဗျ၊ ရှေ့နေတွေငှားရင် ပိုပြီးတော့တောင်မှ ပြဿနာ ဖြစ်သေး တယ်လေ။ ကျနော်တို့က တရားဥပဒေစိုးမိုးရေးဆိုရင် သူ့တရားဥပဒေအရ လူတယောက်ရဲ့ ရပိုင်ခွင့်အားလုံး ရစေချင်တာ ပေါ့။ ဥပဒေရဲ့ ရပိုင်ခွင့်ထဲမှာ အတူတူပဲ တပြေးညီ ဖြစ်စေချင်တယ်။ ပထမ ကျနော် ဗုဒ္ဓဟူးနေ့ ၁၈ ရက်နေ့က သွားတွေ့ လိုက်တယ်။ တွေ့တဲ့အခါကျတော့ တရားသူကြီးတွေကိုလည်း ပြောထားတယ်၊ အက်စ်ဘီကိုလည်း ပြောထားတယ်။ ကျနော်တို့ မိသားစုနဲ့ နွေးနွေးထွေးထွေး တွေ့ချင်ပါတယ်လို့ ပြောထားတယ်တဲ့။ အဲဒီတော့ တွေ့ခွင့်ပေးပါ့မယ်လို့ ပြောပါ တယ်။ တရားသူကြီးဘက်ကလား မသိဘူးပေါ့နော်။ ဒါပေမဲ့ တကယ်တမ်းကျတော့ ကျနော်တို့ အထဲတောင် ဝင်လို့ မရ ဘူး။"

အခုလို မိသားစုဝင်တွေအနေနဲ့ အကျိုးဆောင်ပေးမယ့် ရှေ့နေတွေမပါဘဲ တရားစီရင်ချက် ချမှတ်ခံရတဲ့ အပေါ်မှာလည်း

"စိတ်ထဲမှာတော့ သိပ်ပြီး ဘဝင်မကျဘူးပေါ့။ ဒါပေမယ့် သိပ်တော့ ဂမ်းနည်းတာတို့ ဘာတို့ မရှိပါဘူး။ ကလေးတွေက လုပ်သင့်လုပ်ထိုက်တယ်ထင်လို့ လုပ်ကြတာပဲလေ။ သူတို့ရဲ့ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ပေါ့၊ သူတို့ရဲ့ ရင်ထဲမှာ ရှိတဲ့ဆန္ဒ ဖော်ထုတ်ကြတာပဲ။ တိုင်းပြည်ပျက်အောင်ဖျက်မယ့် ကလေးတွေတော့ မဟုတ်ပါဘူးခင်ဗျာ။ တိုင်းပြည် ကောင်းစားစေချင်လို့ ဆောင်ရွက်တဲ့ ကလေးတွေပဲ ဖြစ်ပါတယ်။"

မိသားစုဝင်တဦး ပြောပြခဲ့တာ ဖြစ်ပါတယ်။

အခု စီရင်ချက်ချမှတ်ခံခဲ့ရသူ ၂၀၀၈ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်တွေကို ၂၀၀၈ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှာ အာဏာပိုင် တွေက ဖမ်းဆီးခဲ့တာဖြစ်ပြီး စစ်ကြောရေးမှာ ၁၅ ရက်လောက် ထိန်းသိမ်းခဲ့ပါတယ်။ အဲဒီနောက် ၉ လပိုင်း ၉ ရက်နေ့ကျမှ အင်းစိန်ထောင်မှာ ပြောင်းရွှေ့ထိန်းသိမ်းခဲ့တာ ဖြစ်ပါတယ်။

အလားတူပဲ အန်န်အယ်လ်ဒီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင်တွေဖြစ်တဲ့ မထက်ထက်ဦးဝေ၊ ကိုဝင်းမြင့်မောင် (ခေါ်) ကိုပဲပြုတ်နဲ့ ကိုထွန်းထွန်းဝင်းတို့ ၃ ဦးကိုလည်း ဒီကနေ့ အင်းစိန်အထူးတရားရုံးမှာ အရေးပေါ် စီမံမှု အက်ဥပဒေပုဒ်မ ၅ ညနဲ့ ထောင်ဒဏ် ၅ နှစ်စီ စီရင်ချက် ချမှတ်ခဲ့ပါတယ်။ သူတို့တွေကို စီရင်ချက်ချမှတ်ချိန်မှာ
လည်း အကျိုးဆောင်ရှေ့နေတွေ၊ မိသားစုဝင်တွေ သွားရောက်ခွင့်မရခဲ့ပါဘူး။ သူတို့ ၃ ဦးကို အာဏာပိုင်တွေကနေ ပြီးခဲ့တဲ့နှစ်ကုန် ဒီဇင်ဘာလ ၃၀ ရက်နေ့က ပြည်သူ့ လွှတ်တော်ရှေ့ ချီတက်ဆန္ဒပြမှုနဲ့ ဖမ်းဆီးခဲ့တာပါ။

ဖမ်းဆီးစဉ်က သူတို့ ၃ ဦး အပါအဝင် စုစုပေါင်း အန်န်အယ်လ်ဒီအဖွဲ့ဝင် ၉ ဦးဟာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက် ပါစေ ဆိုတဲ့ ဆိုင်းဘုတ်ကို ကိုင်ဆောင်ရင်း အန်န်အယ်လ်ဒီရုံးချုပ်ရှေ့ကနေ ပြည်သူ့လွှတ်တော်ရှေ့ကို ချီတက်ခဲ့ကြတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ အာဏာပိုင်တွေကနေ အဲဒီထဲက ၆ ဦးကို ပြန်လွှတ်ပေးခဲ့ပြီး မထက်ထက်ဦးဝေ၊ ကိုဝင်းမြင့်မောင် နဲ့ ကိုထွန်းထွန်းဝင်းတို့ ၃ ဦးကိုတော့ ဒီကနေ့မှ ၅ ညနဲ့ ထောင် ၅ နှစ်စီ ချခဲ့တာဖြစ်ပါတယ်။

အခု လလယ်လောက်ကပဲ ကုလသမဂ္ဂရဲ့ မြန်မာပြည်ဆိုင်ရာ လူ့အခွင့်အရေး အထူး စုံစမ်းစစ်ဆေးသူ တောမတ်စ် အိုဟဲ ကင်တားနား (Tomas Ojea Quintana) က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှာ တင်သွင်းခဲ့တဲ့ အစီရင်ခံစာထဲမှာ မြန်မာ စစ်အစိုးရအနေနဲ့ ၂၀၁၀ ခုနှစ်ကြရင် ကျင်းပမယ့် ရွေးကောက်ပွဲမတိုင်ခင် မြန်မာပြည်မှာရှိတဲ့ နိုင်ငံရေး အကျဉ်း သားတွေ အားလုံးကို လွှတ်ပေးဖို့ အရေးကြီးတယ်လို့ ပြောဆိုခဲ့ပြီး ရက်ပိုင်းအတွင်းမှာပဲ အခုလို တက်ကြွ လှုပ်ရှား သူတွေကို ထောင်ဒဏ်တွေ ဆက်လက်ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် အခုလို အကျိုးဆောင်ရှေ့နေတွေ လိုက်ပါခွင့် မရှိဘဲ ထောင်ဒဏ်တွေ ချမှတ်ခဲ့တာတွေအပေါ် မြန်မာပြည်ရဲ့ တရားစီရင်ရေးစနစ်မှာ အားနည်းချက်နဲ့ ပတ်သက်လို့လည်း မစ္စတာကင်တားနားက ထောက်ပြ ပြောဆိုခဲ့ပါတယ်။

## သမ္မတ အိုဘားမား သူ့ရဲ့ စီးပွားရေးမူတွေ ယုံကြည်ကြောင်း ခုခံ ကာကွယ်

23 March 2009

အမေရိကန် နိုင်ငံရဲ့ ငွေကြေး အဆောက်အဦတွေကို ပြန်လည် ကူညီရင်း နိုင်ငံရဲ့ စီးပွားရေး ပြန်လည်နိုးထလာစေဖို့ ကြိုးစားတဲ့ သမ္မတ ဘားရက်ခ် အိုဘားမားရဲ့ အစီအစဉ်ကို ပိုင်းဝန်း ဝေဖန်နေတဲ့ ကြားက သူ့အစိုးရအဖွဲ့ရဲ့ စီးပွားရေး မူဝါဒတွေ အတွက် သူဟာ ယုံကြည်မှု အပြည့်အဝ ရှိကြောင်း သမ္မတ က ပြောကြားလိုက်ပါတယ်။ တနင်္ဂနွေနေ့ ည ထုတ်လွှင့်တဲ့ CBS ရုပ်သံရဲ့ မိနစ် ၆၀ အစီအစဉ်အတွက် မေးမြန်းခန်းမှာ ဖြေကြားခဲ့တာပါ။ အမေရိကန် အာမခံ ကုမ္ပဏီကြီး တခုဖြစ်တဲ့ AIG ကုမ္ပဏီဟာ ဆက်လက် ရပ်တည်နိုင်ဖို့ အစိုးရဆီက ငွေတောင်းခံနေတဲ့ အချိန်မျိုးမှာ အမှုဆောင် လူကြီးတွေ အတွက် အပိုဆုကြေး အမြောက်အများ ပေးခဲ့တဲ့အတွက် လူထုက ဒေါသ ထွက်ခဲ့တာကိုလည်း ပြောကြားခဲ့ပါတယ်။

သူ့အစိုးရအဖွဲ့ထဲက ပြဿနာ ပတ်လည်ဝိုင်းရံနေတဲ့ ဘဏ္ဍာရေး ဝန်ကြီး တင်မိုသီ ဂိုင်နာ နဲ့ ပတ်သက်ပြီးလည်း ခုခံ ချေပ ခဲ့ပါတယ်။   နိုင်ငံမှာ စီးပွားရေး ကပ်ဆိုက်ခဲ့ချိန်က စပြီး စီးပွားရေး ပြဿနာ အကြီးအကျယ် ကြုံနေရတာကို ဖြေရှင်းဖို့အတွက် အချိန်ပေးရမယ်လို့လည်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတကာ က ဝိုင်းဝန် ပြစ်တင်မှုခံနေရတဲ့ ဂွာတာနာမို အကျဉ်းစခန်း ကို ပိတ်ပစ်ဖို့ ဆုံးဖြတ်ခဲ့တဲ့ သူ့ဆုံးဖြတ်ချက်အတွက်လည်း အမေရိကန် သမ္မတ က ခုခံ ပြောဆိုခဲ့ပါတယ်။

## ရိုဟင်ဂျာအရေးဆွေးနွေးရန် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံရောက်ရှိ

22 March 2009

မြန်မာနိုင်ငံမှာ ရောက်ရှိနေတဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ခါဆစ် ပီရွန်းဟာ လေ့စီးပြေး Rohingya အရေးကိစ္စ အပါအဝင် နှစ်နိုင်ငံ အရေးကိစ္စတွေကို ဆွေးနွေးဖို့ မြန်မာနိုင်ငံခြားရေး ဝန်ကြီး ဦးဉာဏ်ဝင်း ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တို့ နဲ့ တွေ့ ဆုံဖို့ ရှိပါတယ်။ ဝန်ကြီး ကဆစ်ရဲ့ ၂ ရက်ကြာ မြန်မာနိုင်ငံခရီးစဉ် အတွင်း မြန်မာနိုင်ငံဘက်ကနေ ထိုင်းနိုင်ငံထဲကို တရားမဝင် ရောက်ရှိလာနေတဲ့ ရိုဟင်ဂျာ မွတ်ဆလင်တွေ ကိစ္စ အပါအဝင် ကိစ္စရပ် တော်တော်များများကို ဆွေးနွေးဖို့ ရှိတယ်လို့ ထိုင်းအစိုးရက စနေနေ့ က ထုတ်ပြန်တဲ့ ကြေငြာချက်ထဲမှာ ရေးသား ဖေါ်ပြထားပါတယ်။

ထိုင်းနိုင်ငံမှာ လက်ရှိ ကယ်တင်ထားတဲ့ ရိုဟင်ဂျာ ဒုက္ခသည် ၂၀၀၀ ကျော် အပါအဝင် ရိုဟင်ဂျာ လေ့စီးပြေး ဒုက္ခသည်တွေရဲ့ ပြဿနာကို ဒေသတွင်းမှာ ဘယ်လို ပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာကို ဆွေးနွေးကြမယ်လို့ မျှော်လင့် ရပါတယ်။ ဒါ့အပြင် မူးယစ်ဆေး မှောင်ခိုကူးနေကြတဲ့ ပြဿနာဖြေရှင်းရေးနဲ့ အခြေခံ အဆောက်အအုံ ဆောက်လုပ်ရေး ဆိုင်ရာ စီမံကိန်းတွေ၊ စွမ်းအင်ဆိုင်ရာ စီမံကိန်းတွေမှာ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်နိုင်ရေးတွေကိုလဲ ဆွေးနွေးကြမှာ ဖြစ်တယ်လို ့ ထိုင်းနိုင်ငံဘက်က ပြောပါတယ်။

## ရာထူးက ဖယ်ရှားခံရတဲ့ ပါကစ္စတန် တရားသူကြီးချုပ် တာဝန်ပြန်ထမ်းဆောင်

22 March 2009

ပါကစ္စတန်နိုင်ငံမှာ ရာထူးတာဝန် တရားဝင် ပြန်ပြီး ထမ်းဆောင်နေပြီ ဖြစ်တဲ့ ဗဟိုတရားရုံးချုပ် တရားသူကြီးချုပ်ကို တွေ့ဆုံဖို့ ဝန်ကြီးချုပ် ယူဆစ် ရာဇာလီ ဂီလာနီ ဟာ လာဟောမြို့ဆီကို သွားနေပါတယ်။ ဒါဟာ နိုင်ငံရေးအရ ပြန်လည် သင့်မြတ်ရေး ဆောင်ရွက်တဲ့ ကြိုးပမ်းမှုလို့ မြင်နိုင်ပါတယ်။ ပါကစ္စတန်မှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို အတူ လက်တွဲ ဖြေရှင်းဖို့ လိုအပ်တယ်ဆိုတဲ့ သမ္မတ အာဆစ် ဇာဒါလီရဲ့ သတင်းစကားကို ဝန်ကြီးချုပ်က တရားသူကြီးချုပ် အတွက် သယ်ဆောင်ပေးသွားပါတယ်။ လွန်ခဲ့တဲ့ ၂နှစ်က ရာထူးကနေ ဖယ်ရှားခံခဲ့ရတဲ့ တရားသူကြီးချုပ် အစ်ဖဒီဂါ မိုဟာမက် ချောင်ဒရီ ကို စနေနေ့ သန်းခေါင်မှာ တရားဝင် တာဝန် ထမ်းဆောင်ခွင့် ပြန်ပေးခဲ့ပြီးချင်း အမှုတွေအတွက် ဂျူရီ လူကြီးတွေ ခန့်အပ်တာ ရှေ့သတင်းပတ်အတွက် တရားရုံး ကြားနာမှု အစီအစဉ်တွေကို အတည်ပြုပေးတာတွေ လုပ်ခဲ့ တယ်လို့ ဗဟို တရားရုံးချုပ်က ပြောပါတယ်။

၂၀၀၇ခု နှစ်က သမ္မတ ဟောင်း ပါဗစ် မူရှာရက် ရဲ့ အုပ်ချုပ်မှုအပေါ် စိန်ခေါ်တဲ့ အမှုကိစ္စနဲ့ ပတ်သက်ပြီးတော့ မစ္စတာ ချောင်ဒရီ တာဝန်ကနေ ဖယ်ရှားခံရတာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတဝှမ်း ဆန္ဒပြမှုတွေ ဖြစ်ပေါ်ခဲ့ပြီး သမ္မတ မူရှာရက် လည်း နောက်ဆုံးတော့ ရာထူးကနေ ဆင်းပေးခဲ့ရပါတယ်။ မစ္စတာ မူရှာရက် နောက်မှ တက်လာတဲ့ လက်ရှိ သမ္မတ အာဆစ် အာလီ ဇာဒါလီက မစ္စတာ ချောင်ဒရီ ကို တရားသူကြီးချုပ်အဖြစ် ပြန်ခန့်အပ်မယ်လို့ ကတိပြုခဲ့ပြီး လနဲ့ ချီ အောင် ဆိုင်းထား တဲ့အတွက် နောက်ထပ် ဆန္ဒပြမှုတွေ ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ တပတ်ကတော့ ရှေ့နေတွေ၊ နိုင်ငံရေး လှုပ်ရှားသူတွေရဲ့ တောင်းဆိုချက်အတိုင်း မစ္စတာ ချောင်ဒရီကို ဗဟိုတရားရုံးချုပ် တရားသူကြီးချုပ် ပြန်ပေးခဲ့တဲ့အတွက် ပါကစ္စတန် နိုင်ငံရေး မတည်ငြိမ်မှုတွေကို အဆုံးသတ်သွားစေခဲ့ပါတယ်။

## အိုဘားမား ကမ်းလှမ်းချက် အီရန် ခေါင်းဆောင်ပယ်ချ

21 March 2009

နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်ထူထောင်ဖို့ အမေရိကန်သမ္မတ ဘားရက်အိုးဘားမား ရဲ့ ကမ်းလှမ်းမှုကို အီရန်ခေါင်းဆောင် အယာတိုလာ ခါမီနီ က ပယ်ချလိုက်ပြီးတော့ အမေရိကန်ဟာ ကြွေးကြော်သံသာပြောင်းပြီး သမ္မတ အိုဘားမား ရဲ့ စကားက လွဲလို့ အီရန်အပေါ် အမေရိကန်ရဲ့ မူဝါဒ ဘာတခုမှ ပြောင်းလဲတာမတွေ့သေးဘူးလို့ ဘာသာရေးမြို့တော် မတ်ရှပ် မှာ အလီ ခါမီနီ က ဒီကနေ့ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် သမ္မတ အိုဘားမား က အီရန်ကို နှစ်သစ်ကူး နှုတ်ခွန်းဆက်လိုက်ပေမဲ့ တဘက်မှာတော့ အီရန်ဟာ အကြမ်းဖက်သမားတွေကို အားပေးနေတယ်။ နျူကလီးယားလက်နက်တွေ ထုတ်လုပ်ဖို့ ကြိုးစားနေတယ် ဆိုတဲ့ စွပ်စွဲချက်တွေကို အမေရိကန်ဘက်က မရပ်သေးဘူးလို့လည်း အယာတိုလာခါမီနီ က ပြောဆိုလိုက် ပါတယ်။

အီရန် ထိပ်တန်းအရာရှိတဦးကတော့ စောစောပိုင်းမှာ အမေရိကန်သမ္မတ ရဲ့ ကမ်းလှမ်းမှုကို ကြိုဆိုခဲ့ပေမဲ့ နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ဖို့ အပြောနဲ့ချည်းပဲ မလုံလောက်သေးဘူးလို့လည်း သတိပေးခဲ့ပါတယ်။

ပါရှန် ပြက္ခဒိန်အရ နှစ်သစ်ကူးနေ့ နော်ရုဇ် နေ့ဖြစ်တဲ့ မတ်လ ၁၀ ရက်နေ့မှာ သမ္မတ အိုဘားမား က အမေရိကန်နဲ့ အီရန် နှစ်နိုင်ငံကြား အရေးကြီးတဲ့ ကွဲပြားခြားနားမှုတွေအပေါ် သံခင်းတမန်ခင်းနဲ့ ညှိနှိုင်းဆောင်ရွက်သွားမယ်လို့ အာမခံထားပြီး အီရန်လူထုကို နှစ်သစ်ကူး နှုတ်ဆက်ဆုမွန်ကောင်း တောင်းလိုက်တဲ့ ဗွီဒီယိုရိုက်ကူးထားတဲ့အခွေကို အီရန်ကို ပေးပို့ခဲ့ပါ တယ်။

ဒီပြုမူဆောင်ရွက်ချက်ဟာ အီရန်နဲ့ဆက်ဆံရေး ပိုမိုကောင်းမွန်မှုကို ရှေ့ရှုပြီး သမ္မတ အိုဘားမား စီစဉ်ထားတဲ့ ကမ်းလှမ်းမှု တွေထဲက တခုဖြစ်ပြီးတော့ အမေရိကန်ပြည်ထောင်စုဟာ အီရန်ရဲ့အပြန်အလှန် ကမ်းလှမ်းမှုကို မျှော်လင့်နေတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ရောဘတ်ဝုဒ် က ဆိုပါတယ်။

နောက်ထပ် အီရန်သတင်းတပုဒ်မှာတော့ အီရန်အကျဉ်းထောင်က အကျဉ်းသားတွေကို ဆေးကုသခွင့် မပေးဘဲထားခြင်းဖြင့် အပို အပြစ်ဒဏ် ထပ်ပြီး ပေးနေတယ်လို့ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် Amnesty International အဖွဲ့ကြီးက သောကြာ နေ့က ကြေညာချက်တစောင် ထုတ်ပြန်ပြီး အီရန်အာဏာပိုင်တွေကို ပြစ်တင် ရှုတ်ချလိုက်ပါတယ်။

နမူနာအားဖြင့် အီရန်ခေါင်းဆောင် အယာတိုလာခါမီနီ ကို စော်ကားမှုနဲ့ လပေါင်း ၃၀ ကြာအောင် ထောင်ဒဏ်ကျခံရပြီး ထောင်ထဲမှာပဲ သေဆုံးသွားခဲ့တဲ့ အင်တာနက်ဘလော့ဂါ အာမီဟိုစိန် ဟက်ရှ်မက်ဆွာပုမ်း ကို နမူနာအဖြစ် AI အဖွဲ့ကြီးက ထောက်ပြပြီးတော့ သူဟာ အသက်ကယ်စောင့်ရှောက်မှုကို ငြင်းဆန်ခံရပြီး ဒီအတိုင်း သေဆုံးသွားတဲ့အထိ ပစ်ထားခံရ တယ်လို့ AI အဖွဲ့ကြီးရဲ့ အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။

## လက်ဖက်ကိစ္စ ပလောင်များ နစ်နာ

22 March 2009

ဆိုးဆေးတွေကြောင့် မြန်မာနိုင်ငံမှာ လက်ဖက်ဈေးကွက် ပျက်ရတဲ့အခြေအနေနဲ့ ပတ်သက်လို့ တင်ပြခဲ့ရသလိုပဲ အခုလို လက်ဖက်ဈေးကွက် ပျက်တဲ့အတွက် မထိခိုက်သင့်ဘဲ ထိခိုက်ရသူတွေလည်း အများကြီး ရှိနေပါတယ်။ အဲဒါကတော့ အထူးသဖြင့် လက်ဖက်ဆေးဆိုးတယ် ဆိုတာကိုတောင် မကြားဖူးကြသေးတဲ့ လက်ဖက်စိုက်တောင်သူတွေ ဖြစ်တယ်၊ ဒီလူတွေဟာ လက်ဖက်ကို ဆေးဆိုးကြတဲ့သူတွေ မဟုတ်ဘူး လို့ ပလောင်ဒေသက လက်ဖက်စိုက်ပျိုးတဲ့ တောင်သူ မိသားစုက ပေါက်ဖွားလာတဲ့ မလွေအေးနန်းက အခုလို ပြောပြပါတယ်။

"ကျမက ငယ်ငယ်ကတည်းက လက်ဖက်ခြံထဲမှာ လက်ဖက်တောထဲမှာ ကြီးပြင်းလာတဲ့သူလေ။ လက်ဖက်ဆေးဆိုးတယ် ဆိုတာ ကျမ အခုမှ ကြားဖူးတာပေ့ါနော်။ အဓိက ကျမတို့ဒေသမှာ ရှိနေတဲ့လူတွေက လက်ဖက်ကို ဆေးမဆိုးကြပါဘူး။ ဆိုတော့ ကျမတို့တွေက ဒီလက်ဖက်ကို ခူးတယ်။ ပေါင်းတယ်။ ပေါင်းပြီးတော့ အစို သိပ်တယ်။ ပြီးတော့ အခြောက်လှမ်းတဲ့ ဟာမျိုးနဲ့ ရှုပ်နေတဲ့အချိန်မှာ ကျမတို့ ဆေးမဆိုးအားပါဘူး။ စဉ်းလည်း မစဉ်းစားမိဘူးပေ့ါနော်။ ဆေးဆိုးစရာလည်း မလိုဘူးပေ့ါနော်။ တကယ့် ပလောင်တောင်မှာရှိတဲ့ ပလောင်တွေကို မေးကြရင်လည်း သိကြမှာမဟုတ်ဘူး။ ဆေးဆိုးတာ ဘယ်သူတွေ ဆိုးကြသလဲ ဆိုတာကိုပေ့ါ။ ပွဲရုံကိုရောက်မှ ဆေးဆိုးကြတာလား။ အိမ်ရောက်မှ ဆေးဆိုးကြတာလား ဆိုတာ ကျမလည်း မပြောတတ်ဘူးပေ့ါနော်။ ဒါပေမယ့် သေချာတာတခုကတော့ ကျမတို့ရိုးရာ ကျမတို့ ဘိုးဘွားဘီဘင် လက်ထက် ကတည်းက ဒီလက်ဖက်ကို လုပ်လာခဲ့တာ ဆေးမဆိုးကြဘူးပေ့ါနော်။ လတ်လတ်ဆတ်ဆတ်ဟာမျိုးပေ့ါ။"

အခုလို တပေါင်း တန်ခူး ရာသီဟာ လက်ဖက် စပေါ်တဲ့ ရွှေဖီဦး အချိန် ဖြစ်ပါတယ်။ မိုးမကျခင် လက်ဖက်အထွက်နှုန်း လည်း ကောင်း၊ ဈေးနှုန်းလည်း ကောင်းလေ့ရှိတဲ့ ဒီလို ရာသီမျိုးမှာ အခုလို လက်ဖက်ဈေးကွက် ပျက်စရာကိစ္စ ကြုံလာတဲ့ အတွက် လက်ဖက်စိုက် ပလောင်ပြည်သူတွေ အရမ်းနစ်နာကြတယ်လို့လည်း မလွေအေးနန်းက ဆိုပါတယ်။

"ပလောင်ပြည်သူတွေ အရမ်းနစ်နာတယ်လေ။ ဘာလို့လဲဆိုတော့ လက်ဖက်ဈေးနှုန်းက တရှိန်ထိုးနဲ့ကျဆင်းသွားတဲ့ အချိန် မျိုးမှာဖြစ်နေတော့ ဒီအဖြစ်က ပလောင်ပြည်သူတွေ လက်ဖက်လုပ်နေတဲ့ ပြည်သူတွေ တောင်သူတွေအတွက်ကတော့ သူတို့လုပ်လို့ ဖြစ်သွားတဲ့ကိစ္စမဟုတ်ဘဲနဲ့ တကယ်တမ်းကျတော့ အကျိုးဆက်ကို ခံစားနေရတာ။ သူတို့အခုချိန်မှာ ခံစား နေရတဲ့ဟာမျိုးပေ့ါ။"

ဒီလို လက်ဖက်စိုက်တောင်သူတွေ မထိခိုက်သင့်ဘဲ ထိခိုက်ရတာကို ကာကွယ်ဖို့ လက်ဖက်ဆေးဆိုးသူတွေကို ဖော်ထုတ် နိုင်ဖို့နဲ့ အရေးကြီးသလို အရည်အသွေး အဆင့်အတန်းရှိပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ လက်ဖက်အပါအဝင် ထုတ်ကုန်တွေ မြန်မာနိုင်ငံမှာ ထုတ်လုပ်နိုင်အောင် စိစစ်မှုတွေလုပ်ဖို့ အရေးကြီးတယ်လို့လည်း မလွေအေးနန်း ကပြောပါတယ်။

"ကျန်းမာရေးရှုထောင့်ကကြည့်မယ် ဆိုလို့ရှိရင် ဒီ ဆိုးဆေးတွေ ရှိနေတယ်။ ဒီ ဆိုးထားတဲ့လက်ဖက်ကို စားလိုက်လို့ရှိရင် ကျန်းမာရေးအရ ထိခိုက်နစ်နာရမယ်ဆိုရင် ကျမတို့အနေနဲ့လည်း စိတ်မကောင်းဘူးပေ့ါနော်။ ဒါပေမယ့် တခုပဲ ရှိတာပေ့ါ နော်။ ကျမတို့ မြန်မာပြည်မှာ ရှိနေတဲ့တာဝန်ရှိတဲ့သူက ဒီအပေါ်မှာ သေသေချာချာပေ့ါနော် စနစ်တကျ စစ်ဆေးမှုတွေ လုပ်ဖို့ လိုတာပေ့ါနော်။ တကယ် လက်ဖက်စားတဲ့သူတွေ ထိခိုက်နစ်နာအောင် လုပ်နေတဲ့သူတွေက ဘယ်သူတွေလဲဆိုတာ သေချာစစ်ဆေးပြီးတော့ လုပ်ဖို့ လိုနေပြီပေ့ါနော်။ ဒါက ဒီလက်ဖက်တခုတည်းတင် မကဘူးပေ့ါနော်။ ကျန်တဲ့တခြား အစားအစာတွေလည်း အများကြီးပါ။ မြန်မာပြည်မှာ ရှိနေတဲ့ဟာတွေက၊ သေသေချာချာ စနစ်တကျနဲ့ ထုတ်လုပ် ရောင်းချ နေတာမဟုတ်ဘဲနဲ့ စီးပွားရေးသမားတွေပေ့ါနော်။ အဓိက အမြတ်ငွေတွေ ရဖို့အတွက် ကောင်းကောင်းမွန်မွန် ကျန်းမာရေး နဲ့ ညီညွတ်သည် ကိုက်ညီသည် မစဉ်းစားဘဲနဲ့ အဓိက ရောင်းအားကောင်းအောင်ပဲ လုပ်နေတဲ့ဟာတွေ စားသောက်ကုန် တွေ အများကြီး ရှိတာပေ့ါနော်။ ဒါတွေကို သေသေချာချာ တကယ့် ဒီ လက်ဖက်စိုက်တဲ့သူတွေ စိုက်ပျိုးနေတဲ့သူတွေ မထိခိုက် မနစ်နာအောင် သေချာစစ်ဆေးမှုတွေ လုပ်ပေးဖို့ လိုနေတယ်ပေ့ါ။"

မလွေအေးနန်း ပြောပြခဲ့တာဖြစ်ပါတယ်။

မြန်မာစစ်တပ်မှ ထွက်ပြေးလာသူ တပ်သားသုံးဦးကို ဘင်္ဂလားအာဏာပိုင်များက ဖမ်းမိ

3/23/2009

မြန်မာ့ နအဖ စစ်တပ်မှ ထွက်ပြေးလာသူ တပ်သားသုံးဦးကို ဘင်္ဂလားရိုင်ဖယ် တပ်ဖွဲ့မှ စနေနေ့က ဖမ်းဆီးရမိလိုက်သည်။

အဆိုပါ တပ်သားသုံးဦးကို ဘင်္ဂလာဒေ့ရှ်နိုင်ငံ ဘင်ဒရိုဘင်ခရိုင် ပေါရ်မာန် မောင်ရွှေစိန်ကျေးရွာတွင် အနားယူနေစဉ် ဖမ်းဆီးလိုက် ခြင်းဖြစ်သည်။

ဖမ်းဆီးခံရသည့် တပ်သားများမှာ မောင်မောင်သန်း၊ စိုးထွေးနှင့် သန်းဌေးလှိုင် တို့ဖြစ်ကြပြီး သူတို့အားလုံးမှာ အသက် ၂၀ ကျော်အရွယ် ရှိကာ ရခိုင်အမျိုးသားများဖြစ်ကြသည်။

သူတို့သုံးဦးလုံးမှာ ခမရ ၅၃၈ တပ်ရင်းမှ ဒုတပ်ရင်းမှူး တင်အောင်မြင့် ဦးဆောင်သည့် စစ်ကြောင်း(၂)မှ ဖြစ်သည်။

ခမရ ၅၃၈ မှာ လွန်ခဲ့သည့် ဖေဖော်ဝါရီလအစောပိုင်းကတည်းက အင်အား ၉၀ ခန့်နှင့် ဘင်္ဂလားမြန်မာ နယ်စပ်တလျောက်တွင် ဘိန်းခင်းရှင်းလင်းရေးနှင့် နယ်စပ်မှတ်တိုင်များကို စစ်ဆေးနေစဉ် ယခုကဲ့သို့ ထွက်ပြေးလာခြင်းဖြစ်ကြောင်း ဘင်္ဂလားအာဏာပိုင်များကို သူတို့သုံးဦးမှ ထွက်ဆိုဝန်ခံထားကြောင်း သိရှိရသည်။

သူတို့မှာ တပ်တွင်းပြစ်မှုတခုကို ကျူးလွန်မိသည့်အတွက် အထက်အရာရှိများ၏ အပြစ်ပေး အရေးယူမည်ကိုစိုးရိမ်သည့်အတွက် ယခုကဲ့သို့ လက်နက်မဲ့ ထွက်ပြေးခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) ဒုတိယအကြိမ်ညီလာခံကျင်းပပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်

MONDAY, 23 MARCH 2009 19:26 ရိုးမ ၃

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) ဒုတိယအကြိမ်မြောက်ညီလာခံကို ထိုင်း-မြန်မာနယ်စပ်တနေရာတွင် ယခုလ (၁၈) ရက်နေ့မှစတင်ပြုလုပ်ခဲ့ပြီး အတွင်းရေးမှူးအဖွဲ့အား ပြန်လည်ရွေးချယ်တင်မြှောက်ကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြသည်။

ပထမအကြိမ်ညီလာခံတွင် အတွင်းရေးမှူးအဖွဲ့ ၉ ဦးသာရှိခဲ့သော်လည်း ယခုအကြိမ်တွင်မူ အလုပ်ငန်းစဉ်များ ပိုမိုကျယ်ပြန့် စွာ လုပ်ဆောင်သွားရန်အတွက် ၁၁ ဦးထိ တိုးချဲ့ဖွဲ့စည်းလိုက်ကြောင်း (FDB) ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် ဦးငွေလင်းက ပြောသည်။

"၂၀၀၉၊ ၂၀၁၀ ဟာ အရေးကြီးကာလကို ရောက်လာတာဖြစ်တဲ့အတွက် အလုပ်ပိုလုပ်နိုင်ဖို့ အခုလို တိုးချဲ့လိုက်ခြင်းဖြစ်ပါတယ်၊ အပြောင်းအလဲတွေရှိတယ်ဆိုပေမဲ့ ကျနော်တို့ တချို့ခေါင်းဆောင်ပိုင်းတွေက လက်ရှိနေရာတွေမှာ ပြန်တာဝန်ယူရတာ တွေ့ရှိတယ်၊ ကျနော်တို့ ရွေးချယ်တာက ပထမသက်တမ်းပြီးသွားတဲ့အခါမှာ အားလုံးနှုတ်ထွက်ကြတယ်၊ ပြီးတော့မှ ပြန်လည်အရွေးချယ်ခံရတာ ဖြစ်ပါတယ်" ဟု ပြောသည်။

(FDB) အထွေထွေအတွင်းရေးမှူချုပ်အဖြစ် ဒေါက်တာနိုင်အောင်၊ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် ဦးငွေလင်း၊  ဦးကျော်ထက်၊ အတွင်းရေးမှူးအဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးကော်မတီမှ အတွင်းရေးမှူး မခင်ဥမ္မာ၊ ဒုတိယအတွင်ရေးမှူး ကိုစိုးအောင်၊ ကိုသွင်လင်းအောင်၊ ပြည်တွင်းလုပ်ငန်းကော်မတီတွင် အတွင်းရေးမှူး ကိုမင်းနိုင်၊ ဒုတိယအတွင်းရေးမှူး ကိုတိတ်နိုင်၊ ကိုမြင့်ဟိန်း၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းကော်မတီ အတွင်းရေးမှူး ကိုတိုးတိုးထွန်း၊ ဒုတိယအတွင်းရေးမှူး မနိုးနိုးထက်စံအား ပြန်လည်ရွေးချယ်တင်မြှောက်လိုက်သည်။

၎င်းတို့အား တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များအားလုံး သဘောတူရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး (FDB) အဖွဲ့၏ မဟာဗျူဟာ (၄) ရပ်ကို အကောင်အထည်ဖော်ရန်အတွက် ရှေ့လုပ်ငန်းစဉ် (၉) ခုအား ချမှတ်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

"ကျနော်တို့ ရှေ့လုပ်ငန်းစဉ်တွေက အနှစ်သာရအားဖြင့် ပြောမယ်ဆိုရင် ပိုမိုလုပ်ကိုင်စွမ်းရှိသော ယနေ့ကာလ စိန်ခေါ်ချက်များကို သေသေချာချာ ဆောင်ရွက်နိုင်ဖို့၊ အရေးတော်ပုံကြီး ဖြစ်ပေါ်လာဖို့ အင်မတန်အင်အားကြီးတဲ့ နိုင်ငံရေးတပ်ပေါင်းစုကြီး ရှိဖို့လို့တယ်၊ အဲဒါကို အထဲရောအပြင်ရော ပြင်ဆင်သွားဖို့၊ လူထုတိုက်ပွဲတွေဖြစ်ပေါ်လာဖို့ လှုပ်ရှားဆောင်ရွက်သွားဖို့နဲ့ နိုင်ငံတကာမိသားစုအသိုင်းအဝိုင်းရဲ့ စာနာမှု ထောက်ခံမှုတွေကို ရှာဖွေသွားကြဖို့ အဲဒါတွေက မဟာဗျူဟာ လုပ်ငန်းစဉ်တွေပါ" ဟု ပြောသည်။

၎င်းလုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရှေ့လုပ်ငန်းစဉ် (၉) ခုအား ချမှတ်ခြင်းဖြစ်ပြီး ညီလာခံတွင် ပြည်တွင်းပြည်ပနှင့် အဘက်ဘက်မှ အခြေအနေများကို သုံးသပ်၍ လက်တွေ့ကျသည့် လုပ်ငန်းစဉ်ကို အင်အားတောင့်တောင့်တင်းတင်းဖြင့် လုပ်နိုင်ပါက ပိုမိုပီပြင်လာမည်ဖြစ်ကြောင်း ဦးငွေလင်းက ဆက်ပြောသည်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) စတင်တည်ထောင်ချိန်မှစ၍ လုပ်ဆောင်နိုင်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ "ကျနော်တို့ သုံးသပ်မိတာက ယခင်ကထက် ယနေ့ လုပ်ကိုင်နိုင်တာက တော်လှန်ရေးကာလမှာ တစုံတရာ ကျေပွန်မှုအပိုင်း ပါဝင်လာပြီလို့ ပြောရင်ရပါတယ်၊ နောက်တခုက မဟာမိတ်တွေကြားမှာ ယုံကြည်မှုတည်ဆောက်ရေး ၊ အကြံပေး ဆောင်ရွက်မှုတွေကြားထဲမှာ ပြန်လည်ယုံကြည်မှုတွေရပြီး ပိုမို အားကောင်းအောင် လုပ်ဆောင်လာနိုင်တယ်" ဟု ပြောသည်။

၂၀၁၀ ရွေးကောက်ပွဲအခြေနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ်က ပြုလုပ်ခဲ့သည့် စစ်အစိုးရ၏ ဖွဲ့စည်းပုံဥပဒေသည် ပြည်သူလူထုအတွက် အာမခံချက်မရှိသည့်အတွက် အသက်မဝင်အောင် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပြီး ဖွဲ့စည်းပုံဥပဒေကို ပြန်လည်ပြင်ဆင်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးခြင်း၊ လွှတ်တော်ခေါ်ယူပေးခြင်းနှင့် တွေ့ဆုံဆွေးနွေးရေးမလုပ်ပါက စစ်အစိုးရ၏ ရွေးကောက်ပွဲကို လက်ခံမည်မဟုတ်ကြောင်းကို လူထုအတွင်း စည်းရုံးလှုံ့ဆော်မှုများ၊ လူထုလှုပ်ရှားမှုများ ဆက်ဖော်ဆောင်သွားမည်ဟု ပြောသည်။

"အဓိကကတော့ ၂၀၁၀ မတိုင်ခင် NLD၊ CRPP ထောက်ပြတဲ့ ရည်မှန်းချက် (၄) ခု ပေါက်မြောက်လာအောင် လူထုတိုက်ပွဲနဲ့   တွန်းတင်ရမယ်၊ စစ်အစိုးရက ဂန်ဘာရီကို နောက်ဆုံးပြောတဲ့စကားမှာပင် မဖြစ်ဖြစ်အောင်လုပ်မယ်ဆိုတော့ ၉၀ ရွေးကောက်ပွဲရလဒ်ပါတီကို ဖျက်လိုက်သလိုဖြစ်တယ်၊ အဲဒါကို ကာကွယ်တဲ့နည်းနဲ့ လူထုနဲ့အတူ လှုပ်ရှားမှုတွေလုပ်မယ်၊ ၂၀၁၀ မတိုင်ခင် လှုပ်ရှားမှုကြီးတွေ ဖြစ်အောင်လုပ်မယ်၊ အခြေနေမရလို့ ၂၀၁၀ ဖြစ်သွားရင်လဲ စစ်အစိုးရရဲ့ လိမ်ညာထားတဲ့ အရပ်သားတပိုင်းအစိုးရရဲ့ကျနော်တို့ကို ဖိနှိပ်ထားတဲ့ ဖွဲ့စည်းပုံကို အကောင်ထည်ဖော်တဲ့ အစိုးရဖြစ်တဲ့အတွက် အာမခံချက်မရှိတာကို ထောက်ပြပြီး ဆက်လုပ်မဲ့ စီမံချက်တွေရှိပါတယ်" ဟု ဆက်လက်ပြောသည်။

၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးအတွင်း နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍနှင့်ပတ်သက်၍ "စက်တင်ဘာလှုပ်ရှားမှုက အင်မတန်မြန်ဆန်တဲ့အတွက် NLD၊ CRPP တို့ အဆင်သင့်ဖြစ်မှုနည်းသွားပြီး အဆင်သင့်မဖြစ်တဲ့အတွက် ဦးဆောင်နိုင်လိုက်ခြင်းမရှိဖြစ်သွားတယ်၊ ယနေ့အချိန်မှာ လှုပ်ရှားမှုပေါ်လာရင် သေသေချာချာ ဦးဆောင်နိုင်မယ်ထင်တယ်၊ အတွင်းအင်အားစုတွေက ဦးဆောင်တာဝန်ယူနိုင်အောင် ကျနော်တို့က ပံ့ပိုးကူညီ စည်းရုံးလှုံ့ဆော်မှုတွေကို ဟန်ချက်ညီညီ လုပ်ကိုင်သွားမှာဖြစ်တယ်၊ လှုပ်ရှားမှုအမြင့်ဆုံးအချိန်မှာ ကြားဖြတ်အစိုးဖွဲ့နိုင်အောင် ဆောင်ရွက်သွားဖို့အထိ ကူညီဝန်းရံ သွားပေးမယ်" ဟု ဆက်လက်ပြောဆိုသည်။

## မှန်းတိုင်းသင့်ဒေသ လယ်သမားများထံမှ လက်တွန်းစက်ဖိုး တောင်းယူနေသည့်အတွက် အခက်ကြုံနေရ

SATURDAY, 21 MARCH 2009 19:21 ရိုးမ ၃

နာဂစ်မုန်တိုင်းသင့်ဒေက လယ်သမားတွေကို ထုတ်ပေးထားသည့် လက်တွန်းစက်များ ကျသင့်ငွေကို ယခင်က သုံးနှစ်အထိ အရစ်ကျပေးဆပ်ရမည်ဟုပြောပြီး ယခုအခါ ပြန်လည်တောင်းယူမှုများ ပြုလုပ်နေသည့်အတွက် ဒေသခံလယ်သမားများ အခက်ကြုံနေရသည်။

ဘိုကလေးမြို့နယ်အတွင်းက မဂ္ဂအုပ်စုမှာ စက်ပိုင်ရှင်များအသင်းက ထုတ်ပေးထားသည့် လက်တွန်းစက်များအတွက် ပထမအရစ်အနေဖြင့် ၇ သိန်းခွဲ ပေးရမည်ဖြစ်ပြီး ယခင်လကတည်းက ကျေးရွာဥက္ကဌများက လာရောက်တောင်းယူ နေခြင်းဖြစ်ကြောင်း ဒေသခံလယ်သမားတဦး ပြောသည်။

"နာဂစ်ပြီးတော့ ကျွဲနွားတွေကလည်းမရှိတော့ စက်ပိုင်ရှင်များအသင်းက ပေးတယ်ဆိုတော့ စာချုပ်တွေနဲ့၊ သုံးရစ် သုံးနှစ်ပေးရမယ်ပေ့ါ၊ အားလုံးပေါင်း ၁၂ သိန်းခွဲလောက်ကျမယ်ပေ့ါ၊ ပထမအရစ်ကို ၄ သိန်းလောက်ပေးရမယ်ဆိုလို့၊ အခုကျတော့ နှစ်ရစ်နဲ့အပြီးဆိုပြီး ပထမအရစ်ကို ၇ သိန်းခွဲတောင်းတယ်၊ လယ် ၇ ဧကမှာ စပါးက ၅၀ ကျော်ပဲထွက်တော့ ငွေလေးတသိန်းလောက်နဲ့ ဘယ်လိုပေးလို့ရမှာလဲ၊ အဲလိုတွေဖြစ်နေတာ" ဟု ဒေသခံလယ်သမားတဦးက ပြောသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် စက်မှုလယ်ယာနှင့် အခြားက လယ်သမားများအတွက် စက်များကို အခမဲ့ပေးဝေနေပြီး မဂ္ဂအုပ်စုအတွင်းမှ လယ်သမားများမှာမူ ယခုကဲ့သို့ အရစ်ကျပေးနေရသည့်အတွက် ဒုက္ခရောက်တာချင်းအတူတူ မိမိတို့အနေဖြင့် ပိုပြီးကံဆိုးနေရသည်ဟု အဆိုပါလယ်သမားက ဆက်ပြောသည်။

"အခြားဌာနက ပေးတဲ့ဟာတွေက အလကားပေးတာ၊ စက်ပိုင်ရှင်များအသင်းကပေးတာက သုံးရစ်ကနေ နှစ်ရစ်ဖြစ်သွားတယ်၊ အဲဒီအခါကျတော့ လယ်သမားတွေကို သက်သက်နစ်နာအောင် လုပ်တာ၊ နာဂစ်ဒေသမှာ ဝေတာချင်းအတူတူ အဘတို့ကျမှ ဒီလိုဖြစ်တယ်ဆိုတော့၊ ဥက္ကဌတွေကို မေးကြည့်တော့လည်း ဒေါင်ဖန်းကုမ္ပဏီက တောင်းခိုင်းလို့ဆိုပြီး ပြောတယ်" ဟု ပြောသည်။

မဂူကျေးရွာအုပ်စုအတွင်း စက်ပိုင်ရှင်များအသင်းမှာ တာဝန်ယူထုတ်ပေးထားသည့် စက်အလုံးပေါင်း ၄၀ ခန့်ရှိပြီး ဘိုကလေးတမြို့နယ်လုံးအနေဖြင့် အလုံး ၇၀၀ ကျော်ရှိသည်ဟု ဆိုသည်။

ဒေသခံလယ်သမားများမှာ မိုးစပါးကအထွက်နည်းပြီး ကုန်ကျစရိတ်ပိုများသည့် နွေစပါးမှာလဲ မှိုလိုက်နေသဖြင့် မျှော်လင့်၍မရနိုင်ကြောင်း ဒေသခံလယ်သမားတဦးက ပြောသည်။

"မိုးစပါးတုန်းကလဲ ဈေးမကောင်းတာနဲ့၊ ပြီးတော့ စပါးကလဲ မရဘူးလေ၊ နောက်ထပ် သုံးနှစ်လောက်အထိတော့ မြေတွေမကောင်းသေးဘူး၊ ဆားပေါက်ထားတာ၊ နွေစပါးက အခု မှိုတွေကျနေတယ်၊ ကမောက်ကနီတို့၊ ဥသျှစ်တို့၊ စက်ဆန်းဘက်ရွာတွေမှာ တော်တော်ဆိုးတယ်" ဟု ပြောသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သေသေချာချာ ပြန်မလုပ်နိုင်ခင် ယခုကဲ့သို့ လက်တွန်းစက်အတွက် ငွေတောင်းယူနေခြင်းကြောင့် လယ်သမားများအနေဖြင့် လာရောက်တောင်းတိုင်း ပေးကပ်နေရကြောင်း ၎င်းက ဆက်လက်ပြောသည်။

## မီးသတ်ကားဝယ်ရန် အကြောင်းပြပြီး ငွေကြေး မတန်တဆကောက်ခံနေ

SATURDAY, 21 MARCH 2009 11:46 ရိုးမ ၃

မော်လမြိုင်မြို့တွင် မီးသတ်ကားဝယ်ရန်အတွက် ရပ်ကွက်အလိုက် ငွေကြေးကောက်ခံမှုများ ပြုလုပ်နေပြီး ပေးဆောင်ခြင်းမရှိသည့် အိမ်များကို ဒေ့်စာရင်း မလုပ်ပေးသည့်အတွက် မြို့ခံလူထုအနေဖြင့် မကျေမနပ်ဖြစ်နေကြသည်။

ပြီးခဲ့သည့်လ (၁၉) ရက်နေ့မှစတင်ကာ (ရယက)လူကြီးများ ဦးစီး၍ ရပ်ကွက်အလိုက် ၅,၀၀၀ မှ ၁၀,၀၀၀ ကျပ်အထိ တောင်းယူနေကြောင်း မြို့ခံတဦးက ပြောသည်။

"နှစ်ကုန်ပိုင်းက မီးလောင်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး မီးသတ်ကားခ တောင်းတယ်၊ ရပ်ကွက်အလိုက် မြို့ထဲမှာဆိုတမျိုး၊ ပုံကျရပ်ကွက်တွေမှာ တမျိုး ကောက်တယ်၊ စီးပွားရေးကောင်းတဲ့သူနဲ့ မကောင်းတဲ့သူ ကြည့်တယ်၊ ကောင်းတယ်သူဆိုရင် သုံးသောင်းကနေ တသောင်းတောင်းတယ်၊ နည်းနည်းအဆင်ပြေရင် ငါးထောင်၊ သမီးတို့ ဒိုက်ဝန်းရပ်ကွက်ဘက်က ငါးထောင်ပေးရတယ်" ဟု ပြောသည်။

ယင်းကဲ့သို့ ငွေကြေးကောက်ခံရခြင်းသည် မြို့နယ်(မယက)နှင့် မီးသတ်တပ်ဖွဲ့တို့မှ ညွှန်ကြားချက်ဖြင့် ကောက်ယူခြင်းဖြစ်ကြောင်း (ရယက) လူကြီးများက ပြောဆိုပြီး မပေးသည့်အိမ်များကို ဧည့်စာရင်း မလုပ်ပေးရန် ပြောသည်ဟု ဆိုသည်။

"မပေးတဲ့ အိမ်ဆိုရင် ဧည့်သည်လာလို့ရှိရင် ဧည့်စာရင်းမလုပ်ပေးဘူး၊ ဧည့်သည်တခုခုဖြစ်ရင်လဲ ဘာမှ တာဝန်ယူ မဖြေရှင်းပေးဘူးလို့ ပြောတယ်၊ သူတို့က မရရအောင်ကောက်နေတယ်၊ အနည်းဆုံး တထောင်တော့ ရအောင်တောင်းယူသွားတယ်" ဟု ပြောသည်။

အဆိုပါ ကောက်ခံရသည့် ငွေဖြင့် မီးသတ်ကားဝယ်ယူကာ ရပ်ကွက် ၃ ခုလျှင် တစီးနှုန်း ထားရှိမည်ဖြစ်ပြီး ရေစုတ်စက်ထားမည့် ရပ်ကွက်အနေဖြင့် သိန်း (၂၀) ပိုထည့်ရမည်ဟု ပြောဆိုကြောင်းလည်း ၎င်းက ဆက်ပြောသည်။

နိုင်ငံရေးနဲ့ စာပေအနုပညာ (၂၈)

## ပြင်၍ မှားသော အမှားများ

ထိန်လင်း

မတ် ၂၂၊ ၂၀၀၉

အမှားကို အမှန်ပြင်တယ် ဆိုတာက မမှန်တာကို မှန်အောင်ပြင်တာမှန်း လူတိုင်းသိပါတယ်။ အမှန်ဖြစ်အောင် ပြင်တယ်ဆိုတာ မှားနေတဲ့အရာကိုသာ ပြင်ရမှာပါ။ မှန်ပြီးသား ဒါမှမဟုတ် ပြင်စရာမလိုတာကို ပြင်တာကတော့ ပြင်တာမဟုတ်တော့ဘဲ တခါတရံမှာ ဖျက်တဲ့သဘောကိုတောင် သက်ရောက်တတ်ပါတယ်။ ဒါဟာ ကမောက်ကမ ဖြစ်မှုပါ။ ခေါင်က မိုးမလုံရင် တအိမ်လုံး မိုးမလုံသလိုပဲ တိုင်းပြည်တစ်ခုရဲ့ နိုင်ငံရေးအခြေအနေ မကောင်းတဲ့အခါ အခုပြောခဲ့တဲ့ ကမောက်ကမ ဖြစ်မှုတွေကို မကြာခဏဆိုသလို ကြုံတွေ့ ကြားသိနေရပါတယ်။ အခု ဆောင်းပါးမှာတော့ စစ်အစိုးရလက်ထက် ကမောက်ကမ ဖြစ်မှုတွေထဲက တစ်ခုကို ပြောပြချင်ပါတယ်။

အိုင်းရစ်စာရေးဆရာ မောရစ်ကောလစ် (Maurice Collis) ဆိုတာ မြန်မာလူမျိုးတွေ၊ မြန်မာ စာဖတ်ပရိသတ်တွေနဲ့ ရင်းနှီးနေသူဖြစ်ပါတယ်။ သူက ကိုလိုနီခေတ်မှာ မိုးကျရွှေကိုယ်လို့ ခေါ်တဲ့ အိန္ဒိယပဋိညာဉ်ခံ အုပ်ချုပ်ချုပ်ရေးအရာရှိ အိုင်စီအက်စ် တစ်ဦးအဖြစ် မြန်မာပြည်ကို ၁၉၁၂ ခုနှစ်မှာ ရောက်ရှိလာပြီး စစ်ကိုင်း အရေးပိုင်၊ ရန်ကုန်အရေးပိုင်၊ ခရိုင် ရာဇဝတ်တရားသူကြီး စတဲ့ တာဝန်တွေကို ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ သူဟာ အင်္ဂလိပ်အစိုးရရဲ့ ဝန်ထမ်းဖြစ်ပေမယ့် ဥပဒေကို တဖက်စောင်းနင်းမရှိစေဘဲ သမာသမတ်ကျအောင် စီရင်ဆုံးဖြတ်တဲ့အတွက် မြန်မာလူမျိုးတွေရဲ့ လေးစားမှုကို ခံရသူတစ်ဦးလည်းဖြစ်ပါတယ်။

အဲဒီလို အစိုးရအရာရှိကြီးတစ်ဦးဖြစ်ခဲ့တဲ့ မောရစ်ကောလစ်ဟာ တဖက်မှာ စာရေးဆရာအဖြစ် ထင်ရှားပြီး သူရေးတဲ့စာအုပ်တွေထဲမှာ မြန်မာပြည်နဲ့ ပတ်သက်တဲ့ စာအုပ်တွေလည်း ပါဝင်ပါတယ်။ သူ့အတ္ထုပ္ပတ္တိ တစိတ်တပိုင်း ပါဝင်နေတဲ့ Trials in Burma ဆိုတဲ့စာအုပ်ဟာ သူ့ရဲ့ ထင်ရှားတဲ့ စာအုပ်တွေထဲက တစ်အုပ်ဖြစ်ပါတယ်။ ဒီစာအုပ်ကို ၁၉၃၈ ခုနှစ်မှာ ထုတ်ဝေပါတယ်။ ၁၉၃၈ ခုနှစ်ဟာ မြန်မာပြည်မှာ ၁၃၀၀ ပြည့်အရေးတော်ပုံ ကာလ ဖြစ်ပါတယ်။ အဲဒီထုတ်ဝေတဲ့နှစ်မှာပဲ ဒီစာအုပ်ကို မြန်မာပြည်မှာ မြန်မာဘာသာပြန်အဖြစ် ထုတ်ဝေခဲ့ပါတယ်။ အဲဒီလို မြန်မာဘာသာကို ပထမဆုံး ပြန်ဆိုသူကတော့ လူထုဒေါ်အမာဖြစ်ပြီး ပထမဆုံး ထုတ်ဝေသူက လူထုဦးလှရဲ့ ကြီးပွားရေးစာအုပ်တိုက်ဖြစ်ပါတယ်။ မြန်မာပြန် စာအုပ်ကို 'မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ' ဆိုတဲ့အမည်နဲ့ ထုတ်ဝေခဲ့ပြီး ၁၉၉၉ ခုနှစ်မှာ စာပေလောက စာအုပ်တိုက်က ဒုတိယအကြိမ်၊ ၂၀၀၃ ခုနှစ်မှာ သီဟရတနာ စာပေက တတိယအကြိမ် ထုတ်ဝေခဲ့ပါတယ်။ ဘာသာပြန်စာအုပ်ရဲ့ သက်တမ်းဟာ အခုဆိုရင် နှစ်ပေါင်း ၇၀ ကျော်ခဲ့ပါပြီ။

ဒီစာအုပ်ကိုပဲ မြန်မာဘာသာ ပြန်ဆိုရေးသားသူတစ်ဦးက ဆရာကျော်အောင် ဖြစ်ပါတယ်။ ဆရာကျော်အောင်က 'မြန်မာပြည် အတွေ့အကြုံများ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ၁၉၈၃ ခုနှစ်မှာ ပြန်ဆိုရေးသားခဲ့ပါတယ်။ အဲဒီစာအုပ်ကို ၁၉၈၄ ခုနှစ်မှာ စာချစ်သူစာစဉ်က ပထမအကြိမ်၊ ၂၀၀၆ ခုနှစ်မှာ ရာပြည့်စာအုပ်တိုက်က ဒုတိယအကြိမ် ထုတ်ဝေခဲ့ပါတယ်။ ဒီလို စာအုပ်ရဲ့ ရာဇဝင်ကို ပြောပြနေတာက လက်ရှိစစ်အစိုးရ စာပေစိစစ်ရေးရဲ့ ကမောက်ကမ နိုင်မှုကို ပြောပြချင်လို့ပါ။




စာပေကင်ပေတိုင်ရုံး လို့ အမည်ပေးထားကြတဲ့ အဲဒီ စာပေစိစစ်ရေးရုံးဟာ မြန်မာ စာပေလောကအတွက် လက်မရှိ ခုံရုံး လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အထက်ရဲ့ ညွှန်ကြားချက်ကို လိုက်နာလို့ပဲဖြစ်ဖြစ်၊ အထက်ကို မျက်နှာလို မျက်နှာရ လုပ်ချင်လို့ပဲဖြစ်ဖြစ် စာမူတွေမှန်သမျှကို ခုတ်ထစ် ဖြတ်တောက်တာ၊ ဖြုတ်ပစ်တာ၊ ပိတ်ပစ်တာတွေ တချိန်လုံး လုပ်နေတဲ့နေရာ ဖြစ်နေလို့ပါ။ ဒီလို လုပ်တာက အကျင့်ဖြစ်နေတော့ ဝန်ထမ်းတွေက မူ ရှိရှိ မရှိရှိ သူတို့စိတ်ထင်ရာ လုပ်နေတာတွေလည်း တပုံတပင်ကြီးပါ။ နိုင်ငံရေးနဲ့ ငြိရင်လည်း ဖြုတ်၊ သူတို့ နားမလည်ရင်လည်း ဖြုတ်တယ် လို့ ပြောစမှတ်တွင်တဲ့ အထိပါပဲ။ ဒါကို မြန်မာပြည် စာပေလောကသားတိုင်း သိပါတယ်။ စာပေပညာရှင်များ၊ စာပေမြတ်နိုးသူများက ဒီရုံးကြီးနဲ့ ရုံးဝန်ထမ်းတွေကို အောက်ကျို့ဆက်ဆံပြီး စာမူတွေ မြန်မြန် ထုတ်ဝေခွင့် ရရေး၊ အဖြတ်အတောက်နည်းပါးရေးတို့အတွက် ခယ နေရတဲ့အဖြစ်ဟာ တိုင်းပြည်အတွက် ရှက်စရာ ကိစ္စကြီးဖြစ်ပါတယ်။

အားလုံး သိကြတဲ့အတိုင်း လက်ရှိစစ်အစိုးရ တက်လာပြီးနောက်ပိုင်း မြန်မာပြည်က လမ်းတွေ အမည်ပြောင်းတာ၊ တိုင်းပြည် အမည်ပြောင်းတာတွေ လုပ်ပါတယ်။ အများရဲ့ဆန္ဒနဲ့ လုပ်တာမဟုတ်တဲ့အတွက် သူတို့ပြောင်းတဲ့အမည်တွေက အများလက်ခံနိုင်တဲ့ အမည်တွေ ဖြစ်နေရင်တောင် သဘောမတူဘဲ နေခွင့်ရှိပါတယ်။ ဒါကြောင့်လည်း အရင်အခေါ်တွေကိုပဲ ဆက်လက် ပြောဆိုသုံးနှုန်းနေသူတွေ ရှိပါတယ်။ တိုင်းပြည်အမည်ဆိုရင်လည်း ဒီအတိုင်းပါပဲ။ တရားဝင်အစိုးရက ပြောင်းလဲခေါ်ဆိုထားတာမဟုတ်တော့ ဘယ်လိုပဲ 'မြန်မာ (Myanmar)' ပြောင်းပြောင်း 'ဗမာ (Burma)' လို့ ဆက်လက် သုံးစွဲနေသူတွေ အများကြီးပါ။ အဲဒီလို ပြောဆိုသုံးနှုန်းရာမှာ ပြောချင်သလို ပြောလို့ရနိုင်ပေမယ့် စာပေ လက်မရှိခုံရုံးကတော့ စစ်အစိုးရအလိုကျ စာလုံးတွေကိုပဲ သုံးနှုန်းစေပါတယ်။ ဒါကြောင့် ဗမာဆိုရင် ဘယ်ဗမာဖြစ်ဖြစ် မြန်မာလို့ ပြောင်းစေပါတယ်။ အသစ်ရေးသားတဲ့ စာအုပ်တွေသာမက ပြန်လည်ထုတ်ဝေတဲ့ စာအုပ်တွေမှာပါ ဗမာအစား မြန်မာလို့ ပြောင်းလဲမှ ထုတ်ဝေခွင့်ရပါတယ်။ ဒါကြောင့် စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ် ရေးသားတဲ့ Colourful Burma စာအုပ်ကို ပြန်လည်ထုတ်ဝေတော့ Colourful Myanmar လို့ ပြောင်းလဲခဲ့ရပါတယ်။ A wonderland of Burmese Legends စာအုပ်ကို နာမည်ပြောင်းခိုင်းရာမှာတော့ ဆရာမကြီးက ပြန်မထုတ်ရရင် နေပါစေ မပြောင်းဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် ခင်ပွန်းဖြစ်သူ ဆရာကြီး ဦးခင်မောင်လတ်က A wonderland of Pagoda Legends လို့ ပြောင်းခဲ့တဲ့အကြောင်း ကဗျာဆရာ မောင်စွမ်းရည်က ပြောပြဖူးပါတယ်။

အင်္ဂလိပ်စာရေးဆရာ မောရစ်ကောလစ်ရဲ့ စာအုပ်နဲ့ပတ်သက်တဲ့ ကမောက်ကမ နိုင်မှုကတော့ ရယ်စရာတောင် ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘာသာပြန်ပြီး တစ်အုပ်လုံး မြန်မာဘာသာနဲ့ ပုံနှိပ်ထားတဲ့ စာအုပ်မှာ မူရင်းစာအုပ်နာမည်ကို ဖော်ပြရတာ မျက်နှာဖုံးနဲ့ ရှေ့ဆုံးစာမျက်နှာ၊ အဲဒီ ၂ နေရာပဲ ရှိပါတယ်။ အဲဒါကိုတောင် ဗမာအစား မြန်မာလို့ ပြောင်းခိုင်းတဲ့ကိစ္စပါ။ ဘယ်လောက် အတင်းအကျပ် ပြောင်းခိုင်းသလဲတော့ မသိပါဘူး၊ လူထုဒေါ်အမာရဲ့ မြန်မာပြန်စာအုပ် 'မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ'တတိယအကြိမ်ထုတ် စာအုပ်မှာတော့ Trials in Burma (Myanmar) လို့ ဖော်ပြထားရပြီး ဆရာကျော်အောင်ရဲ့ 'မြန်မာပြည်အတွေ့အကြုံများ' ဒုတိယအကြိမ်ထုတ် စာအုပ်မှာတော့ Trials in Myanmar လို့ ဖော်ပြထားတာ တွေ့ရပါတယ်။

ဗမာဆိုရင် မြန်မာလို့ ပြောင်းရမယ် ဆိုတိုင်း အားလုံးလိုက်ပြောင်းစရာ မလိုဘူးလို့ ထင်ပါတယ်။ အထူးသဖြင့် ဒီလိုကိစ္စမျိုးဆိုရင် မူရင်း စာရေးသူက မြန်မာပြည်ထဲမှာလည်း မဟုတ်၊ စာအုပ်ထုတ်တာကလည်း အခုမှ မဟုတ်၊ ပြီးတော့ စာအုပ်ထုတ်ထားတာလည်း မြန်မာပြည်တစ်ခုတည်းမှာမဟုတ်။ ဒါကိုပြင်လိုက်လို့ ဘာအကျိုးရှိသွားမလဲ ဆိုတာတော့ မစဉ်းစားမိပါ၊ ဝိဝါဒ ကွဲပြားမှု တစုံတရာ ရှိသွားမှာတော့ သေချာပါတယ်။ အထူးသဖြင့် ပြင်ထားတဲ့နာမည်နဲ့ စာအုပ်ရှာတဲ့အခါ အခက်အခဲတွေနိုင်ပါတယ်။

ဒီဖြစ်ရပ်မှာ နောက်ထပ် စဉ်းစားမိတာကတော့ မူ သေသေချာချာ မရှိဘဲ လုပ်ချင်ရာ လုပ်တဲ့သဘော ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလို သုံးရမယ်လို့ သတ်မှတ်ထားရင် ဒီလိုကလွဲပြီး ဟိုလို သုံးလို့ မရပါဘူး။ ပြင်ရမယ်ဆိုရင် တညီတည်း ပြင်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုမဟုတ်ဘဲ မြန်မာဆိုတဲ့စာလုံးကို တစ်အုပ်မှာ ကွင်းစကွင်းပိတ်နဲ့ ထည့်လို့ရပြီး နောက်တစ်အုပ်ကျတော့ လုံးလုံးလျားလျား ပြင်ခိုင်းတာ တွေ့ရပါတယ်။ ဒီတော့ သတ်သတ်မှတ်မှတ် မူမရှိဘဲ လုပ်ချင်သလို လုပ်နေတဲ့ သဘောဖြစ်နေပါတယ်။

တည်ငြိမ်တဲ့ စနစ်တစ်ခုရဲ့အောက်ကိုမရောက်မချင်း ဒီလို ကမောက်ကမ ဖြစ်မှုတွေက နေရာတိုင်း အချိန်တိုင်း ရှိနေမှာ အသေအချာပါပဲ။ ။

ထိန်လင်း (၉၊ ၂၊ ၂၀၀၉)

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက် နော်ဝေအခြေစိုက် ဒီမိုကရက်တစ်မြန်မာ့အသံ၏ ထုတ်လွှင့်ချက်အား ပြန်လည်ဖော်ပြပါသည်။

## အရိုးတောင်းလက်ဖက်က ဆေးဆိုးမှ ရောင်းရတာမဟုတ်ပါဘူး'

အရိုးတောင်း နှင့် The Voice ဂျာနယ် အင်တာဗျူး

မတ် ၂၃၊ ၂၀၀၉



အရိုးတောင်း၏ ထွက်ကုန်များအနက် "ချဉ်စပ် လက်ဖက်" အမျိုးအစားတွင် ဆိုးဆေးပါရှိသည်ဟု ကျန်းမာရေး ဌာနက ကြေညာခဲ့သည်။

မန္တလေးမြို့တော်၏ ဂုဏ်ကျက်သရေ တစ်ခုဟု စံပြုထားသော နှစ် ရာကျော် သက်တမ်း ရှိပြီဖြစ်သည့် အရိုးတောင်း အမှတ်တံဆိပ် လက်ဖက်သား ချဉ်စပ်တွင် ဆိုးဆေးပါရှိသဖြင့် စားသုံးရန်မသင့်ကြောင်း တားမြစ်ခဲ့ရာ အရိုးတောင်းလက်ဖက် မိသားစုဝင် ဦးသိန်းမြင့်နှင့် တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

မေး - အရိုးတောင်းလက်ဖက် ချဉ်စပ်တွေမှာ ဆိုးဆေးအဝါ ပါတယ်လို့ ကြေညာထားတယ်။ လတ်တလော ဘာတွေ ဆောင်ရွက်နေပါသလဲ။

ဖြေ - ဈေးကွက်ထဲကပစ္စည်းတွေ အားလုံး လိုက်သိမ်းနေတယ်။ ဖျက်ဆီးပစ်မှာပါ။ ဈေးကွက်ထဲမှာ လုံးဝကို ကျန်မနေအောင် လုပ်နေပါတယ်။ စည်ပင်(မန္တလေး)ကလည်း ခေါ်ပြီး ပြောပါတယ်။

မေး - ရှေ့ဆက် ဆောင်ရွက်သွားဖို့က။

ဖြေ - ပြန်စစ်ပြီး ပြန်ထုတ်မှာပါ။ ပြန်ထုတ်တဲ့အခါကျရင် ကျန်းမာရေးဌာနကလည်း ပြန်စစ်ပေးမယ်။ ကူညီပေးပါ့မယ်လို့ပြောပါတယ်။ ကျွန်တော်တို့ လုပ်တာ မဟုတ်ဘူး ဆိုတာ သူတို့လည်း သိပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ငန်းအဆင့်တွေထဲမှာ ဆိုးဆေးဆိုးတဲ့ လုပ်ငန်း မပါပါဘူး။ အရိုးတောင်း လက်ဖက်က ဆေးဆိုးမှ ရောင်းရတာ မဟုတ်ပါဘူး။

မေး - ဒါဆိုရင် ဆိုးဆေး ဘယ်လိုပါတယ် ဆိုတာ သိရပြီလား။ ပထမအကြိမ်တုန်းက ဆိုးဆေး မပါဝင်ကြောင်း အသိအမှတ်ပြုခံထားရတယ် ဆိုတော့။

ဖြေ - ကုန်ကြမ်းကပါ။ ကုန်ကြမ်းဝယ်တဲ့ဆီကို ပြန်စစ်ပြီး Cancel လုပ်သွားမယ်။ ကျွန်တော်တို့ ကုန်ကြမ်းဝယ်တဲ့ သုံးနေရာထဲမှာ ကုန်ကြမ်းသမားတွေဆီမှာ ပြန်စစ်သွားမယ်။ ကျွန်တော်တို့ သတိထားနေတာကြာပြီ။ လွန်ခဲ့တဲ့ ၂ နှစ်၊ ၃ နှစ်လောက်ကတည်းက သတိထားနေတာ။ သတိထားနေတဲ့ကြားက ဖြစ်တာပါ။ ချဉ်စပ်လုပ်တဲ့ ကုန်ကြမ်းမှာ နဂိုကတည်းက ဆိုးဆေးပါလာတာပါ။

မေး - လွန်ခဲ့တဲ့ ၂ နှစ် ကတည်းက သတိထားနေတာ ဆိုတော့ ဘယ်လိုနမူနာတွေရှိလို့လဲ။

ဖြေ - အမှန်ဆိုရင် အဲဒီထက်မကဘူး။ ဆိုးဆေးနဲ့ပတ်သက်ပြီး တကယ်တမ်း သတိထားခဲ့တာ ဆီးထုပ်တွေ ပြဿနာတက်တဲ့ ၁၉၉၈ ခုနှစ် ကတည်းကပါ။

မေး - ကုန်ကြမ်း ဘယ်က ဝယ်တာလဲ။

ဖြေ - နမ့်ဆမ်ကရယ်။ မန္တလေးမြို့ပေါ်ကရယ်ပါ။

မေး - ရှမ်းပြည်နယ်က တိုက်ရိုက်ဝယ်တာတောင် ဆိုးဆေးပါတဲ့ သဘောမျိုးပေါ့။

ဖြေ - အဲဒါမျိုးဖြစ်နေပြီ။

မေး - ဒီဖြစ်ရပ်ကြောင့် ဈေးကွက်ထိခိုက်တာမျိုး ရှိသလား။

ဖြေ - အခုတလော အရောင်းရပ်ထားပါတယ်။

မေး - အရိုးတောင်းက လက်ဖက်မျိုးစုံရဲ့ဈေးကွက်ဝေစုကို ဘယ်လောက် ရထားသလဲ။ ဒီဖြစ်ရပ်ကြောင့် ဈေးကွက်ဝေစု လျော့သွားမလား။

ဖြေ - စားသုံးသူတွေ ကြိုက်ရာရွေးပါလိမ့်မယ်။ အရိုးတောင်းရဲ့လုပ်ငန်း အဆင့်ဆင့်မှာတော့ ဆိုးဆေး လုံးဝ မထည့်ပါဘူး။

ကျော်ကျော်မင်း ဆက်သွယ်မေးမြန်းသည်။





## နိုင်ငံရေးသမား စာပေအနုပညာရှင် ဒေါ်ကြည်ဦး ကွယ်လွန်

MONDAY, 23 MARCH 2009 19:44 ရောဝတီ

ရန်ကုန်မြို့တွင် ကွယ်လွန်ခဲ့သော စာရေးဆရာမကြီး ကြည်ဦး၏ ရျာပနကို စနေနေ့က ပြုလုပ်ရာ စာပေ အနုပညာလောက နှင့် နိုင်ငံရေးလောကမှ ပရိသတ် ထောင်နှင့်ချီ၍ တက်ရောက်ခဲ့သည်။

ဒေါ်ကြည်ဦး (အသက် ၈၄ နှစ်) သည် သည်းခြေအိတ်ကင်ဆာ ရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဒေါ်ကြည်ဦးသည် စာရေးဆရာကြီး နန်းညွှန့်ဆွေ၏ ဇနီးဖြစ်သည်။ ဤ စာပေအနုပညာရှင် နှစ်ဦးက နာမည်ကျော် စွယ်စုံရ အနုပညာသည် ဇာဂနာကို မွေးဖွားခဲ့ခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် ပေးပို့သော ပန်းခြင်းကို သယ်ဆောင်လာသည့် ဦးကျော်သူ

"ဇာဂနာက သူ့အမေရဲ့ ပါရမီမျိုး ရခဲ့တယ်" ဟု ဆရာကြီး နန်းညွှန့်ဆွေက ပြောပြသည်။ ၎င်းတို့၏ သားဖြစ်သူ ဇာဂနာသည် ထင်ရှားသည့် နိုင်ငံရေးအကျဉ်းသားတဦး ဖြစ်ပြီး ယခုအခါ မြစ်ကြီးနားထောင်တွင် ရောက်ရှိနေသည်။

ဒေါ်ကြည်ဦးသည် ကိုလိုနီခေတ် နိုင်ငံရေးလှုပ်ရှားမှုမှ ယနေ့ခေတ် ဒီမိုကရေစီအရေး လှုပ်ရှားမှုအထိ ပါဝင် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

"အမေက သူယုံကြည်တာကို ဘယ်တော့မှ နောက်မဆုတ်ဘူး၊ မတရားမှုတွေကိုလည်း လက်မခံဘူး၊ အမြဲတမ်း မြန်မာပြည်သူတွေဘက်ကပဲ ရပ်တည်ခဲ့တယ်" ဟု ဒေါ်ကြည်ဦး၏ သားတဦးဖြစ်သူ ကိုတေဇက ပြောသည်။  သားသုံးဦးကိုလည်း ၎င်းကဲ့သို့ပင် ကျင့်ကြံနေထိုင်ရန် သွန်သင်ဆုံးမခဲ့သည်ဟု ဆိုသည်။

ဒေါ်ကြည်ဦးသည် နိုင်ငံရေးသမားတဦး ဖြစ်သော်လည်း မဂ္ဂဇင်း စာစောင်များတွင် နိုင်ငံရေးအပြင် ဘာသာရေး၊ ယဉ်ကျေးမှု ဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့သည်။

"ဒေါ်ကြည်ဦးက မြန်မာ့ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ကဏ္ဍ အစုံ ရေးခဲ့တယ်" ဟု စာရေးဆရာကြီး ပါရဂူက ရောဝတီသို့ ပြောပြသည်။ ဇာဂနာ၏ မိခင် ဖြစ်သောကြောင့် ဒေါ်ကြည်ဦးရေးသားသည့်စာများကို အာဏာပိုင်တို့က ပိုမို စိစစ်ခဲ့ပုံရှိသည်ဟု ဆိုသည်။

ဒေါ်ကြည်ဦး၏ အမည်ရင်းမှာ ဒေါ်လှကြည် ဖြစ်သည်။ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း ဇာတိ ဖြစ်သည်။ အဘ ဗိန္ဒောဆရာကြီး ဦးသက်နှံနှင့် အမိ ဒေါ်ငွေယုန်တို့၏ သမီး ဖြစ်ပြီး ၁၉၂၅ ဇွန်လ ၂၃ ရက်နေ့တွင် ဖွားမြင်သည်။ မွေးချင်း ခြောက်ယောက်တွင် ငါးယောက်မြောက် ဖြစ်သည်။

နာရေးကူညီမှုအသင်းမှ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က ဆရာမကြီး ဒေါ်ကြည်ဦး၏ ဓာတ်ပုံကိုင်ဆောင်ထားစဉ်

၁၉၅၃ ခုနှစ်တွင် လူထု ပညာရေး ကောင်စီမှ ထုတ်ဝေသည့် လူထုပညာ စာစောင်တွင် လက်ထောက် အယ်ဒီတာ၊ ယုဝတီဂျာနယ် တွင် အယ်ဒီတာ အဖြစ် တာဝန်ယူခဲ့သည်။

၁၉၅၉ ခုနှစ်က ဖွဲ့စည်းခဲ့သည့် 'မြန်မာနိုင်ငံ စာပေ ပြန့်ပွားရေး အသင်း' ကို စတင် တည်ထောင်သူတဦး ဖြစ်သည်။

ရာဇဝင်ထဲက တဆွေများ၊ အမှတ်တရ ရွှေရုပ်လွှာများ အတွဲ ၁ နှင့် အတွဲ ၂၊ မြန်မာ့ရိုးရာ စကားထာ၊ ကလေးကြေးမုံ ငှက်မျိုးစုံ၊ ကလေးကြေးမုံ သစ်ပင်မျိုးစုံ ပုံပြင်များ၊ ရှေးထုံးစဉ်လာ မြန်မာမှုများ၊ အလောင်းတော်ကဿပ တောလား၊ လူဝင်စားများနှင့် တွေ့ဆုံခြင်း၊ ဗုဒ္ဓဂယာ ဓမ္မခရီး၊ ထူးဆန်းအံ့ဘွယ် ပရလောကနယ် စသည့် စာအုပ်များကို ရေးသားပြုစုခဲ့သည်။
ဘတ္တိယဒေဝီ၊ မေ့ကွက်ကိုရှာ၊ ကိုကိုတို့ အရွယ် စသည့် ဝတ္ထု သုံးအုပ်ကိုလည်း ရေးသားခဲ့သည်။ နောက်ဆုံး ရေးသားခဲ့သော စာအုပ်မှာ အရှင်ဇာဟီရန်၏ ဓမ္မခရီးစဉ် မှတ်တမ်း ဖြစ်သည်။

ဒေါ်ကြည်ဦး ရေးသားပြုစုခဲ့သော စာပေလက်ရာ ၃၀၀ ကျော် ရှိသည်ဟု ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်မှ တာဝန်ရှိသူတဦးက ပြောသည်။

နိုင်ငံရေးအကျဉ်းသားများကို နှစ်ပေါင်းများစွာ ကူညီခဲ့သူအဖြစ်လည်း ထင်ရှားသည်။ ပြီးခဲ့သည့်နှစ်က တိုက်ခတ်ခဲ့သည့် နာဂစ် ဆိုင်ကလုန်း မုန်တိုင်းကြောင့် ဒုက္ခရောက်သူများကိုလည်း ကူညီခဲ့သူဖြစ်သည်။

## မြန်မာခရီးစဉ်တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ရိုဟင်ဂျာကိစ္စ ပြောဆို

MONDAY, 23 MARCH 2009 19:33 အေးချမ်းမြေ့

မြန်မာနိုင်ငံသို့ ၂ ရက်တာ အလည်အပတ်သွားရောက် ခဲ့သော ထိုင်းနိုင်ငံခြားရေး ဝန်ကြီး Kasit Piromya က ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းရောက်ရှိလာသော ရိုဟင်ဂျာများ အရေး ကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းနိုင်ရန် နှစ်နိုင်ငံ ပိုမို ပူးပေါင်းဆောင်ရွက်ဖို့လိုကြောင်း ပြောဆိုခဲ့သည်။

Kasit Piromya က မြန်မာနိုင်ငံခြားရေး ဝန်ကြီးဦးဉာဏ်ဝင်းနှင့် ရန်ကုန်မြို့၌ ၁ နာရီအကြာ တွေ့ဆုံခဲ့စဉ် ထိုင်းနိုင်ငံ ရနောင်းဒေသသို့ ရိုဟင်ဂျာ စကားနားလည်သော သံရုံးဝန်ထမ်းများကို စေလွှတ်ကာ ပိုမို ထိရောက်သော နည်းဖြင့် ဖြေရှင်းရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

မကြာသေးမီက ထိုင်းအစိုးရသည် ရနောင်းဒေသအတွင်း တရားမဝင်ရောက်ရှိလာသဖြင့် ဖမ်းဆီး ထိန်းသိမ်း ထားသော ရိုဟင်ဂျာ ၇၈ ဦးအား နေရပ်ရင်းဒေသသို့ ပြန်လည် ပို့ဆောင်ရန် စောင့်ဆိုင်းနေသည်ဟု သတင်း ထုတ်ပြန်ခဲ့သော်လည်း မြန်မာအစိုးရက ၎င်းရိုဟင်ဂျာများမှာ မြန်မာပြည်မှ ထွက်လာခြင်း မဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ ထွက်လာခြင်းသာဖြစ်သည်ဟု ပြောဆိုခဲ့သည်။

ရိုဟင်ဂျာအရေး ကျွမ်းကျင်သူ တဦးဖြစ်သည့် ခရစ္စလျူဝါ က တရားမဝင် ရွှေ့ပြောင်းနေထိုင်သူတို့ကို မြန်မာနိုင်ငံတွင်း ပြန်လည် ပို့ဆောင်မည် ဆိုပါက ထိုသူတို့မှာ ထောင် ၅ နှစ်နှင့်အထက် ကျခံရဖွယ်ရှိသည်ဟု ဆိုသည်။

မြန်မာပြည်တွင် ၁၉၄၇ ခုနှစ်က ထုတ်ပြန်ခဲ့သော တရားမဝင်နယ်စပ်ဖြတ်ကျော်သည့် ဥပဒေအရ ရခိုင်ဒေသရှိ ရိုဟင်ဂျာ မြောက်များစွာတို့မှာ ယခင်ကတည်းက ထောင်ချခံခဲ့ရသည်ဟု ၎င်းက ဆက်ပြောသည်။

ယခင်အပတ်ကလည်း ရခိုင်ဒေသရှိ မြန်မာ - ဘင်္ဂလားဒေ့ရှ် နယ်ခြားဒေသတွင် မြန်မာ စစ်အစိုးရက သံဆူးကြိုး မီတာ ၂၀၀ ခန့်ခတ်ခဲ့သည်။

၂၀၀၈ ခုနှစ်အတွင်း မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံမှာ ရေပိုင်နက်ကိစ္စနှင့် ပတ်သက်၍ အငြင်းပွားခဲ့ကြပြီး ယခုထိလည်း နှစ်နိုင်ငံ တင်းမာမှုမှာ ပြေလည်မှု မရရှိသေးပေ။

ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အကြီးအကဲ အန်တိုနီယို ဂတ်တ္တာရီးစ်က ယခုလဆန်းပိုင်းတွင် ရခိုင်ဒေသသို့ သွားရောက်ကာ ရိုဟင်ဂျာနှင့်ပတ်သက်သည့် အချက်အလက်များကို သွားရောက်ရှာဖွေခဲ့သည်။

မြန်မာ နိုင်ငံခြားရေး ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယခင်လက ကျင်းပခဲ့သော အာဆီယံ ထိပ်သီးဆွေးနွေးပွဲတွင် ရိုဟင်ဂျာများမှာ မြန်မာတိုင်းရင်းသား ၁၃၅ မျိုးထဲတွင် မပါဝင်သည့်အတွက် "ဘင်္ဂါလီ" ဟုသာ ခေါ်သင့်ကြောင်း ပြောခဲ့သည်။

၂၀၀၈ နှစ်ကုန်ပိုင်းတွင် ရိုဟင်ဂျာအမြောက်အမြားသည် လှေများဖြင့် အက်ဒမန် ပင်လယ်ကိုဖြတ်ကျော်ကာ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံသို့ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့ရာ ထိုင်းနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ရိုဟင်ဂျာဦးရေမှာ ထောင်ကျော်ခန့် ရှိသည်။
၎င်းရိုဟင်ဂျာများသည် မြန်မာပြည်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံစလုံးမှ ထွက်လာခဲ့ကြသူများဖြစ်ပြီး ၎င်းတို့၏ နေရပ်ရင်း ဒေသကို မည်သူတဦးတယောက်ကမျှ အမှန်ပြောနိုင်ခြင်း မရှိပေ။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ မြန်မာပြည် ခရီးစဉ်မှာ ယနေ့နောက်ဆုံးဖြစ်ပြီး ၎င်းက နာဂစ်ဆိုင်ကလုန်း ဒဏ် ခံခဲ့ရသော မြစ်ဝကျွန်းပေါ် ဒေသ ညောင်ဝေရွာရှိ ဘုရားကျောင်းကန်များကို ပြန်လည် ပြုပြင်ရန် ဘတ်ငွေ ၂ သန်း (ကျပ် သန်း ၇၀ ခန့်) လှူဒါန်းခဲ့သည်ဟု ထိုင်းသတင်းဌာနတွင် ဖော်ပြထားသည်။

## ပလောင်တောင်တန်းကိုပါ ရိုက်ခတ်သွားမယ့် အဝါရောင်ဆိုးဆေး

MONDAY, 23 MARCH 2009 18:41 ဘုန်းကျော်(လက်ဖက်မြေ)



တပေါင်းလေပြေနဲ့အတူ သကြံန်အကြိုမိုးဖွဲဖွဲလေးတွေဟာ တအောင်း(တအာင်း)-ပလောင်လူမျိုးတွေအတွက် ကျက်သရေ မင်္ဂလာတွေကို နှစ်စဉ်သယ်လာစမြဲပါ။ မြန်မာပြည်သူတရပ်လုံး အကြိုက်ကိုထုတ်လုပ်ပေးတဲ့ ရွှေဖီမိုးလွတ် လက်ဖက်ရာသီ မဟုတ်လား။

ဒါပေမယ့် ဒီနှစ် တပေါင်းလေပြေနဲ့အတူ သကြံန်မိုးဦးတွေမကျခင်မှာ ပလောင်လူမျိုးတွေရဲ့ အရှိက်ကို ခြုံခိုတိုက်ခိုက် ထိုးနက် လိုက်တာကတော့ လက်ဖက်မှာ လူကို အန္တရာယ် ဖြစ်စေနိုင်တဲ့ အဝါရောင်ဆိုးဆေး Auramine O အသုံးပြုထား တာကြောင့် စားသုံးရန် မသင့်ဘဲ ဆိုးဆေးပါ လက်ဖက်တွေအားလုံးဖျက်ဆီးပစ်ရမယ် ဆိုတဲ့ မတ်လ ၁၂ ရက်နေ့က နအဖ စစ်အစိုးရရဲ့ အစားသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာန FDA ကထုတ်ပြန်လိုက်တဲ့ အမင်္ဂလာသတင်းပါပဲ။

လက်ဖက်တခုတည်းကို မှီခိုစားသောက်နေကြတဲ့ ပလောင်လူမျိုး လက်ဖက်တောင်သူတွေ ဘယ်လိုလုပ်ကြမလဲ။ စားသုံးသူတွေ လက်ဖက်အပေါ် ယုံကြည်မှုကျဆင်းသွားမယ်ဆိုရင် ...။

မိုးခေါင်ရေရှားတဲ့အညာဒေသက ရိုးသားတဲ့ဗမာလူမျိုးတွေကကော လက်ဖက်ရာသီမှာ ပလောင်တောင်ပိုင်းဒေသကိုလာပြီး နွေအပူဒဏ်ရှောင်ရင်း လက်ဖက်ခူးပြီးဝင်ငွေရှာလို့ရတဲ့လက်ဖက်ရာသီကို မှီခိုလို့ရပါဦးမလား။

ပြီးတော့ လက်ဖက်ကို ဘိုးဘွားစဉ်ဆက်ကတည်းက နှစ်ပေါင်းများစွာ နှစ်နှစ်ခြိုက်ခြိုက်နဲ့ ရိုးရာအစားစာအဖြစ် စားသောက် လာကြတဲ့ ကျနော်တို့ မြန်မာပြည်သူလူထုတရပ်လုံး လက်ဖက်ကို အန္တရာယ်ကင်းကင်းနဲ့ စားသောက် နိုင်အောင်ဘယ်လို ဆက်လုပ်ကြမလဲ။

တောင်ပေါ် လက်ဖက်စိုက်ခင်း တခုတွင် လက်ဖက် ခူးနေသူတဦး

ဂိသမလောဘသားတွေက လူကို အန္တရာယ်ဖြစ်စေနိုင်တဲ့ အဝါရောင်ဆိုးဆေးတကယ်သုံးကြတာကို မသိလို့ လက်ဖက် ကြိုက်သူတွေ နှစ်ရှည်လများစားသုံးပြီး ကျန်းမာရေးတကယ်ထိခိုက်သွားမယ်ဆိုရင် ...။

လက်ဖက်စားသုံးလို့ တကယ်ကျန်းမာရေးထိခိုက်သွားတဲ့ စားသုံးသူတွေဟာ ရိုးသားတဲ့လက်ဖက်တောင်သူတွေက အန္တရာယ်ဖြစ်စေနိုင်တဲ့ အဝါရောင်ဆိုးဆေးကို ငွေအကုန်အကျခံပြီး မသုံးပါဘူးဆိုတာကို မသိရှိနိုင်ဘူးဆိုရင် ... ။

တပေါင်းလဆန်းအစကနေ တန်ခူးလအကုန်ထိဟာ ရွှေဖီမိုးလွတ် လက်ဖက်ရာသီပါ။ တအောင်းလို့ သူတို့ကိုယ် သူတို့ ခံယူထားကြတဲ့ ပလောင်လူမျိုးတွေအတွက် အလုပ်အင်မတန်ရှုပ်တဲ့ ကာလဖြစ်သလို တနှစ်လုံးစားသောက်ဖို့အတွက် ရက်သတ္တပတ် ခြောက်ပတ်ခန့် အပြင်းအထန်ရုန်းကန်လှုပ်ရှားရတဲ့ရာသီပါ။

ရွှေဖီလက်ဖက်ရာသီရဲ့ တပေါင်းလကနေ တန်ခူးလရဲ့ သင်္ကြန်ပွဲတော်မတိုင်ခင်အထိကိုတော့ လက်ဖက်ကို စွဲစွဲ မက်မက် သုံးဆောင်တဲ့ မြန်မာပြည်သူလူထုတွေအကြိုက်ဆုံးဖြစ်တဲ့ ရွှေဖီဦး လက်ဖက်တွေ လှိုင်လှိုင်ထွက်တဲ့ အချိန် ကာလပါ။ မိုးသက်လေပြင်းကင်းလွတ်တာကြောင့် လက်ဖက် အရသာ အဆီအနှစ် တကယ်ပြည့်စုံတဲ့ကာလပါ။

ခေတ်ကာလကောင်းတုန်းကဆိုရင် ဒီလက်ဖက်ရာသီတခုတည်းနဲ့ ပလောင်တွေဆန်ရေစပါး နှစ်ပတ်လည်အောင် လဲလှယ် စားသုံးနိုင်လောက်တဲ့အထိအကျိုးပြုခဲ့တာပါ။ ဒီဘက် ကျနော်တို့ ခေတ်မှာတော့ မင်းဆိုးမင်းညစ်တွေကြောင့် လုပ်ငန်းကြီး လက်ဖက်ခြံများများရှိတဲ့ အချို့မိသားစုတွေလောက်ပဲ လက်ဖက်ရာသီ ကာလ တခုတည်းနဲ့ နှစ်ပတ်လည် တဲ့အထိ မှီခို သုံးစွဲနိုင်တော့တာကို တွေ့ရပါတယ်။

နာမည်ကြီးလက်ဖက်စို ကျနော်တို့နှစ်နှစ်ခြိုက်ခြိုက်စားနေကြတဲ့လက်ဖက်သုပ် အဓိကထွက်ရာဒေသကတော့ ပလောင် တောင်ပိုင်းနယ် နမ့်ဆန်မြို့နယ်တကြော ဇယန်းကြီး၊ ကယားလမ်း၊ ဘုရားကြီး အစရှိတဲ့ လက်ဖက်စို နာမည်ကြီး ပလောင် ရွာတွေပါ။ ဒေသခံမြေသားကိုက သဲဆန်တဲ့မြေဂါသားဖြစ်ပြီး လက်ဖက်စို အရသာကောင်းကောင်းထွက်ဖို့ ဖန်တီးထား သလိုပါ။

နာမည်ကြီး ရွှေဖီဦးလက်ဖက်ခြောက် အချိုခြောက်တွေကတော့ ပလောင်တောင်ပိုင်း နမ့်ဆန်မြို့နယ်ဖြစ်တဲ့ တောင်ကျော်၊ ကွမ်ဟယ်၊ မြို့သစ်၊ နမ့်တွေ အစရှိတဲ့ အနက်ရောင် ခဲသားဆန်မြေဖြစ်တဲ့ ပလောင်တောင်တန်းတွေကနေ မြန်မာတပြည် လုံးကို အရည်အသွေးမြင့်မားတဲ့ လက်ဖက်ခြောက်တွေ အချိုခြောက်တွေထုတ်လုပ်ပေးနေတာဖြစ်ပါတယ်။

ဘယ်ဒေသကထွက်တဲ့ လက်ဖက်စို၊ လက်ဖက်ခြောက်၊ အချိုခြောက်တွေကမှ အစောကပြောခဲ့တဲ့ဒေသတွေကထွက်တဲ့ လက်ဖက်ထွက်ကုန် အရည်အသွေးကိုမမီပါဘူး။ ဘယ်လိုဆိုးဆေး၊ ဘယ်လိုနည်းပညာနဲ့ ပြုပြင်မွမ်းမံနေပါစေ အဲဒီဒေသ က ထွက်တဲ့ လက်ဖက်ထွက်ကုန်ရဲ့ အရောင်အဆင်း၊ အနံ့အရသာ၊ အရည်အသွေးကို လုံးဝ တုနှိုင်းလို့မမီပါ။

တဆက်တည်းမှာပဲ လက်ဖက်ခြောက်မှာ ထိပ်တန်းဖြစ်တဲ့ မြို့သစ်ကျေးရွာလိုဒေသတွေက လက်ဖက်စို ထုတ်မယ်ဆိုရင် ဇယန်းကြီး လက်ဖက်စိုကို နည်းနည်းလေးမှ မယှဉ်နိုင်သလို၊ လက်ဖက်စို ဘုရင်ဖြစ်တဲ့ ဇယန်းကြီးမြေကနေ ထွက်တဲ့ လက်ဖက်ကို လက်ဖက်ခြောက်အဖြစ်ထုတ်မယ်ဆိုရင်လည်း လက်ဖက်ခြောက်အရှင်သခင်ဖြစ်တဲ့ မြို့သစ်၊ တောင်ကျော် တို့လိုရွာက လက်ဖက်ခြောက်ရဲ့ အဆင်း၊ အနံ့အရသာ၊ အရည်အသွေးကို လုံးဝ လိုက်မီနိုင်မှာမဟုတ်ပါဘူး။

ဒီလို အရည်အသွေး၊ အဆင်းအနံ့၊ အရသာ မပြောင်းလဲဘဲ ထူးခြားကောင်းမွန်တဲ့ လက်ဖက်တွေကို ပလောင်တောင်တန်း ပြာကြီးက ထုတ်လုပ်ပေးနေတာ ဆိုရင်နှစ်ပေါင်း ထောင်ကျော်ခဲ့ပါပြီ။ "လက်ဖက်အစ ပလောင်က" လို့တောင် ခံယူထား ကြပါတယ်။ မြင့်မားတဲ့ ပလောင် တောင်တန်းကြီးတွေပေါ်မှာ အသက်ရှင်နိုင်ဖို့အတွက် ပလောင်တွေမှီခိုအားထားစရာ လက်ဖက်မျိုးစေ့ကို အလောင်းတော် မဂ္ဂိစည်သူ မင်းကြီးက ဗျာဒိတ်ပေးခဲ့တယ်လို့ ဘိုးဘေးစဉ်ဆက် ယုံကြည် လာကြ တော့ ပလောင် လူမျိုးတွေဟာ ဒီမြေ၊ ဒီရေ၊ ဒီ အပြာရောင်တောင်တန်းကြီးတွေပေါ်မှာ လက်ဖက်လုပ်ငန်း လုပ်ကိုင် စား သောက်လာတာ အနည်းဆုံး ထောင်စုနှစ်တခုကိုတော့ဖြတ်ကျော်ခဲ့ပါပြီဆိုတာ သက်သေတည်နေတာပါပဲ။

လက်ဖက်ထွက်တဲ့ရာသီကို အကြမ်းအားဖြင့် သုံးပိုင်း ပိုင်းခြားလေ့ရှိပါတယ်။ တပေါင်းလကနေ တန်ခူးလကုန် အထိ ရွှေဖီမိုးလွတ်လက်ဖက်ရာသီ။ ကဆုန်လပြည့်ကျော်လောက်ကနေ ဂါဆို၊ ဂါခေါင်လလောက်အထိ မိုးရာသီမှာထွက်တဲ့ ခါးကန်လက်ဖက်ရာသီ။သီတင်းကျွတ်လပြည့်ကျော်လောက်ကနေ တန်ဆောင်မုန်းလအထိ ဆောင်းအဦးမှာခပ်ကြဲကြဲ ထွက်တဲ့ နှင်းတက်လက်ဖက်ရာသီ။ လက်ဖက်ရာသီအားလုံးထဲမှာတော့ ရွှေဖီမိုးလွတ်လက်ဖက်ရာသီက အကောင်း ဆုံးဖြစ်ပြီး၊ လက်ဖက်ထွက်နှုန်းလည်း အများဆုံးဖြစ်ပါတယ်။ ကျန်တဲ့လက်ဖက်ရာသီနှစ်ခုပေါင်းတာတောင် ရွှေဖီမိုးလွတ် လက်ဖက်ရာသီ ထွက်နှုန်းကို မမီနိုင်သလို အရည်အသွေး၊ အဆင်းအနံ့၊ အရသာကလည်း မမီပါ။

လက်ဖက်ထွက်ကုန်အမျိုးမျိုးကို ပလောင်ဒေသတွေဖြစ်တဲ့ ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်၊ မန်တုန်၊ နမ့်ခမ်း၊ မိုးကုတ်၊ သီပေါ မြို့နယ်တွေနဲ့အတူ ရှမ်းပြည်အလယ်နဲ့တောင်ပိုင်းဒေသက ကလော၊ အောင်ပန်း၊ ရွာငံရေဦး အစရှိတဲ့မြို့နယ်တွေကနေ ထုတ်လုပ်ကြပါတယ်။ လက်ဖက်ခြံလုပ်ငန်းနဲ့အသက်မွေးဝမ်းကြောင်းပြုတာကတော့ အများအားဖြင့် ပလောင်လူမျိုးတွေ ဖြစ်ကြပြီး၊ အချို့ဒေသတွေမှာ ရှမ်း၊ တောင်ရိုးမနေ လူမျိုးတွေ လက်ဖက်ခြံလုပ်ငန်းလုပ်ကိုင်ကြပြီး အခုဆိုရင် အစိုးရရဲ့ ပေါ်လစီအတိုင်း ချင်းတောင်တန်းတွေမှာလည်း စိုက်ပျိုးထုတ်လုပ်လာကြပါပြီ။ ပလောင်လူမျိုးအများစုဟာ လက်ဖက်ခြံလုပ်ငန်းတခုတည်းကိုပဲ အသက်မွေးဝမ်းကြောင်းအဖြစ် လုပ်ကိုင်ကြပြီး အခြား ဘယ်သီးနှံထွက်ကုန်မှ စီးပွားဖြစ်မစိုက်ပျိုးပါဘူး။ လက်ဖက်ထွက်ကုန်တခုတည်းနဲ့ပဲ ရပ်တည်နေနိုင်ကြပါတယ်။ ရွှေဖီ လက်ဖက်ရာသီတခုတည်းမှာပဲ ကွမ်ဟယ်၊ တောင်ကျော်၊ မြို့သစ်တို့လို လက်ဖက်ခြောက်ဘုရင်တွေဟာ နှစ်စဉ် ပိဿာ ချိန် အနည်းဆုံးသိန်းဂဏန်းကျော်ဆီ အသီးသီးထွက်ရှိပြီးတော့ ဇယန်းကြီးလိုဒေသတခုတည်းကနေ လက်ဖက်စို နှစ်စဉ် ပိဿာချိန် အနည်းဆုံး သန်းဂဏန်းအထိ ထွက်ရှိပါတယ်။

ဒါကြောင့် ဆန်၊ ဆီနဲ့အခြားထွက်ကုန်တွေမထွက်တဲ့ လူဦးရေအနည်းဆုံး ငါးသိန်းလောက်ရှိတဲ့ ပလောင်ဒေသဟာ လက်ဖက်တခုတည်းကိုအဓိကမှီခိုအားထားကြရပါတယ်။ လက်ဖက်အထွက်ကောင်းပြီး ဈေးကွက်ကောင်းတဲ့အချိန်ဆိုရင် ပလောင်လူမျိုးတွေ စီးပွားရေးချောင်လည်ကြပြီး အလှူအတန်းတွေများများလုပ်နိုင်ကြပါတယ်။ ပလောင်မိသားစုတွေရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာအားလုံးဟာ လက်ဖက်ထွက်ကုန်ကိုပဲ မှီခိုဖြေရှင်းကြရပါတယ်။

နောက် လက်ဖက်လုပ်ငန်းကိုမှီခိုအားထားကြသူတွေကတော့ မိုးခေါင်ရေရှားတဲ့ ဗမာပြည်အလယ်ပိုင်း အညာဒေသမှာ နေထိုင်ကြတဲ့သူတွေပါ။ ရွှေဖီလက်ဖက်ရာသီတခုတည်းမှာပဲ ပလောင်ဒေသကို အညာက ဗမာလူမျိုးတွေ အနည်းဆုံး သိန်းဂဏန်းထိ လာရောက် အလုပ်လုပ်ကြပါတယ်။ တောင်ကျော်၊ မြို့သစ်၊ ဖယန်းကြီးလို လက်ဖက် လုပ်ငန်းကြီးကျယ် တဲ့ရွာတွေဟာ လက်ဖက်ခူး သမား အညာသားတွေ အနည်းဆုံး ဦးရေ တသောင်း ဂဏန်းကျင်လောက်နစ်စဉ်ခေါ် ရပါတယ်။ လက်ဖက်ခူးသူ အတော်များများဟာ လက်ဖက်ကာလပြီးလို့ မိုးရာသီဂင်ပြီဆိုတာနဲ့ ကိုယ့်ရပ်ရွာကိုပြန်ပြီး လယ်ယာပြန် လုပ်ကြပြီး အချို့ကတော့ ပလောင်ဒေသမှာပဲ နစ်လုံးပေါက်နေကြပါတယ်။ Migrant worker တမျိုးပဲပေါ့။

လက်ဖက်အရောင်ဆိုးဆေး …၊ ဒါကို ဘယ်သူတွေစသုံးခဲ့တာလဲ…။
အစပိုင်းမှာပြောခဲ့တဲ့ လက်ဖက်လုပ်ငန်းနဲ့ နာမည်ကြီးကြတဲ့ ဒေသတွေမှာ လက်ဖက်ထွက်ကုန်တွေကို ဘာအရောင်မှ ဆိုး စရာမလိုပါဘူး။ ဖယန်းကြီးကထွက်တဲ့လက်ဖက်စိုဆိုရင် အရောင်က နက်ဝိုစိမ်းနရောင်နဲ့ အဝါရောင်သမ်းပြီး လနဲ့ချီ မြေကျင်း မှာသိပ်ထားပြီးပြီဆိုရင် စားရတာအင်မတန်ဆိမ့်ပြီး လျှာထိမှာအရသာစွဲကျန်စေပါတယ်။ နေပူပူမှာ အလုပ်လုပ်လို့ မောပန်း တဲ့အချိန်မှာ အဲဒီလက်ဖက်သားကို စားပြီး အရသာခံလိုက်တယ်ဆိုရင်ပဲ အမောပြေပြီး ခေါင်းထဲကြည်လင် လန်းဆန်း လာစေပါတယ်။

သတင်းတွေမှာကြားရသလိုပါပဲ လက်ဖက်သားကို ကိုင်ယုံနဲ့လက်ဖြားလေးတွေဂါသွားမယ်ဆိုရင်တော့ ဆိုးဆေး သုံးတာ သေချာပါတယ်။ ဒါပေမယ့် ဆိုးဆေးက အစားအသောက်မှာထည့်တဲ့ဆိုးဆေးဆိုရင်တော့ ဘေးဥပါဒ်က FDA ကြေညာ သလိုမျိုး မများနိုင်ပါဘူး။ အရည်အသွေးနိမ့်တဲ့ဒေသ သို့မဟုတ် ရွက်နုအဆင့်ကိုမီအောင်မခူးနိုင်လို ရွက်ကြမ်း တွေကိုပဲ ခူးလိုက်ရတဲ့ လက်ဖက်မျိုးဆိုရင်တော့ ဂိသမလောဘတက်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက ရောင်းပန်းလှအောင် နာမည်ကြီးထိပ်စလို ဈေးကောင်းရအောင် ဂယ်ယူစားသုံးသူအကြိုက် အရောင်တင်ကြတာပါ။

အဂတ်၊ ချည်၊ သရေ တွေမှာသုံးတဲ့ အဂါရောင်ဆိုးဆေးသုံးရင် လက်ဖက်သားမှာ ကြာကြာစွဲထင်စေတာကြောင့် သုံးကြ တာဖြစ်နိုင်ပါတယ်။ အစားအသောက်မှာသုံးရမယ့် လက်ဖက်ဆိုးဆေးကတော့ အဲဒီလောက်ထိ အရောင်ကြာရှည်မစွဲပါ။ လက်ဖက်သားကို ကိုင်ပေမယ့် လက်ခြောက်သွားရင် အဂါရောင်မစွန်းဘူး၊ အရောင်ကူးလွယ်တဲ့အဖြူရောင်အဂတ်စလိုမျိုး က လက်ဖက်သားနဲ့ထိတွေ့ပြီး ခြောက်သွားလို့ အဂါရင့်ရောင်စွန်းထင်ခဲ့မယ်ဆိုရင် အဲဒီလက်ဖက်ဟာ ဆိုးဆေးသုံးတာ မဟုတ်ပါဘူး။ လက်ဖက်အဆီအနစ်ရဲ့ နဂိုအရောင်ကိုက ဂါကျင့်ကျင့်နဲ့ အနီရောင်နည်းနည်းသမ်းနေတတ်တာပါ။

လက်ဖက်ထွက်တဲ့ ပင်ရင်းပလောင်ဒေသကနေ လက်ဖက်တောင်သူတွေက ဈေးကြီးတဲ့ လက်ဖက်ဆိုးဆေးတွေကို ဂယ်ပြီး အရောင်မတင်ကြပါဘူး။ လက်ဖက်အရောင်တင်တဲ့ ဆိုးဆေးဟာ အစားအသောက်မှာသုံးတဲ့ဆိုးဆေးဖြစ်ပြီး အဝါရောင် ဆိုးဆေး Auramine O နဲ့ ဘေးထွက်ဆိုးကျိုးမတူပါဘူး။ လက်ဖက်တွေကို အဓိကအရောင်တင်ကြတာကတော့ လက်ဖက် ဖြံ့ဖြိုးရာဒေသကမဟုတ်ဘဲ စားသုံးသူဈေးကွက်ကိုတင်ပို့မယ့် ဂိသမလောဘသားတွေခြေချင်းလိမ်တဲ့ ကျောက်မဲ၊ မန္တလေး တို့မှာရှိတဲ့လုပ်ငန်းရှင်တွေရဲ့ လက်ဖက်စို ပွဲရုံ၊ ကုမ္ပဏီတွေပါပဲ။

လက်ဖက်ခြောက်ဆိုရင်လည်း မြို့ရှင်တောင်သူတွေကိုယ်တိုင် အရောင်တင်တာမရှိသလောက်ရှားပါတယ်။ အစောပိုင်းက ပြောတဲ့ နာမည်ကြီး လက်ဖက်ခြောက်နဲ့ အချိုခြောက်ထွက်တဲ့ဒေသက လက်ဖက်ခြောက်တွေဆိုရင် ဘာအရောင်တင် စရာမှ မလိုဘဲ အရောင်တက်နေပြီးသားပါ။ လက်ဖက်ခြောက်မှာလည်း ထိပ်စ၊ စက နဲ့ ရောင်းတမ်း (ကြမ်း) ဆိုပြီး အများအားဖြင့် သုံးမျိုးခွဲထားပါတယ်။

ထိပ်စက အရောင်နက်မှောင်ပြီး လက်ဖက်ထိပ်ဖူးအနုပိုင်းလေးတွေက အဖြူရောင်ဖွေးဖွေးနဲ့ လက်နေတတ်ပါတယ်။ စက နဲ့ ရောင်းတမ်း ကတော့ ရွက်ကြမ်းတွေဖြစ်တဲ့အတွက် အဂါရောင်အရွက်တွေရောနေတာတွေ့နိုင်ပါတယ်။ စက နဲ့အကြမ်းကိုတော့ အများပြည်သူတွေ ဖောဖောသီသီသုံးတဲ့ လက်ဖက်ရည်ဆိုင်တွေနဲ့ အခြေခံပြည်သူတွေ အဓိက သုံးကြပါတယ်။ ထိပ်စတွေကတော့ လူကုန်တန်အသိုင်းအဂန်းနဲ့ အကောင်းကြိုက်သူတွေ လက်စွဲပေါ့။

အရည်အသွေးညံ့တဲ့ အခြားဒေသကထွက်တဲ့ လက်ဖက်ခြောက်တွေက အရောင်သိပ်မနက်ဘဲ အနီဘက်ပို သမ်းပါတယ်။ အဲဒါတွေနဲ့ လက်ဖက်အကြမ်းခြောက်တွေကို ဂိသမလောဘသားတွေက ထိပ်စနဲ့ရောပြီး ဈေးကောင်းရနိုင်ဖို့အတွက် အမည်းရောင်ဆိုးဆေးတွေ တချို့သုံးတတ်ကြတယ်။ မကောင်းပါဘူး။

ဒါပေမယ့် ဖန်ခွက်ထဲ၊ လက်ဖက်ခြောက်အိုးထဲ လက်ဖက်ခြောက်ခပ်လိုက်တဲ့နောက်ပိုင်းမှာ ရေနွေးအေးသွားမယ် (သို့) အချိန်နည်းနည်းကြာသွားမယ်ဆိုရင် အဲဒီဖန်ခွက်၊ အိုး၊ ဓာတ်ဗူးတွေမှာ နီရင့်ရင့်အရောင်တွေတင်ကျန်ရစ်နေတတ်ပါတယ်။ အဲဒီလိုဖြစ်တာဟာ လက်ဖက်ခြောက်စစ်ရဲ့ နဂိုအရောင် အဆီအနစ်တွေပါ။ စိုးရိမ်စရာမလိုပါ။ စိတ်ချစွာသုံးစွဲနိုင်ပါတယ်။

ဒါပေမယ့် လက်ဖက်ခြောက်ခပ်ထားတဲ့ခွက်ထဲ အိုးထဲမှာ အဆီတွေလို သက်တံရောင်ပေ့နေမယ်၊ လက်ဖက်ရည်အရောင် က အနီ (သို့) အဂါရောင်မသမ်းဘဲ မည်းနေမယ်ဆိုရင်တော့ အဲဒီလက်ဖက်ခြောက်ကိုမသုံးသင့်ပါဘူး။ အရောင်ဆိုးထား တာပါ။

အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ လက်ရှိအစိုးရရဲ့ညံ့ဖျင်းမှုကြောင့် စီးပွားရေးကြပ်တည်းမှုတွေ ဆက်တိုက်ဆိုသလိုဖြစ် လာတဲ့အတွက် လက်ဖက်အစိုကော အခြောက်ပါ ဆိုးဆေးသုံးတဲ့ ရာခိုင်နှုန်းရဲ့ ၅ ရာခိုင်နှုန်းလောက်ဟာ ဆင်းရဲ ကြပ် တည်း တဲ့ လက်ဖက်တောင်သူတွေ သုံးတာလို့ ကောက်ချက်စွဲမယ်ဆိုရင် မှားမယ်မထင်ပါ။

စစ်အစိုးရသတင်းစာကနေ မစားသုံးသင့်တဲ့ လက်ဖက်စာရင်းတွေကို ကြေညာပြီးတဲ့နောက်ပိုင်း သတင်းနောက်ဆက်တွဲ အကျိုးဆက်ကို ဆက်တိုက်ခံရမယ့်သူတွေကဘယ်သူတွေလဲ။ ဆိုးဆေးပါ လက်ဖက်တွေကို ဂယ်လှောင်ထားတဲ့ကုန်သည် ပွဲရုံတွေကတော့ လက်တွေ့ချက်ချင်းအရှုံးနဲ့ရင်ဆိုင်ရမှာပါ။ ဒါပေမယ့် ရေရှည်အနာဂတ်မှာ တကယ်ဒုက္ခရောက်မှာကတော့ အပြစ်မဲ့လက်ဖက်တောင်သူတွေပါ။ အဲဒီဖြစ်ပေါ် လာမယ့်ဆိုးကျိုးတွေအတွက် တာဂန်ခံရမယ့်သူကဘယ်သူဖြစ်သင့်သလဲ။

ဒီလိုကြေညာပြီးရင်တော့ ဥပဒေအတိုင်း ကိုင်တွယ်အကောင်အထည်ဖော်ဖို့လိုနေပြီ။ အဲဒီလိုကိုင်တွယ် အကောင်အထည် ဖော်ဖို့ စစ်အစိုးရမှာဆောင်ရွက်နိုင်မယ့် နည်းလမ်းအင်္ဂါအစိတ်အပိုင်း Mechanisms တွေ အတော်အားနည်းနေပါသေး တယ်။ သိရတဲ့အတိုင်းဆိုရင် ဆိုးဆေး Auramine O အသုံးပြုမှု ရှိ မရှိစစ်ဆေးနိုင်တဲ့နေရာက ရန်ကုန်မှာဌာနတခုပဲ ရှိပါ တယ်။

ဒါဆိုရင် ဘယ်အချိန်ထိ လက်ဖက်တွေမရောင်းဘဲထားရမလဲ။ အများပြည်သူတွေက လက်ဖက်ကို ဘယ်အချိန်ထိ စောင့်ပြီးမှ စိတ်ချလက်ချ ဂယ်စားနိုင်မှာလဲ။ လက်ဖက်ရာသီသစ်ကလည်း စနေပါပြီ။ တားမြစ်ထားတဲ့ စာရင်းမှာ မပါတဲ့ အမှတ်တံဆိပ်တွေကော စားသုံးရမှာ ဘယ်လောက်ထိ အန္တရာယ်ကင်းပါသလဲ။ ဆိုးဆေး မပါဘူးလို့ အာမခံနိုင်သလား။

မြန်မာပြည်မှာ ပြဿနာကိစ္စရပ် တခုခုပေါ်တိုင်း မုန့်လုံးစက္ကူကပ် ဆိုသလို နောက်ဆုံးအပြစ်ရှိတဲ့သူကတော့ မားယွင်းစွာ အုပ်ချုပ်နေတဲ့ အာဏာရှင်တွေပါ။ တကယ်ဆိုရင် ဒီပြဿနာကို အများပြည်သူကျန်းမာရေးအတွက်ဦးစားပေး ကာကွယ် ရင်း၊ လက်ဖက်တခုကိုပဲမှီခိုရပ်တည်တဲ့ လက်ဖက်တောင်သူတွေရဲ့ဘဂကိုလည်း စာနာမယ်ဆိုရင် လွတ်လပ်တဲ့ အရေး ပေါ်စုံစမ်းရေးကော်မရှင်တွေသေချာဖွဲ့ပြီး ကိုင်တွယ်ဖြေရှင်းသင့်ပါတယ်။ လက်ဖက်တောင်သူတွေ ကုန်သည် ပွဲရုံ ကုမ္ပဏီ တွေကလည်း သက်ဆိုင်ရာနဲ့ အပြည့်အဝပူးပေါင်းဖြေရှင်းသင့်ပါတယ်။

တကယ်လို့ နဂိုကတည်းက မြန်မာပြည်မှာလွတ်လပ်တဲ့အသင်းအဖွဲ့အဖြစ် လက်ဖက်ကုန်သည်များအသင်း ဒါမှ မဟုတ် လက်ဖက်အရည်အသွေးထိန်းသိမ်းရေးအစုအဖွဲ့တွေ ဖွဲ့နိုင်မယ်ဆိုရင် ဒါတွေကိုကြီးကြပ် ထိန်းသိမ်းမယ်နိုင် ဆိုရင် ဒီလို ဖြစ်လာဦးမလား။ လက်ဖက်ပြဿနာတခုတည်းမကဘဲ အခြားအစားအသောက်တွေအတွက်ပါ စဉ်းစားဖို့လိုပါတယ်။

အခု နမ့်ဆန်မြို့မှာရှိတဲ့ လက်ဖက်ကြီးကြပ်ရေးကော်မီတီဆိုတာကလည်း ပြည်သူပိုင်သိမ်းထားတဲ့ တပ်မတော်အချိုးဂြောက် စက်ရုံမှူး ဗိုလ်ကြီးသန်းထွန်းနဲ့ အချို့ကုန်သည်တွေက လက်ဂါးကြီးအုပ်ထားပြီး လက်ဖက်တောင်သူတွေနဲ့ စားသုံးသူတွေ အတွက် အကာအကွယ်ပေးဖို့ဆိုတာထက် သူတို့လိုအပ်သလို လက်ဖက်ဈေးကို ထိန်းညှိကစားနိုင်ဖို့ ဖွဲ့စည်းထားတာပါ။

သတင်းဌာန တခုမှာပါတဲ့ FDA ဥက္ကဋ္ဌ ဒေါက်တာကျော်လင်း ပြောကြားရှင်းလင်းချက်တွေဟာ ကိုယ့်ပြည်သူလူထု အပေါ် တာဝန်မဲ့လွန်းရာကျနေမလားဘဲ။ လူကို အန္တရာယ် ဖြစ်စေနိုင်တဲ့အတွက်စားသုံးရန် မသင့်တဲ့ ဆိုးဆေးပါ လက်ဖက် စာရင်းတွေကို သတင်းစာမှာ ကြေညာလိုက်တာကတော့ ကိုင်တွယ်ပုံ နည်းလမ်း တခုခုလွဲနေတယ်လို့မြင်မိပါတယ်။

ပြည်သူလူထုရဲ့ ကျန်းမာရေးကိုတကယ်ကာကွယ်ချင်လို့ အန္တရာယ်ဖြစ်စေမယ့်အစားအသောက်စာရင်းကို လူသိရှင်ကြား ကြေညာမယ်ဆိုရင် ဦးဆုံးလုပ်ငန်းရှင်တွေကို ခေါ်ယူအသိပေးညှိနှိုင်းပြီးမှ ကိုင်တွယ်လုပ်ဆောင်တာမျိုးဆိုရင် လုပ်ငန်း ရှင်ရော စားသုံးသူအတွက်ပါ ပိုအကျိုးမရှိနိုင်ဘူးလား။ ပြဿနာဖြေရှင်းဖို့ ပိုကောင်းတဲ့အဖြေနဲ့မနီးစပ်နိုင်ဘူးလား။

အခုလို ခြုံခိုတိုက်ခိုက်တဲ့နည်းနဲ့ သတင်းစာထဲ ကောက်ကာငင်ကာထည့်လိုက်တာဟာ Due Process of Law ဆိုတဲ့ မျှတတဲ့ လုပ်ထုံး လုပ်နည်းအဆင့်ဆင့်တွေနဲ့ အတော်လေးကင်းဝေးနေသလိုပါပဲ။

ဒါကြောင့် လက်ဖက်ကို ရိုးရာဓလေ့ထုံးတမ်းစဉ်လာအနေနဲ့ စားသုံးနေကြတဲ့ မြန်မာပြည်တရပ်လုံးကမိဘပြည်သူတွေ၊ လက်ဖက်လုပ်ငန်းကိုမှီခိုစားသောက်နေရတဲ့ ငါးသိန်းအထက်မှာရှိတဲ့ ပလောင်မိဘပြည်သူတွေ၊ လက်ဖက်ကို တနည်း နည်းနဲ့မှီခိုနေတဲ့ အနည်းဆုံး တသိန်းကျော်ရှိတဲ့ အညာဒေသက ဗမာလူမျိုးတွေ အတွက် ဘယ်လို လုပ်ပေးကြမလဲ ...။

ဘေးဥပါဒ်ကင်းတဲ့ လက်ဖက်ကောင်းကောင်းစားချင်ကြတယ်ဆိုရင်တော့ ...။ ။

## ထိုင်းနိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံခရီးစဉ် စတင်

မုံပြီး

တနင်္လာနေ့၊ မတ်လ 23 2009 15:32 - မြန်မာစံတော်ချိန်

နယူးဒေလီ (မဇ္ဈိမ)။ ။ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကဆစ် ဖိရူမ်းသည် မြန်မာနိုင်ငံသို့ ၂ ရက်ကြာခရီးစဉ်ကို ယမန်နေ့က စတင်လိုက်သည်။

ခရီးစဉ်အတွင်း မကြာခဏဆိုသလို ထိုင်းကမ်းခြေ ဒေသများသို့ ရောက်လာသော တရားမဝင် ရွှေ့ပြောင်း နေထိုင်သူများအရေး ဆွေးနွေးသွားမည်ဟု စနေနေ့က ထုတ်ပြန်ခဲ့သော တရားဝင် ကြေညာချက်တွင် ဖော်ပြထားသည်။

မစ္စတာ ကဆစ် (Kasit Piromya) သည် ခရီးစဉ်အတွင်း မြန်မာနိုင်ငံခြားရေး ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်တွေ့ဆုံ၍၊ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကိုလည်း တွေ့မည်ဟု ကြေညာချက်တွင် ဆိုထားသည်။

မြားမြောင်လှသော နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ရေးများအပြင် ရိုဟင်ဂျာမူဆင်လင် လူနည်းစု ကိစ္စကိုလည်း သူက ဆွေးနွေးမည်။ ရိုဟင်ဂျာများသည် စစ်အစိုးရ၏ အလွန် ပြင်းထန်ဆိုးရွားသော နှိပ်စက်ညှဉ်းပန်းမှုများကို ခံရသည်ဟုဆိုကာ ထိုင်းနိုင်ငံသို့ မကြာခဏ ထွက်ပြေးလာကြသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလမှ စတင်၍ ထိုင်းအာဏာပိုင်များက အနည်းဆုံး ရိုဟင်ဂျာ လှေစီးပြေးဒုက္ခသည် ၁၀၀၀ ကို ကြားဖြတ် တားဆီး ဖမ်းဆီးခဲ့ရသည်။

ထိုင်းအာဏာပိုင်များသည် အဆိုပါ လှေစီးပြေးဒုက္ခသည်များ၏ လှေမှအင်ဂျင်စက်များကို ဖျက်ဆီးခြင်း၊ အစားအစာနှင့် ရေ အနည်းငယ်သာပေးကာ ပင်လယ်ပြင်ထဲသို့ ဆွဲယူစွန့်ပစ်ခဲ့ခြင်းများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲပြောဆိုမှုများ ရှိခဲ့သည်။

ထိုင်းအစိုးရကမူ လေ့စီးပြေးဒုက္ခသည်များကို ဆိုးရွားစွာ ပြုမူဆက်ဆံခဲ့သည်ဟူသော စွပ်စွဲချက်များကို ငြင်းဆန်ခဲ့ပြီး၊ သူတို့ကို ဥပဒေအရ ပင်လယ်ထဲသို့ ပြန်မောင်းပို့ခဲ့သည်ဆိုသည်ကိုမူ ဝန်ခံပြောကြားခဲ့သည်။

ရိုဟင်ဂျာ လေ့စီးပြေး ဒုက္ခသည်များ ပြဿနာသည် ဒေသတွင်း အာရုံစိုက်စရာ၊ စိတ်ဝင်စားစရာ ပြဿနာတရပ်ဖြစ်ခဲ့ပြီး အခြား လေ့စီးပြေး ဒုက္ခသည်များကိုလည်း အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းစုများ၏ ကမ်းခြေများနှင့် အင်ဒိုနီးရှား အာချေပြည်နယ်တို့တွင် ကယ်တင်ခဲ့ကြရသည်။

မစ္စတာ ကဆစ်သည် ၁၄ ကြိမ်မြောက် အရှေ့တောင်အာရှ နိုင်ငံများအသင်း - အာဆီယံ ထိပ်သီး အစည်းအဝေးအတွင်း မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားခဲ့ချက်အရ မြန်မာနိုင်ငံသို့ လည်ပတ်ခြင်းဖြစ်သည်။

အာဆီယံ အစည်းအဝေးအတွင်း ရိုဟင်ဂျာ ရွှေ့ပြောင်း ဒုက္ခသည်များ ကိစ္စကို အလွတ်သဘော ဆွေးနွေးခဲ့ပြီး၊ ဒေသတွင်း ဆွေးနွေးပွဲတွင် 'ဘာလီနည်းစဉ်' ဟု အမည်တပ်ကာ ဆက်လက်ဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။

အစည်းအဝေးတွင် ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူနည်းစု လူမျိုးဟူ၍ မရှိကြောင်း ပြောကြားခဲ့ပြီး၊ မြန်မာနိုင်ငံတွင် မွေးဖွားကြောင်း သက်သေပြနိုင်သူ လေ့စီးပြေး ဒုက္ခသည်များကို ပြန်လည်လက်ခံရန် ဆန္ဒရှိသည်ဟု ပြောဆိုခဲ့သည်။

မစ္စတာ ကဆစ်သည် သူ၏ ခရီးစဉ်အတွင်း 'တရားမဝင် ရွှေ့ပြောင်း အလုပ်သမားများ ကိစ္စနှင့် လူမှောင်ခိုမှု ဆန့်ကျင် တားဆီးရေး ကိစ္စများ' အပါအဝင် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးမည်။

"ထို့ပြင် နိုင်ငံခြားရေး ဝန်ကြီးသည် မြန်မာဘက်မှ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ဘင်္ဂါလီ၊ ရိုဟင်ဂျာ ပြဿနာကိုလည်း မြန်မာခေါင်းဆောင်များနှင့် တိုင်ပင် ဆွေးနွေးသွားမည်" ဟု ကြေညာချက်တွင် ဆိုထားသည်။

ထိုင်းသည် မြန်မာ၏ အကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံ ဖြစ်ပြီး၊ နှစ်နိုင်ငံအကြား စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး ဘတ်သန်းပေါင်း ၁၄၄၂၉၁ သန်း (အမေရိကန်ဒေါ်လာ ၄၈၀၉ သန်း) ရှိသည်။

ထိုင်းနိုင်ငံသို့ မြန်မာဘက်မှ အဓိက တင်ပို့သော ပို့ကုန်အမယ်များမှာ သဘာဝဓာတ်ငွေ့၊ သစ်နှင့် သစ်ခွဲသားများ၊ သတ္တုရိုင်းနှင့် သံတိုသံစများ၊ သံနှင့် သံမဏိ၊ ကျောက်မီးသွေးတို့ ဖြစ်ကြသည်။ ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ပို့ကုန်မှာ တိရစ္ဆာန်အဆီနှင့် ဟင်းသီးဟင်းရွက်ဆီများ၊ ဓာတုပစ္စည်းများ၊ သံနှင့် သံမဏိ၊ ပလပ်စတစ်ကော်စေ့တို့ ဖြစ်ကြသည်။

## ခွန်ဆာ့အမျိုး မူးယစ်ဆေးဝါး ဂိုဏ်းဝင်များ အဖမ်းခံရ

ဥဆာ ဖိချိုင်း

တနင်္လာနေ့၊ မတ်လ 23 2009 15:26 - မြန်မာစံတော်ချိန်

ချင်းမိုင် (မဇ္ဈိမ)။ ။ ၆ လအတွင်း ထိုင်းနိုင်ငံမြောက်ပိုင်း ဒေသ၌ မူးယစ်ဆေးဝါး ပြဿနာ လျော့ကျစေရမည်ဟု ထိုင်း အစိုးရက ကတိပြုခဲ့ပြီးနောက် အလွန်ကြီးမားသော မူးယစ်ဆေးဝါးဂိုဏ်များ၏ အဖွဲ့ဝင်များကို ထိုင်းနိုင်ငံတွင် ဖမ်းဆီးလိုက်သည်။

ထိုင်းတရားရေးဝန်ကြီး ပီရာပင်ဆာလီရာသာဝိဘာဂါ (Pirapan Salirathavibhaga) နှင့် အခြား ဆက်စပ်နေသော အာဏာပိုင်များက လွန်ခဲ့သော သောကြာနေ့က ဘန်ကောက်မြို့တွင် သတင်းစာရှင်းလင်းပွဲ ကျင်းပပြီး၊ အမေရိကန် မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့ (DEA) ၏ သတင်းပေးချက်အရ အဓိက မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားသူများဟု မသင်္ကာသူ ထိုင်းလူမျိုး ၃ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း ရှင်းလင်း တင်ပြခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါး ဂိုဏ်းဝင်များမှာ ကွယ်လွန်သူ နာမည်ဆိုးဖြင့် ကျော်ကြားလှသည့် မူးယစ်ဆေးဝါး ဂိုဏ်းခေါင်းဆောင်ကြီး ခွန်ဆာနှင့် ဆက်စပ် ပတ်သက်နေသူများ ဖြစ်သည်။

မသင်္ကာသူများမှာ ပီရာယွတ်ဖက်ဆာကိုလ် (Peerayuth Phetsakol)၊ ချမ်းနာရောင်းမူဆာ (Charn-narong Muser) ခေါ် ကာဆင်သက် (Kasemthat)၊ ဗီချမ်းဆူထီးဖန် (Vicharn Suthiphan) တို့ဖြစ်သည်ဟု အထူး စုံစမ်းစစ်ရေးဌာန (DSI) မှ ဒုတိယအတွင်းရေးမှူးချုပ် ရဲဗိုလ်မှူးကြီး ဒူဆာဒီးအရာယာဝတ် (Dusadee Arayawut) က ဆိုသည်။

တာဝန်ရှိသူများသည် သူတို့ထံမှ ဘတ် သန်း ၁၂၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်း) တန်ဖိုးရှိ ပိုင်ဆိုင်ပစ္စည်းများနှင့် ရိုင်ဖယ် ၂ လက်တို့ကို ဖမ်းဆီးရမိခဲ့သည်ဟု ဆိုသည်။

ထိုင်းနိုင်ငံ အထူး စုံစမ်းစစ်ဆေးရေး ဌာန (DSI) ၏ ထုတ်ပြန်ကြေညာချက်အရ အမေရိကန် DEA က သူတို့ဌာနကို မူးယစ်ဆေးဝါးဂိုဏ်းနှင့် ငွေမဲခဝါချခြင်း လုပ်ငန်းများကို စုံစမ်းစစ်ဆေးပါရန် တိုက်တွန်းခဲ့သည်ဟု ဆိုသည်။

"၎င်းအဖွဲ့တွင် မူးယစ်ဆေးဝါး ထုတ်လုပ်သော စက်ရုံတရုံ ဗမာပြည်အတွင်း ထိုင်းနယ်စပ်အနီးမှာ ရှိသည်။ ၎င်းစက်ရုံကို ဝတပ်ဖွဲ့ (UWSA) က အကာအကွယ် ပေးထားပြီး ဘိန်းဖြူနှင့် မက်တာအင်ဖက်တမင်း ဆေးပြားများ ထုတ်လုပ်နေသည်။

ဤမူးယစ်ဆေးဝါးများကို ထိုင်း၊ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တွင် ရောင်းချရန် မှောင်ခိုသယ်ယူကြသည်။ အဲဒီကနေတဆင့် နောက်ပိုင်းတွင် ဖိလိပိုင်၊ ကနေဒါနဲ့ အမေရိကန်ကို တင်ပို့ကြသည်။ ဤအဖွဲ့သည် ကွယ်လွန်သူ ခွန်ဆာနဲ့လည်း ဆက်စပ်နေသည်" ဟု ကြေညာချက်တွင် ဆက်လက် ရေးသား ဖော်ပြထားသည်။

ဆူထီးဖန်နှင့် မူဆာတို့မှာ ခွန်ဆာနှင့် ဆွေမျိုးတော်စပ်ကြသူများလည်း ဖြစ်သည်ဟု ကြေညာချက်က ဆိုသည်။

သူတို့၏ ဖခင်များသည် လွန်ခဲ့သော ၁၉ နှစ်က မူးယစ်ဆေးဝါး သယ်ယူရောင်းဝယ်မှုဖြင့် အဖမ်းခံခဲ့ကြရပြီး၊ ယခုအခါ သူတို့၏ ထောင်ဒဏ်များကို ဆိုင်းငံ့ထားသည်။

ဘိန်းဘုရင် ခွန်ဆာ ခေါ် ချန်ချီဖူးသည် မြန်မာအာဏာပိုင်များထံ ၁၉၉၆ ခုနှစ်က လက်နက်ချခဲ့ပြီး၊ ၂၀၀၇ ခုနှစ်က ရန်ကုန်မြို့တွင် ကွယ်လွန်သွားခဲ့သည်။

ချင်းရိုင်မြို့ရှိ အိမ်တအိမ်တွင် ဖမ်းဆီးရမိခဲ့သော ဖက်ဆာကိုးလ် (Phetsakol) က သူသည် ၂၀၀၇ ခုနှစ်ကတည်းက မူးယစ်ဆေးဝါး ရောင်းဝယ်ရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်ခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး ကီလိုဂရမ် ၇၅၀ ကျော် ရောင်းချပြီးဖြစ်ကြောင်း ဖြောင့်ချက်ပေးခဲ့သည်။

မူဆာနှင့် ဆူထီးဖန်တို့ကိုမူ ချင်းမိုင်နှင့် ဘန်ကောက်မြို့တို့တွင် အသီးသီး ဖမ်းဆီးရမိခဲ့သည်။ ထိုင်းအာဏာပိုင်များက ဤမူးယစ်ဂိုဏ်းများမှ အခြားအဖွဲ့ဝင်များကိုပါ စုံစမ်းစစ်ဆေးမှုများ ဆက်လုပ်နေသည်။

ဘန်ကောက်ရှိ ၶပ ရုံး၏ ဒေသဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး အင်ဒရူးကယ်လမ် (Andrew Kellum) က ပြောကြားရာတွင် ဤဂိုဏ်းရှိ အချို့အဖွဲ့ဝင်များသည် ယခင်ကလည်း အမေရိကန်နိုင်ငံတွင် မူးယစ်ဆေးဝါးအမှု ရာဇဝင်ရှိခဲ့သူများဖြစ်ပြီး၊ သူတို့အား ဖမ်းဆီးခဲ့ကာ နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်ဟု ဆိုသည်။

သူတို့သည် မိသားစု အဖွဲ့ဝင်များနှင့်အတူ မူးယစ်ဆေးဝါး လုပ်ငန်းသို့ (DSI) မှ ဖော်ထုတ် ဖမ်းဆီးသည်အထိ ပြန်လည် ဝင်ရောက် လုပ်ကိုင်လာခဲ့ကြသည်ဟု ထိုင်းသတင်းအေဂျင်စီ၏ စနေနေ့က သတင်းပေးပို့ချက်အရ သိရှိရသည်။

ထိုင်းအစိုးရအနေဖြင့် နိုင်ငံမြောက်ပိုင်း နယ်စပ်နှင့် အဓိက လမ်းမကြီးများတလျှောက် စောင့်ကြပ်ကြည့်ရှုမှုများ ပိုမို ပြုလုပ်သွားမည် ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံအတွင်းပိုင်း ဒေသများသို့ မူးယစ်ဆေးဝါးများ မှောင်ခိုသယ်ယူ ရောင်းချခြင်းများကို တားဆီးသွားမည် ဖြစ်ကြောင်း ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဘုတ်အဖွဲ့ အကြံပေး ချတ်ချိုင်းဆူထီးကလုမ် (Chartchai Sutthiklom) က ပြောသည်။

## မြင်းခြံမြို့ ကလေးငယ်အချို့ ဝမ်းပျက်ဝမ်းလျှောဖြစ်

ဖနိဒါ

တနင်္လာနေ့၊ မတ်လ 23 2009 18:38 - မြန်မာစံတော်ချိန်

ချင်းမိုင် (မဇ္ဈိမ)။ ။ မန္တလေးတိုင်း မြင်းခြံမြို့ တိုးချဲ့ရပ်ကွက်တခုမှ ကလေးငယ် ၈ ဦး ဝမ်းပျက်ဝမ်းလျှော ဖြစ်သဖြင့် ဆေးရုံတက်နေရသည်။

ပြီးခဲ့သည့်အပတ် နှောင်းပိုင်းမှ စတင်ကာ တိုးချဲ့ကွက်သစ် ခေါ် အမှတ် ၁၈ ရပ်ကွက်မှ ကလေး ၁၅ ဦးခန့် ဝမ်းလျှောရာ ဆေးရုံတင်ခဲ့ရပြီး၊ ယခုအခါ ၈ ဦးခန့် ဆက်ရှိကြောင်း ဒေသခံများနှင့် ဆေးရုံဝန်ထမ်းက ပြောသည်။

"ကျနော်တို့ ၁၈ ရပ်ကွက်ထဲမှာ ဝမ်းလျှောရောဂါ ဖြစ်နေတယ်။ ဆေးရုံမှာ ၁၅ ယောက်လောက် တက်တယ်။ အရေးပေါ် ဆေးရုံတင်ရတယ်။ အထက်လန် အောက်လျှောပုံစံ" ဟု အမှတ် ၁၈ ရပ်ကွက်မှ ဒေသခံတဦးက မဇ္ဈိမကို ပြောသည်။

မြင်းခြံပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတဦးကလည်း "ကလေးတွေ ရိုးရိုး ဝမ်းလျှောဝမ်းပျက်လေးတွေ ဖြစ်တာ။ ဘယ်နနှစ်လဲဆိုတော့ ၅ နှစ်ကနေ ၇ နှစ် အရွယ်တွေပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာကြီးပြောတာက အစားမှားတယ်လို့ ပြောတာပဲ။ ကျနော်တို့ဆီမှာ ၈ ယောက်လောက် ရှိတယ်" ဟု ပြောသည်။

ယခုလို ဖြစ်ရခြင်းသည် အိမ်ခြေ ၁၅၀-၂၀၀ ခန့်မှ အရပ်သားများ သောက်သုံးနေသည့် ရေကန်အတွင်း ဝင်းသန့် ငပိစက်မှ မသန့်စင်သည့် ရေများ စီးဝင်နေရာမှ စတင်ခဲ့သည်ဟု ဒေသခံနှစ်ဦးက ဆိုသည်။

ငပိစက်မှ စွန့်ပစ်သည့် အညစ်အကြေးများမှာ စက်ရုံတောင်ဘက် ဗလပိုင် ဘုန်းကြီးကျောင်းရှိ ရေကန်တွင်းသို့ စီးဝင်နေသည်ဟု သူတို့က ပြောသည်။

တဦးက "မိုးတွင်းရောက်ရင်လည်း အရပ်အခေါ် ဗလပိုင်ထဲ ဝင်သွားတယ်။ ငပိစက်က ရေကန်အထက်မှာ ရှိတယ်။ ပေအားဖြင့် ၁၅၀ လောက် အကွာမှာ ရှိတယ်ဗျာ။ ရေကန်က အောက်ပေါ့နော်။ ရေကန်ရဲ့ အလယ်မှာ ရေတွင်း နှစ်တွင်းရှိတယ်။ အဲဒါကို မှီခိုသောက်သုံးနေရတာ" ဟု ပြောသည်။

သို့သော်လည်း ငပိစက်ရုံ တာဝန်ရှိသူ အမျိုးသမီးတဦးကမူ မဟုတ်မှန်ကြောင်း ယခုလို ငြင်းဆိုသည်။

သူက " မဆိုင်ပါဘူးကွာ။ အဲဒီလို ဖြစ်တာ။ ကိုယ့်တွင်း ကိုယ့်ခြံမှာပဲ တွင်းတူးပြီးလုပ်တာ။ အပြင်ထွက်တာ မရှိဘူး။ အုတ်တံတိုင်းကြီး ကာထားတာ။ ဘာအရည်မှလည်း မစွန့်ဘူး။ အန်တီတို့နဲ့ မဆိုင်ဘူး။ အညစ်အကြေးရေက အဲဒီဘက်ကို မဖောက်ဘူး။ ကိုယ့်ကျင်းလေးနဲ့ ကိုယ်ပဲ ရေးချိုးတာပဲ။ ကြီးကြီးကျယ်ကျယ် ဆေးကြတာတွေလည်း မလုပ်ဘူး။ ဘာမှလည်း မလုပ်ပါဘူး။ ရေလွှတ်ခြင်း မလုပ်ဘူး" ဟု ပြောသည်။

ရပ်ကွက်အတွင်း၌ လူအများအပြားမှာ မရှိဆင်းရဲသား လက်လုပ်လက်စားများ ဖြစ်သည်။

၁၈ ရပ်ကွက် ရယက ရုံးမှ တာဝန်ရှိသူတဦးကမူ "လူနေမှု အနေအထားက ညစ်ပတ်တဲ့ အနေအထားပေါ့နော်။ အိမ်သာမရှိတာတို့၊ သူက အပြင်ထိုင် (အလေးသွား) တာ များတယ်။ စားတာသောက်တာ သပ်ရပ်မှု မရှိဘူး။ ဝင်းသန့် ငပိစက်ကနေ ဝင်တဲ့ ရေက မသုံးတော့ဘူးလေ။ အဲဒီနောက်ပိုင်း တောက်လျှောက် ကူးလာတာ။ အဓိက ဖြစ်နေတဲ့အပိုင်းရဲ့ အရှေ့ဘက်မှာ တောကိုး။ ယာခင်းတွေ ရှိတယ်။ အဲဒီ ယာခင်းတွေမှာ အပြင်သွားကြတာ။ အဲဒီဘက်ကနေ ကူးစက်တာ။ သောက်နေသုံးနေတာက ရေကန်အလယ်မှာ ရေတွင်းမှာ စိမ့်ပြီးတော့ လက်ယက်ရေတွင်း ဖြစ်တယ်" ဟု ဆိုသည်။

ဆေးရုံတက် ကုသရာ ကိုယ့်စရိတ်နှင့်ကိုယ် ဖြစ်ပြီး ကျပ် ၂ သောင်းမှ ၃ သောင်းအထိ ကုန်ကျသည်။

ကလေးငယ်များ ဆေးရုံတက်ရပြီးနောက် မြို့နယ် ကျန်းမာရေးဌာနက ရေတွင်းများ၌ ပိုးသတ်ဆေးများ ဖြန်းပေးခဲ့ရာ အနံ့ဆိုးသဖြင့် သောက်သုံးရန် ခက်ခဲနေသည်ဟု ဒေသခံများက ဆိုသည်။

## ဘူးသီးတောင်ထောင်မှ နိုင်ငံရေး အကျဉ်းသား လေဖြတ်

ကိုဝိုင်း

တနင်္လာနေ့၊ မတ်လ 23 2009 17:58 - မြန်မာစံတော်ချိန်

ချင်းမိုင် (မဇ္ဈိမ)။ ။ မြန်မာပြည်အနောက်ပိုင်း ဘူးသီးတောင်ထောင်မှ နိုင်ငံရေးအကျဉ်းသားတဦး ယခင်လက လေဖြတ်သွားကြောင်း ယင်းထောင်နှင့် နီးစပ်သူများထံမှ သိရသည်။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ အသက် ၂၀ နှစ်အရွယ် ကိုမောင်မောင်သက်သည် ခြေနှင့်လက်များ လှုပ်ရှား၍ မရဘဲ ဖြစ်သွားခြင်းဖြစ်သည်။

ထောင်တွင်းရှိ အကျဉ်းခန်းများမှာ အစဉ်ပင် စိုစွတ်အေးစက်နေသဖြင့် ယင်းသို့ လေဖြတ်ရခြင်း ဖြစ်နိုင်ကြောင်း ထောင်နှင့် နီးစပ်သူတဦးက ဆိုသည်။

လေဖြတ်သွားသူ အပါအဝင် အခြား နိုင်ငံရေးအကျဉ်းသားများဖြစ်သော ကိုမိုးနိုင်စိုး၊ ကိုချစ်မောင်မောင်၊ ကိုသန်းလွင်တို့သည် ပြီးခဲ့သည့် ပြည်ထောင်စုနေ့၌ သူတို့၏ အကျဉ်းခန်းများ အတွင်းမှနေ၍ တဦးနှင့်တဦး စကားလှမ်းပြောသဖြင့် ထောင်ဝါဒါ ဦးစိန်ထွန်း၏ ရိုက်နှက်မှုကို ခံခဲ့ကြရသေးသည်။

ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) - အေအေပီပီ တွဲဘက် အတွင်းရေးမှူး ဦးဘိုကြည်ကမူ သူတို့သည် တောင်ကုတ်မြို့နယ်မှ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများဖြစ်ပြီး ပုဒ်မ ၅၀၅ (ခ)၊ ၂၉၅ တို့ဖြင့် ထောင်ဒဏ် ၄ နှစ်ခွဲစီ ကျခံနေရသူများဖြစ်ကြောင်း မဇ္ဈိမကို ပြောသည်။

သို့သော် သူတို့၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေသည်ဟုသာ သိထားပြီး အသေးစိတ် မသိရသေးကြောင်း သူက ဆိုသည်။

ထို့အပြင် ဘူးသီးတောင်ထောင်၌ ထောင်ဒဏ် ၇၉ နှစ် ကျနေသည့် မျိုးဆက်သစ် သျှမ်းပြည်အဖွဲ့ဝင် ဦးထွန်းညိုသည်လည်း လေဖြတ်ခံထားရသည်မှာ ကြာပြီဖြစ်သည်။

ဘူးသီးထောင်ထောင်ရှိ နိုင်ငံရေးအကျဉ်းသားများသည် အခြား ရာဇဝတ်အကျဉ်းသားများကဲ့သို့ ကျန်းမာရေးအတွက် လမ်းလျှောက်ခွင့် မရကြကြောင်းလည်း သိရသည်။

အဆိုပါ ထောင်တွင် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်၊ ကိုအောင်ဇော်ဦး (HRDP)၊ ဦးဟန်စိန် (အန်အယ်ဒီ)၊ ကိုကျော်မင်း၊ ကိုပြည့်ဖြိုးလှိုင်၊ ကိုစည်သူမောင်၊ ဦးထွန်းညို၊ ဦးဇင်းဦးပြည်ကျော်၊ ကိုချစ်မောင်မောင်၊ ကိုသန်းလွင်၊ ကိုမောင်မောင်သက်၊ ကိုမိုးနိုင်စိုး၊ ကိုမိုးကျော်၊ ကိုအောင်နိုင်မင်း၊ ကိုခင်လှ၊ ကိုဇော်နိုင်၊ မနီနီမေမြင့်တို့ ရှိနေကြသည်ဟု အေအေပီပီ က ပြောသည်။

ဘူးသီးတောင်ထောင်၌ ထောင်ကျ စုစုပေါင်း ၁,၂၀၀ ခန့်ရှိပြီး အများစုမှာ ရိုဟင်ဂျာများ ဖြစ်သည်။

သူတို့သည် ထောင်တွင်း၌ ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ခြင်းတို့ကို ခံရသည်သာမက အုတ်ဖုတ်လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ရောကာတာ တည်ဆောက်ရေး လုပ်ငန်းများတွင်လည်း ခိုင်းစေခြင်း ခံနေကြရကြောင်း ယင်းထောင်နှင့် နီးစပ်သူများက ပြောသည်။

မြန်မာနိုင်ငံအနှံ့ရှိ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၂,၁၀၀ ကျော်ရှိနေကြောင်း အေအေပီပီ စာရင်းအရ သိရသည်။

## စစ်တပ် သိမ်းပိုက်လယ်ယာတွင် ပိုင်ရှင်များ ပြန်လုပ်ခွင့်ရ

ကိုဝိုင်း

တနင်္လာနေ့၊ မတ်လ 23 2009 15:42 - မြန်မာစံတော်ချိန်

ချင်းမိုင် (မဇ္ဈိမ)။ ။ မကွေးတိုင်း အောင်လံမြို့နယ်ရှိ မြန်မာ့ဦးပိုင်စီးပွားရေး ကော်ပိုရေးရှင်း ပိုင်ဆိုင်သည့် ရုံးဆိပ် သကြားစက် အာဏာပိုင်များက ဒေသခံ တောင်သူများထံမှ သိမ်းယူခဲ့သော လယ်ယာအချို့ကို ပိုင်ရှင်များ ပြန်လုပ်ခွင့် ပေးလိုက်သည်။

အဓမ္မသိမ်းယူခဲ့သည့် လယ်ယာမြေမှာ ဧက တသောင်းကျော် ရှိသော်လည်း လတ်တလော၌ ကမ္ဘာ့အလုပ်သမား အဖွဲ့ချုပ် (အိုင်အယ်အို) အမှုအမှတ် ၆၆ တွင် အကျုံးဝင်သော လယ်ယာဧက ၂,၀၀၀ ကျော်သာ ပြန်လည်လုပ်ပိုင်ခွင့် ရနေခြင်းဖြစ်သည်။

အိုင်အယ်အိုမှ Steve Marchall နှင့် နအဖ အလုပ်သမားဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဒုဗိုလ်မှူးကြီး ယုလွင်အောင် တို့ အောင်လံသို့ လာရောက်၍ ဖြေရှင်းပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အမှုအတွက် ကူညီဆောင်ရွက်နေသူ အောင်လံမြို့မှ ဦးအေးမြင့်က ပြောသည်။

"ပြန်ရတဲ့ ဒေသက သံရွာကျေးရွာအုပ်စုဝင် စမ်းကလေးရွာက တောင်သူတွေပိုင်တဲ့ စမ်းတောင်ကွင်းဆိုတဲ့ လယ်ယာမြေတွေပေါ့။ ၂၀၀၇ ခုက အဓမ္မသိမ်းခံရတဲ့ လယ်ယာတွေပေါ့ဗျာ။ Steve Marchall ရဲ့ အဆိုပြုချက်အရဆိုရင် ဧက ၂,၀၀၀ ကျော်။ ဒုဗိုလ်မှူးကြီး ယုလွင်အောင် စကားအရဆိုရင် တောင်သူတွေကို သူတို့လုပ်ပိုင်ခွင့်ရှိနေတဲ့ မြေတွေကို သစ်တောမြေပဲဖြစ်ဖြစ်၊ စစ်တပ်မြေပဲဖြစ်ဖြစ်၊ သကြားစက်ရုံက မြေပဲဖြစ်ဖြစ် တောင်သူကို ပေးလိုက်ပါ။ အဲဒီလိုတော့ နှုတ်မိန့်နဲ့ ပြောသွားတာပဲဗျ" ဟု သူက မဇ္ဈိမကို ပြောသည်။

နှမ်း၊ မြေပဲ၊ ပဲကြီး၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါ စိုက်ပျိုးနေသည့် အဆိုပါ လယ်ယာများကို မြန်မာ့ဦးပိုင်စီးပွားရေးကော်ပိုရေးရှင်းပိုင် အောင်လံမြို့နယ်ရှိ အမှတ် ၅ သကြားစက် စက်ရုံမှူး ဗိုလ်မှူးရဲနိုင်က အဓမ္မသိမ်းယူခဲ့ပြီး ကြံစိုက်ပျိုးရန် ညွှန်ကြားခဲ့သဖြင့် ၂၀၀၈ ခုနှစ်တွင် တောင်သူများ စုပေါင်းလက်မှတ်ထိုး၍ အိုင်အယ်လ်အိုထံ တိုင်ကြားခဲ့ခြင်းဖြစ်သည်။

တိုင်ကြားထားစဉ်ကာလ အတွင်း၌ပင် အကျိုးမဖြစ်ထွန်းသည့် ကြံကိုမစိုက်ပဲ ဝါစိုက်သည့် တောင်သူများ၏ ဝါပင်များကို ၂၀၀၈ ခု ၌ သကြားစက်ရုံမှူးအမိန့်ဖြင့် မြေတူးစက်အသုံးပြု၍ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုများကို စစ်ဆေးရန် ယခုလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် အောင်လံ မယက ရုံး၌ ဌာနဆိုင်ရာများနှင့် နိုင်ငံတကာ အလုပ်သမားအဖွဲ့ (အိုင်အယ်အို) မှ ကိုယ်စားလှယ်များ၊ အိုင်အယ်လ်အိုသို့ ဦးဆောင်တိုင်ကြားသူများ တွေ့ဆုံကြသည်။ ထို့ နောက် တောင်သူများအတွက် ဦးဆောင်၍ အိုင်အယ်လ်အိုနှင့် ပူးပေါင်းဆောင်ရွက်နေသော စမ်းကလေးရွာရှိ ဦးသန်းစိုး၏ အိမ်၌ တောင်သူများအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည်။

စုံစမ်းစစ်ဆေးရာတွင် အိုင်အယ်အိုမှ တာဝန်ရှိသူနှစ်ဦးဖြစ်သည့် Steve Marchall နှင့် ထိုင်းအမျိုးသမီး ဥပဒေပညာရှင်၊ အလုပ်သမားဝန်ကြီးဌာန ဦးဆောင် ညွှန်ကြားရေးမှူး ဒုဗိုလ်မှူးကြီးယုလွင်အောင်၊ နေပြည်တော် သတင်းပြန်ကြားဌာနမှ ဒေါ်သင်္ဂီရဲထွန်း၊ မကွေးတိုင်း မြေစာရင်းဦးစီးက ဦးဇော်ဇော်ဦး၊ အောင်လံမှ ကြံဌာနနှင့် သစ်တောဌာနမှ တာဝန်ရှိသူများ ပါဝင်ခဲ့သည်။

တွေ့ဆုံရာတွင် တောင်သူများ လုပ်ကိုင်ခွင့်ရနေသော မြေဇရိယာများကို လုပ်ကိုင်နေသူ အမည်ပေါက်စေရန် ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ဒုဗိုလ်မှူးကြီး ယုလွင်အောင်က "နှုတ်မိန့်" ဖြင့် ပြောကြားသွားခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် ရေပေါ်ရွာရှိ အစိုးရ မူလတန်းကျောင်း၌ ရေပေါ်၊ ညောင်ပင်ဝိုင်း၊ သပြေပင် စသည့်ရွာများမှ တောင်သူများအား တွေ့ဆုံ၍ ဝါခင်းများကို သကြားစက်က မြေတူးစက်အသုံးပြု၍ ဖျက်ဆီးခဲ့သည့် ကိစ္စ၊ တောင်သူများ အကျိုးမဖြစ်ထွန်းသည့် ကြံကို အဓမ္မစိုက်ပျိုးခိုင်းမှုများနှင့် ပတ်သက်၍ ဆက်လက်စုံစမ်းသည်။

ယခုလ ၁၂ ရက်နေ့တွင် ရွာသားများကို မယက ရုံးသို့ချိန်းဆို၍ တောင်သူများက တောင်းဆိုသော ဝါခင်းများ ဖျက်ဆီးမှုအတွက် လျော်ကြေးပေးရန်နှင့် အဓမ္မ ကြံစိုက်ပျိုးခိုင်းမှုနှင့် ပတ်သက်၍ အရေးယူရန်တို့ကို ဆွေးနွေးကြရာ ယင်းကိစ္စများနှင့်ပတ်သက်၍ နေပြည်တော်သို့ ဆက်လက်တင်ပြပေးမည်ဟု ဒုဗိုလ်မှူးကြီး ယုလွင်အောင်က ပြောဆိုကြောင်း သိရသည်။

လတ်တလောတွင်မူ တောင်သူများသည် သိမ်းယူခြင်းခံခဲ့ရသော သူတို့၏ လယ်ယာများကို စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပြန်လည်ပြင်ဆင်နေကြပြီဖြစ်သည်။

အဆိုပါ အမှုများအတွက် အိုင်အယ်လ်အိုသို့ တိုင်ကြားရာတွင် ကူညီဆောင်ရွက်ပေးသူ အောင်လံမှ ကိုဇော်ဌေးကို စစ်အစိုးရက ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပြီး သရက်ထောင်သို့ ပို့ထားသည်။ ကိုဇော်ဌေးအတွက် မကွေးတိုင်းတရားရုံးတွင် အယူခံတင်မည် ဖြစ်ကြောင်း သိရသည်။

သူ၏ အကျိုးဆောင်ရှေ့နေ ကိုဖိုးဖြူကိုလည်း မကွေးတိုင်းတရားရုံးက ယခုလ အတွင်း ထောင်ဒဏ် ၄ နှစ်ချမှတ်လိုက်ပြီး သရက်ထောင်သို့ ပို့လိုက်သည်။

သတင်း ဒေသန္တရသတင်း ဘင်္ဂလားဒေ့ရှ်သို့ တရားမဝင် နယ်စပ်ကျော် မြန်မာများ အဖမ်းခံရမှု ပိုများလာ

## ဘင်္ဂလားဒေ့ရှ်သို့ တရားမဝင် နယ်စပ်ကျော် မြန်မာများ အဖမ်းခံရမှု ပိုများလာ

ငြိမ်းချမ်း

တနင်္လာနေ့၊ မတ်လ 23 2009 15:26 - မြန်မာစံတော်ချိန်

ဒါကာ (မဇ္ဈိမ)။ ။ ဘင်္ဂလားဒေ့ရှ်သို့ နယ်စပ်တလျှောက်မှ တရားမဝင် ဖြတ်ကျော် ဝင်ရောက်လာသည့် မြန်မာများကို ဖမ်းဆီးမှုမှာ ယခုတလော ပိုများလာကြောင်း

နယ်စပ် သတင်းရပ်ကွက်များက ဆိုသည်။

လွန်ခဲ့သည့် ၇ ရက်အတွင်း နေရာ ၃ နေရာတွင် အဖမ်းအဆီး ၄ ကြိမ် ရှိခဲ့ရာ မြန်မာနိုင်ငံသား ၈ ဦးကို ဖမ်းဆီးပြီး တရားမဝင် နယ်စပ်ဖြတ်ကျော်မှုဖြင့် တရားရုံးတင် စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ဤအကြောင်းကို ဘန်တရိုဘန် ရဲစခန်းနှင့် နီးစပ်သူတဦးက ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ဘင်္ဂလား ပင်လယ်အော်အတွင်း ဘင်္ဂလား-မြန်မာ ရေပိုင်နက် ပြဿနာ ဖြစ်ခဲ့သည့် ၂၀၀၈ ခုနှစ် နိုဝင်ဘာလဆန်း နောက်ပိုင်းမှ စတင်၍ တရားမဝင် ဝင်လာသည့် မြန်မာများကို ဖမ်းဆီးရန် ဘန်တရိုဘန်ခရိုင်မှ ညွှန်ကြားခဲ့ပြီး ဖြစ်သည်ဟု သူက ဆိုသည်။

နတ်ချောင်းမြို့ ရဲစခန်းမှ တာဝန်ကျ ရဲဝန်ထမ်းတဦးကလည်း "ကျနော်တို့ နယ်မြေထဲမှာ အရင်ကဆို တရားမဝင် ဝင်ရောက်လာတဲ့ မြန်မာနိုင်ငံသားတွေကို ဖမ်းတာ နည်းတယ်။ ပြီးခဲ့တဲ့လက တလအတွင်း မြန်မာ ၃ ယောက်ကို တရားမဝင် လက်နက် ကိုင်ဆောင်မှုနဲ့ ဖမ်းခဲ့တယ်။ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုကတော့ မရှိခဲ့ဘူး" ဟု မဇ္ဈိမကို ပြောသည်။

သို့သော်လည်း ပြီးခဲ့သည့် တပတ်အတွင်း ဘန်တရိုဘန်ခရိုင် တခုလုံး၌ မြန်မာ ၈ ဦး တသီးတခြားစီ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

ယခုလ ၁၆ ရက်နေ့တွင် ခရိုင်အတွင်းရှိ နတ်ကျောက်စရီမြို့နယ် ဘိုင်းစရီဒေသမှ တဦး၊ နတ်ကျောက်စရီမြို့တွင် ၂ ဦးနှင့် ၂၁ ရက်နေ့တွင် ဘန်တရိုဘန်မြို့နယ် တန်းဆိပ်ကျေးရွာအနီးတွင် ၃ ဦးနှင့် နတ်ကျောက်စရီမြို့တွင် ၂ ဦး ဖြစ်သည်။

နှစ်နိုင်ငံနယ်စပ်အတွင်း မြန်မာဘက်က ခြံစည်းရိုးကာရန်အတွက် စစ်အင်အား တိုးချဲ့လာချိန်တွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် တပ်အနေဖြင့် နယ်စပ် အနီးတဝိုက်ကို မျက်ခြေမပြတ် စောင့်ကြည့်နေချိန်တွင် တရားမဝင် ဝင်လာသည့် မြန်မာများကို ဖမ်းဆီးမှု ပိုများလာခြင်း ဖြစ်သည်ဟု နတ်ကျောက်စရီမှ အမည်မဖော်လိုသည့် ထောက်လှမ်းရေးတဦးက ပြောသည်။

"တချို့ကျတော့လည်း နစက (နယ်စပ်ဒေသ စစ်ဆေးရေးနှင့် ကွပ်ကဲရေး)ရဲ့ ထောက်လှမ်းရေးတွေ ဆိုပြီးတော့ မယုံသင်္ကာမှုနဲ့ ဖမ်းလိုက်တာတွေ ရှိတယ်။ တချို့ကျတော့လည်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသားအဖြစ် အထောက်အထား မရှိလို့ ဖမ်းလိုက်တာတွေ ရှိတယ်" ဟု သူက ပြောသည်။

နှစ်နိုင်ငံ နယ်စပ်အခြေစိုက် ရခိုင်တော်လှန်ရေး အဖွဲ့အချို့က ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများကို မကြာသေးခင်က ပြန်ပေးဆွဲမှု လုပ်ခဲ့သည့် အချက်မှာလည်း အဖမ်းအဆီး များစေရသည့် အကြောင်းရင်းတရပ် ဖြစ်ကြောင်း တန်းဆိပ်ဒေသမှ ရွာလူကြီးတဦးက မဇ္ဈိမကို ပြောသည်။

## ကျန်းမာရေး အထောက်အကူ ချို့တဲ့မှုကြောင့် နိုင်ငံရေး အကျဉ်းသားများ အန္တရာယ်ရှိဟု AAPP-B ပြော

ဆော်လမွန်

စနေနေ့၊ မတ်လ 21 2009 16:47 - မြန်မာစံတော်ချိန်

နယူးဒေလီ။ ။ သင့်တော်ကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှု ချို့တဲ့ခြင်းသည် မြန်မာနိုင်ငံရှိ နိုင်ငံရေး အကျဉ်းသားများ ကျန်းမာရေး ချွတ်ယွင်းရခြင်း၏ အဓိက အကြောင်းရင်းတရပ် ဖြစ်သည်ဟု တက်ကြွ လှုပ်ရှားသူ အဖွဲ့တခုက သောကြာနေ့က ပြောကြားလိုက်ပါသည်။

မနှစ်မြို့ဖွယ် အကျဉ်းထောင်တွင်း အခြေအနေများ၊ သင့်တော်ကောင်းမွန်သည့် ဆေးဝါးကုသမှု ချို့တဲ့ခြင်းတို့ကြောင့် မြန်မာနိုင်ငံရှိ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေရသူများမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ကျန်းမာရေး အခြေအနေ ဆိုးရွားနေကြသည်ဟု 'နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ - မြန်မာပြည်' (AAPP-B) ၏ တွဲဘက် အတွင်းရေးမှူး ဦးဘိုကြည်က ပြောသည်။

"မိသားစုနဲ့ဝေးတဲ့ ထောင်တွေကို ပို့လိုက်တော့ နိုင်ငံရေး အကျဉ်းသားအားလုံး ကျန်းမာရေး ချို့တဲ့တာ၊ အစားအသောက် ချို့တဲ့တာတွေနဲ့ နပန်းလုံးနေရတယ်" ဟု ဦးဘိုကြည်က ပြောသည်။

မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသား အများစုမှာ အစားအသောက်နှင့် ဆေးဝါးအတွက် မိသားစုကိုသာ မှီခိုနေရရာ ယခုကဲ့သို့ ဝေးလံလှသည့် ထောင်များသို့ အပို့ခံရသည့်အတွက် ဤထောက်ပံ့မှုများကို မရနိုင် ဖြစ်ကြရသည်ဟု သူက ပြောသည်။

၈၈ မျိုးဆက် ကျောင်းသား ခေါင်းဆောင်တဦးဖြစ်သူ ကိုလှမျိုးနောင်သည် ထိန်းသိမ်းခံရစဉ် မျက်စိတဘက် ဆုံးရှုံးခဲ့ရပြီးနောက် ယခုအခါ နောက်ထပ် မျက်စိတဘက် ထပ်မံဆုံးရှုံးရမည့် အန္တရာယ်ရှိနေပြီး၊ အခြားကျောင်းသားခေါင်း ဆောင်တဦးဖြစ်သူ ကိုကိုကြီးမှာလည်း အသည်းရောဂါ ခံစားနေရကြောင်း မိမိမကြာသေးခင်က သတင်းများ ရရှိခဲ့သည်ဟု ဦးဘိုကြည်က ပြောပါသည်။

ထင်ရှားသော ကျောင်းသားခေါင်းဆောင်ဖြစ်သူ မင်းကိုနိုင်မှာလည်း မျက်စိရောဂါ ခံစားနေရကာ ကျဉ်းမြောင်းပြီး အေးစက်နေသည့် အမှောင်တိုက်ထဲတွင် နေရသည့်အတွက် သွက်ချာပါဒ လိုက်သွားမည်ကို စိုးရိမ်နေရသည်ဟု ဦးဘိုကြည် က ဆက်လက် ပြောဆိုပါသည်။

"သူတို့ကို အထူး ကုသမားတော်ကြီးတွေနဲ့ ချက်ချင်း ပြသကုသမှု ခံယူဘို့ လိုပါတယ်။ ဒါမှမဟုတ်ရင် သူတို့ ကျန်းမာရေးအတွက် အန္တရာယ်ရှိပါတယ်၊ လေဖြတ်သွားနိုင်ပါတယ်" ဟု ဦးဘိုကြည်က ဆိုသည်။

နိုင်ငံရေး အကျဉ်းသားများ၏ မိသားစုဝင်များကလည်း သွားရသည့်ခရီး ဝေးကွာလွန်းခြင်းနှင့် အချိန်နှင့်ငွေ အကုန်အကျ များလွန်းလှခြင်းကြောင့်

အကျဉ်းထောင်များသို့ မကြာခဏ သွားရောက် တွေ့ဆုံရန် ခက်ခဲကြောင်း၊ မကြာခဏ ပြဿနာ ဖြစ်ရကြောင်း ပြောကြသည်။

"ဆေးဝါး ကုသဘို့ လိုနေတဲ့သူတွေကို ဆေးမကုပေးဘဲ ထားတာဟာ လူသတ်မှုဘဲ၊ သူတို့ (စစ်အစိုးရ) က နိုင်ငံရေး အကျဉ်းသားတွေကို တဖြေးဖြေးမျှဉ်းသတ်နေတာ" ဟု ဦးဘိုကြည်ကပြောသည်။

ဗဟ္က- ၏ စာရင်းအရ မြန်မာနိုင်ငံ တဝှမ်းလုံးရှိ အကျဉ်းထောင်များတွင် အကျဉ်းကျခံနေရသော နိုင်ငံရေး အကျဉ်းသားပေါင်း အနည်းဆုံး ၂၁၂၈ ဦး ရှိသည်ဟု ပြောပါသည်။

ဤအတောအတွင်း တကမ္ဘာလုံးရှိ တက်ကြွလှုပ်ရှားသူများက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ထိန်းသိမ်းခံ နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးအတွက် လက်မှတ်များ စုဆောင်း ကောက်ယူတောင်းဆိုသည့် လှုပ်ရှားမှုတခုကို စတင်ပြုလုပ်ခဲ့ကြပါသည်။

တိုကျိုမြို့တွင်လည်း မြန်မာနိုင်ငံရေး အဖွဲ့အစည်းပေါင်းစုံမှ တက်ကြွလှုပ်ရှားသူ ၅၀ ကျော်က မြန်မာနိုင်ငံရှိ နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးအတွက် မြန်မာလူမျိုးများ၊ ဂျပန်လူမျိုးများ အပါအဝင် အခြား ထောက်ခံအားပေးသူ တို့ထံမှ လက်မှတ်များ ကောက်ယူသည့် လုပ်ငန်းကို သောကြာနေ့က စတင်ပြုလုပ်ခဲ့ကြသည်။

သူတို့သည် ဤစုဆောင်း ကောက်ယူထားသော ထောက်ခံသူများ၏ လက်မှတ်များနှင့်အတူ ပန်ကြားလွှာတစောင်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် ဂျပန် နိုင်ငံခြားရေး ဝန်ကြီးဌာနတို့သို့ ပေးပို့သွားမည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ် (လွတ်မြောက်နယ်မြေ) ဂျပန်ဌာနခွဲမှ တွဲဘက်အတွင်းရေးမှူး (၁) ဦးဇော်မင်းထွန်းက ပြောသည်။

"ကျနော်တို့ ဒီလက်မှတ်တွေနဲ့အတူ စာကို ဘန်ကီမွန်းနဲ့ ဂျပန် နိုင်ငံခြားရေးဝန်ကြီးဆီကို ပို့မယ်" ဟု ဦးဇော်မင်းထွန်းက ပြောသည်။

"ကျနော်တို့ ပန်ကြားလွှာကို ပို့ဘို့ စီစဉ်နေပါတယ်၊ ဘာလို့လဲဆိုတော့ သူတို့ (ကုလနဲ့ဂျပန်) က စစ်အစိုးရက အဆိုပြုထားတဲ့ ၂၀၁၀ အထွေထွေ ရွေးကောက်ပွဲဆိုတာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အကြပ်အတည်းကို ဖြေရှင်းပေးနိုင်လိမ့်မယ် လို့ ယုံကြည်နေလို့ဘဲ" ဟု သူက ဆက်လက် ပြောဆိုပါသည်။

ဤစာတွင် ၂၀၁၀ ရွေးကောက်ပွဲများသည် မြန်မာ့နိုင်ငံရေး အကြပ်အတည်း၏ အဖြေမဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသားအားလုံး လွှတ်ပေးရေးသာလျှင် ပြဿနာများ ဖြေရှင်းရေးအတွက် ပထမ ခြေလှမ်းဖြစ်မည်ဟု ခုခံချေပ ရေးသားထားကြောင်း သူကပြောသည်။

တကမ္ဘာလုံးမှ လက်မှတ်ပေါင်း ၈၈၈၈၈၈ ခုရရန် သူတို့ ဦးတည်ချက်ထား ကြိုးပန်းနေသည်ဟု တက်ကြွလှုပ်ရှားသူများက ပြောသည်။

ဤလှုပ်ရှားမှုကို ထောက်ခံသည့် အနေနှင့် မြန်မာနိုင်ငံရှိ နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် ရည်ရွယ်ပြုလုပ်ထားသည့် သူတို့၏ အွန်လိုင်းပန်ကြားလွှာတွင်လည်း ဝင်ရောက်ပါဝင် လက်မှတ်ရေးထိုးကြပါရန် ယူကေ အခြေစိုက် ဒယ့်မဖျအငညေ့ သူငိမေအေ့တ္တ သမိုတငီနဒ (CSW) က ပြည်သူလူထုကို တိုက်တွန်းထားသည်။

CSW ၏ အရှေ့အာရှ အဖွဲ့ခေါင်းဆောင် ဘီနီဒစ်ရော်ဂျာ (Benedict Rogers) ကလည်း "ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် ချက်ချင်း ကိုယ်တိုင်ကိုယ်ကျ ဦးစားပေး လုပ်ကိုင်ပါရန် ကုလအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းကို ကျနော်တို့ ပြင်းပြင်းထန်ထန် တိုက်တွန်း တောင်းဆိုပါ တယ်" ဟု ကြာသပတေးနေ့က ထုတ်ပြန်သော ကြေငြာချက်တွင် ထည့်သွင်း ပြောဆိုသွားသည်။

"မြန်မာစစ်အစိုးရအပေါ် နိုင်ငံတကာ ဖိအားတွေ တိုးမြှင့်ပေးအပ်ဘို့ အရေးတကြီး လိုအပ်နေပါတယ်။ စစ်အစိုးရက မြန်မာပြည်သူတွေအပေါ် နေ့တိုင်း ကျူးလွန်နေတဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ ရပ်တန့်သွားအောင် အရေးယူ ဆောင်ရွက်သင့်ပါတယ်" ဟု ရော်ဂျာ က ဆက်လက် ပြောဆိုသွားခဲ့သည်။

## အသက်မွေးဝမ်းကျောင်းပညာရေး အခမဲ့ သင်ကြားဖို့ ထိုင်းဝန်ကြီးချုပ်အဘီဆစ် ကတိပေး

မတ်လ ၂၃ရက်၊ ၂၀၀၉ (ဘန်ကောက်ပို့စ်)

အစိုးရအနေနဲ့ အလုပ်လက်မဲ့ပြဿနာဖြေရှင်းဖို့ ဆထက်ထမ်းပိုး ကြိုးပမ်းအားထုတ် လုပ်ကိုင်နေတယ်။ ဝန်ကြီးချုပ်အပြောအရဆို အလုပ်လက်မဲ့ဦးရေက ဒီနှစ်မှာ ၂ ဆတိုးလာပြီး ၁ သန်းထိ ရှိလာနေတယ်။ အမျိုးသားစီးပွားရေးနဲ့လူမှုဖွံ့ဖြိုးရေးအဖွဲ့ရဲ့ စာရင်းဇယားအရ ဆိုရင် ဒီအရေအတွက်ဟာ အလုပ်အင်အားစုရဲ့ ၂.၅% ရှိတယ်။ ၂၀၀၈ ခုနှစ်နှစ်ကုန်တုန်းက ၅၁၀,၀၀၀ ပဲရှိတယ်။ ဒီပြဿနာတွေ ဖြေရှင်းဖို့ဆို အစိုးရက အသက်မွေးဝမ်းကျောင်းသင်တန်း အစီအစဉ်အတွက် ဘတ်ငွေ ၆.၉ ဘီလျံ စိုက်ထုတ်ပေးထားတယ်။ ဒီအစီ အစဉ်အရ အလုပ်လက်မဲ့တွေကို အခမဲ့သင်တန်း ၁ လ ကြာ တက်ခွင့်ပေးတယ်။ သင်တန်းကာလမှာ သင်တန်းသားတွေဟာ နေစရိတ်နဲ့ ခရီးစရိတ်တွေရမှာဖြစ်တယ်။ သင်တန်းပြီးလို့နေရပ်ကိုပြန်တဲ့အခါ ခရီးစရိတ်အပြင် တလကို ဘတ် ၄၈၀၀ နှုန်းနဲ့ ၃ လထိ ထောက်ပံ့ပေး အုံးမှာဖြစ်တယ်။ ဒီအစီအစဉ်အရ ဒီနှစ်မှာ အလုပ်လက်မဲ့ဦးရေ ၂၄၀,၀၀၀ တက်ရောက်ဖို့အကျုံးဝင်မှာဖြစ်ပြီး နောက်နှစ်ဆို ၂၆၀,၀၀၀ တက်ရပါမယ်။

ကမ္ဘာ့ကုန်သွယ်ရေးပမာဏက ၃၀% လောက် ထိုးကျသွားတဲ့အတွက် တိုင်းပြည်အနေနဲ့ဆုံးရှုံးမှုတွေထေမိဖို့ဆိုရင် ပြည်တွင်းရင်းနှီး မြှုပ်နှံမှုတွေ ပိုပြီးလုပ်ဖို့လိုတယ်လို့ ဝန်ကြီးချုပ်က တမြန်နေ့တုန်းက ပြောတယ်။ နောက် ၃ နှစ် အတွင်း တိုင်းပြည်ရဲ့အခြေခံ အဆောက် အအုံတွေမှာ ၁.၄ ထရီလျံ ရင်နှီးမြှုပ်နှံဖို့ အစိုးရက အဆိုပြုထားတယ်လို့လည်း ပြောပါတယ်။

အစိုးရအုပ်ချုပ်ရေးပိုင်းက တိုင်းပြည်စီးပွားရေထိုးကျသွားတာကို ပြန်တည်ရေးမှာအကူအညီပေးဖို့ အခြေခံအဆောက်အအုံတွေမှာ ရင်း နှီးမြှုပ်နှံရေးစီမံကိန်းတွေရဲ့ အစိတ်အပိုင်းအနေနဲ့ နောက်တပတ်မှာ ဘတ် ၇၀ ဘီလျံလောက်ချေးငှားပေးဖို့ စည်းကမ်းသတ်မှတ်ချက် တွေ ရေးဆွဲဖို့ပြင်ဆင်နေပါတယ်။ စီးပွားရေးတိုးတက်ဖို့နဲ့တိုင်းပြည်ရဲ့ အလယ်အလတ်နဲ့ရေရှည်စီးပွားရေပြဿနာတွေဖြေရှင်းဖို့အတွက် ပြိုင်ဆိုင်မှုတွေတိုးမြှင့်ဖို့ဆိုရင် ပိုမိုရင်းနှီးမြှုပ်နှံဖို့လိုတယ်လို့ ဝန်ကြီးချုပ်က ပြောပါတယ်။ အဆောက်အဦးလုပ်ငန်းတွေမှာ ဘတ် ၇၀ ဘီလျံ သုံးမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းတွေမှာ လမ်းဆောက်လုပ်ရေး၊ လမ်းတွေခေတ်မီစေရေး၊

ရေအရင်းအမြစ်ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးမှာ ဆည်ရေရရှိရေး၊ ပညာရေးနဲ့ ကျန်းမာရေးအခြေခံအဆောက်အအုံလုပ်ငန်းနဲ့အမြန်ရထားတည်ဆောက်ရေး စီမံကိန်းတွေ ပါဝင်ပါတယ်။

"သင်တန်းနဲ့စီမံကိန်းတကျရင်းနှီးမြှုပ်နှံမှုတွေက မျှော်မှန်းထားတဲ့အလုပ်လက်မဲ့ဖြစ်မှုတွေကို ထေမိဖို့ တနှစ်မှာအလုပ်အကိုင် ၁ သန်း ဖန်တီးပေးဖို့ ရည်ရွယ်ပါတယ်" လို့ အဘီဆစ်က ဆိုပါတယ်။ စီးပွားရေးတိုးတက်စေဖို့ ဇန်နဝါရီလမှာ ဘတ်ငွေ ၁၁၆.၇ဘီလျံ စသုံးမယ်လို့ အစိုးရက ကြေညာခဲ့ပါတယ်။ ဒီစီမံကိန်းမှာဝင်ငွေနည်းတဲ့သူတွေအတွက် ငွေ ပေးမယ့်ငွေ၊ အခွန်အတုပ်ဖြတ်တောက်တာ၊ အခမဲ့ ပညာရေးတိုးချဲ့တာ၊ ခရီးသွားလာရေးနဲ့အသုံးစရိတ် ထောက်ပံ့ပေးတာတွေ ပါဝင်တယ်။ အစိုးရရဲ့စီးပွားရေးကိုအားပေးတဲ့ အစီအစဉ် တွေထဲမှာ တလဝင်ငွေ ဘတ် ၁၅,၀၀၀ ထက် နည်းတဲ့ အလုပ်သမားတွေကို ဘတ် ၂၀၀၀ ပေးဖို့၊ အသက် ၆၀ ကျော်တဲ့ သက်ကြီး ရွယ်အိုတွေအတွက် တလ ဘတ် ၅၀၀ ပေးဖို့နဲ့ ၁၅ နှစ်အောက်ကလေးတွေကို အခမဲ့ပညာသင်ခွင့်ပေးဖို့ စတာတွေ ပါဝင်ပါတယ်။ ဒါတွေ ကို ဒီလ က စပြီး တဖြည်းဖြည်းချင်းအကောင်အထည်ဖော်သွားဖို့ ဝန်ကြီးချုပ်က ပြောပါတယ်။ အလုပ်လက်မဲ့ကူညီရေး ဗဟိုဌာနက ပြည်နယ်တိုင်းမှာ အလုပ်လက်မဲ့ကူညီရေးရုံးတွေထူထောင်ရမယ်လို့ အလုပ်သမားဝန်ကြီးပိုင်ထွန်း က ပြောပါ တယ်။

## သူ့ကိုမောင်းထုတ်တဲ့ နောက်ကွယ်ကလူတွေ ဖော်ထုတ်ဖို့ ထပ်ဆင် အမိဋ္ဌာန်ပြု

Monday, March 23, 2009



ထိုင်းဝန်ကြီးချုပ်ဟောင်း ထပ်စင်ရှီနာဝပ်ထရာ

မတ်လ ၂၃၊ ၂၀၀၉ (ဘန်ကောက်ပို့စ်)

သူ့ကို အာဏာကဖယ်ပစ်တဲ့လှုပ်ရှားမှုနောက်ကွယ်က လူတွေကို ဖော်ထုတ်ဖို့ ဝန်ကြီးချုပ်ဟောင်း ထပ်စင်ရှီနာဝပ်ထရာ ကျမ်းသစ္စာ ကျိန်ဆို လိုက်ပါပြီ။ တမြန်နေ့က ချင်းမိုင်မှာလုပ်တဲ့ နိုင်ငံရေးအရ တွေ့ဆုံပွဲတခုမှာ သူ့ကိုထောက်ခံသူတွေဆီ ဖုန်းထဲကနေတဆင့် ပြော ကြားခဲ့ရာမှာ သူ့ကို အာဏာကဖယ်ပစ်ခဲ့တဲ့လှုပ်ရှားမှုမှာပါဝင်ခဲ့တဲ့သူတွေကို သူ့အနေနဲ့ မျက်နှာဖုံးချွတ်ပစ်မယ်လို့ ပြောခဲ့တာပါ။ ကြာသ ပတေးနေ့က ဆနမ်လူအမ်လူထုစည်းဝေးပွဲကြီးမှာလည်း ဖုန်းထဲကနေ ဒါကိုပဲ ပြောခဲ့ပါတယ်။ ဒီလှုပ်ရှားမှုနဲ့ပတ်သက်တဲ့သတင်းအချက် အလက်တွေကို အရင် ပြည်တွင်းလုံခြုံရေးစစ်ဆင်ရေးဌာနက ဒုတိယအကြီးအကဲဖြစ်တဲ့ ဗိုလ်ချုပ်ပန်လော့ပင်မနီး ဆီက သိခဲ့တာလို့ လည်း ထပ်ဆင်က ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

"ဘုရင့်အတိုင်ပင်ခံကောင်စီဝင် ၂ ဦး က ဒီလှုပ်ရှားမှုကို ဦးဆောင်ခဲ့တာဖြစ်ပြီး အိုင်ပေါ့နဲ့အတူ လုပ်ခဲ့တာပါ" လို့ စစ်သေနာပတိချုပ် အနုဖုန်ကို ကိုးကားပြီး ထပ်ဆင်က ပြောဆိုခဲ့ပါတယ်။ ပေါ့ဆိုတာက အနုဖုန်ရဲ့ အိမ်နာမည်ပါ။

"အိုင်ပေါ့က ဒါကို အရင်တုန်းက ငြင်းခဲ့ပါတယ်၊ ဒါပေမဲ့ ဒီကနေ့တော့ ပြောင်ထုတ်ပြောလိုက်ပြီး သူလည်းဒီအထဲမှာပါတယ်ဆိုတာကို လက်ခံခဲ့ပါတယ်" တနေ့က ချင်းမိုင်မှာလုပ်တဲ့ လူထုစည်းဝေးပွဲကြီးမှာ ထပ်ဆင်ကိုထောက်ခံတဲ့ ရှပ်နီ အဖွဲ့သားတွေ ၁၀,၀၀၀ လောက် တက်ရောက်ခဲ့ပါတယ်။ UDD ခေါင်းဆောင်တွေက အစိုးရဆီကရတဲ့ ဆင်းရဲမှုပပျောက်ရေး ထောက်ပံ့ငွေ ဘတ် ၂၀၀၀ ကို အစိုးရ ဆန့်ကျင်ရေးလှုပ်ရှားမှု ရန်ပုံငွေအတွက် ထည့်ဝင်ဖို့ သူ့အဖွဲ့သားတွေကို တောင်းဆိုခဲ့ပါတယ်။

ထိုင်းနိုင်ငံနဲ့ဟောင်ကောင်တို့ သဘောတူထားတဲ့ တရားခံပြန်လည်လွှဲပြောင်းရေး သဘောတူညီချက်နဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲက ချော ချောမွေ့မွေ့ပါပဲ လို့ ရှေ့နေချုပ်ရုံးက နိုင်ငံရပ်ခြားပြစ်မှုများတရားစွဲဆိုရေး အမှုဆောင်ညွှန်ကြားရေးမှူး ဆီရိဆတ်တီယာဖန်းက ပြောဆို ပါတယ်။ စာချုပ်ရည်ရွယ်ချက်က ထပ်ဆင်ကို တိုင်းပြည်ပြန်ခေါ်လာပြီး ထောင်ဒဏ်အပြစ်ပေးဖို့ပါ။ ပြီးခဲ့တဲ့နှစ်က ဝန်ကြီးချုပ်ဟောင်း ထပ်ဆင်ကို ရတ်ချာဒါဖီဆက်က မြေယာအရောင်းအဝယ်အမှုနဲ့ ထောင်ဒဏ် ၂ နှစ် အပြစ်ချထားပါတယ်။

ဆီရိဆတ်ဦးဆောင်တဲ့ ပြည်သူ့တရားသူကြီးအဖွဲ့က စေ့စပ်ဆွေးနွေးတာတွေလုပ်နေပါတယ်။ တနေ့တုန်းကမှ ဟောင်ကောင်က ပြန် ရောက်ပါတယ်။ ထိုင်းနိုင်ငံနဲ့ဟောင်ကောင်တို့မှာ တရားရေးစနစ်မတူတာကြောင့် နှစ်ဖက်စလုံးမှာ

ဖြေရှင်းစရာ ကိစ္စအတော်များများ ရှိနေတုန်း ဖြစ်နေပေမဲ့လည်း တရားသူကြီးအဖွဲ့ဟာ ဟောင်ကောင်အရာရှိတွေနဲ့ အသေးစိတ်ဆွေးနွေးပြီးပြီလို့ ဆီရီဆတ်က ပြောခဲ့ပါ တယ်။

တရားခံပြန်လည်လွှဲပြောင်းပေးရေးနဲ့ ပတ်သက်တဲ့ ရာဇဝတ်မှု ဆိုတာ ဘာလဲဆိုတာ ကို ရှင်းရှင်းလင်းလင်းသတ်မှတ်ဖော်ပြဖို့ ဟောင် ကောင်ဘက်က ဖြစ်စေချင်တယ်။ ထိုင်းဖက်ကတော့ မူကြမ်းထဲမှာ ယေဘူယျ စကားရပ်နဲ့ ဖော်ပြတာကိုပဲ ပိုကြိုက်တယ်လို့ ဆီရီဆတ်က ပြောဆိုပါတယ်။ ဒီမူကြမ်းကို ထိုင်းနဲ့ဟောင်ကောင်ဘက်က အတည်ပြု ပြင်ဆင်ပြီးရင် အင်္ဂလိပ်၊ ထိုင်းနဲ့မန်ဒရင် ဘာသာနဲ့ ဘာသာပြန် ပါမယ်လို့ သူက ထပ်ပြောပါတယ်။ ထိုင်းနိုင်ငံရေးသမားတွေဟာ ထပ်ဆင်နဲ့တွေ့ဖို့ ဟောင်ကောင်ကို ခဏခဏ သွားလည်ပါတယ်။

## ဒေါ်ကြည်ဦး၏ ရုပ်ကလာပ် ပရိသတ်တသောင်းခန့် ပို့ဆောင်

**အေးနိုင်**

၂၁ မတ် ၂၀၀၉ – နိုင်ငံတော်လူ့ရှင်တော် ဇာဂနာရဲ့မိခင် သခင်မကြီး ဒေါ်လှကြည်(စာရေးဆရာမ ကြည်ဦး)ရဲ့ ဒီနေ့မွန်းလွဲ ရုပ်ကလာပ်ကို ရေဝေးသုသာန်မှာ လူတသောင်းလောက် ပို့ဆောင်တယ်လို့ မိသားစုက ပြောပါတယ်။

ဆရာမကြီးရဲ့ ရုပ်ကလာပ်ကို ရုပ်ရှင်မင်းသားကျော်သူ ဦးဆောင်တဲ့ နာရေးကူညီမှုအသင်းက တာဝန်ယူပြီး နေအိမ်အကျယ်ချုပ်ကျနေတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ပန်းခွေပို့ဆောင် ဂါရဝပြုတယ်လို့ ဒေါ်ကြည်ဦးရဲ့ခင်ပွန်း စာရေးဆရာနန်းညွန့်ဆွေက ပြောပြပါတယ်။

"ဒီကနေ့ပဲ သင်္ဂြိုဟ်လို့ပြီးပြီ ရေဝေးသုသာန်ပို့ဆောင်ခဲ့တယ် ဒီနေ့အခုပဲပြန်ရောက်တယ်။ ၁၂ နာရီကိုသွားတယ်ဆိုတော့ နေကလည်းပူလိုက်တာ ရေဝေးသုသာန်ကလည်း ဝေးလိုက်တာ။ အဲဒီမှာတော့ ပန်းဖလက်တွေဘာတွေညာတွေ ဟိုကဒီက ပို့ကြတာတွေလည်း အသုဘတခုလုံး လှလှပပနဲ့ ခမ်းခမ်းနားနားနဲ့ အောင်မြင်သွားတယ်။"

ဒီရုပ်ကလာပ်ကို စာပေ၊ ရုပ်ရှင်၊ အနုပညာနဲ့ နိုင်ငံရေးလောကက ပုဂ္ဂိုလ်တွေနဲ့ လေးစားချစ်ခင်သူတွေ ပို့ဆောင်ပါတယ်။

သားငယ် မောင်သူရ(ဇာဂနာ)ကို အာဏာပိုင်တွေက နှစ်ရှည်ထောင်ဒဏ် ချမှတ်လိုက်ကတည်းက ကျန်းမာရေးပိုဆိုးလာတဲ့ ဒေါ်ကြည်ဦးကို ဒီလဆန်း ၆ ရက်မှာ ရန်ကုန် ဗဟိုစည်အထူးကုဆေးခန်းကို ပို့ဆောင်ကုသပါတယ်။

ဒီလ ၁၄ ရက်မှာ နေအိမ်ကို ပြန်ခေါ်လာပြီး ၂၀ ရက် ည ၈ နာရီ ၁၅ မိနစ်မှာ ကွယ်လွန်ပါတယ်။

ဒေါ်ကြည်ဦး ကွယ်လွန်သွားတာဟာ အစားထိုးမရတဲ့ဆုံးရှုံးမှုပဲလို့ စာရေးဆရာ မောင်မိုးသူက ပြောပါတယ်။

"ဆရာမကြီးဟာ စာပေရော နိုင်ငံရေးရော အနုပညာရော အများကြီးရဲရဲတောက် ဆောင်ရွက်ခဲ့တဲ့ အမျိုးသမီး။ သူတို့ လူထုဒေါ်အမာတို့လို နိုင်ငံရေးရော၊ စာပေရော ခေါင်းဆောင်မှုပေးခဲ့တဲ့အတွက် ကျနော်တို့ ဒီကနေ့အမျိုးသမီးတွေက ဗမာပြည် နိုင်ငံရေးနယ်ပယ် စာပေနယ်မှာ ထူးချွန်ထက်မြက်တဲ့ အားကျစိတ်တွေ ပေါ်လာတယ် ကျနော်က အဲဒီလိုခံယူထားတယ်။

"ဒေါ်ကြည်ဦးက အနုပညာနဲ့ပတ်သက်လို့၊ ပြီးတော့ ရသဖွဲ့စည်းမှုပါ ရေးနိုင်တာကိုး။ သမိုင်းကြောင်း ဆိုင်ရာများလည်း အင်မတန်မှတ်မိ ၊ အင်မတန်သိတဲ့ အမျိုးသမီးကြီးဗျ။ သူအများကြီးမှတ်မိတယ်၊ အများကြီးသိတယ်၊ အများကြီးတင်ပြနိုင်တယ်။ အဲ့ဒါကြောင့် သူဟာ ထူးချွန်တဲ့၊ ထက်မြက်တဲ့ ဆရာရေးဆရာမ ဖြစ်နေတယ်။ ကျနော်တို့ အသိအမှတ်ပြုရတာပေါ့။

"တချိန်တည်းမှာလည်း နိုင်ငံရေးနဲ့ပတ်သက်ရင် အင်မတန် ခိုင်မာတယ်၊ ပြတ်သားတယ်။ ပိုပြီးတော့ အံ့သြစရာကောင်းတာက သားလုပ်တဲ့လူက တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်တဲ့အခါမှာ အမေလုပ်တဲ့ ဒေါ်ကြည်ဦးဟာ သားအတွက် ဂုဏ်ယူပြီးသကာလ သားကို ထောက်ခံအားပေးတဲ့လူ တလျှောက်လုံးလုပ်ခဲ့တာ။ ဒေါ်ကြည်ဦးဟာ ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးတယောက်ဖြစ်ပါတယ်။"

ဒေါ်ကြည်ဦးရဲ့ ရက်လည်ဆွမ်းသွတ်ကို လာမယ့် ၂၆ ရက်၊ ကြာသပတေးနေ့မှာ ဆောင်ရွက်မှာပါ။

### သခင်မကြီး ဒေါ်လှကြည် (စာရေးဆရာမ ကြည်ဦး)

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် တောင်စွန်းဒေသ၌ မွေးဖွား။

မွေးချင်း ၅ ဦးအနက် အငယ်ဆုံး။

တောင်စွန်းမူလတန်းကျောင်း၌ စတင်ပညာသင်ကြား။

ဒုတိယကမ္ဘာစစ်အပြီး ရန်ကုန်သို့ပြောင်းရွှေ့ကာ ၁၉၅၁ ၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆို။

၁၉၅၂ – မြဝတီမဂ္ဂဇင်းသို့ ဝေဖန်စာရေးပို့ရာက စာပေလောကထဲ စတင်ရောက်ရှိ။

၁၉၅၃ – လူထုပညာပေးစာစောင် အယ်ဒီတာ။

မြဝတီ၊ ငွေတာရီ၊ မိုးဝေမဂ္ဂဇင်းတို့၌ စာများဆက်တိုက်ရေးသား။

မြန်မာ့ရိုးရာစကားထာ၊ ကလေးကြေးမုံ ငှက်မျိုးစုံ၊ ကလေးကြေးမုံ ပင်မျိုးစုံ၊ ရှေးထုံးစဉ်လာမြန်မာမှုများ၊ ကိုကိုတို့အရွယ်၊ မေ့ကွက်ကိုရှာ၊ အလောင်းတော်ကဿပ၊ လူဝင်စားများနှင့်တွေ့ဆုံခြင်း၊ ဗုဒ္ဓဂယာ ဓမ္မခရီး၊ ထူးဆန်းအံ့ဖွယ် ပရလောကနယ် စသည့်လုံးချင်းစာအုပ်များ ထုတ်ဝေခဲ့။

၂၀၀၉ မတ် ၂၀ ရက်၊ အသက် ၈၄ နှစ်၌ ကွယ်လွန်။ ❖

## နှုတ်ကတိသာရပြီး အသိမ်းခံရသည့်လယ်များ ပြန်မရသေး

**အေးနိုင်**

၂၀ မတ် ၂၀၀၉ – မကွေးတိုင်း အောင်လံမြို့က လယ်သမားတွေရဲ့ လယ်ယာမြေတွေကို အာဏာပိုင်တွေက ဧကထောင်ချီ သိမ်းယူခဲ့တဲ့အနက် ဧက ၁၀၀ ကျော်ကို ပြန်ပေးဖို့ နှုတ်ကတိပြုလိုက်ပေမယ့် လယ်ဖျက်ခံရသူတွေ၊ အဓမ္မခိုင်းစေခံရသူတွေရဲ့ တိုင်တန်းချက်တွေကိုတော့ အရေးမယူသေးပါဘူး။

ကာကွယ်ရေးဝန်ကြီးဌာနက အဲဒီဒေသမှာ သကြားစက်တွေထောင်ပြီး စက်ရုံမှူး ဗိုလ်မှူးတွေက ကြံစိုက်ပေးရမယ်လို့ တောင်သူတွေကိုအမိန့်ပေးခဲ့ပြီး ၂၀၀၇ မှာ လယ်မြေတွေကို သိမ်းယူခဲ့ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး သကြားစက်နှစ်ခုက စက်ရုံမှူးတွေ၊ မယကဥက္ကဋ္ဌ၊ သစ်တောဌာနနဲ့ မြေစာရင်းဦးစီးဌာနတို့က တာဝန်ရှိသူတွေကို ဒီလ ၁၁ ရက်မှာ နေပြည်တော်က ဒု–ဗိုလ်မှူးကြီးယုလွင်အောင်ဦးဆောင်တဲ့ အာဏာပိုင်တွေနဲ့ အိုင်အယ်လ်အို နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် ရန်ကုန်ရုံးတာဝန်ခံ စတိဗ်မာရှယ်တို့ ပူးတွဲအဖွဲ့က အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှာ စစ်ဆေးပါတယ်။

ကျေးရွာအုပ်စု ၂ ခုကိုလည်းသွားပြီး လယ်သမား ၁,၀၀၀ နီးပါးကို နှစ်ဖွဲ့ခွဲပြီး တွေ့ဆုံရာမှာ လယ်သမားတွေက လယ်သိမ်းခံရတဲ့ကိစ္စ၊ ကြံအတင်းစိုက်ခိုင်းတဲ့ကိစ္စ၊ လယ်တွေကို မြေတူးစက်နဲ့ ဖျက်ဆီးတဲ့ကိစ္စတွေကို တင်ပြကြပါတယ်။

နောက်တနေ့ ၁၂ ရက် မယကရုံးမှာ လယ်သမားတွေကို ဆင့်ခေါ်ပြီး သိမ်းထားတဲ့ လယ်မြေဧက ထောင်ချီအနက် စမ်းကလေးကျေးရွာအုပ်စုက လယ်သမားတွေရဲ့ လယ်မြေဧက ၁၀၀ ကျော်ကို ပြန်ပေးဖို့ ဒုဗိုလ်မှူးကြီး ယုလွင်အောင်က ဆုံးဖြတ်ပါတယ်။

ဒီလယ်တွေသိမ်းမှု၊ သီးနှံဖျက်ဆီးမှု၊ အတင်းအကျပ်ကြံစိုက်ခိုင်းမှု စတဲ့ကိစ္စတွေကို လယ်သမားတွေက အိုင်အယ်လ်အိုကို မကြာခဏတိုင်ကြားခဲ့ပြီးနောက် အခုလိုဆုံးဖြတ်ချက်ကျလာတာပါလို့ တိုင်ကြားရာမှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ လယ်သမားတဦးက ပြောပါတယ်။

"တယ်ပင်အုပ်ကျေးရွာက ရေပေါ်ကျေးရွာက တောင်သူလယ်သမားတွေနဲ့ ပတ်သက်လို့တော့ ဝါတွေအဖျက်ခံရတယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ တောင်သူလယ်သမားတွေ ဒီလိုကျူးလွန်တဲ့ ဗိုလ်မှူးကြီးတွေကို အရေးယူပေးပါလို့ ဒု–ဗိုလ်မှူးကြီး ယုလွင်အောင်ကို တင်ပြပါတယ်။ အဲ့ဒီကိစ္စနဲ့ ပတ်သက်လို့ သူ့မှာ တိုက်ရိုက်အာဏာမရှိတဲ့အတွက်တဲ့ အရေးယူဆောင်ရွက်ဖို့ကိစ္စကို နေပြည်တော်ကိုပဲ ဆက်လက်တင်ပြပါမယ်လို့ ပြောပါတယ်။"

အစစ်ဆေးခံရသူတဦးဖြစ်တဲ့ အောင်လံ မယကဥက္ကဋ္ဌ ဦးမြင့်ဝေကို ဆက်သွယ်မေးမြန်းရာမှာ ပြန်ပေးတဲ့လယ်ဧကစာရင်း အတိအကျပြောဖို့ ခက်ပါတယ်လို့ ဖြေပါတယ်။

"တိတိကျကျသိချင်ရင် တောင်သူကိုမေးရင်ရပါတယ်ဗျာ၊ သူတို့သာ မေးလိုက်ပါ။ သူတို့ ချိတ်လိုက်ရင် ရပါတယ်။ အတိအကျကတော့ ဖိုင်ထဲမှာပဲ ရှိပါတယ်ခင်ဗျ၊ ကျနော်အလွတ်မမှတ်မိဘူး။"

လယ်လုပ်ခွင့်ပြန်ပေးမယ်လို့ နှုတ်ကတိပဲရှိသေးပြီး လယ်သမားတွေလက်ကို လယ်တွေ ပြန်မရောက်သေးတာကြောင့် မြေစာရင်းဦးစီးဌာနကို ဆက်သွယ်မေးမြန်းတဲ့အခါ တာဝန်ခံဖြေကြားမယ့်သူ မရှိပါဘူး။

မနှစ်တုန်းကလည်း သိမ်းတဲ့လယ်မြေတွေထဲက ဧက ၁,၀၀၀ ကျော် ပြန်ပေးဖို့ဆိုပြီး အာဏာပိုင်တွေက ဆုံးဖြတ်ခဲ့ဖူးပေမယ့် အဲဒီလယ်မြေတွေမှာ လုပ်ကိုင်ခွင့်ရထားတဲ့ အစိုးရဝန်ထမ်းမိသားစုတွေက ဖယ်မပေးဘူးလို့ ငြင်းတာကြောင့် လယ်သမားအများအပြား အမှုရင်ဆိုင်ရပြီး ခုထိ ထွေကုန်လူပန်းဖြစ်နေတုန်းပါ။ ❖

## လေဘေးဒုက္ခသည်များက တွံတေးမြို့ ကြက်ခြေနီရုံးရှေ့၌ တောင်းဆိုဆန္ဒပြ

**နန်းခမ်းကယောက်**

၂၀ မတ် ၂၀၀၉ – ရန်ကုန်တိုင်း တွံတေးမြို့ လေဘေးသင့်ပြန်လည်ထူထောင်ရေးရုံးစိုက်ရာ ကြက်ခြေနီရုံးရှေ့မှာ လေဘေးဒုက္ခသည် ၂၀ ကျော်က ဒီနေ့ စတင်ဆန္ဒပြပါတယ်။

၂၀၀၈ နာဂစ်မုန်တိုင်းဘေးကြောင့် ပျက်စီးသွားတဲ့နေအိမ်တွေအစား ကျပ် ၄ သိန်းတန်အိမ်တွေ ပြန်ဆောက်ပေးမယ်လို့ ကြက်ခြေနီအသင်းနဲ့ အာဏာပိုင်တွေက ဒီလ ၁၄ ရက်မှာ ဇီးဖြူကုန်းနဲ့ အောင်စေတီရွာတို့မှာ စာရင်းကောက်သွားပေမယ့် လေဘေးသင့်သူတွေကို ချန်ထားပြီး အာဏာပိုင်တွေနဲ့ နီးစပ်သူတွေကိုပဲ လုပ်ပေးတာကြောင့် တောင်းဆိုတာလို့ ဆန္ဒပြသူတဦးက ပြောပါတယ်။

"ကျေးရွာမှာရှိတဲ့ ကော်မတီတွေက သူတို့လူတွေကိုပဲ သူတို့ကောက်လိုက်တယ်။ ကျနော်တို့ဟာဆိုရင် အိမ်ယာကွက်တွေရှိရက်သားနဲ့ ကျနော်တို့ကို မေးမြန်းခြင်းလည်းမပြုပါဘူး။ အဲ့ဒါကို မြို့ပေါ်ရှိ ကြက်ခြေနီများသိအောင် ရုံးရှေ့မှာ အစာငတ်ခံပြီးတော့ ကျနော်တို့ရဲ့အိမ်ရရှိရေးကို တောင်းဆိုနေကြတယ်။"

အသက် ၆၈ နှစ်အရွယ် ဆန္ဒပြသူနောက်တဦးက "နေစရာထိုင်စရာ မရှိလို့ကို လာတောင်းတာပါ၊ စားစရာသောက်စရာလည်း မရှိဘူး" လို့ ပြောပါတယ်။

"အစာငတ်ခံပြီးတော့ ဆန္ဒလာပြတာ၊ ၁၀ နာရီကနေ အခုချိန်ထိ မပြန်သေးပါဘူး၊ ဖမ်းရင်လည်း ဖမ်းလိုက်တော့။ အမေကြီးလည်း အသက်ကြီးနေပြီ။ သေမှာလည်း မကြောက်တော့ဘူး။ အခုနေရတာလည်း ဒုက္ခရောက်၊ စားရမဲ့သောက်ရမဲ့နဲ့ အိမ်တိုင်ကြီးလည်း ဒီအတိုင်းပဲ။"

ဆန္ဒပြသူတွေထဲမှာ အသက် ၃၀ ကနေ ၇၀ နှစ်ထိအရွယ်တွေ ပါဝင်ပြီး အမျိုးသမီး ၈ ဦးနဲ့ အမျိုးသား ၁၄ ဦးပါ။

ဆန္ဒပြသူတွေကို တွံတေးမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် လူငယ် ၂၀ ကျော်က ဝန်းရံကာကွယ်ပေးတယ်လို့ အဖွဲ့ချုပ်လူငယ် ကိုရဲထွတ်ခေါင်က ပြောပါတယ်။

ဆန္ဒပြနေသူတွေကို ညနေ ၃ နာရီ လောက်မှာ ကြက်ခြေနီတာဝန်ရှိသူက ဆဲဆိုကြိမ်းမောင်းပြီးနောက် ညနေ ၄ နာရီလောက်မှာ ကြက်ခြေနီအသင်း တာဝန်ရှိသူက ဆန္ဒပြသူတွေကို ခေါ်ယူစစ်ဆေးတယ်လို့ ပြောပါတယ်။

အဲဒီနောက် ရန်ကုန်တိုင်း ကြက်ခြေနီအသင်း တာဝန်ရှိသူတွေ ရောက်လာပြီး ဆန္ဒပြသူတွေကို တွေ့ဆုံဆွေးနွေးရာမှာ ဆန္ဒပြသူတွေက သူတို့တောင်းဆိုထားတဲ့ "အကူညီရရှိရေး– အိုးအိမ်ပြန်လည်တည်ဆောက်ရေး"အတွက် မနက်ဖြန်မှာ ဆက်ပြီးဆန္ဒပြကြမယ်လို့ ပြောလိုက်ကြပါတယ်။ ❖

## မုန်တိုင်းဘေးသင့်ဒေသ၌ သောက်သုံးရေမကောင်း၍ ရောဂါဆိုးဖြစ်ပွားနိုင်

**နန်းခမ်းကယောက်**

၂၀ မတ် ၂၀၀၉ – နာဂစ်မုန်တိုင်းကြောင့် ပင်လယ်ဆားငန်ရေဝင်မှု၊ ကန်တွေ မသန့်ရှင်းမှုတို့ကြောင့် ပင်လယ်နဲ့နီးတဲ့ ဘိုကလေး၊ မော်လမြိုင်ကျွန်းနဲ့ လပွတ္တာမြို့နယ်တို့ရှိ ရွာပေါင်း ၈၀ လောက်မှာ သောက်သုံးရေ အခက်ကြုံနေကြတယ်လို့ ဒေသခံတွေက ပြောပါတယ်။

တချို့ရွာတွေမှာ ရေဝတီမြစ်ကို လှေတွေနဲ့ တနာရီကြာဖြတ်ပြီး သောက်ရေသွားခပ်ရပြီး  မသွားနိုင်သူတွေကတော့ ရေမစည်ကို ကျပ် ၁,၀၀၀ နဲ့ ဝယ်ရတာတွေရှိတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

"မြို့ပေါ် မြစ်ရေချိုနေရာ တွေကို တက်ခပ်တာပေ့ါ၊ မခပ်နိုင်တဲ့လူတွေကျတော့လည်း စက်လှေတွေ မရှိတဲ့တော့လည်း ရွာမှာလာရောင်းကြတဲ့ဥစ္စာ ဝယ်သုံးကြရတာပေ့ါ။"

အန်ဂျီအိုတွေက သောက်သုံးရေရရေး ကူညီနေပေမယ့် မလုံလောက်ဘူးလို့လည်း ပြောပါတယ်။

"အခု ပြင်သစ်ကြက်ခြေနီပေ့ါနော်၊ အဲဒီနေရာတွေ အဲဒီလိုအဖွဲ့အစည်းတွေက ရေသန့်စက်ရုံလေးတွေ လိုက်တည်ထားပေးတယ်၊ အဝီစိတွင်းရှိတဲ့နေရာတော့ မဟုတ်ဘူးပေ့ါ၊ ကမ်းစပ်ပေ့ါ၊ မြစ်ရေ လာပြီးသယ်လို့ပြုလို့ လွယ်တဲ့နေရာလေးတွေမှာ မြစ်ရေတွေကိုပဲ ရေသန့်လုပ်ပြီးတော့ ပြန်ချပေးတာပေ့ါနော်။ ပြည်တွင်း အန်ဂျီအိုအဖွဲ့တွေ တချို့ကျတော့လည်း ရေတွေဆင်းပြီးလှူတယ်လေ ရေတွင်းတွေ ဆင်းတူးပေးတယ်၊ ကန်တွေလုပ်ပေးတယ်၊ လုံလောက်မှုရယ်လို့တော့ မရှိဘူးပေ့ါ။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့   နာဂစ်ကူညီကယ်ဆယ်ရေးကော်မတီက လပွတ္တာမြို့အောက်ပိုင်း ရွာ ၆၀ လောက်မှာ ရေတွင်းရေကန် ၁၀၀ ကျော်ကို မနှစ်က သန့်ရှင်းပေးနိုင်ခဲ့ပြီး  အကူအညီတွေ  ထပ်လိုနေသေးတယ်လို့  ကော်မတီဥက္ကဋ္ဌ ဦးအုန်းကြိုင်က ပြောပါတယ်။

"လပွတ္တာကလေ  သူ့ရဲ့သဘာဝကိုက  ဒီလိုအချိန်ကျရင်  အရင်နှစ်တွေကလည်း သူကရေရှားတယ်ဗျ၊ ပင်လယ်ရေငန်ဒေသဆိုတော့ မြစ်ရေတွေ ချောင်းရေတွေက  သုံးဖို့ပဲရတယ်၊ သုံးဖို့လည်းမကောင်းဘူးပေ့ါ၊ သောက်လို့ကတော့ လုံးဝမရဘူး၊ နွေတိုင်ကျပြီရင် အရင်တုန်းကတော့ ရေကန်တွေအားကိုးရတယ်၊ အဲဒီကနေ မိုးရေခံထားတဲ့  ရေကန်တွေကနေ  သောက်ရေသုံးရတယ်။  အဲဒီလို  မိုးရေတွေခံထားပြီးတော့သုံးတဲ့ ကန်ကြီးတွေ အများကြီးရှိတယ်။ ဒါပေမဲ့ နာဂစ်မှာ အဲ့ဒီကန်တွေ အကုန်လုံးက ရေငန်တွေဝင်သွားတယ်။ ပစ္စည်းအပျက်အစီးတို့ အသေကောင်တွေ ကန်ထဲကိုရောက်ကုန်တယ်၊ ညစ်ပတ်ကုန်တယ်။"

မနှစ်  မေလ  နာဂစ်လေမုန်တိုင်းကြောင့်   ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းတို့မှာ လူပေါင်း တသိန်းကျော် သေဆုံးပျောက်ဆုံးပါတယ်။ ဘိုကလေးနဲ့ လပွတ္တာမြို့နယ်တို့မှာ မုန်တိုင်းဒဏ် ဆိုးဆိုး ရွားရွားခံစားလိုက်ရပြီး ဆည်မြောင်းကန်ချောင်းတွေမှာ  ပင်လယ်ဆားငန်ရေဝင်ကုန်ပါတယ်၊  ကျွဲနွားတွေ သေဆုံးလို့ ရေတွေညစ်ညမ်းကုန်တာကြောင့် ဝမ်းရောဂါ စတဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေ  ကြုံနေရတုန်းပဲလို့ လပွတ္တာမြို့နယ်က ဆရာဝန် ဒေါက်တာအေးကြူက ပြောပါတယ်။

"ဒီမနက်တောင် ဆရာ့ဆီ လူနာတွေ လာသေးတယ်။ အရင်တုန်းက သုံးမိုင်ခွန်း ငါးမိုင်ခွန်းပို့ထားတဲ့ ပိန္နဲတောင်ရွာသစ်စခန်း မနက်က လူနာကောင်လေးလာတယ်  အန်ပြီးတော့  ဝမ်းသွားနေတယ်။  သုံးရေကတော့  သူတို့နားမှာရှိတဲ့ မြောင်းတွေထဲကနေ ခပ်ပြီးတော့သုံးနေရတယ်၊ သောက်ရေကတော့ တွင်းတွေလိုက်ရှာရတာပေ့ါ အဲဒီဘက်မှာ ရေတွင်းတွေ့ဖို့ ရှားတယ်။ ကုန်းပိုင်း၊ လပွတ္တာနောက်ကျော မြောင်းမြကမ်းနားမှာ အဲ့ဒီစခန်းနားမှာ သောက်ရေရှားလို့ ဟိုတွင်းလိုက်ရှာ ဒီတွင်းလိုက်ရှာ လိုက်ရှာရတာ။"

ရေရှားပါးမှုကြောင့် လွန်ခဲ့တဲ့ ၇ နှစ်က ဝမ်းရောဂါကပ် ဖြစ်ပွားဖူးတဲ့ လပွတ္တာမြို့နယ်မှာ သာမန် ဝမ်းပျက်ဝမ်းလျှောကနေ ကာလဝမ်း စတဲ့ ကပ်ရောဂါဘေးအထိ ဖြစ်သွားနိုင်တာကြောင့် ကြိုတင်ကာကွယ် ကူညီသင့်ပါတယ်လို့လည်း ဒေါက်တာအေးကြူက ပြောပါတယ်။ ❖

## မစုစုနွေး၏ ကျန်းမာရေး စိုးရိမ်ဖွယ်ရှိ

**ရိုမေအောင်**

၂၀ မတ် ၂၀၀၉ – လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေး စစ်ကိုင်းတိုင်း ကလေးမြို့ ထောင်ထဲမှာ လမ်းမလျှောက် နိုင်တော့တဲ့အထိ ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်းသိရလို့ လာမယ့်တနင်္လာနေ့မှာ အမြန်ဆုံးသွားတွေ့ဖို့ ပြင်ဆင်ထားတယ်လို့ သူ့အစ်မ မဌေးဌေးကြည်က ပြောပါတယ်။

လမ်းမလျှောက်နိုင်တော့တဲ့ မစုစုနွေးကို ထောင်ဝန်ထမ်းတွေက ပွေ့ချီသွားရတာ တွေ့ခဲ့ရတယ်လို့ အဲဒီထောင်မှာ အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားကိုရန်ရှေကို ထောင်ဝင်စာသွားတွေ့တဲ့ ဖခင် ဦးကြီးရှေက ပြောပါတယ်။

"ကျနော်တို့သားအဖ စကားပြောနေတုန်း နောက်ကြောင်းကနေ စုစုနွေးပွေ့ပြီးတွဲသွားတော့ 'အဖေ ဟိုမှာ စုစုနွေး' ဆိုလို့ လှည့်ကြည့်လိုက်တော့ တဖက်ခြမ်းက မိန်းမဆောင်ပေ့ါ၊ ပွေ့ပြီးတွဲသွားတာပဲ … ထောင်ဝတ်စုံနဲ့ မဟုတ်ဘူး၊ ရိုးရိုးအဝတ်အစားနဲ့ပဲ၊ အပြင်ကနေ အထဲကိုသွင်းတာ သူတို့ ဘယ်ကနေလာတယ်ဆိုတာ ကျနော်လည်း မသိဘူး။"

ဖေဖော်ဝါရီ ၂၀ ရက်တုန်းက မစုစုနွေး ရုတ်တရက် သတိလစ်မေ့သွား သေးတယ်လို့လည်း မဌေးဌေးကြည်က ပြောပါတယ်။

မွေးရာပါ နှလုံးကြီးပြီး ခွဲစိတ်ဖို့လိုခဲ့ပေမယ့် မစုစုနွေးဟာ လူ့အခွင့်အရေး နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ အလုပ်များနေခဲ့တယ်လို့ မဌေးဌေးကြည်က ပြောပါတယ်။

လူ့အခွင့်အရေးလှုပ်ရှားသူ  မစုစုနွေးကို  ၂၀၀၇  ရွှေဝါရောင်  သံဃာ့လှုပ်ရှားမှုအပြီး နိုဝင်ဘာမှာ စစ်အစိုးရဆန့်ကျင်ရေး ပိုစတာကပ်မှုကြောင့် အာဏာပိုင်တွေက ဖမ်းဆီးပြီး ၂၀၀၈ နိုဝင်ဘာမှာ ရန်ကုန်တိုင်းတရား ရုံးက ပုဒ်မ ၆ ခုနဲ့ ထောင်ဒဏ် ၁၂ နှစ် ချမှတ်ပြီး ကလေးမြို့ထောင်ကို ပြောင်းရွှေ့ပါတယ်။

ဒီနှစ် ဖေဖော်ဝါရီမှာ ထောင်ဒဏ် ၄ နှစ် လျှော့ပေးတာကြောင့် ထောင်ဒဏ် ၈ နှစ် ကျန်ရှိပါတယ်။ ❖

## ထိုင်းနိုင်ငံခြားရေးဝန်ကြီး မြန်မာစစ်အစိုးရထံ သွားရောက်မည်

**ထက်အောင်ကျော်**

၂၁ မတ် ၂၀၀၉ – လှေစီးပြေး ရိုဟင်ဂျာဒုက္ခသည်ကိစ္စအပါဝင် နှစ်နိုင်ငံပြဿနာတွေ ဆွေးနွေးဖို့အတွက် ထိုင်းနိုင်ငံခြားရေးဝန်ကြီး နေပြည်တော်ကို မနက်ဖြန်သွားမယ်လို့ ထိုင်းအစိုးရက သတင်းထုတ်ပြန်ပါတယ်။

ကာဆစ်ရဲ့ ၂ ရက်ခရီးစဉ်မှာ နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းတို့နဲ့ တွေ့ဆုံဆွေးနွေးရာမှာ ထိုင်းတောင်ပိုင်းကမ်းခြေရောက် လှေစီးပြေး ရိုဟင်ဂျာဒုက္ခသည်ကိစ္စ၊ တရားမဝင်အလုပ်သမားကိစ္စ၊ လူမှောင်ခို၊ မူးယစ်ဆေးဝါးနဲ့ နယ်စပ်ပြဿနာတို့ ပါဝင်မယ်လို့ ထိုင်းအစိုးရကြေညာချက်မှာ ဖော်ပြပါတယ်။

ထိုင်းနဲ့ မြန်မာ နယ်စပ်ချင်း ကီလိုမီတာ ၂,၀၀၀ ကျော် ထိစပ်နေပြီး နယ်စပ်ကတဆင့် ထိုင်းနိုင်ငံထဲ တရားမဝင် ဝင်ရောက်တဲ့ မြန်မာအလုပ်သမား ၂ သန်းကျော်၊ စစ်ပြေးဒုက္ခသည် တသိန်းကျော်နဲ့ တခြား နယ်စပ်ဖြတ်ပြဿနာတွေ အများအပြားရှိနေတယ်လို့ အေဂျင်စီသတင်းတွေမှာ ဖော်ပြပါတယ်။ ❖

## လားရှိုးနှင့် မန္တလေးတို့တွင် ပြည့်တန်ဆာများ၌ အိတ်ချ်အိုင်ဗီ ကူးစက်သူများ

**သူရိန်စိုး**

၂၁ မတ် ၂၀၀၉ – လားရှိုးနဲ့ မန္တလေးမြို့တို့က ပြည့်တန်ဆာအမျိုးသမီးတွေမှာ အိတ်ချ်အိုင်ဗီ အများဆုံးတွေ့ရှိတယ်လို့ ကျန်းမာရေးစစ်တမ်းကောက်တဲ့ လူမှုဝန်ထမ်းတွေနဲ့ နီးစပ်သူတဦးက ပြောပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ နအဖ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး National AIDS Program ခုံအားကျရောဂါ တိုက်ဖျက်ရေး အမျိုးသားစီမံချက်အရ စစ်တမ်းကောက်ရာမှာ ဒီလိုတွေ့ရှိတာလို့ စစ်တမ်းကောက်ယူရာမှာပါဝင်တဲ့ လူမှုဝန်ထမ်းတွေနဲ့ နီးစပ်သူ မန္တလေးသားတဦးက ပြောပါတယ်။

ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ မုံရွာ၊ တောင်ကြီး စတဲ့မြို့ကြီးတွေက ပြည့်တန်ဆာ အမျိုးသမီးတွေနဲ့ မူးယစ်ဆေးထိုးရာမှာ ဆေးထိုးအပ်သုံးသူတွေကို ၂ လကြာ စစ်တမ်းကောက်တာလို့ ဆိုပါတယ်။

လူမှုဝန်ထမ်းတွေက စစ်တမ်းကောက်ရာမှာ မန္တလေးက လမ်းမတွေပေါ်မှာ တွေ့ရတဲ့ ပြည့်တန်ဆာတွေနဲ့ ပြည့်တန်ဆာအိမ်တွေ၊ တည်းခိုခန်းတွေရှိ ပြည့်တန်ဆာအမျိုးသမီးတွေ ပါဝင်တယ်လို့ ပြောပါတယ်။

ကူးစက်နှုန်းလျော့ကျအောင် ဆောင်ရွက်မယ့် အစီအစဉ်တွေတော့ မရှိသေးဘူးလို့ စစ်တမ်းကောက်သူတွေနဲ့ နီးစပ်သူက ပြောပါတယ်။

မန္တလေးမှာ စားသောက်ဆိုင်၊ ဟိုတယ်၊ အနှိပ်ခန်း စတဲ့နေရာတချို့ဟာ ပြည့်တန်ဆာလုပ်ငန်းနေရာတွေ ဖြစ်နေတာ တွေ့ရတယ်လို့ ဒေသခံ စာရေးဆရာတဦးက ပြောပါတယ်။

"ရိုးရိုးအနှိပ်ခန်းတွေရှိတယ်၊ ငွေးရင် ၅,၀၀၀ လောက်ရှိမယ်။ တဆင့်ကျော်လာရင် တသောင်းနှစ်သောင်းအထက် ရှိတယ်။ ကာရာအိုကေ နောက်ထွက်တာတွေလည်း အများကြီး။ အခန်းထဲမှာ နှစ်ယောက်တည်း ဆိုလို့ကြည့်လို့ရတာတွေ ရှိတယ်။ အဲဒီလိုအခန်းတွေထဲမှာ မိန်းကလေးတယောက်ကို ခေါ်လိုက်မယ်ဆိုရင် ပွင့်ပွင့်လင်းလင်းပြောမယ်ဆိုရင် ဖက်ရမ်းပြီးတော့ သီချင်းအတူတူဆိုမယ်၊ အဲ့ဒီအထဲမှာပဲ ရေချိုးခန်းတွေ အိမ်သာတွေ ရှိတယ်၊ နောက်တဆင့် တက်ချင်ရင်လည်း တက်မှာပေါ့ဗျာ။"

မန္တလေးမြို့မှာ နိုင်ငံတကာ အန်ဂျီအိုတွေ၊ အိတ်ချ်အိုင်ဗွီကူးစက်ထား သူတွေနဲ့ စုစည်း ဖွဲ့စည်းထားတဲ့ အဖွဲ့တွေအပါအဝင် လင်းရောင်ခြည်၊ ဂွန်းဗလီ၊ ရတနာ့မေတ္တာ စတဲ့လူမှုရေးအဖွဲ့တွေက အိတ်ချ်အိုင်ဗီ–အေ့ဒ်စ် ကာကွယ်ရေးလုပ်ငန်းနဲ့ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတယ်လို့ စုံစမ်းသိရှိရပါတယ်။ ❖

## ကုန်ဈေးနှုန်း၊ ငွေလဲနှုန်း၊ နယ်စပ်ကုန်သွယ်ရေး

**နေဉ်နီရင်း**

၂၀ မတ် ၂၀၀၉ – ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် နိုင်ငံတကာမှာ ရင်းနှီးမြှုပ်နှံမှုတွေ ကျဆင်းနေပေမဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု နှစ်ဆအထိ တိုးလာတယ်လို့ တရုတ် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်ပါတယ်။

ဒီနှစ်မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ကျပ် ၉၇၄ သန်း ရှိပြီး မနှစ်ကထက် နှစ်ဆ များလာတယ်လို့ ဆိုပါတယ်။ အများဆုံး ရင်းနှီးလုပ်ကိုင်နေတဲ့နိုင်ငံကတော့ တရုတ်ဖြစ်ပြီး ဓာတ်သတ္တုနဲ့ သဘာဝဓာတ်ငွေ့ တူးဖော်ရေးတွေမှာပဲ အများဆုံးလို့ ဆိုပါတယ်။

ရန်ကုန်မြို့မှာတော့ တိုက်ခန်း အိမ်ယာ ငှားနိုင်ဝယ်နိုင်သူတွေ နည်းလာလို့ ဆောက်လုပ်ရေး ကုမ္ပဏီတွေက အဆောက်အဦသစ်တွေ ထပ်မဆောက်နိုင်တော့ ဘဲ ဘိလပ်မြေ အပါအဝင် ဆောက်လုပ်ရေးပစ္စည်းတွေလည်း ဝယ်လိုအားနည်းပြီး ဈေးတွေထိုးကျနေပါတယ်။

ရောင်းအားကျသွားတဲ့အထဲမှာ လက်ဖက်လည်း ပါဝင်နေပါတယ်။ လက် ဖက်လုပ်ငန်း ၄၃ ခုက ထုတ်လုပ်တဲ့ လက်ဖက်သားတွေမှာ တားမြစ်ဆိုးဆေး သုံး ထားလို့ ကျန်းမာရေးကို ထိခိုက်စေနိုင်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်ပြီးနောက်ပိုင်း ရောင်းအားကျလာတာပါ။

တားမြစ်ဆိုးဆေးတွေပါတဲ့ လက်ဖက်တွေကို ပြန်သိမ်းဖို့ ဆေးဝါးနှင့်အစား အစာ ကွပ်ကဲရေးဌာနက ညွှန်ကြားထားတယ်လို့ ရန်ကုန် စံပြဈေးက လက်ဖက် သည်တဦးက ပြောပါတယ်။

### အခြေခံစားကုန်များ

ဆန် – ပေါ်ဆန်းမွှေး(ရှယ်) တပြည် ၁,၁၀၀ ကျပ်၊ ဧည့်မထ ၆၀၀။

စားဆီ – ပဲဆီတပိဿာ ၂,၆၀၀ ကျပ်၊ အရောဆီ ၂,၄၀၀၊ စားအုန်းဆီ ၁,၇၀၀။

ကြက်သွန် – အနီ တပိဿာ ၆၀၀ ကျပ်၊ အဖြူ ၈၀၀၊ အာလူး ၇၅၀၊ ကုလားပဲ ၉၅၀၊ အိုင်အိုဒင်းဆားတထုပ် ၂၅၀။

သင်္ကြန်နီးလာလို့ စားကုန်တွေ ဈေးနည်းနည်းတက်ပါတယ်။

ဆားတပိဿာ ၄၀၀ ကျပ်ကနေ ၄၅၀ အထိ တက်သွားပါတယ်။ ဆားထွက် ရာ ဧရာဝတီတိုင်းဘက်မှာ မိုးရွာ ရေလွှမ်းလိုက်လို့ ဆားဈေးတက်တာလို့ ရန်ကုန် က ဈေးသည်တယောက်က ပြောပါတယ်။

### လောင်စာဆီ

အပြင်ပေါက်ဈေးမှာ ဓာတ်ဆီတဂါလံ ကျပ် ၃,၀၀၀၊ ဒီဇယ် ၁,၈၀၀။

### ငွေလဲနှုန်း

အမေရိကန် တဒေါ်လာ – ၁,၀၇၀ ကျပ်
တရုတ် တယွမ် – ၁၅၃ ကျပ်
ထိုင်း တဘတ် – ၂၇ ကျပ် ၈၅ ပြား
အိန္ဒိယ တရူပီး – ၂၀ ကျပ်
ဘင်္ဂလားဒေ့ရှ် တတာကာ – ၁၄ ကျပ် ပြား ၇၀
အက်ဖ်အိုင်စီ တယူနစ် – ၁,၀၁၅ ကျပ်

### ရွှေ

အခေါက်ရွှေ တကျပ်သား ၅၀၇,၀၀၀ ကျပ်၊ ၁၅ ပဲရည် ၄၈၀,၀၀၀။

### နယ်စပ်ကုန်သွယ်ရေး

ထိုင်းနယ်စပ်(မြဝတီ–မဲဆောက်) – မြန်မာငွေဈေး နည်းနည်း ပြန်တက်လာပြီး ငွေဈေးကွက် မငြိမ်သေးလို့ ကုန်သည်တွေ အရောင်းအဝယ် သိပ်မလုပ်ကြသေးပါ ဘူးလို့ နယ်စပ်ကုန်သည်တွေက ပြောပါတယ်။

တရုတ်နယ်စပ် (မူဆယ်–ကြယ်ခေါင်) – မြန်မာဘက်က စားကုန်သီးနှံတချို့နဲ့ စိုက် ပျိုးရေးထွက်ကုန်တွေ ပုံမှန်တင်ပို့နေပြီး တရုတ်ဘက်က ဓာတ်မြေသြဇာ၊ ဆောက် လုပ်ရေးပစ္စည်း၊ ဒီဗွီဒီပြစက်၊ မိုဘိုင်းဖုန်းဟန်းဆက်၊ အမ်ပီသရီး၊ အမ်ပီဖိုးနဲ့ ဆိုင်ကယ်တွေ နည်းနည်း တင်သွင်းနေပါတယ်။

အိန္ဒိယနယ်စပ် (မိုးရေး–တမူး) – မြန်မာဘက်က ကွမ်းသီးတွေ တင်ပို့နေပါတယ်။ တရုတ်လုပ် မိုဘိုးဖုန်းဟန်းဆက်နဲ့ မော်တော်ဆိုင်ကယ်တွေ အရောင်းအဝယ်ဖြစ်နေ ပါတယ်။

ဘင်္ဂလာဒေ့ရှ်နယ်စပ် (ဘူးသီးတောင်–မောင်းတော) – မြန်မာဘက်က သံဆူးကြိုးကာဖို့ ပြင်ဆင်နေတာကြောင့် ကုန်သွယ်မှု ရပ်လုနီးပါးဖြစ်နေပါတယ်။ ❖

## လယ်ဧက ၂၀၀၀ ကျော်ပြန်ရ – လယ်သမားနှင့် အိုင်အယ်လ်အိုတို့၏ အောင်မြင်မှု

**ထက်အောင်ကျော်**

၂၁ မတ် ၂၀၀၉ – အောင်လံနယ်က လယ်သမားတချို့ အာဏာပိုင်တွေဆီက လယ်တွေ ပြန်ရတာဟာ ထူးခြားတဲ့ အောင်မြင်မှုဖြစ်ပြီး အလားတူ နစ်နာမှု ကြုံရသူတွေ ရဲရဲဝံ့ဝံ့ တိုင်ကြပါလို့ အိုင်အယ်လ်အို နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် ရန်ကုန်ရုံးခွဲ တာဝန်ခံ စတိဗ် မာရှယ်က တိုက်တွန်းပြောကြားပါတယ်။

အာဏာပိုင်တွေက သိမ်းခဲ့တဲ့ လယ်မြေတွေအနက် အောင်လံမြို့နယ် ကျေးရွာအုပ်စုတချို့က လယ်သမားတွေရဲ့ လယ်မြေ ဧက ၂,၀၀၀ ကျော်ကို ပြန်ပေးမယ်လို့ အရင်ရက်သတ္တပတ်တုန်းက နှုတ်ကတိပေးလာတဲ့အထိ ဖြစ်မြောက်လာအောင် စတိဗ် မာရှယ်က ကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။

"လယ်သမားတွေ အစဉ်အလာရ စပါးစိုက်နေတဲ့လယ်မြေမှာ အာဏာပိုင်တွေက ကြံအတင်းစိုက်ခိုင်းရာက ပြဿနာစတာပါ။ ဒီကိစ္စကို မနှစ်က မေလကကတည်းက လယ်သမားတွေက တိုင်ကြားထားပေမယ့် အဲဒီဒေသကို ကျနော်တို့ သွားခွင့်မရတာကြောင့် အကြာကြီး ဆိုင်းငံ့ထားခဲ့ရပါတယ်" မစ္စတာမာရှယ်က ရှင်းပြပါတယ်။

"ဒေသခံအာဏာပိုင်တွေနဲ့ရော၊ အစိုးရတာဝန်ရှိသူတွေနဲ့ပါ အပြုသဘောအပြန်အလှန်ဆွေးနွေးပြီး ဒီလိုသ ဘောတူညီမှု ရလာတာပါ။ လယ်မြေ ဧက ၂,၀၀၃ ဧကကို ပြန်ပေးဖို့ သဘောတူတဲ့အပြင် လယ်သမားတွေ စိုက်ချင်တဲ့သီးနှံ စိုက်ခွင့်ရဖို့လည်း သဘောတူခဲ့ပါတယ်။

"ဒါဟာ သိသာထင်ရှားတဲ့ တိုးတက်မှုပါပဲ။ အစိုးရနဲ့ ကျနော်တို့ သဘောတူထားတဲ့အချက်တွေကို လက်တွေ့ အကောင်ထည်ဖော်နိုင်ပြီဆိုတဲ့ သင်္ကေတလည်း ဖြစ်ပါတယ်။"

ဒါဟာ တတိယအကြိမ်မြောက် လယ်သမားတွေဘက်က အောင်မြင်မှုလို့ မစ္စတာမာရှယ်က ပြောပါတယ်။ အရင်အောင်မြင်မှု ၂ ခုနဲ့ပတ်သက်လို့တော့ ဘယ်နေရာလဲ စတဲ့ အသေးစိတ်ကိုတော့ မပြောပါဘူး။

စတိဗ် မာရှယ်ဟာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အိုင်အယ်လ်အို အုပ်ချုပ်ရေးအဖွဲ့ ညီလာလာခံကို ရောက်နေပြီး မြန်မာနိုင်ငံက နောက်ဆုံးအခြေနေတွေကို အစီရင်ခံစာ တင်သွင်းနေပါတယ်။

မြန်မာနိုင်ငံကိစ္စကို လာမဲ့သီတင်းပတ် ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးမှာဖြစ်ပြီး ပြီးခဲ့တဲ့နှစ်အတွင်း တိုးတက်မှု အခြေနေတွေကို တင်ပြထားတယ်လို့ စတိဗ် မာရှယ်က ပြောပါတယ်။

ထောင်ဒဏ် ၄ နှစ်ချမှတ်ခံရတဲ့ ရှေ့နေ ဦးဖိုးဖြူ အပါအဝင် အိုင်အယ်လ်အိုနဲ့ ဆက်စပ်ပြီး အဖမ်းခံရသူ အနည်းဆုံး ၆ ဦးရှိနေပြီး ဒီလူတွေလွတ်မြောက်ရေးအတွက် ဗုဒ္ဓဟူးနေ့အစည်းဝေးမှာ ထည့်သွင်းဆွေးနွေးမယ်လို့ မစ္စတာမာရှယ်က ပြောပါတယ်။

အဓမ္မလုပ်အားပေး ခိုင်းစေမှု စတဲ့တိုင်စာတွေ အခုထိ လက်ခံရရှိနေတုန်းဖြစ်ပြီး ၁၃၉ စောင် ရှိပြီလို့ ဆိုပါတယ်။

"လုပ်အားပေးခိုင်းစေမှု၊ လယ်ယာမြေသိမ်းဆည်းမှု၊ အသက်မပြည့်သေးသူတွေကို စစ်တပ်ထဲသွင်း မှု၊ စစ်တပ်အတွက် ပေါ်တာခိုင်းစေမှုတွေဟာ မြန်မာနိုင်ငံ တည်ဆဲဥပဒေအရ တရားမဝင်တဲ့အလုပ်ပဲဆိုတာ ပြည်သူတွေ သိဖို့လိုပါတယ်။

"ကိုယ်တိုင်ခံရလို့ဖြစ်ဖြစ်၊ သူများခံရတာကို မြင်ရ ကြားရလို့ပဲဖြစ်ဖြစ်၊ အိုင်အယ်လ်အိုကို အမြန် ဆုံးတိုင်ဖို့ လိုပါတယ်။ အဲဒီလိုမှ တိုင်စာမလာဘူးဆိုရင်တော့ အိုင်အယ်လ်အိုဘက်က စုံစမ်းအရေးယူဖို့ ခက်ပါတယ်။ ဒါကြောင့် လုပ်အားပေး ပပျောက်ရေးဆိုတာ အိုင်အယ်လ်အိုဘက်က အရေးယူတာအပြင် ပြည်သူတွေဘက်ကလည်း ဘယ်လောက်အထိ တိုင်ကြားရဲသလဲဆိုတာက ပိုအရေးကြီးပါတယ်။" ❖

## တနင်္ဂနွေသတင်းအစီစဉ် – အဖိနှိပ်ခံ လယ်သမားတို့၏ အောင်မြင်မှုမှသည် ---

**ထက်အောင်ကျော်**

၂၂ မတ် ၂၀၀၉ – မကွေးတိုင်း အောင်လံမြို့နယ် စမ်းကလေး–ကျောင်းစု ကျေးရွာအုပ်စုဒေသမှာ လုပ်အားပေးခိုင်းစေမှု၊ လယ်ယာမြေအသိမ်းခံရမှုတွေနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ပြေလည်မှုတချို့ ရသွားပါတယ်။

ကျေးရွာအုပ်စု ၁၀ ခုကျော်က လယ်မြေဧက ၂,၀၀၀ ကျော်ကို အာဏာပိုင်တွေက သိမ်းခဲ့တာ ၂ နှစ်ကျော်ပြီးနောက် အိုင်အယ်အို နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ရဲ့ ကြားဝင်ဖြေရှင်းပေးမှုကြောင့် ပြန်လည်ရရှိတဲ့ ဒီအောင်မြင်မှုဟာ အိုင်အယ်လ်အိုရဲ့ မြန်မာနိုင်ငံမှာ ၁၀ နှစ်ကျော် တာဝန်ယူခဲ့တဲ့ ကာလအတွင်း အထူးခြားဆုံးအောင်မြင်မှုဖြစ်တဲ့အပြင် လယ်သမားတွေ၊ အဖိနှိပ်ခံပြည်သူတွေအတွက် ထူးခြားတဲ့အောင်မြင်မှုတခုလည်းဖြစ်ပါတယ်။

စစ်အစိုးရလက်ထက် ဖိနှိပ်မှုအောက်မှာ တောက်လျှောက် ကြောက်ရွံ့နေရတဲ့ ပြည်သူတွေက စမ်းကလေး–ကျောင်းစုက လယ်သမားတွေလို အိုင်အယ်လ်အိုကို တိုင်ရဲကြပဲ့မလား။ ဒီအောင်မြင်မှုက တခြားနယ်က လယ်သမားတွေဆီကိုရောခွန်အားအဖြစ် သွေးကူးသွားနိုင်ပါသလား ...။

### အောင်မြင်မှုနောက်ကွယ်က ပေးဆပ်ခဲ့သူများ

– လယ်အသိမ်းခံရတဲ့ ၂ နှစ်ကျော်အတွင်း လယ်သမားတွေ ဒုက္ခရောက်ခဲ့ရပါတယ်။

– အိုင်အယ်လ်အိုကို တိုင်ကြားပေးမှုနဲ့ဆက်စပ်ပြီး အောင်လံဒေသခံ ကိုဇော်ဌေးကို အာဏာပိုင်တွေက ဖမ်းထားတုန်းပါ။

– နတ်မောက်နယ်က လယ်ယာမြေအ သိမ်းခံရမှုကို လိုက်ပါဆောင်ရွက်ပေးတဲ့ ရှေ့နေ ဦးဖိုးဖြိုးကို အာဏာပိုင်တွေက ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် ၄ နှစ် စီရင်ချက်ချထားပါတယ်။

– အိုင်အယ်လ်အို ရန်ကုန်ရုံးခွဲရဲ့စာရင်းအရ ဦးဖိုးဖြိုးနဲ့ ကိုဇော်ဌေး အပါဝင် အိုင်အယ်လ်အိုနဲ့ ဆက်စပ်လို့ ဖမ်းဆီးအရေးယူခံရသူ အနည်းဆုံး ၆ ဦး စစ်အစိုးရ အကျဉ်းထောင်တွေထဲ အကျဉ်းကျနေတုန်းပါ။

မြန်မာနိုင်ငံတဝန်း ဒီလိုသနာမျိုး ဘယ်လောက်ရှိနေသလဲ၊ အာဏာပိုင်တွေက ဘာကြောင့် ကျူးလွန်နေသလဲ၊ လယ်သမားတွေက ဘာကြောင့်မတိုင်ရဲရတာလဲ၊ ပြဿနာတွေပြေလည်သွားအောင်၊ လုပ်အားပေးခိုင်းစေမှု ပပျောက်သွားအောင် ဘယ်လိုဆက်လုပ်ကြမလဲ စတဲ့အကြောင်းတွေကို တနင်္ဂနွေ သတင်းအစီစဉ်အဖြစ် တင်ပြအပ်ပါတယ်။

အောင်လံမြို့နယ် စမ်းကလေး–ကျောင်းစု လယ်သိမ်းခံရမှု ပြဿနာမှာ အစအဆုံး ပါဝင်လှုပ်ရှားခဲ့တဲ့ စမ်းကလေးရွာက လယ်သမားကြီး ဦးသန်းစိုး၊ ကိုယ်တိုင်ကွင်းဆင်းဖြေရှင်းပေးခဲ့တဲ့ အိုင်အယ်အို ရန်ကုန်ရုံးခွဲတာဝန်ခံ စတိဗ်မာရှယ်တို့ကို ဆက်သွယ်မေးမြန်းတင်ပြချက် အပြည့်အစုံကို အသံဖိုင်မှာ နားထောင်နိုင်ပါတယ်။

❖

## ကချင်ပြည်နယ်အတွင်း သစ်ခုတ်မှုများ ကြီးထွားနေဆဲ

တနင်္လာနေ့၊ 23 မတ်လ 2009 သျှမ်းသံတော်ဆင့်

ကချင်ပြည်နယ်တွင် အဖိုးတန်ကျွန်းသစ်နှင့်အခြားသစ်မာမျိုးစုံ ရောင်းဝယ်မှုများကျယ်ကျယ်ပြန့်ပြန့် ပြီးသစ်တော ခုတ်ထွင်မှုများလည်း ကြီးထွားနေဆဲဖြစ်ကြောင်းသိရသည်။

ဧရာဝတီမြစ်အရှေ့ခြမ်း ဆင်ဘိုမြို့နယ်အောက်ဘက်ရှိ ပထမမြစ်ကျဉ်းတစ်ဝိုက်နှင့်  မံစီမြို့နယ်များ၌ ၎င်းမြစ်အ နောက်ဘက်ခြမ်း မိုးညှင်းမြို့နယ်နှင့်မိုးကောင်းမြို့နယ်ကြားသစ်တောများ အင်းတော်ကြီးရေအိုင် တစ်ဝိုက် သစ်တော ကြီးများတွင် သစ်ထုတ်လုပ် ရောင်းဝယ်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။

ယခုအခါ ပြည်တွင်း၌ အလုပ်အကိုင်ရှားပါးလာပြီး စီးပွားရေးကြပ်တည်းလာသဖြင့် သစ်အရောင်းအဝယ် လုပ်ငန်း များတွင်ကုမ္ပဏီကြီးများသာမက ဒေသခံများပါတစ်ပိုင်တစ်နိုင် ပါဝင်လုပ်ကိုင်နေကြကြောင်း ဒေသခံသစ်လုပ် ငန်းရှင်တစ်ဦးက သျှမ်းသံတော်ဆင့်သို့ ပြောကြားသည် ။

"ရွာလုံးကျွတ် ကျွန်းပဲလုပ်နေကြတယ်၊ အလုပ်အကိုင်မရှိလို့လုပ်ကြတာပါ၊ အမြတ်ကတော့ ဘာမှရတာမဟုတ် ပါဘူး၊ ပေးပြီးကမ်းပြီး လုပ်ရတာဆိုတော့သိပ်မကျန်ဘူး" ဟု ဒေသခံသစ်ကုန်သယ်ကပြောသည်။

မကြာသေးမီက မြန်မာ့စီးပွားရေးလောက၌ ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် ထူးထရေးဒင်းကုမ္ပဏီက သစ်တော ထိန်းသိမ်းရေးလုပ်ငန်းအတွက် ထူးဖေါင်ဒေးရှင်းဖွဲ့စည်းပြီး ဆောင်ရွက်မည်ဆိုသည့်ကိစ္စနှင့်ပတ်သက်၍ သျှမ်းသံ တော်ဆင့်က ကချင်လူမှုဖွံ့ဖြိုးရေးကွန်ယက်မှ ဥက္ကဌဦးအောင်ဝါအား မေးမြန်းရာ သူ့အမြင်ကိုအခုလိုထုတ် ဖေါ်ပြောသည်။

ယခင်က သစ်ခုတ်ရောင်းချမှု လုပ်ငန်းတွင် ကုမ္ပဏီအငယ်လေးများသာလုပ်ကိုင်ကြသော်လည်း ယခုအခါ ကုမ္ပဏီ အကြီးများကပါ ဝင်ရောက်လုပ်ကိုင်နေသဖြင့် သစ်ခုတ်မှုလျော့ကျသွားစရာမရှိကြောင်း၊ မြစ်ချောင်းများနှင့် သ ဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများနှင့်စစ်အာဏာပိုင်များ၏လုပ်ရပ်များကို စောင့်ကြည့်နေသည့် ကချင်လူမှုဖွံ့ဖြိုး ရေးကွန်ယက်မှ ဦးအောင်ဂါက ပြောသည် ။

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီးပူတာအိုဘက်မှာတိရိစ္ဆာန်ဥယျာဉ်တွေလုပ်နေတာတွေရှိ တယ်။ ဒါမျိုးတွေနဲ့နိုင်ငံတကာကိုမက်လုံးပေးပြီး အကူအညီရအောင်ဟန်ပြလုပ်နေတာဖြစ်တယ်။ တကယ်တမ်းထူးကုမ္ပဏီ ကိုယ်တိုင်သစ်ထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ ပါဝင်ပတ်သက်နေတော့ တစ်ဘက်ကသဘာဝ ပတ်ဝန်း ကျင်ထိန်းသိမ်း မယ်ဆိုတာ အောင်မြင်ဖို့သိပ်မမြင်ပါဘူး" ဟုပြောသည်။

"သျှမ်းပြည်တောင်ပိုင်း နမ့်စန်မြို့နယ်အတွင်းရှိ ထူးကုမ္ပဏီပိုင်သစ်လုံးအပုံကြီးတွေ ထိုင်းနိုင်ငံ ချင်းမိုင်မြို့လောက်နီး နီးရှိသည်ဟုလည်း" ထိုင်းနိုင်ငံခရီးသွားတဦးက ပြောသွားသည် ။

သစ်မှရရှိသည့် အကျိုးအမြတ်များကို နအဖအာဏာပိုင်အသိုင်းအဝိုင်းနှင့်နီးစပ်သူများ တရုတ်သစ်ကုမ္ပဏီများ ကသာ ခံစားကြရပြီး ဒေသခံလူထုအတွက် အကျိုးခံစားခွင့်မရှိကြောင်းကိုလည်း သူက ထောက်ပြပြောဆိုသည် ။

"သစ်ခုတ်နေတဲ့အပိုင်းမှာက အရင်ကတရုတ်ကုမ္ပဏီသေးသေးလေးတွေပဲဝင်တယ်။ ခုကကုမ္ပဏီအကြီးတွေပါ ဝင်ရောက်လုပ်ကိုင်နေတယ် နအဖကနေဒီသစ်လုပ်ငန်းက ဝင်ငွေအများအပြားရနေတယ်၊ သူတို့ကိုယ်တိုင် လုပ်စ ရာမလိုဘူး လက်ငြိုးထိုးရောင်းစားပြီးမှကန်ထရိုက်တွေပေးလိုက်တယ်၊ အမြတ်အစွန်းတွေအများကြီးရတယ်။ ဒါကြောင့် လက်ရှိအခြေအနေမှာ သစ်လုပ်ငန်းပိတ်ဖို့ဆို တာခက်နေတယ် " လို့ သူကပြောသည် ။

ကချင်ပြည်နယ်တွင် သစ်ခုတ်မှုအပါအဝင် သယံဇာတတူးဖေါ်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ဆိုးဝါးစွာဖြစ်ပေါ်နေပြီး ဒေသခံလူထုအဖို့ ဆိုးကျိုးများနှင့် ရာသီဥတုပြောင်းလဲ ဘေးဒုက္ခများ သိသိသာသာ ခံစားနေရသည်။
အထူးသဖြင့် ဖားကန့်ဒေသသည် အပူအအေးမညီမျှမှုများနှင့် မိုးများခြင်းမိုးခေါင်ခြင်းများ ဖြစ်ပေါ်လျှက်ရှိကာ ဥရုချောင်းရေလည်း ရေစီးလမ်းကြောင်းများ ပျောက်ကွယ်လျက်ရှိကြောင်း သိရသည်။

သျှမ်းပြည်ရှိ အင်းလေးကန်ပြီးလျှင် ဒုတိယအကြီးဆုံးဖြစ်သည့် အင်းတော်ကြီးအိုင်သည် သစ်တောများ ဆုံးရှုံးမှု ကြောင့် အနာဂတ်အဖို့စိုးရိမ်ဘွယ်ရာရှိနေကြောင်း ဥက္ကဌ ဦးအောင်ဝါက ပြောကြားခဲ့သည်။

## ခွန်ဆာ့အမျိုး မူးယစ်ဆေးဝါး ဂိုဏ်းဝင်များ အဖမ်းခံရ



ထိုင်း DSI နှင့် အမေရိကန် DEA တို့ ပူးပေါင်း ဖမ်းဆီးရခဲ့သော မူးယစ်ဆေးဝါးဂိုဏ် အဖွဲ့ဝင်များပိုင် ငွေစက္ကူဘတ် သန်း ၁၂၀
ပုံ- ဘန်ကောက်ပို့စ်

ဥဿာ ဖိချိုင်း
တနင်္လာနေ့၊ မတ်လ 23 2009 15:26 - မြန်မာစံတော်ချိန်
မဇ္ဈိမသတင်း

ချင်းမိုင် (မဇ္ဈိမ)။ ။ ၆ လအတွင်း ထိုင်းနိုင်ငံမြောက်ပိုင်း ဒေသ၌ မူးယစ်ဆေးဝါး ပြဿနာ လျော့ကျစေရမည်ဟု ထိုင်း အစိုးရက ကတိပြုခဲ့ပြီးနောက် အလွန်ကြီးမားသော မူးယစ်ဆေးဝါးဂိုဏ်များ၏ အဖွဲ့ဝင်များကို ထိုင်းနိုင်ငံတွင် ဖမ်းဆီးလိုက်သည်။

ထိုင်းတရားရေးဝန်ကြီး ပီရာပင်ဆာလီရာသာဝိဘာဂါ (Pirapan Salirathavibhaga) နှင့် အခြား ဆက်စပ်နေသော အာဏာပိုင်များက လွှန်ခဲ့သော သောကြာနေ့က

ဘန်ကောက်မြို့တွင် သတင်းစာရှင်းလင်းပွဲ ကျင်းပပြီး၊ အမေရိကန် မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့ (DEA) ၏ သတင်းပေးချက်အရ အဓိက မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားသူများဟု မသင်္ကာသူ ထိုင်းလူမျိုး ၃ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း ရှင်းလင်း တင်ပြခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါး ဂိုဏ်းဝင်များမှာ ကွယ်လွန်သူ နာမည်ဆိုးဖြင့် ကျော်ကြားလှသည့် မူးယစ်ဆေးဝါး ဂိုဏ်းခေါင်းဆောင်ကြီး ခွန်ဆာနှင့် ဆက်စပ် ပတ်သက်နေသူများ ဖြစ်သည်။

မသင်္ကာသူများမှာ ပီရာယွတ်ဖက်ဆာကိုလ် (Peerayuth Phetsakol)၊ ချမ်းနာရောင်းမူဆာ (Charn-narong Muser) ခေါ် ကာဆင်သက် (Kasemthat)၊ ဗီချမ်းဆူထီးဖန် (Vicharn Suthiphan) တို့ဖြစ်သည်ဟု အထူး စုံစမ်းစစ်ရေးဌာန (DSI) မှ ဒုတိယအတွင်းရေးမှူးချုပ် ရဲဗိုလ်မှူးကြီး ဒူဆာဒီးအရာယာဝတ် (Dusadee Arayawut) က ဆိုသည်။

တာဝန်ရှိသူများသည် သူတို့ထံမှ ဘတ် သန်း ၁၂၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်း) တန်ဖိုးရှိ ပိုင်ဆိုင်ပစ္စည်းများနှင့် ရိုင်ဖယ် ၂ လက်တို့ကို ဖမ်းဆီးရမိခဲ့သည်ဟု ဆိုသည်။

ထိုင်းနိုင်ငံ အထူး စုံစမ်းစစ်ဆေးရေး ဌာန (DSI) ၏ ထုတ်ပြန်ကြေညာချက်အရ အမေရိကန် DEA က သူတို့ဌာနကို မူးယစ်ဆေးဝါးဂိုဏ်းနှင့် ငွေမဲခဝါချခြင်း လုပ်ငန်းများကို စုံစမ်းစစ်ဆေးပါရန် တိုက်တွန်းခဲ့သည်ဟု ဆိုသည်။

“ဤအဖွဲ့တွင် မူးယစ်ဆေးဝါး ထုတ်လုပ်သော စက်ရုံတရုံ ဗမာပြည်အတွင်း ထိုင်းနယ်စပ်အနီးမှာ ရှိသည်။ ဤစက်ရုံကို ဝတပ်ဖွဲ့ (UWSA) က အကာအကွယ် ပေးထားပြီး ဘိန်းဖြူနှင့် မက်တာအင်ဖက်တမင်း ဆေးပြားများ ထုတ်လုပ်နေသည်။

ဤမူးယစ်ဆေးဝါးများကို ထိုင်း၊ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တွင် ရောင်းချရန် မှောင်ခိုသယ်ယူကြသည်။ အဲဒီကနေတဆင့် နောက်ပိုင်းတွင် ဖိလိပိုင်၊ ကနေဒါနဲ့ အမေရိကန်ကို တင်ပို့ကြသည်။ ဤအဖွဲ့သည် ကွယ်လွန်သူ ခွန်ဆာနဲ့လည်း ဆက်စပ်နေသည်” ဟု ကြေညာချက်တွင် ဆက်လက် ရေးသား ဖော်ပြထားသည်။

ဆူထီးဖန်နှင့် မူဆာတို့မှာ ခွန်ဆာနှင့် ဆွေမျိုးတော်စပ်ကြသူများလည်း ဖြစ်သည်ဟု ကြေညာချက်က ဆိုသည်။

သူတို့၏ ဖခင်များသည် လွန်ခဲ့သော ၁၉ နှစ်က မူးယစ်ဆေးဝါး သယ်ယူရောင်းဝယ်မှုဖြင့် အဖမ်းခံခဲ့ကြရပြီး၊ ယခုအခါ သူတို့၏ ထောင်ဒဏ်များကို ဆိုင်းငံ့ထားသည်။

ဘိန်းဘုရင် ခွန်ဆာ ခေါ် ချန်ရှီဖူးသည် မြန်မာအာဏာပိုင်များထံ ၁၉၉၆ ခုနှစ်က လက်နက်ချခဲ့ပြီး၊ ၂၀၀၇ ခုနှစ်က ရန်ကုန်မြို့တွင် ကွယ်လွန်သွားခဲ့သည်။

ချင်းရိုင်မြို့ရှိ အိမ်တအိမ်တွင် ဖမ်းဆီးရမိခဲ့သော ဖက်ဆာကိုးလ် (Phetsakol) က သူသည် ၂၀၀၇ ခုနှစ်ကတည်းက မူးယစ်ဆေးဝါး ရောင်းဝယ်ရေးလုပ်ငန်းတွင် ပါဝင် ပတ်သက်ခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး ကီလိုဂရမ် ၇၅၀ ကျော် ရောင်းချပြီးဖြစ်ကြောင်း ဖြောင့်ချက်ပေးခဲ့သည်။

မူဆာနှင့် ဆူထီးဖန်တို့ကိုမူ ချင်းမိုင်နှင့် ဘန်ကောက်မြို့တို့တွင် အသီးသီး ဖမ်းဆီးရမိခဲ့သည်။ ထိုင်းအာဏာပိုင်များက ဤမူးယစ်ဂိုဏ်းများမှ အခြားအဖွဲ့ဝင်များကိုပါ စုံစမ်းစစ်ဆေးမှုများ ဆက်လုပ်နေသည်။

ဘန်ကောက်ရှိ် ၃၀ ရုံး၏ ဒေသဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး အင်ဒရူးကယ်လမ် (Andrew Kellum) က ပြောကြားရာတွင် ဤဂိုဏ်းရှိ အချို့အဖွဲ့ဝင်များသည် ယခင်ကလည်း အမေရိကန်နိုင်ငံတွင် မူးယစ်ဆေးဝါးအမှု ရာဇဝင်ရှိခဲ့သူများဖြစ်ပြီး၊ သူတို့အား ဖမ်းဆီးခဲ့ကာ နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်ဟု ဆိုသည်။

သူတို့သည် မိသားစု အဖွဲ့ဝင်များနှင့်အတူ မူးယစ်ဆေးဝါး လုပ်ငန်းသို့ (DSI) မှ ဖော်ထုတ် ဖမ်းဆီးသည်အထိ ပြန်လည် ဝင်ရောက် လုပ်ကိုင်လာခဲ့ကြသည်ဟု ထိုင်းသတင်းအေဂျင်စီ၏ စနေနေ့က သတင်းပေးပို့ချက်အရ သိရှိရသည်။

ထိုင်းအစိုးရအနေဖြင့် နိုင်ငံမြောက်ပိုင်း နယ်စပ်နှင့် အဓိက လမ်းမကြီးများတလျှောက် စောင့်ကြပ်ကြည့်ရှုမှုများ ပိုမို ပြုလုပ်သွားမည် ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံအတွင်းပိုင်း ဒေသများသို့ မူးယစ်ဆေးဝါးများ မှောင်ခိုသယ်ယူ ရောင်းချခြင်းများကို တားဆီးသွားမည် ဖြစ်ကြောင်း ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဘုတ်အဖွဲ့ အကြံပေး ချတ်ချိုင်းဆူထီးကလုမ် (Chartchai Sutthiklom) က ပြောသည်။

နောက်ကွယ်လက်များ (ပထမပိုင်း)

စင်ပေါ်တွင်ကပြ ဖျော်ဖြေနေသည့် ဇာတ်အငြိမ့်တို့၏ ဇာတ်ကွက်ဇာတ်လမ်းတို့ကို ပရိတ်သတ်က အလွယ်အကူ မြင်နိုင်၊ ကြည့်နိုင် ကြပေမယ့်၊ ၎င်း ဇာတ်ကွက် ဇာတ်လမ်းများ တင်ဆက်နိုင်ရေးအတွက် နောက်ကွယ်က စီစဉ်ညွှန်ကြားနေကြသည့်သူတို့ကိုတော့ မြင်နိုင်ခက်ခဲလှပါ၏။

၂၀၁၉ ခုနှစ် အင်္ဂလိပ် နှစ်ဆန်း ၁ ရက်နေ့မှ စပြီးNUG အစိုးရသစ်တခုကို NCUB မှ ဖွဲ့စည်းမည်ဖြစ်ကြောင်း စတင်ကြား ခဲ့ကြရပါသည်။ စစ်အစိုးရကို ကုလသမဂ္ဂမှ နေရာဖယ်ရှားရေးကို NCUB အတွင်းရေးမှူးဦးမောင်မောင်က ကမကထ လုပ်ပြီးဆောင်ရွက်မှုကို NCGUB ဝန်ကြီးချုပ်က သဘောမတူဘဲ၊ လက်မှတ်မရေးထိုးကြောင်း။ အိုင်ယာလန်နိုင်ငံ ဒက်ဗလင်မြို့မှာ အဝေးရောက်ပြည်သူ့လွှတ်တော် အမတ်များနှင့် အချို့သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက ညီလာခံတရပ် ကျင်းပပြီး NCGUB ကို ပြန်လည်တိုးချဲ့ဖွဲ့စည်းလိုက်ကြောင်း။ ထိုညီလာခံမှာပင် (Credential Challenge) ကိစ္စကို မဲခွဲဆုံးဖြတ်ပြီး CC ကိစ္စမပြုလုပ်ရေးဘက်က မဲအများစုဖြင့် နိုင်သွားကြောင်း။ ဒီဇာတ်လမ်း ဇာတ်ကွက်များကို အကြမ်း အလွမ်း အသော တို့ဖြင့် ဝေဝေဆာဆာပင် ကြည့်ရှုနိုင်ခဲ့ကြပါသည်။ မြန်မာ့ နိုင်ငံရေးဇာတ်လမ်းရှည်ကြီး၏ အပိုင်းတပိုင်းဟု လည်းဆိုနိုင်ပါသည်။ ဇာတ်လမ်းကို သေသေချာချာ ဆန်းစစ်ကြည့်လျှင်စိတ်ဝင်စားစရာတွေ အများအပြား တွေ့မြင်နိုင် ကြပါသည်။

၂၀၁၉ ခုရဲ့ နှစ်ဆန်းတရပ်မှာ NCUB အတွင်းရေးမှူးတဦးဖြစ်တဲ့ ဦးမြင့်သိန်းက NUG ပြည်ထောင်စုစည်းလုံးညီညွတ်သော အစိုးရသစ်တခုကို ဖွဲ့စည်းတည်ထောင်ဖို့ စီစဉ်ထားပြီဖြစ်ကြောင်း၊ အစိုးရ၏ အင်္ဂါရပ်များနှင့် ညီညွတ်အောင်ဖွဲ့စည်းမည် ဖြစ်ကြောင်းကို ကြေငြာလိုက်ပါသည်။ ထိုကြေငြာချက်အပေါ် NCUB အတွင်းရှိ မည်သည့်အဖွဲ့အစည်းများမှ သဘောတူကျေနပ်ကြပြီးပြီလဲ။ NCUB အတွင်းရှိ အဖွဲ့ဝင်များ၏ မည်သည့်ရာနှုန်းကထောက်ခံ ထားကြပြီလဲ။ အစိုးရသစ်တခုတည်ထောင်မည်ဟူသော ကြေငြာချက်ထုတ်ခြင်းသည် လူနည်းစုကလေးက ထပြီး ကြေငြာ၍ မရစကောင်းပါ။ သို့သော် ကြေငြာချက်ကတော့ အခိုင်အမာ လွှင့်ထုတ်ခဲ့ပြီးပါပြီ။ နဂိုလ်က NCUB ထဲတွင် ဦးစိန်ဝင်းအစိုးရပါရှိနေပြီး ဖြစ်ပါလျက် အခုမှဘာကြောင့်ထပ်ပြီး NUG အစိုးရသစ်ကို ဖွဲ့မည်လို့ကြံစည်ကြရတာလဲ။ ရှိပြီးသား NCGUB သည် အစိုးရအင်္ဂါရပ်နှင့် မညီလို့ မယ်မယ်ရရ ဘာမှမဆောင်ရွက်နိုင်လို့ဟုဆိုလျှင် ဒါကို အခုမှသိကြလို့လား၊ နောက်တုံးကတည်းက မသိခဲ့ကြဘူးလားလို့ မေးခွန်းထုတ်ရပါလိမ့်မည်။ NCGUB ၏ တရွေ့ရွေ့ဖြစ်စဉ်ကြောင့်လား (သို့မဟုတ်) လတ်တလောပြဿနာကြောင့်လား ဆိုတာ တွေးစရာ မေးစရာပါ။ ကြားရသလောက်ကတော့ (Credential Challenge) ကိစ္စမှာ NCGUB ဦးစိန်ဝင်းနှင့် NCUB ဦးမောင်မောင်တို့ သဘောထားကွဲမှုက စတယ်လို့ဆိုပါတယ်။ ဖြစ်နိုင်ခြေရှိတာက CC ကိစ္စကို ဒက်ဗလင်ညီလာခံမှာ ဦးစားပေးမဲခွဲဆုံးဖြတ်ရတာ ဖြစ်လို့ပါပဲ။

သတင်းများအရ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့၊ ထိုင်းမြန်မာနယ်စပ် ကွန်ကရက်ဆုံးဖြတ်ချက်အရ စင်ပြိုင်အစိုးရအား တိုင်းရင်းကိုယ်စားလှယ်များနှင့် တိုးချဲ့ဖွဲ့စည်းသွားမည်ကို အဝေးရောက်အမတ်များက မူအရသဘောတူခဲ့ကြသည်ဟု သိရပါသည်။ Credential Challenge ကိစ္စကိုလည်း ၂၀၁၈ ခု မေလ ၂၇ ရက်နေ့မှာ အမတ်များအဖွဲ့တိုင်ပင် ဆွေးနွေးပြီး သဘောတူကြကြောင်း၊ သို့သော် NCGUB က ဦးဆောင်လုပ်မည် မဟုတ်ဘဲ လတ်မှတ်လည်း မရေးထိုးနိုင်ကြောင်း ဆိုတာကိုလည်း ကြားခဲ့ရပါသည်။ သတင်းများက မည်သို့ ထွက်ပေါ် လာခဲ့သည်ဖြစ်စေ ယနေ့အဖြေကတော့ ကျယ်ပြန့်သည့်အစိုးရသစ်တခု မဖွဲ့စည်းနိုင်ခဲ့ပါ။ အမတ်မင်းများအဖွဲ့သည်လည်း စစ်အစိုးရကို ကုလထိုင်ခုံမှ ဖယ်ရှားရေးကို မပြုလုပ်ရေးဘက်က အနိုင်ရရှိသွားကြပါသည်။

ပထမ ပြဿနာဖြစ်တဲ့ လက်ရှိ NCGUB ကို တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တိုးချဲ့ဖွဲ့စည်းရေး ကိစ္စသည် NCUB ကဦးဆောင် တင်ပြခဲ့ပါသည်။ ဒါကို MPU အမတ်များအဖွဲ့ကလည်း မူအရသဘောတူထားပြီးခါမှ ဘာကြောင့်ပျက်ခဲ့ကြရတာပါလဲ။ စဉ်းစားစရာတွေပါ။ ၂၀၁၄၊ ၂၀၁၅ လောက်မှာ FTUB ဦးမောင်မောင်က ဝန်ကြီးချုပ် လုပ်မယ်ဆိုတဲ့ သတင်းစကားများ ပြန့်လွင့်ခဲ့ဘူးပါတယ်။ နောက်ပိုင်းမှာ ဦးမောင်မောင်သည် ပြည်ပမှာ အကျယ်ပြန့်ဆုံး အဖွဲ့ကြီးတခုဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB မှာ အတွင်းရေးမှူးချုပ် ဖြစ်လာခဲ့ပါတယ်။ နာတာရှည် ရောဂါကြီးတခုလို ဖြစ်လာတဲ့ မြန်မာ့ဒီမိုကရေစီတော်လှန်ရေးမှာ ထိပ်ဆုံးက နေရာယူ ထားတဲ့ NCGUB ရဲ့ လှုပ်ရှားမှုကလည်း မယ်မယ်ရရ မရှိတဲ့အခါ အများပြည်သူတွေက စိတ်ပျက်အားမရဖြစ်လာပါတယ်။ ဒီအခြေခံအပေါ် မှာ တိုးချဲ့အစိုးရသစ်တရပ်လိုအပ်နေပြီဆိုတဲ့ အတွေးအခေါ် ပေါ် ပေါက်လာတာလို့ယူဆနိုင်ပါတယ်။ ဒီအယူအဆသည် မည်သူက စတင်တွေး ခေါ် မိတာလဲ။ ဘာကြောင့် ဒီလိုတွေးခေါ် ယူဆမိတာလဲလို့မေးလျှင် NCGUB အဟောင်းသည် ဒီမိုကရေစီရေးအတွက် အလုပ်မဖြစ်လို့ပါဟု ဖြေကြမည်ဖြစ်ပါသည်။ တဆင့်တက်ပြီးဘာကြောင့် NCGUB သည် အလုပ်မဖြစ်တာလဲဟု မေးလျှင် NCGUB ဘက်ကတော့ အလုပ်ဖြစ်တန်သလောက်ဖြစ်နေပါသည်။ ပြည်သူတွေအနေနှင့် အားမလိုအားမရ ဖြစ်နေတာလည်း သဘာဝကျပါသည် စသည်ဖြင့် ပြောလို့ရသလောက် စကားလုံးများဖြင့် ပြောဆိုဖြေရှင်းနေတတ်ကြပါသည်။ လက်တွေ့မှာ တကယ်အလုပ်မဖြစ်ပါ။ သို့ဖြစ်ရခြင်းမှာ NCGUB ၏ ချမှတ်ထားသော လမ်းစဉ်၊ ရည်ရွယ်ချက်၊ မဟာဗျူဟာနှင့် အကောင်အထည်ဖော်လုပ်ကိုင်နေသည့် နည်းဗျူဟာ၊ နည်းပရိယာယ်တို့ ဘယ်နေရာမှာ မှားနေသည်ကို သိကြရပါလိမ့်မည်။ ထောက်ပြဝေဖန် ပြောဆိုညှိနှိုင်းရ ပါလိမ့်မည်။ NCGUB ၏ အားနည်းချက်နှင့် အမှားများကို အဖွဲ့အစည်း အတွင်း ချပြရှင်းလင်းသင့်ပါသည်။ အမှားအယွင်းကို ပြုပြင်ဖို့ထောက်ပြခြင်း၊ ပြည်သူကို တင်ပြခြင်းသည် ရှက်စရာကိစ္စမဟုတ်ပါ။ တိုးတက်မှု တခုပင် ဖြစ်ပါသည်။ ရန်သူ့သိမှာစိုး၍ ဖုံးကွယ်ထားရမည်ဟူသော အယူအဆသည် လူထုကို တိုက်ရိုက်ထိခိုက်နိုင်သော အဆိပ်ပင်ရေကောင်းသည့် အယူအဆပင် ဖြစ်ပါသည်။ ဒါကြောင့် NCGUB ကို ဘာကြောင့် တိုးချဲ့ဖွဲ့စည်းသင့်သည်ဟု ဆိုသည်ကို NCUB ၏ အစိုးရသစ်ဖွဲ့သင့်သည့် ဘက်မှ ရှင်းလင်းတင်ပြပါမှ ပြဿနာ နံပါတ် (၁) ကိုရှင်းရာရောက်ပါလိမ့်မည်။

NCGUB နှင့် NCUB တို့သည် သမိုင်း၏ လိုအပ်ချက်အရပေါ် ပေါက်လာသော အဖွဲ့အစည်းများ ဖြစ်ကြောင်း၊ ခွဲခြား လို့လည်း မရနိုင်ကြောင်းဆိုပြီး အတူတကွလက်တွဲ ဆောင်ရွက်ခဲ့ကြတာ ဆယ်စုနှစ်တခုပင် ကျော်ခဲ့ပြီ ဖြစ်သည်။ သို့ပါလျက် NCGUB သည် အလုပ်မဖြစ်သည့် အဖွဲ့ဖြစ်သည်ကို ယခုမှ သိကြပါသလားလို့ မေးလျှင် မည်သို့ဖြေကြမည်နည်း။ တဖွဲ့နှင့် တဖွဲ့ဘုံဦးတည်ချက် မတူဘဲ၊ မဟာဗျူဟာ၊ နည်းဗျူဟာတွေ မတူညီကြဘဲ၊ မသိရှိကြဘဲ၊ စစ်အစိုးရကို အပြုတ်တိုက်မည်ဆိုသော အခြေခံအပေါ် မှာ ပေါင်းစည်းခဲ့ ကြတာပါဟု ပြောဆိုလျှင် ဒါဟာ ဟာသမြောက်နိုင်ငံရေးပျက်လုံး တခုပင်ဖြစ်သွားပါလိမ့်မည်။ လက်ခံနိုင်ကြမည်မဟုတ်ပါ။ NCGUB နှင့် ပါတ်သက်၍ ဂန္ဒီညီလာခံ၊ အမရပူရ အစည်းအဝေးများမှ အခြေခံပြီး ပြည်ပသို့ထွက်ခါ စင်ပြိုင်အစိုးရ တရပ် ဖွဲ့စည်းသင့်ကြောင်းဆုံးဖြတ်ချက်များ ရှိခဲ့ပါသည်။ စင်ပြိုင်အစိုးရတရပ်ဖွဲ့စည်းပြီး ဘာတွေလုပ်ကိုင်ဆောင်ရွက်ရမည်ကို ချမှတ်ထား သော မူဝါဒလမ်းစဉ်များရှိ ပါလိမ့်မည်။ ယခု ထိုမူဝါဒ လမ်းစဉ်များအတိုင်း လုပ်ကိုင်ဆောင်ရွက်နေတာပါလို့ဆိုလျှင် " အလုပ်မဖြစ်ခြင်း " က သက်သေခံနေခြင်းကြောင့် NCGUB ၏ မူဝါဒ လမ်းစဉ်များသည် လွဲချော်မှု ရှိနေသည်လို့ မပြောထိုက်ဘူးလား။ ပြည်ပကို ထွက်လာပြီး ယခု မြင်တွေ့နေရသည့် မြန်မာ့အကြောင်း ကမ္ဘာကသိရေး ဟော်ဘီ၊ ကန့်ကွက်၊ ရွတ်ချ၊ ကြိုဆိုထောက်ခံ၊ မြန်မာအစ်ရှူး ကုလကိုတင်၊ ကြေငြာချက်ထုတ်၊ ပြီးတော့ ဘာမှ မယ်မယ်ရရ ဖြစ်မလာတာတွေကိုပဲ လုပ်ရမယ်ဆိုတဲ့ မူဝါဒလားလို့ မမေးသင့်ဘူးလား။ ခက်နေတာက NCGUB သည် အလုပ်မဖြစ်တာကိုလည်း ဝန်မခံ။ သူများထောက်ပံ့ကြေးကို ရသမျှယူပြီး ဒီအတိုင်းဆက်လက်ရှိတက်နေမည်ကို မြင်နေရ ပါသည်။ ဒီလိုအခြေအနေမျိုးဖြစ်အောင်နှင့် အနှစ် နှစ်ဆယ်နီးပါးကြာတဲ့အထိ အလုပ်မဖြစ်အောင် မူဝါဒလမ်းစဉ်များကို မည်သူကရေးဆွဲပေး လိုက်ပါသနည်း။ အလုပ်မဖြစ်ရေးလမ်းစဉ်ကို ရေးဆွဲသူ ပေါ် လစီမိတ်ကာရော အကောင်အထည်ဖော်နေသူများကို ပရိတ်သတ်က ဘယ်လို ယူဆနိုင်ပါမည်နည်း။ ဒီမိုကရေစီ မရလေကြိုက်လေ ဖြစ်နေသူများလို့ ထင်မိလျှင် မှားများ မှား နေမလား။

အယူအဆပိုင်းကိုကြည့်လျှင်လည်း သော့ကိုင်ဆရာကြီးများက လူတန်းစားမဲ့ ဒီမိုကရေစီကို အလိုမရှိ ဖြစ်နေပြန်လျှင် သူတို့လိုလားသော ဖန်တည်းချင်သော ဒီမိုကရေစီမျိုး မရနိုင်သေးလျှင် တော်လှန်ရေးအခွန့် ရှည်ပြီး န.အ.ဖ၏ ၂၀၁၀ ကို တွန်းပို့နေသလို ဖြစ်နေပါလိမ့်မည်။ လက်တွေ့မြင်ကွင်းကတော့ ၂၀၁၀ ပွဲကြီးကို စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း မရှိကြဘဲ မှင်သေသေနှင့် ဆက်လက်ပြီး ပရီပိုဇယ်များ စားကြမြဲ ဖြစ်နေပါသည်။ ၂၀၁၀ ရွေးကောက်ပွဲကြီးမဖြစ်အောင် ဘာတွေလုပ်ဆောင်မှာလဲဟူသော မေးခွန်းနှင့် စာမေးပွဲ စစ်လျှင် အောင်မည့်သူတယောက်မှ မမြင်ပါ။ ခေတ်ပြိုင်နှင့် အင်တာဗျူးတွင် MPU ဒုဥက္ကဋ္ဌဒေါ်စန်းစန်းပြောခဲ့တဲ့ ကျမတော့ မြန်မာ့နိုင်ငံရေး အတွက်စိတ်ပျက်ဝမ်းနည်းမိတယ်ဆိုတဲ့စကားသည် ယနေ့ပြည်ပရောက် အတိုက်အခံတို့ရဲ့ ထိပ်သီး NCGUB ရဲ့ ပြရုပ်ပင် ဖြစ်နေပါတော့ သည်။

သို့သော် NCGUB ဘက်ကလည်း " န ထုံကြိမ်တို့ မဖြို ့ " ဆိုသကဲ့ သို့ " ရက်သဲမပါ ဗလာလုံးတည်း " ဖြစ်နေပေမယ့် ဝန်ခံဖို့ဝေးစွ တပြားသားမှ မလျှော့တဲ့အပြင် " တောသားရဲ ပွဲထုတ် " ဆိုသလို တောင်တောင်အီအီပြောပြီး ဖုံးကွယ်ဖို့ ကြိုးစားရင်း သူတို့ ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်တဲ့အထိ ဆက်သွားဖို့ လျှောက်လှမ်းနေကြပြန်ပါသည်။ သူတို့ရည်ရွယ်ချက်ဆိုသည်မှာ မြန်မာပြည် ဒီမိုကရေစီ ရရှိထွန်းကားဖို့အတွက် ဆိုတာတော့ ယုံရခက်လှပါသည်။ သူတို့ရည်ရွယ်ချက်ကို သူတို့သာ သိမည်ဖြစ်ပါသည်။ NCGUB က ဆက်၍ လှမ်းလိုက်သော ခြေလှမ်းမှာ ပရိတ်သတ်က " ဟိုက် " ကနဲ ဖြစ်သွားသော " မာလာဟိုက်ကြေငြာချက် " ကြီးပင်ဖြစ်ပါသည်။ ၎င်း ကြေငြာချက်ကို မည်သူရေးသည်တော့ မသိပါ။ လူသိရှင်ကြား ထွက်လာ၍ ကြည့်ရှုလေ့လာမိပါသည်။

မာလာဟိုက်ကြေငြာချက်၏ ခေါင်းစဉ်း စာတမ်းများမှာ " တစုတစည်းသော ခေါင်းဆောင်မှုတရပ်နှင့် ဘုံရည်မှန်းချက်ကို ဖော်ဆောင်ရန် ဘက်ပေါင်းစုံစုစည်းထားသည့် လုပ်ငန်းတရပ် ဝိုင်းဝန်း အကောင်အထည်ဖော်မည် " ဟု ရေးသားထားပါသည်။ ၎င်း ခေါင်းစဉ်စာတမ်းကို နားလည်အောင်စဉ်းစားရင်း ခေါင်းများပင် ကိုက်ခဲလာပါသည်။ အဘယ်ကြောင့်ဆိုသော် တစုတစည်းသောခေါင်းဆောင်မှုတရပ် ဟူသည်မှာ ဘာကို ဆိုလိုပါသနည်း။ လူအများနားလည်အောင် အဓိပ္ပါယ်ဖွင့်ဆိုဖို့လိုပါသည်။ မည်သူတွေနှင့် စုစည်းထားသည့် မည်သို့သော ခေါင်းဆောင်မှုပုံစံကို ဆိုလိုပါသနည်း။
ဘုံရည်မှန်းချက် ဆိုသည်ကိုလည်း ရှင်းရန်လိုပါသည်။ ကြေငြာချက်အပိုဒ် (၈) မှာ ဖော်ပြထားသည့် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် " ဖက်ဒရယ်ရေးနှင့် ဒီမိုကရေစီ တည်ဆောက်ရန် " ဟူသည်ကို ရှင်းလင်းကျယ်ပြန့်သည် အနက်အဓိပ္ပါယ်ဖွင့်ရန် လွန်စွာ လိုအပ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစကားစုလေးကို လိုရာဆွဲသုံး လုပ်နိုင်သဖြင့် နိုင်ငံရေးမှာ ရှုတ်ထွေးကြန့်ကြာမှု ဖြစ်နေတတ် ကြပါသည်။ ဖက်ဒရယ်ရေးဆိုသည်ကို တိကျသည့် အဓိပ္ပါယ်ဖွင့်ဆိုပေးဖို့ အထူးအရေးကြီးပါသည်။ အလွန်လေးနက်ပြီး ရှုတ်ထွေး ခက်ခဲနေ သည့် ဖက်ဒရယ်ကိစ္စကြီးကို ဘုံရည်မှန်းချက်အဖြစ် သတ်မှတ်လိုက်သည်မှာ ကြိုဆိုထိုက်ပါသည်။ သို့သော် လူမျိုး၊ ပြည်မ၊ ပြည်နယ်၊ တိုင်း၊ ဒေသ၊ အထူးဒေသ စသည်တို့ကို မည်သို့ ခွဲခြားမည်။ မည်သို့ ယူဆမည်မှ စပြီး လွှတ်တော်စံနစ်တို့ကိုပါ ရှင်းလင်းတင်ပြရန်လိုပါသည်။
ဘုံရည်မှန်းချက်၏ အဓိကအချက်ဖြစ်သည့် တည်ဆောက်ရမည့် ဒီမိုကရေစီဆိုသည်ကို ဂနသေချာစွာ အနက်အဓိပ္ပါယ်ဖွင့်ဆိုပေးရန် အထူးအရေးတကြီး လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ခေတ်တွင် ဒီမိုကရေစီဆိုတာကို အဖွဲ့အစည်းများ၊ တိုင်းပြည်များက သူတို့လိုသလို အဓိပ္ပါယ်ဖွင့်ဆိုနေတာ တွေ့နေရလို့ပဲ ဖြစ်ပါသည်။ တရုတ်ကလည်း ပစ္စည်းမဲ့အာဏာရှင် ဒီမိုကရေစီ၊ မြောက်ကိုရီးယား၊ ကျူးဘား၊ ရုရှားတို့ကလည်း ဒီမိုကရေစီဆိုပါသည်၊ န.အ.ဖကလည်း စည်းကမ်းရှိသော ဒီမိုကရေစီဟု ဆိုပြန်ပါသည်။ အနောက်နိုင်ငံကြီး များကလည်း သူတို့ကျင့်သုံးသော ဒီမိုကရေစီများရှိပါသည်။ ထိုသို့သော ဒီမိုကရေစီကို ပုံစံအမျိုးမျိုးဖြင့် အဓိပ္ပါယ်ဖွင့်ဆိုကျင့်သုံး နေကြ သောကြောင့်၊ NCGUB နှင့် အပေါင်းအပါ အဖွဲ့တို့ မျှော်မှန်းသည့် ဒီမိုကရေစီဆိုတာ ဘယ်လိုမျိုးဖြစ်သည်ကို သေချာဂနစွာရှင်းလင်းဖို့ လိုပါသည်။ အများပြည်သူကြိုက်တဲ့ အစိုးရကို တင်မြှောက်တာ ဒီမိုကရေစီပါပဲလို့ အလွယ်ပြောလို့ မရနိုင်ပါ။ လူတန်းစားအခြေပြု ဒီမိုကရေစီလား၊ လူတန်းစားမဲ့ ဒီမိုကရေစီမျိုးလားဆိုတာ ကစပြီးအကျယ်တဝန့် ရှင်းလင်းပြီး မိမိတို့ လက်ခံကျင့်သုံးမည့် ဒီမိုကရေစီကို ကြေငြာရန် ဖြစ်ပါသည်။ အချို့သော ဝါရင်နိုင်ငံရေးလူလည်ကြီးများကလည်း ကိုယ့်ပြည်ကိုယ်မြေ ကိုယ့်လူမျိုး စရိုက်နှင့် လိုက်ဖက်သည့် ဒီမိုကရေစီမျိုးပေါ့ဟု ဆိုကာ ကျွဲမြီးတိုတတ်ကြပါသေးသည်။ ယနေ့ အတိုက်အခံအဖွဲ့အစည်းများသည် မိမိတို့ ဖော်ဆောင်မည့် ဒီမိုကရေစီကို ဘယ်ပုံစံနှင့် ဘယ်လိုအခြေခံရှိတဲ့ ဒီမိုကရေစီမျိုးဆိုတာကို ပွင့်လင်းရိုးရှင်းစွာ ချပြသင့်ပါသည်။ ဒီမိုကရေစီရရှိရေး အလံကို လွှင့်ပြီးလိုအလံအောက်တွင် ကြိတ်ပုန်းခုတ်၊ ကိုယ်လိုချင်သည့် ဒီမိုကရေစီ ပုံစံမျိုးရအောင် တပ်ပေါင်းစုပုံစံဖြင့် လည်သူစားစတမ်း လုပ်မနေသင့်တော့ပါ။ ဒီမိုကရေစီဆိုတာကို နောက်မှရှင်းမည် ဘုံရန်သူပြုတ်ကျဖို့ကိုသာ ပထမစုပေါင်းတိုက်ရမည်ဆိုသည်မှာ "အလွန်မှားယွင်းပြီး တိုင်းပြည်အတွက် အလွန်အန္တရယ်ကြီးလှပါသည်။ ဒါကြောင့် NCGUB နှင့် အပေါင်းပါအဖွဲ့တို့သည် မည်သို့သော ဒီမိုကရေစီမျိုးကို ဘုံဦးတည်ချက်အဖြစ်ထားရှိပါသနည်းဆိုသည့် မေးခွန်းကို မာလာဟိုက်ကြေငြာချက်ကို ထုတ်ပြန်သည့်အဖွဲ့က ဖြေဆိုဖို့လိုအပ်ပါသည်။

ဦးဖိုးသာအောင်

.ရောင်နီမျက်ကန်းတစောက်ကန်း

ကိုရောင်နီဦးမြန်မာပြည်သို့ရောက်ရှိလာပြီးနောက်ထိုတွေ ့ဆုံဆွေးနွေး ပွဲကျင်းပရန်ဖြစ်လာရခြင်းဖြစ်သည်။
(8888 people power group ပို့စ်)
မှန်တယ်.....ဖြစ်ကိုဖြစ်ရမယ်....ရောင်နီမျက်ကန်းတစောက်ကန်း...ရောက်ရာအရပ်ချွန်တွန်းလုပ်....ပြီးရင်ဘေး ရှောင်၊ကမ္ဘာ့အနှံ့(Action Committees)ဖွဲ့ကြတော့တိုရန်တိုမှာဖွဲ့ဖို့လိုက်မြှောက်ပေးတာလည်းသူပဲ..ဖွဲ့ဖြစ် တော့အရံအဖွဲ့ဝင်တောင်မလုပ်ပဲဘေးရှောင်တာလည်းသူပဲ၊
ရောင်နီဆိုတာက၁၉၉၂မှာတောကိုဖြတ်ပြီးဘန်ကောက်ရောက်..တောကိုဖြတ်ရုံဖြတ်တာနော်...တောထဲက ကျောင်းသားတွေကအွန်ဆော့ဖွဲ့တော့စည်းရုံးရေးကောင်းအောင်အပြင်ကတက်ကြွသူတွေပေးပါတော့မှလှုပ်ရှား ခွင့်စရခဲ့တာ။
အခုအထိရောင်နီမှာမဖျက်နိုင်တဲ့ညာဉ်တခုရှိတယ်....အဲဒါကနအဖနဲ့သွားတူနေတယ်..ဒါကြောင့်သူတော်အ ချင်းချင်းသတင်းလွှေ့လွှေ့ဖြစ်ခဲ့ရတာ...ဘာလည်းဆိုတော့...ပြည်ထောင်စုဖက်ဒရယ်ကိုလက်မခံဖူး၊ တိုင်းရင်းသားတွေတောင်းဆိုတာကန့်ကွက်တယ်...
၉၉၉၉မှာလုပ်တဲ့အစည်းအဝေးတခုမှာ(ဦးဘိုလှတင့်လည်းတက်ခဲ့တယ်)....သူပြောရမယ့်အလှည့်မှာတိုင်းရင်း သားတွေကသူတို့ရဲ့(Own interest)အရလုပ်နေတာပါလို့ထည့်ပြောလိုက်တယ်၊အစည်းအဝေးလာတက်တဲ့ တိုင်းရင်းသား(ကရင်အများစု)ကချက်ချင်းထွက်သွားခဲ့ကြတယ်..B.S.D.O(Canada)ကလည်းသူ့ကိုလက်မခံ ခဲ့တာ၂၀၀၁လောက်ထဲကပဲ...ကနေဒါမှာကောUSAမှာရောအဖွဲ့အစည်းတွေထဲမှာဝင်ပါခွင့်မရရှိတော့ဖူး (သင်းကွဲဥလေးပေ့ါ)..
ထိုင်းမှာရှိစဉ်တိုင်းရင်းသားအခွင့်အရေးကိစ္စတွေနဲ့ငြင်းခုံရင်အရိုက်ခံခဲ့ရတာလည်းမနည်းတော့ပြီ..... သန်းရွှေနေရာရောင်နီမရသေးလို့ခင်ဗျားတို့တိုင်းရင်းသားတွေမျိုးမတုံးသေးတာလို့မှတ်ကြ.... သူဟာနန်းတွင်းမျိုးဖြစ်တယ်..လို့လည်းပြောလေ့ရှိတယ်...တိုင်းရင်းသားနဲ့ပတ်သက်တဲ့အရာအားလုံးဟာသူ့ အတွက်စိတ္တဇတွေဖြစ်နေခဲ့တယ်...ပြည်ပမှာဘယ်သူ့ကိုမှမြှောက်ပေးလို့မရတော့လို့ပြည်တွင်းကိုသွားမြှောက် ပေးနေတာ...ပြီးရင်သူကကနေဒါပြန်လာရော..ဟောဟိုမှကျန်ခဲ့တဲ့သူတွေကအစည်းအဝေးမှတ်တမ်းကြီးလက်ထဲ ကိုင်ပြီးဘာဆက်လုပ်ရမှန်းမသိဖြစ်ကျန်ခဲ့လိမ့်မယ်...အခြေအနေတခုမှာလူတွေဖြစ်ချင်နေတာလေးကိုအဆင်းဘီး တတ်ပေးပြီးလမ်းဘေးကနေထိုင်ရီနေတတ်တာ(ရောင်နီရဲ့နိုင်ငံရေးပဲ)....
သူမြန်မာပြည်ပြန်ဖို့အေးလွင်ကထောက်ခံပေးခဲ့တယ်....ကနေဒါအခြေစိုက်UDP,ဦးအောင်(အဖေ၊အဖိုးလိုရိုသေ လေးစားရပါတယ်လို့သူပြောခဲ့သည်)တို့နဲ့အများကြီးပတ်သက်မှုရှိနေသည်၊အတွင်းကျကျပြောလာသူတွေလည်း ပေါ်လာသည်။အကျိုးအမြတ်....ထားပါတော့ကိုယ်ရေးကိုယ်တာမိသားစုကိစ္စတွေနှင့်နိုင်ငံရေးမရောကောင်း၊မြန်မာ့ နိုင်ငံရေးနှင့်ပတ်သက်၍ရောင်နီ့နိုင်ငံရေးကိုပဲတင်ပြချင်ပါသည်၊အေးလွင်နှင့်သံတော်ဆင့်မြင့်ဆွေကိုချိတ်ဆက်ပေး ခဲ့တာလည်းရောင်နီပါပဲ...ဟိုခများပြန်ရောက်လာတော့အလူအိမ်တောင်မသွားရဲရှာတော့...သူကတော့ကြိတ်ပြုံး နေရှာပေလိမ့်မည်။
ကဲ....
ဒီတခါတော့သူကိုယ်တိုင်ရင်ဆိုင်ရမဲ့အလှည့်ပဲ...

(ခင်ဗျားသူ့ကိုဘယ်လိုဆက်ဆံဖို့စိတ်ကူးထားပါသလဲ?)

ဆက်လက်တင်ပြပါမည်။။ ။။

(သား)ဘဘကျော်

ရက်လည်ဆွမ်းကပ်ပွဲ ဖိတ်ကြားခြင်း





မတရားဖမ်းဆီး ခံရပြီး မြစ်ကြီးနားထောင်မှာနစ်ရှည် အကျဉ်းချခံထားရတဲ့ ရုပ်ရှင်သရုပ်ဆောင် ကိုဇာဂနာ နှင့် မိသားစုကိုယ်စား ကိုဇာဂနာ၏ မိခင်လည်းဖြစ်၊ မြန်မာ့နိုင်ငံရေး သမိုင်းမှာ ရဲပုံထင်ရှားတဲ့ သခင်မကြီးတဦးလည်းဖြစ်တဲ့ ကွယ်လွန်သူ ဒေါ်လှကြည် ခေါ် စာရေးဆရာမကြီး ယုဂတိ ကြည်ဦးအား ရည်စူး၍ လန်ဒန်မြို့ ဝိဟာရဘုန်းတော်ကြီး ကျောင်းတွင် ရက်လည် ဆွမ်းကပ်ပွဲ(နေ့ဆွမ်း) တစ်ခုကို (၂၆.၁၃.၁၉) ကြာသာပတေးနေ့တွင် ကပ်လှူပူဇော်မည် ဖြစ်ပါသဖြင့် တရားနာကုသိုလ်ယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင် လှူဒါန်းလိုသူများအနေဖြင့် အောက်ပါ ပုဂ္ဂိုလ်များကို ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

ကိုထိန်လင်း ၀၇ ၉၀ ၆၆ ၀၇ ၁၉၇ artisthteinlin@gmail.com

ကိုထိုက် ၀၇ ၅၀၀ ၇၀၀ ၈၅၄ tzhtike2004@gmail.com

ဆွမ်းကပ်လှူဒါန်းမည့် နေရာ
Venue: London Vihara (Wembley Monastery)
1 Old Church Lane London NW9 8TG
Tube: Wembley Park

လေးစားစွာဖြင့်
ကိုဇာဂနာအား ချစ်ခင်လေးစားသူများ

---

ခိုးကူးခွေထုတ်လုပ်သည့်၊ စီးပွားရေး သောင်းကျန်းသူများပင်၊ စိတ်မဝင်စားသော၊ အဆိုတော်များ

ရန်ကုန်မြို့အထင်ကရနေရာတွေမှာ၊ဈေးကြီးပေးပြီး၊ ကြော်ငြာထားတဲ့၊ တေးသီချင်းကြော်ငြာဆိုင်းဘုတ်ကြီး၊ တချို့ကြောင့်၊ ရန်ကုန်မြို့တော်သူ၊မြို့တော်သားတွေ၊စိတ်အနှောက်အရှက်၊ ဖြစ်နေကြပါတယ်။ မေးမြန်းစုံစမ်း ကြည့်လိုက်တော့၊ ဘာကြောင့်ဆိုတဲ့အဖြေကရှင်းရှင်းလင်းလင်းသိလိုက်ရပါတယ်။

တယောက်သောသူက၊ "နေရဲမာန်" ဆိုတဲ့၊ အဆိုတော်တဦးပါ။ အသက်အရွယ်ကတော့၊ (၅၀)ဝန်းကျင်ခန့်ရှိပါ ပြီ။ နာမည်အရင်းက၊ "ဌေးဝင်း" လို့၊ သိရပါတယ်။ ၁၉၈၁ ခုနှစ်က၊ ရန်ကုန်စက်မှုတက္ကသိုလ်မှ၊ အင်ဂျင်နီယာဘွဲ့ ရရှိခဲ့ပြီး၊ ဗိုလ်သင်တန်းအပါတ်စဉ်(၄၆)သို့တက်ရောက်ခဲ၊ စစ်အင်ဂျင်နီယာအရာရှိအဖြစ်၊ တာဝန်ထမ်းဆောင် ခဲ့ကြောင်း၊ သိရပါတယ်။ ဗိုလ်မှူးရာထူးအထိတာဝန်ယူထားစဉ်ကာလအတွင်း၊ စစ်ဖက်ဆိုင်ရာစီမံကိန်းများမှ၊ ငွေကြေးအမြောက်အများအား၊ အထက်အရာရှိကြီးအချို့နှင့်ပူးပေါင်း၍ စနစ်တကျခိုးယူထားမှုများပြုလုပ်ခဲ့ တယ်လို့၊ ဗိုလ်မှူးဌေးဝင်းရဲ့၊အပေါင်းအသင်းများထံမှ၊ ကြားသိရပါတယ်။ ဒါ့အပြင်မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်၊ သို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ်ကာလမှာလည်း၊ အလားတူအကြံအဖန်လုပ်ခိုးဝှက်ထားတဲ့၊ ငွေကြေးအမြောက်အများစုဆောင်းထားခဲ့တယ်လို့လည်း၊ သိရှိရပါတယ်။





အဲ့ဒီလိုခိုးဝှက်ထားတဲ့၊ နိုင်ငံတော်ပိုင်၊ပြည်သူ့အခွန်ငွေတွေနဲ့၊ တေးထုတ်လုပ်ရေးလောကထဲဝင်ရောက်၊ လှုပ် ရှားလာတာပါ။ ကိုယ်တိုင်သီချင်းဆို၊ ကိုယ်တိုင်သရုပ်ဆောင်လုပ်လာပါတယ်။ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင် များ၊ မော်ဒယ်များကို၊ ငွေကြေးအမြောက်အများပေးပြီး၊ သူ့သီချင်းခွေထဲမှာ၊ သူနဲ့အတူတွဲဖက်သရုပ်ဆောင် စေပါတယ်။

နောက်တယောက်က၊" ဖိုးသား" ဆိုတဲ့၊ အဆိုတော်၊ဝတုတ်လေးပါ။ ဖခင်ဖြစ်သူကတော့၊ ဗိုလ်မှူးကြီး၊သက်စိုး ပါ။ လက်ရှိစစ်အင်ဂျင်နီယာတပ်က၊တပ်မှူးတဦးပါ။ ထုံးဆံအတိုင်း၊ အပျောက်ရိုက်ခိုးထားတဲ့၊ ငွေတွေနဲ့၊ ချစ်သားလေးကို၊ အနုပညာလမ်းကြောင်းပေါ်တွန်းတင်ပေးနေတာပါ။




သူတို့နှစ်ဦးရဲ့အခွေတွေကို၊ အများပြည်သူတွေက၊ ဝယ်ယူအားပေးမှုမရှိသလောက်ပါ။ ယုတ်စွအဆုံး၊ ခိုးကူးခွေ နဲ့စီးပွားရှာနေတဲ့ဝိသမလောဘသမား၊ တွေတောင်သူတို့အခွေတွေကို၊ ခိုးမထုတ်ကြပါဘူး။ သေချာပေါက်အရှုံး ပေါ်မှာသိနေကြလို့ပါ။ ရန်ကုန်လူထုကတော့၊ စစ်တပ်ကျောထောက်နောက်ခံနဲ့လာတဲ့၊ ခိုးထားတဲ့ငွေကြေးတွေ ကြောင့်၊ သူတို့အခွေတွေကို၊ အားမပေးကြတာလို့သိရပါတယ်။

အလားတူ၊ ခိုးကူးသမားတွေလက်ရှောင်တဲ့၊ စစ်တပ်ကျောထောက်နောက်ခံ အဆိုတော်တဦးလည်းရှိပါသေး တယ်။ သူနာမည်ကတော့၊ "ဖြူ" ပါ။ လုပ်ကြံခံရလို့သေဆုံးသွားတဲ့၊ န၀တ အတွင်းရေးမှူး(၂)၊ ဒုတိယဗိုလ်ချုပ် ကြီးတင်ဦးရဲ့သမီးပါ။

တကယ်တော့၊လက်ရှိအနေအထားမှာ၊ ခိုးကူးခွေသမားတွေကြောင့်၊ အရှုံးပေါ်နေကြလို့၊ ဘယ်နာမည်ကြီး၊အနု ပညာရှင်တွေမှ၊ အခွေမထုတ်ရဲ့တဲ့အချိန်ပါ။ စစ်အစိုးရရဲ့အကျင့်ပျက်အမှုထမ်းတွေနဲ့၊ ပါတ်သက်တဲ့သူတွေဘဲ၊ တတ်နိုင်တာပါ။ ခိုးကူးခွေထုတ်လုပ်တဲ့၊ စီးပွားရေးသောင်းကျန်းသူတွေကို၊

စစ်အစိုးရတာဝန်ရှိသူတွေက၊ ထိ ရောက်စွာအရေးယူပေးခြင်းမရှိပါဘူး။ ဆင်ဆာဘုတ်အဖွဲ့က၊ အရာရှိကြီးတချို့နဲ့ ခိုးကူးခွေထုတ်လုပ်တဲ့သူများ၊ အကျိုးတူပူးပေါင်းလုပ်ဆောင်နေကြတာလို့၊ သိရှိရပါတယ်။

ဒီဖြစ်စဉ်ကိုလေ့လာလိုက်တော့၊ စစ်တပ်အရာရှိငယ်အဆင့်လောက်နဲ့၊ ငွေကြေးအမြောက်အများခိုးယူနိုင်စွမ်းရှိ ရင်၊ထိပ်ဆုံးက၊ တပ်ချုပ်ဆိုတဲ့၊ စစ်အာဏာရှင်ကြီး၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နဲ့ ခိုးသားတပ်ဖွဲ့ ဆိုရင်............။

" ကဲ ဘယ် လို လဲ ရဲ ဘော် " ။

---

http://ko-htike.blogspot.com/

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ စုံညီတွေ့ဆုံခွင့် အဖွဲ့ချုပ်တောင်းဆို

2009-03-23

နိုင်ငံရေးအတွက် အရေးကြီးနေတဲ့အချိန် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ပါတီ ဗဟိုအလုပ်အမှုဆောင် စုံညီအစည်းအဝေး ကျင်းပနိုင်ရေး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေ စုံစုံညီညီ တွေ့ဆုံခွင့်ပေးဖို့ တောင်းဆိုတဲ့ အကြောင်း NLD ပါတီက ဒီကနေ့ မတ်လ ၂၃ရက်မှာ ကြေညာချက် ထုတ်ပြန် တောင်းဆိုလိုက်ပါတယ်။



(Photo: AFP)

ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာ အီဘရာဟင် ဂမ်ဘာရီ (ဝဲမှ ဒုတိယ) နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂ရက်နေ့က ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရ ဧည့်ဂေဟာတွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ရှေ့အလယ်မှ ပုဂ္ဂိုလ်မှာ NLD ပါတီ ဥက္ကဋ္ဌ ဦးအောင်ရွှေဖြစ်၍ ယာအစွန်မှာ အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါသည်။ (Photo: AFP)

ဒီလိုတောင်းဆိုချက်ကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေက စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံကို ၂၀၀၈ ဇန်နဝါရီလကတည်းက တောင်းဆိုခဲ့တာ ဖြစ်ပြီး ထပ်မံ တောင်းဆိုစာကိုတော့ အခုလ ၁၉ ရက်နေ့က ပေးပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီကြေညာချက်နဲ့ ပတ်သက်လို့ အဖွဲ့ချုပ်ပြောခွင့်ရသူ ဦးဉာဏ်ဝင်းက အခုလိုပြောပြပါတယ်။

ဦးဉာဏ်ဝင်း။ ။ "ကျွန်တော်တို့ NLDအဖွဲ့ချုပ်အနေနဲ့ နိုင်ငံရေးအရ ဆုံးဖြတ်ချက်တွေ အရေးတကြီး ဆုံးဖြတ်ဖို့၊ နော်၊ ကျွန်တော်တို့ အခုလို ဆုံးဖြတ်ဖို့ လိုအပ်တဲ့အချိန်ကို ရောက်နေပြီ။ အဲဒီလို လိုအပ်တဲ့အချိန်ကို ရောက်နေတဲ့အတွက် ကျွန်တော်တို့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် စုံညီအစည်းအဝေး ကျင်းပဖို့ကို ကျွန်တော်တို့ ခွင့်ပြုပါ၊ စီစဉ် ဆောင်ရွက်ပေးပါ၊ ကျွန်တော်တို့ ဒီလို တောင်းဆိုတယ်။ ဒီလိုဟာမျိုးကိုလည်း ၂၀၀၈ ဇန်နဝါရီကတည်းက တောင်းဆိုခဲ့ပါတယ်။ အကြောင်းမပြန်ဘူး။ အခုအချိန်ကတော့ နိုင်ငံရေးအရ အရေးကြီးတဲ့အချိန် ဖြစ်တဲ့အတွက် ဒါကို ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ ဒီလို တောင်းဆိုတဲ့ ကိစ္စကို အများပြည်သူကိုလည်း အသိပေးတဲ့အနေနဲ့ ကြေညာချက် ထုတ်တာပါ။"

ဒီကြေညာချက်ဟာ စစ်အစိုးရစီစဉ်နေတဲ့ ၂၀၁၀ ရွေးကောက်ပွဲ အပါအဝင် နိုင်ငံရေးအရ အရေးပါတဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်ဖို့၊ နေအိမ် အကျယ်ချုပ်ကျခံနေရတဲ့ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ပါ CEC စုံညီမှာ ပါဝင်ဆွေးနွေးနိုင်ဖို့ အဓိက ရည်ရွယ်ရင်း ဖြစ်တယ်လို့ သိရပါတယ်။

ဦးဉာဏ်ဝင်းက အခုလို ရှင်းပြပါတယ်။

ဦးဉာဏ်ဝင်း။ ။ "ကျွန်တော်တို့ နိုင်ငံရေးအရ လိုအပ်ချက်ကိုပဲ ဖော်ပြတာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးအပါအဝင်ပေါ့၊ စုံညီအစည်းအဝေးဆိုတာက ဒီလို ဖော်ပြတာတော့ ရှိပါတယ်။ အခုအချိန်ဟာ မြန်မာပြည်နိုင်ငံရေးနဲ့ ပတ်သက်ပြီးတော့ အရေးတကြီး၊ အရေးပေါ် အရေးကြီးတာကို စီစဉ် ဆုံးဖြတ်ရမဲ့ အချိန်အခါမျိုး ဖြစ်တယ်။ အဲဒီလို အချိန်အခါမှာ တရားဝင်ပါတီဖြစ်တဲ့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကလည်း ဒီဟာကို စဉ်းစား ဆုံးဖြတ်နိုင်ဖို့ နိုင်ငံရေးအရ စဉ်းစားဆုံးဖြတ်နိုင်ဖို့ အားလုံးစုံညီ CECအဖွဲ့ဝင်များ တွေ့ဆုံ ဆွေးနွေးဖို့ လိုတယ်။ ဒီဟာကို ဆောင်ရွက်ပေးသင့်တယ်၊ ဆောင်ရွက်ပေးပါလို့ ဒီလို တောင်းဆိုတဲ့သဘော။"

ဒီကြေညာချက်ကို အဖွဲ့ချုပ် ဗဟိုကော်မတီ အစည်းအဝေးအရ မတ်လ ၁၆ ရက်နေ့က CEC က ဆုံးဖြတ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို တိုက်ရိုက် စာရေးတောင်းဆိုခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

မြန်မာပြည်ဒီမိုကရေစီရရှိရေး အင်အားစု ဒုတိယအကြိမ် ညီလာခံကျင်းပ

2009-03-23

ထိုင်းမြန်မာနယ်စပ်အခြေစိုက် အဖွဲ့အစည်းတခုဖြစ်တဲ့ မြန်မာပြည်ဒီမိုကရေစီ ရရှိရေး အင်အားစု (Forum for Democracy in Burma FDB) ရဲ့ ဒုတိယ အကြိမ် ညီလာခံ ကို မတ်လ ၁၈ ရက်ကနေ ၂၂ ရက်နေ့အထိ ထိုင်းမြန်မာနယ်စပ် တနေရာမှာ ကျင်းပခဲ့ကြောင်း သတင်းရရှိပါတယ်။



(Photo: RFA)

မြန်မာပြည်ဒီမိုကရေစီ ရရှိရေး အင်အားစု (Forum for Democracy in Burma FDB) အတွင်းရေးမှူးချုပ် ဒေါက်တာ နိုင်အောင်။ (Photo: RFA)

FDB အင်အားစုနေနဲ့ ၂၀၀၈ ခုနှစ်က စစ်အစိုးရ ပြဋ္ဌာန်းခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ စည်းမျဉ်းဟာ တိုင်းရင်းသား တန်းတူညီမျှရေး၊ ဒီမိုကရေစီရေးတွေကို အာမခံ ဖော်ဆောင်နိုင်ခြင်း မရှိပဲ၊ စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်အောင် ပြုလုပ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်း ဖြစ်တာကြောင့်၊ ဒီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းကို မထောက်ခံနိုင်ကြောင်း၊ စစ်အစိုးရအနေနဲ့ တွေ့ဆုံဆွေးနွေးရေး လုပ်ပြီး၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းကို ပြန်လည်သုံးသပ် ပြင်ဆင်ခြင်း မပြုပါက လာမဲ့ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း အသိအမှတ်ပြုမှာမဟုတ် ကြောင်း၊ အဲဒီအဖွဲ့က ညီလာခံအပြီးမှာ သတင်းထုတ်ပြန်ထားပါတယ်။

FDB အင်အားစုဟာ အမြင်တူ၊ သဘောထားတူတဲ့ ၁၉၈၈ မျိုးဆက် အဖွဲ့အစည်းတွေ စုပေါင်းထားတာဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း ကိုယ့်အခွင့်အရေးကို နားလည်ပြီး ပါဝင်လှုပ်ရှားလာတဲ့နည်းနဲ့ မြန်မာပြည် လူ့အဖွဲ့အစည်းကို ပြောင်းလဲမယ့် နည်းလမ်းကို ရွေးချယ်ကျင့်သုံးကြောင်း အဖွဲ့ရဲ့ အတွင်းရေးမှူးချုပ် ဒေါက်တာ နိုင်အောင်က ပြောပါတယ်။

ဒေါက်တာ နိုင်အောင်။ ။ "ကျွန်တော်တို့ ပြည်သူလူထုနဲ့ အတူတူ ကျွန်တော်တို့ လိုချင်တဲ့ လူ့အဖွဲ့အစည်းပုံစံ ဖြစ်အောင်အတွက် ကျွန်တော်တို့ လှေလာသွားမယ်၊ တရားမမျှတမှုတွေကို ပယ်ဖျက်သွားပြီးတော့မှ တရားမျှတမှုတွေ ရှာဖွေ ကျင့်သုံးနိုင်တဲ့ လူ့အဖွဲ့အစည်းတခု ဖြစ်အောင် ဆောင်ရွက်သွားမယ်။ အဲဒီလုပ်ဖို့အတွက်ကို လူထု အခြေခံကြားထဲမှာပဲ ကျွန်တော်တို့ ဒီယဉ်ကျေးမှုတွေ တည်ဆောက်သွားပြီးတော့ ပြည်သူလူထုက ခွန်အားရှိအောင် ဆောင်ရွက်သွားမယ်၊ ကိုယ့်အခွင့်အရေးကို ကိုယ်ကာကွယ်သွားမယ်၊ ကိုယ့်အခွင့်အရေးကို ကိုယ်တိုက်ပွဲဝင်သွားမယ်၊ ဒီနည်းလမ်းမျိုးနဲ့ ကျွန်တော်တို့ ဒီ အတားအဆီးတွေ မှန်သမျှကို ပယ်ဖျက်သွားဖို့အတွက် ကြိုးစားသွားမှာ ဖြစ်ပါတယ်။"

ဒီအဖွဲ့အစည်းရဲ့ ဦးဆောင်မှုမှာ အမျိုးသမီးတွေ ပိုမိုပါဝင်လာနိုင်ရေး၊ ဆွေးနွေး လုပ်ဆောင်ခဲ့ကြောင်းနဲ့ ဦးဆောင်မှု တိုးချဲ့ ဖွဲ့စည်းတာတွေ ပြုလုပ်ခဲ့ကြောင်း ဒေါက်တာ နိုင်အောင်က ဆက်လက်ပြောဆိုခဲ့ပါတယ်။

ညီလာခံကို ၂ နှစ်တကြိမ်ပြုလုပ်တာဖြစ်ပြီး၊ အဖွဲ့အစည်းကို ထူထောင်ခဲ့တာ အခုအခါ ၄ နှစ် ရှိသွားပြီ ဖြစ်ပါတယ်။ ယခင်က အတွင်းရေးမှူးအဖွဲ့မှာ ၉ ဦးရှိရာကနေ အခုအခါ ၁၁ ဦးကို တိုးချဲ့လိုက်ပြီး အမျိုးသမီး နှစ်ဦး ပါဝင်တယ်လို့ သိရပါတယ်။

ဒီ FDB မှာပါဝင်တဲ့ အဖွဲ့တွေကတော့ ကျောင်းသားတပ်မတော် (ABSDF) လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက် (NDD)၊ မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ် (WLB)၊ ဗကသများအဖွဲ့ချုပ် နိုင်ငံခြားရေးရာကော်မတီ၊ ပြည်သူ့ကာကွယ်ရေးတပ်၊ ရောင်ခြည်ဦး အလုပ်သမားသမဂ္ဂနဲ့ နိုင်ငံရေး အကျဉ်းသားဟောင်းများက တသီးပုဂ္ဂလ အနေနဲ့ ပါဝင်ကြပါတယ်။

မန္တလေး NLD စည်းရုံးရေးအဖွဲ့ဝင် ဒေါ်ဝင်းမြမြ ထောင်ပြောင်းရွှေ့ခံရ

2009-03-23

မန္တလေး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြကို အာဏာပိုင်တွေက မနေ့က မတ်လ ၂၂ရက်မှာ မြစ်ကြီးနားထောင်ကို ပြောင်းရွှေ့လိုက်တယ်လို့ RFAက စုံစမ်းသိရှိရပါတယ်၊



(Photo: AFP)

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) တည်ထောင်သည့် နှစ် ၂၀ပြည့်ဖြစ်သော ၂၀၀၈ခုနှစ်၊ မေလ ၂၇ရက်နေ့က နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးအတွက် ငှက်များ ဘေးမဲ့လွှတ်ပြီး ဆုတောင်းနေပုံ ဖြစ်ပါသည်။ (Photo: AFP)

အဲဒီလိုရွှေ့ပြောင်းတဲ့အကြောင်းကို မိသားစုဝင်တွေကို တရားဝင် အကြောင်းမကြားပဲ မြင်လိုက်တဲ့သူတွေက ပြောမှပဲ သိရတယ်လို့ ဒေါ်ဝင်းမြမြရဲ့ မိသားစုဝင်တယောက်က ပြောပါတယ်၊

မိသားစုဝင်။ ။ "မနေ့ညက ကြားတာ၊ ဒီနေ့မနက်တော့ မြစ်ကြီးနားထောင်ကို ပို့လိုက်တယ်လို့ကြားတာ၊ ဒါပေမဲ့ မြစ်ကြီးနားက အမျိုးသမီး တဦးကတော့ မြစ်ကြီးနားတော့ ထားမယ်မထင်ဘူးတဲ့၊ ဗန်းမော်ကို ပို့မယ်ထင်တယ်တဲ့၊ အဲလိုပြောသံကြားတယ်လေ၊ မနေ့ညက ဖုန်းဝင်လာတာလေ၊ ဒေါ်ဝင်းမြမြပါသွားတယ်ပေါ့၊ ကျွန်မတို့ကလည်း သူများတွေ လှမ်းအကြောင်းကြားမှသိတာ အင်းတော်က လူက ဒေါ်ဝင်းမြမြကို မြင်လိုက်တယ်လို့ ပြောတာလေ။"

မနေ့က မိုးညှင်းမှာရှိတဲ့ ဒေါ်ဝင်းမြမြမိတ်ဆွေတယောက်ကလည်း ဘူတာရုံကိုသွားပြီးတော့ ဒေါ်ဝင်းမြမြ စားဖို့အတွက် ပစ္စည်းအချို့ပေး လိုက်လို့ သိရပါတယ်။ မိသားစုဝင်တွေအနေနဲ့ ဒီကနေ့ မတ်လ ၂၃ ရက်နေ့မှာ မြစ်ကြီးနားထောင်ကို လိုက်ဖို့ ရထားလက်မှတ် သွားဝယ်ပေမဲ့ လက်မှတ်ကုန်သွားတာကြောင့် ဒီကနေ့ မသွားဖြစ်သေးဘူးလို့လည်း သိရပါတယ်၊ ရုတ်တရက် အခုလို ထောင်ပြောင်း ရွှေ့လိုက်တာကြောင့် မိသားစုဝင်တွေအနေနဲ့ အံ့အားသင့်နေပြီးတော့ ဘာလုပ်ရမှန်းလည်း မသိဘူးဖြစ်နေတယ်လို့ သိရပါတယ်၊

ဒေါ်ဝင်းမြမြဟာ မန္တလေးထောင်မှာ ရှိနေစဉ် ကျန်းမာရေး ကောင်းမွန်နေပြီးတော့ တကယ်လို့ မြစ်ကြီးနားထောင်ကို ရောက်ရင် သူ့ကျန်းမာရေးအတွက် စိုးရိမ်တယ်လို့ စောစောက မိသားစုဝင်တယောက်က ပြောပါတယ်၊

မိသားစုဝင်။ ။ "ပိန်တာတော့ နဂိုအတိုင်း ပိန်နေတာ၊ ကျန်းကျန်းမာမာပါပဲ။ အဲဒီမှာ ဆရာဝန်မရှိဘူးပေါ့၊ ဒီမှာတော့ ဆရာဝန် ရှိတယ်ပေါ့၊ အဲဒီသဘောမျိုးပဲ ကွာတာ၊ ထောင်ဝင်စာ သွားတွေ့ရတဲ့လူက တအားပင်ပန်းတာပေါ့။ ခရီးက အဝေးကြီး ၊ ဒီကလည်း တအား စိတ်ညစ်နေကြတာ၊ ဘယ်သူနဲ့မှလည်းပဲ စကားမပြောနိုင်ဘူး၊ ရယ်လည်း မရယ်နိုင်ဘူး၊ အဲလိုဖြစ်နေကြတာ။"

ဒေါ်ဝင်းမြမြဟာ ၂၀၀၇ ခုနှစ် စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေး ပြီးတဲ့နောက်ပိုင်း အဖမ်းခံရပြီး မနှစ်က မန္တလေး အိုးဘိုထောင်မှာ ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခံရသူ ဖြစ်ပါတယ်၊ သူနဲ့အတူ မန္တလေးတိုင်းအတွင်းက ဦးကံထွန်း၊ ဦးသန်းလွင်၊ ကိုတင်ကို၊ ကိုဝင်းရွှေ၊ မိုးကုတ်က ကိုမင်းသူ စတဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင် ၆ယောက်ကို အာဏာပိုင်တွေက ထောင်ဒဏ် ၂ နှစ်ကနေ ၁၃ နှစ်အထိ ချမှတ်ခဲ့ပါတယ်။

သူတို့အမှုတွေနဲ့ ပတ်သက်လို့ မန္တလေး ရှေ့နေရုံးချုပ်မှာ တတိယအဆင့်အနေနဲ့ သူတို့မှာ အပြစ်မရှိတဲ့အကြောင်း အယူခံလျှောက်လဲချက်ကို မတ်လ ၁၃ ရက်နေ့က တင်ခဲ့ပါတယ်၊ အဲဒီ အယူခံ လျှောက်လဲချက် တင်ထားတာနဲ့ ပတ်သက်လို့ အခုထိ တစုံတရာ မသိရသေးဘူးလို့ မှန်တိုင်းကယ်ဆယ်ရေး ကူညီသူများ ထောင်ဒဏ်ချမှတ်ခံရ

2009-03-23

နာဂစ်မုန်တိုင်း ကယ်ဆယ်ရေး လုပ်ကိုင်သူ ၄ဦးကို ဒီကနေ့ မတ်လ ၂၃ရက်မှာ အင်းစိန်ထောင် အထူးတရားရုံးကနေ ထောင်ဒဏ် ၃နှစ်စီ အပြစ်ပေးလိုက်ပါတယ်။ စွဲချက်တင်တဲ့ ပုဒ်မကတော့ တရားမဝင် သင်းပင်းဖွဲ့စည်းမှုကို ကူညီအားပေးတဲ့ အမှုဖြစ်ပါတယ်။ သူတို့ကို စီရင်ချက်ချရာမှာ ရှေ့နေမပါပဲ အပြစ်ပေးလိုက်တာ ဖြစ်တယ်လို့ သိရပါတယ်။



(Photo: AFP)

ရောဝတီ မြစ်ဝကျွန်းပေါ် မော်လမြိုင်ကျွန်းမြို့တွင် ဆန်၊ အာလူး၊ သောက်ရေ အစရှိသည့် ကယ်ဆယ် ထောက်ပံ့ရေး ပစ္စည်းများကို ဇူလိုင် ၄ရက်နေ့က မိုးထဲရေထဲမှာပင် စောင့်မျှော်နေကြသော လေဘေး ဒုက္ခသည်များ ဖြစ်ပါသည်။ (Photo: AFP)

အပြစ်ပေးခံရသူတွေကတော့ မတင်တင်ချို၊ မရင်ရင်ဝိုင်း၊ မနီမိုလှိုင်နဲ့ ကိုမြတ်သူတို့ ဖြစ်ကြပါတယ်။ မတင်တင်ချိုရဲ့ အစ်ကိုဖြစ်သူ ကိုမောင်က ခုလိုပြောပါတယ်။

ကိုမောင်။ ။ "သူတို့ကို ပုဒ်မအမျိုးမျိုး တပ်တယ်။ နောက်ပြီးတော့ ရမန်တွေ ယူတယ်။ ရုံးတွေ ပြောင်းချိန်းတယ်။ အဲလိုပဲ ပြောတာ။ နောက်ဆုံးကျမှ ၂၁ဝနဲ့ ၇နဲ့ အဲဒါနဲ့ နောက်ဆုံး စွဲတာပေါ့။ အဲဒါနဲ့ စီရင်ချက်ချတာ။ သူတို့က အများအတွက်ပေါ့လေ၊ အများအတွက် လုပ်တာကို ဒီလိုပဲ အဖမ်းခံရတယ်ဆိုတော့ ဖမ်းမိတယ် ဆိုကတည်းက အပြစ်ဒဏ် တခုခု ထောင်ဒဏ် ကျလိမ့်မယ်လို့တော့ ကျွန်တော် ခံစားထားပါတယ်။ ကြိုတင်လည်း ပြင်ဆင်ထားတာကိုး။ အနည်းနဲ့ အများပဲ ကွာမယ်လို့ပဲ အဲလိုပဲ ခံယူထားတာပေါ့လေ။"

မတင်တင်ချိုရဲ့ အစ်ကိုဖြစ်သူ ကိုမောင်ပြောပြသွားတာပါ။ မတင်တင်ချိုဟာ ဘယ်ပါတီ၊ ဘယ် အဖွဲ့အစည်းမှာမှ ပါဝင်ခြင်းမရှိပဲ မရင်ရင်ဝိုင်းနဲ့ အတူ ဘိုကလေးမြို့ကို သွားပြီး ဒုက္ခသည်တွေကို သွားရောက် ကူညီသူ ဖြစ်တယ်လို့ သိရပါတယ်။ မတင်တင်ချိုကို ပြီးခဲ့တဲ့ နှစ် ဇွန်လ၁၂ရက် အာဏာပိုင်တွေက လက်ဖက်ရည်ဆိုင်ကနေ ဖမ်းသွားခြင်း ဖြစ်ပါတယ်။ အဲဒီနောက် နေအိမ်မှာ လာရောက် ရှာဖွေတာမျိုးတွေ လုပ်ပေမဲ့ ဘာမှသိမ်းဆည်းသွားခြင်း မရှိဘူးလို့ သိရပါတယ်။

မတင်တင်ချိုပါ ၃ဦးရဲ့ အမှုကို အင်းစိန်ထောင် အထူးတရားရုံမှာ ဖြေကြိမ်မြောက် စစ်ဆေးပြီးနောက် ခုလို အပြစ်ပေးလိုက်တာ ဖြစ်ပါတယ်။

မန္တလေး အင်န်အယ်လ်ဒီ အဖွဲ့ဝင်တယောက်က ပြောပါတယ်။

NLD အမျိုးသမီး အဖွဲ့ဝင်များကို ကော့မှူး အာဏာပိုင်များက မြို့အဝင်မခံ

2009-03-23

NLD အမျိုးသမီး အဖွဲ့ဝင်များ ရန်ကုန်တိုင်း ကော့မှူးမြို့ကို အသွား အာဏာပိုင်တွေက မြို့တွင်း အဝင်မခံဘူးလို့ သိရပါတယ်။ NLD အမျိုးသမီး အဖွဲ့ဝင်တွေဟာ ကော့မှူးမြို့နယ်အတွင်း အမျိုးသမီးအဖွဲ့ ဖွဲ့စည်းဖို့ သွားရောက်တာ ဖြစ်ပါတယ်။



(Photo: AFP)

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) တည်ထောင်သည့် နှစ် ၂၀ပြည့် အခမ်းအနားကို ရန်ကုန်မြို့ရှိ ပါတီ ဌာနချုပ်တွင် စက်တင်ဘာ ၂၇ရက်နေ့က ကျင်းပနေပုံ ဖြစ်ပါသည်။ (Photo: AFP)

ခုလိုသွားရောက်တာ သက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ ခွင့်ပြုချက် တောင်းခံပြီးမှ သွားရောက်ခြင်း ဖြစ်တယ်လို့ ရန်ကုန်တိုင်း NLD အတွင်းရေးမှူး ဒေါက်တာဝင်းနိုင်က ပြောပါတယ်။

ဒေါက်တာဝင်းနိုင်။ ။ "သူတို့ သက်ဆိုင်ရာ မဝတကိုလည်း အကြောင်းကြားပြီးပြီ၊ ဖွဲ့စည်းလို့ ရပြီ ဆိုပြီးတော့ တဆင့် ဗဟိုအမျိုးသမီးကို သက်ဆိုင်ရာ မြို့နယ်က အကြောင်းကြားတယ်။ အကြောင်းကြားတဲ့အတွက် တနင်္ဂနွေနေ့က ကျွန်တော်တို့ဆီက ဗဟို အမျိုးသမီးအဖွဲ့က အဖွဲ့ဝင်သုံးယောက်၊ ဒေါက်တာ ဒေါ်မေဝင်းမြင့်ရယ်၊ ဒေါ်မြင့်မြင့်စိန်ရယ်၊ ဒေါ်အေးအေးမာရယ်၊ ရန်ကုန်တိုင်းက ဒေါက်တာမျိုးအောင်ရယ်၊ ဦးလှသိန်းအပါအဝင် အားလုံးပေါင်း ရှစ်ဦးပေါ့၊ သွားကြတယ်။"

"သွားကြတဲ့အခါမှာ ကျွန်တော်တို့ ကော့မှူးမြို့ မရောက်ခင် တမိုင်လောက်ကစပြီးတော့ အဲဒီ မဝတအတွင်းရေးမှူး ခေါင်းဆောင်ပြီးတော့ အဲဒီ လုံခြုံရေးအဖွဲ့တွေနဲ့ သူတို့ တားတယ်။ ကျွန်တော်တို့ ဒီအဖွဲ့ကို ဒီလူတွေကို ကျွန်တော်တို့ ကော့မှူးမြို့ထဲကို အဝင်မခံနိုင်ပါဘူး ဆိုပြီးတော့ တားတယ်။"

"အဲဒီတော့ ဘာဖြစ်လို့လဲလို့ မေးတဲ့အခါမှာ ဒီကော့မှူးမြို့ထဲမှာ ဒီ ဦးအေးသိန်း အိမ်မှာ၊ ဦးအေးသိန်းဆိုတာ ကျွန်တော်တို့ အဖွဲ့ဝင်ပေါ့၊ လုပ်မဲ့ အမျိုးသမီး ဖွဲ့စည်းရေး ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ခွင့်မပြုတဲ့ အကြောင်းကို သောကြာနေ့ကတည်းက အကြောင်းကြားပြီးပါပြီတဲ့၊ ကော့မှူးမြို့နယ်က။"

လက်ရှိ အချိန်မှာ မြန်မာပြည်အနှံ့ မြို့ရွာတော်တော်များများမှာ ၂၀၁၀ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး အဖွဲ့အစည်းအသီးသီးအနေနဲ့ သက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ ခွင့်ပြုချက်များ ယူပြီး နိုင်ငံရေးဟောပြောမှုတွေ ပြုလုပ်ခွင့် ပေးနေချိန်မှာ NLD ပါတီဝင်တွေကို ခုလို တားမြစ်ခြင်းဟာNLD ပါတီကို တမင်သက်သက် ချိုးနှိမ်နေခြင်း ဖြစ်တယ်လို့ ယူဆကြောင်း ဒေါက်တာဝင်းနိုင်က ပြောပါတယ်။

ဒေါက်တာဝင်းနိုင်။ ။ "ကျွန်တော်တို့ အဲဒီမှာ အဖွဲ့ဝင်တွေနဲ့ နည်းနည်းပါးပါး စကားပြောပြီးတော့ အစည်းအဝေး မလုပ်ဖြစ်ဖူး၊ ပြန်လာကြတယ်။ အဖွဲ့ချုပ်ကို နှိပ်ကွပ်တဲ့ သဘောလို့ပဲ ကျွန်တော်က ယူဆတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ အဖွဲ့က နိုင်ငံရေးပါတီ တရပ်အနေနဲ့ တရားဝင် မှတ်ပုံတင်ထားတယ်။ ၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာလည်း အနိုင်ရထားတဲ့ ပါတီ။ ဆိုတော့ ဒီအဖွဲ့ရဲ့ လှုပ်ရှားမှုတွေကိုတောင် ခွင့်မပြုနိုင်ဘူးဆိုရင် ကျွန်တော်တို့ စဉ်းစားကြည့်တယ်ဗျာ၊ ၂၀၁၀ ရွေးကောက်ပွဲက ဘယ်လိုလုပ်ပြီးတော့ လွတ်လပ်ပြီးတော့၊ သန့်ရှင်းပြီးတော့၊ တရားမျှတမှုဆိုတာ ဖြစ်နိုင်ပါ့မလဲ။ အဲဒါ ကျွန်တော်တို့ သုံးသပ်ချက်ပဲ။"

“အဲဒီတော့ ကျွန်တော်တို့က ဒါတွေက ပုံမှန် လုပ်ရိုးလုပ်စဉ် လုပ်ငန်းတွေ၊ အထူးအားဖြင့် ပြောရရင် ၂၀၁၀အတွက် ကြိုတင် လှုပ်ရှားနေတာတွေလည်း မဟုတ်ဖူး။ ကျွန်တော်တို့ အဖွဲ့ရဲ့ ပုံမှန် လုပ်ရိုးလုပ်စဉ်၊ ကျွန်တော်တို့ရဲ့ wing တွေပေါ့ဗျာ၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ လူမှုအဖွဲ့ စသည်ဖြင့် ဖွဲ့ဖို့ ကျွန်တော်တို့ သွားတာ၊ ဒါလေးတွေကအစ တားဆီး ကန့်သတ်တယ်ဆိုတာ လူ့အခွင့်အရေး ချိုးဖောက်မှုအရ ကြည့်မယ်ဆိုလို့ရှိရင်လည်း မြို့ထဲ အဝင်မခံဘူးဗျာ၊ အများပြည်သူသွားတဲ့လမ်း၊ အများပြည်သူ နေတဲ့မြို့၊ NLDက လူတွေ အဝင်မခံဘူး။ တဖက်က ကြည့်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ကို သီးခြား သက်သက်ကို ဒါကန့်သတ်။”

ဒေါက်တာဝင်းနိုင်ပြောပြသွားတာပါ။

မြင်းခြံမြို့ စက်မှုလုပ်ငန်းရှင်တွေ အခွန်ပိ

2009-03-21

စီးပွားရေးလုပ်ငန်းတွေကျဆင်းနေတဲ့အချိန်မှာ မန္တလေးတိုင်း မြင်းခြံမြို့ စည်ပင်သာယာဌာနက စက်မှုလုပ်ငန်းရှင်တွေအပေါ်မှာ သတ်မှတ်ထားတာထက်ပိုပြီး အခွန်အမျိုးမျိုး ကောက်ခံနေတာကြောင့် စက်မှုလုပ်ငန်းရှင်တွေ အခက်အခဲ ဖြစ်နေကြပါတယ်။

လွန်ခဲ့တဲ့ ၁၅ ရက်လောက်ကတည်းက မြင်းခြံစက်မှုဇုံမှာ စည်ပင်သာယာက အခွန်ကောက်ခံနေတာပါ။ အသေးစား စက်မှုလုပ်ငန်းရှင်နဲ့ အကြီးစား စက်မှုလုပ်ငန်းရှင် ဆိုပြီးတော့ မူလက အခွန်ဈေးနှုန်း ခွဲခြားသတ်မှတ်ထားပေမယ့် အားလုံးဟာ အကြီးစားစက်မှုလုပ်ငန်းရှင် တွေ ပေးရတဲ့ အခွန်အတိုင်း ပေးဆောင်နေရတယ်လို့ မြင်းခြံမြို့က လုပ်ငန်းရှင်တယောက်က ပြောပါတယ်။

“အခုရက်ပိုင်း မြင်းခြံစည်ပင်သာယာဌာနက စက်မှုဇုံထဲမှာ ငွေလိမ်ကောက်တယ်ဆိုတာက ကျနော်တို့ အသေးစားလုပ်ငန်းဆိုရင် သူတို့က ၂၇၀၀၀ ယူရမှာ၊ အသေးစားလုပ်ငန်းဆိုရင် လိုင်စင်ကြေးက တသောင်းလောက်ပဲရှိတယ်။ အဲဒါကို သူတို့က အကြီးစားလုပ်ငန်း အနေနဲ့ ၃၆၀၀၀ လိမ်ကောက်နေတာရှိတယ်။ အခုကျနော်တို့ စက်မှုဇုံလုပ်ငန်းရှင်တွေက နောက်ပိုင်း မေးကြည့်တဲ့ အခါကျတော့ သူတို့ လိမ်ကောက်ခံရတာကို သိကြတယ်။ ဒါပေမယ့် သူတို့ ပိုက်ဆံပေးပြီးသား ဖြစ်နေတဲ့အတွက် မတိုင်တော့ပဲ နေတယ်။ အခုအချိန်ထိလည်း စည်ပင်သာယာက လုပ်ငန်းလိုင်စင် အကုန်လုံးကို အတင်းပိုက်ဆံ တောင်းနေတာ”

လုပ်ငန်းကြီးတွေတောင်မှ စည်ပင်သာယာကိုပေးဆောင်ဖို့ တရားဝင် သတ်မှတ်ထားတဲ့အခွန်က ၂၆၀၀၀ ပဲရှိတယ်လို့ သိရပါတယ်။ အဲဒီလို အခွန်လိုက်ကောက်တဲ့ အခါမှာလည်း စည်ပင်သာယာဝန်ထမ်းတွေက လုပ်ငန်းရှင်တွေကို ခြိမ်းခြောက်ပြီးတော့ ကောက်ခံတယ်လို့  လုပ်ငန်းရှင်ကပြောပါတယ်။

“နေ့စဉ်နဲ့အမျှဆိုသလို လူ ရှစ်ယောက် ကိုးယောက်လောက်လာပြီး ခြိမ်းခြောက်မှုတွေ အမြဲတမ်းလုပ်တယ်ဗျ။ မပေးဘူးဆိုရင် လုပ်ငန်းပိတ်ရမယ်ပေါ့။ မပေးလို့မရဘူးပေါ့။ အဲဒီအချိန်မှာ  တချို့ပြောကြတယ်။ အရင်တုန်းက လုပ်ငန်းသေး၊ အခုလည်း လုပ်ငန်းသေး။ သူတို့က ဒီလုပ်ငန်းသေးကို သူတို့ဘာသာသူတို့ စိတ်ကြိုက် လိုင်စင်ကို လုပ်ငန်းအလတ်လိုင်စင်၊ လုပ်ငန်းအကြီးလိုင်စင် ပြောင်းထားတဲ့။ ထုတ်ပြတယ်၊ ခင်ဗျားတို့ လုပ်ငန်းသေးပြောင်းလို့ မရတော့ဘူးပေါ့။ ပြောင်းချင်ရင် နောက်နှစ်မှ တင်ပေါ့။ မတင်ရင်မရနိုင်ဘူး ဘာညာနဲ့ အတင်း ခြိမ်းခြောက်ပြီးတောင်းတယ်။ တနှစ်စာခင်ဗျ”

စည်ပင်သာယာက ကောက်ခံတဲ့ အခွန်အပြင်   တခြားဌာနတွေက ကောက်တဲ့ အခွန်အမျိုးမျိုးကိုလည်း မြင်းခြံမြို့က စက်မှုလုပ်ငန်းရှင်တွေအနေနဲ့  မဖြစ်မနေ ထည့်ရသေးတယ်လို့ သူက ဆက်ပြောပါတယ်။

“အများကြီးပဲဗျာ  အဲဒါ လုပ်ငန်းလိုင်စင်နှစ်မျိုး၊ နောက်တခါ ညစ်ညမ်းလိုင်စင်ဆိုပြီးတော့ တမျိုးတောင်းတယ်။ နောက်တခါ အမှိုက်ခွန် ရေခွန်ဆိုတာ တောင်းတယ်။ မီးသတ်ကလည်း တနှစ်တခါ   မီးသတ်ဗူး မဝယ်နိုင်ရင် နှစ်သောင်းပေးရမယ်တို့။ တကယ်ဝယ်လိုက်ရင် သုံးသောင်းလောက် ပေးရတယ်။ အဲဒီတော့ နှစ်သောင်းပေးရတာမျိုး။ နောက်တခါ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးဆိုပြီးတော့ ထပ်တောင်းတာရှိတယ်။ အဲဒီလိုလိုင်စင်တွေ အများကြီးတောင်းတာပေါ့။ စက်မှုလုပ်ငန်းရှင်တွေကျတော့ တော်တော်ကြီးကို ဒုက္ခရောက်တယ်။ အိမ်ခွန်မြေခွန်၊ အဆောက်အဦခွန်တွေ မပါသေးဘူး။ လျှပ်စစ်မီးဆိုရင်လည်း ကိုယ်သုံးတဲ့မီတာကြေးက သပ်သပ်၊ မီးလာရေးအတွက် တပတ်သုံးထောင် ဆိုတဲ့ လိုင်းကြေးက ပေးရသေးတယ်”

မြင်းခြံမြို့ စက်မှုဇုံမှာ လုပ်ငန်းရှင် လေးရာကျော်လောက်ရှိပါတယ်။ တချို့လုပ်ငန်းရှင်တွေကတော့ သူတို့ကောက်တဲ့အခွန်ကို ပေးပြီးပေမယ့် တချို့ မပြေလည်လို့ မပေးနိုင်သေးတဲ့သူတွေလည်း ရှိနေဆဲပါ။ တချို့ကတော့ စည်ပင်သာယာညွှန်ကြားရေးမှူးဆီ သွားပြီးတော့ ညှိနှိုင်းခဲ့ကြလို့ မပေးရတဲ့သူတွေလည်း ရှိပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်း အဆင်မပြေရတဲ့အထဲ အခွန်တွေ ထပ်ပေးနေရတာကြောင့် အတော်လေး အခက်အခဲဖြစ်တယ်လို့လည်း မြင်းခြံမြို့က စက်မှုလုပ်ငန်းရှင်ကပဲ ဆက်ရှင်းပြပါတယ်။

“အလုပ်က မကောင်းတဲ့ကြားထဲ ဒီအခွန်အတုတ်တွေ မတရားတက်လာတဲ့အခါကျတော့ ဒီစက်မှုဇုန်ထဲမှာ အလုပ်လုပ်တဲ့လူတိုင်းက တနှစ်တနှစ်ကို အခွန်အကုန်လုံးပေါင်းရင် နှစ်သိန်းခွဲ သုံးသိန်းလောက် ဆောင်ရတယ်၊ အခွန်ချည်းပဲ။ မပေးရသေးဘူးဗျ၊ ကျန်တဲ့လူတွေက ကျန်သေးတယ်။ ငွေက မပြေလည်ကြဘူး။ တွင်ခုံလုပ်ငန်းသမားတွေ၊ ဂတ်စကက်ရိုက်တဲ့လူတွေ၊ နောက် ဈေးရောင်းတဲ့လူတွေ၊ အဲလိုလူတွေက မပြေလည်သေးတဲ့လူတွေက အများကြီးကျန်သေးတယ်။ ဂတ်စကက်ရိုက်တဲ့ လုပ်ငန်းသေးသမားလေးတွေကတော့ ရွှေပေါင်တယ်လို့လည်း ကြားတယ်။ အခြေအနေတော်တော်လေးဆိုးတယ်”

မြင်းခြံမြို့စီးပွါးရေးလုပ်ငန်းရှင်တဦးက ပြောသွားတာပါ။

ကမ္ဘာ့စီးပွားရေးကျဆင်းနေတဲ့ အခုလိုကာလမှာ အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေ၊ တရုတ်လို နိုင်ငံကြီးတွေနဲ့  အရှေ့တောင်အာရှ နိုင်ငံတွေမှာတော့ သူတို့ ပြည်သူတွေရဲ့ စီးပွားရေးလုပ်ငန်းတွေကို ကာကွယ်ဖို့အတွက် လုပ်ငန်းခွန် လျှော့ကောက်တာတွေ အပါအဝင်၊ လုပ်ငန်း ဆက်လက်လည်ပတ်နိုင်ရေးအတွက် အစိုးရက ငွေရင်းထုတ်ချေးပြီး ကူညီတာတွေ ရှိနေတယ်လို့ သိရပါတယ်။



အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအကူအညီ မြန်မာနိုင်ငံ အနည်းဆုံးရ

2009-03-21

နာဂစ်မုန်တိုင်းဒဏ်ခံ မြန်မာနိုင်ငံ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသအတွက် နိုင်ငံတကာနဲ့ ပြည်တွင်းက ပေးပို့တဲ့ လူမှုရေးအကူအညီ အထောက်အပံ့တွေဟာ ကျေနပ်အားရဖွယ်ဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ တခြားဒေသတွေအတွက် လူမှုရေးအကူအညီ အထောက်အပံ့တွေ အများကြီး လိုအပ်နေပါတယ်လို့ လူမှုရေးအကူအညီပေးနေတဲ့အဖွဲ့ MSF (Holland) ရဲ့ ဌာနေညွှန်ကြားရေးမှူးက ပြောပါတယ်။



(Photo: RFA)

မုန်တိုင်းဘေး အကူအညီများ မရရှိသဖြင့် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့နှင့် ကုလသမဂ္ဂ ရုံးများရှေ့တွင် ဇွန်လ ၁၀ရက်နေ့က ဆန္ဒထုတ်ဖော်ကြသော လေဘေး ဒုက္ခသည်များ ဖြစ်ပါသည်။ (Photo: RFA)

မြန်မာနိုင်ငံဟာ နိုင်ငံတကာရဲ့ ဖွံ့ဖြိုးရေးအကူအညီကို အနည်းဆုံး လက်ခံရရှိတဲ့နိုင်ငံဖြစ်ပြီး လူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလှူငွေ အများကြီးလိုအပ်နေတယ်လို့ သူကပြောပါတယ်။

ကုလသမဂ္ဂ၊ အာဆီယံနဲ့ မြန်မာအစိုးရ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က နာဂစ်မုန်တိုင်းသင့်ဒေသရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် ပူးပေါင်းဆောင်ရွက်တဲ့ကာလ နောက်ထပ်တနှစ်တိုးလိုက်ပြီး မြန်မာအစိုးရကလည်း မြစ်ဝကျွန်းပေါ်ဒေသကို လူမှုရေးအကူအညီပေးတဲ့ အဖွဲ့တွေ သွားရောက်တာကို တားဆီးပိတ်ပင်တာ မရှိတော့တဲ့အတွက် ငွေကြေးအလှူနဲ့ လုပ်အားအလှူတွေ အများကြီး ရလာတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် ဆိုင်ကလုန်းမုန်တိုင်း မကျရောက်တဲ့ဒေသတွေမှာတော့  လိုအပ်ချက်တွေ အများကြီးရှိနေပါတယ်။ မြန်မာနိုင်ငံ တခြားနေရာတွေမှာ နှစ်စဉ် ငါးနှစ်အောက်ကလေး သေဆုံးမှုဟာ တသိန်းကျော်ရှိပြီး အများအားဖြင့် သေဆုံးမှုတွေဟာ ကာကွယ်ကုသနိုင်တဲ့ ရောဂါတွေကြောင့် ဖြစ်ပါတယ်။ ငါးနှစ်အောက် သေဆုံးမှုရဲ့တဝက်ကျော်ဟာ အာဟာရချို့တဲ့မှုကြောင့်လို့ သူက ပြောပါတယ်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ရဲ့ ဌာနေကိုယ်စားလှယ်က နာဂစ်မုန်တိုင်းဖြစ်ပြီးနောက်မှာ မြန်မာနိုင်ငံ တခြားနေရာတွေထက် နာဂစ်ဒဏ်ခံရတဲ့ဒေသကို ပိုမို အလေးပေးကူညီနေရာမှာ စားနပ်ရိက္ခာ အကူအညီပေးဖို့ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၁၅ သန်း သတ်မှတ်ထားတယ်လို့ ဆိုပါတယ်။

မနှစ်ကတော့ ဘင်္ဂလားဒေ့ရှ်နယ်စပ် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသအတွက် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ရဲ့ ရန်ပုံငွေကို တဝက်ကျော် ထပ်တိုးလိုက်ပါတယ်။ အဲဒီလို မြန်မာနိုင်ငံ တခြားဒေသတွေမှာ လိုအပ်နေတဲ့ အကူအညီတွေဘက်လှည့်ဖို့ နာဂစ်အကူအညီတွေထဲက အိမ်ဆောက်တာ၊ ကျောင်းဆောက်တာ စတဲ့ တချို့လုပ်ငန်းစဉ်တွေကိုလည်း လျှော့ဖို့ စဉ်းစားနေပါတယ်။

သုံးပွင့်ဆိုင်ပူးပေါင်းတဲ့ လုပ်ငန်းစဉ်ဟာ မြစ်ဝကျွန်းပေါ်ဒေသကလွဲပြီး တခြားနေရာတွေမှာ အကောင်အထည်ဖော်ဖို့ ခက်ပါတယ်။  ဘာဖြစ်လို့လဲဆိုတော့ အစိုးရက လူမှုရေးအကူအညီ လုပ်ငန်းတွေကို အပြည့်အဝ လုပ်ခွင့်မပြုလို့ပါ။ လူမှုရေးလုပ်သားတွေရဲ့ သွားလာခွင့်ကို ရဖို့  ရက်သတ္တသုံးပတ်လောက် စောင့်ရတယ်လို့ ဆိုပါတယ်။ တချို့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဆိုရင် အစိုးရရဲ့ ခွင့်ပြုချက်ကို ရပေမယ့် တကယ်တော့ အပြည့်အဝ လုပ်ကိုင်လို့ မရပါဘူး။ တချို့အဖွဲ့ဆိုရင် မြန်မာနိုင်ငံသားအဖွဲ့အစည်းတွေရဲ့ နာမည်ခံယူပြီး လုပ်ရပါတယ်။ တချို့ ကုလသမဂ္ဂအဖွဲ့အစည်းတွေဆိုရင် မြန်မာပြည်နေရာ အတော်များများကို ရောက်ဖို့ မဖြစ်နိုင်ပါဘူးလို့ သူကပြောသွားပါတယ်။

စုပေါင်းရဟန်းခံရှင်ပြုပွဲ ပိုပြီး ကန့်သတ်ချုပ်ကိုင်

2009-03-21

ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်က ပြည်သူတွေအနေနဲ့ အရင်နှစ်တွေက မြန်မာလူမျိုးတွေ မင်္ဂလာယူတဲ့ အခါကြီးရက်ကြီး တန်ခူးလတွေမှာ စုပေါင်းရဟန်းခံရှင်ပြုပွဲတို့၊ စတုဒိသာကျွေးတာတို့ အစဉ်အလာမပျက် ဆောင်ရွက်နေခဲ့ရာမှာ သက်ဆိုင်ရာ အာဏာပိုင်တွေကို သာမန်အသိပေးရုံနဲ့ ကျင်းပနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ စုပေါင်းရဟန်းခံရှင်ပြုပွဲမှာ ရှင်လောင်းလှည့်မယ်ဆိုရင် မြို့နယ်မယကရုံး၊ ရဲစခန်းတို့ကိုပါ ခွင့်ပြုချက်ယူရမှာဖြစ်သလို မြို့နယ် ဥက္ကသကာအဖွဲ့ဆီကလည်း ခွင့်ပြုချက်ယူရမယ်လို့ တာဝန်ယူကျင်းပမယ့်သူတွေကို ခေါ်ယူအသိပေးကြောင်း ဒေသခံတဦးကပြောပါတယ်။

"အခုနှစ်ကျတော့ စုပေါင်းရဟန်းခံ ရှင်ပြုမဏ္ဍပ်တွေကို ထပ်ညွှန်ကြားတယ်။ ရှင်လောင်းလှည့်တဲ့အခါမှာ သူတို့ ခွင့်ပြုချက်ရမှ လှည့်ခွင့်ရမယ်ဆိုပြီး ထပ်ညွှန်ကြားထားတယ်။ ရှင်ပြုပွဲဖြစ်မြောက်ရေးကော်မတီကနေ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊  မယက ထောက်ခံချက်တွေ လုပ်ပြီးတော့မှ မြို့နယ် ဥပဒါယကကို ပေးပို့ရမယ်ဆိုပြီး ညွှန်ကြားလာတယ်။ ဘာသာရေးထုံးတမ်းစဉ်လာအရ စုပေါင်းရဟန်းခံရှင်ပြုရင် ဒါက နောက်ဆက်တွဲပါလျှက်ပဲလေ။ သီးခြားခွင့်ပြုချက်ယူခိုင်းတော့ ဒီစုပေါင်း ရဟန်းခံရှင်ပြုဖို့ ပွဲတော်ဖြစ်မြောက်ရေး ကော်မတီက တော်တော် စိတ်အနှောင့်အယှက်ဖြစ်တယ်"

ဒ့ါအပြင် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေရဲ့ ယုံကြည်မှုတခုဖြစ်တဲ့ အသံမစဲပဋ္ဌာန်းပွဲ ပြုလုပ်မယ်ဆိုရင်လည်း သက်ဆိုင်ရာ ဌာနအသီးသီးကို အသေးစိပ်တင်ပြပြီး ခွင့်ပြုချက်ရမှ ပဋ္ဌာန်းပွဲကျင်းပရတယ်လို့လည်း အဲဒီပုဂ္ဂိုလ်က ပြောပါတယ်။

အနော်ရထာမင်းလက်ထက်ကတည်းက မြန်မာလူမျိုးတွေ ကိုးကွယ်ယုံကြည်လာတဲ့ ဗုဒ္ဓဘာသာနဲ့အတူ ရှေးအစဉ်အဆက် ပြုလုပ်လာတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို စစ်အစိုးရအာဏာပိုင်တွေက စီမံခန့်ခွဲ ချုပ်ကိုင်လာတာတွေရှိသလို တခြားဘာသာခြား တွေအပေါ်မှာလည်း ခွဲခြားဆက်ဆံတာတွေရှိနေတယ်လို့ စစ်အစိုးရအနေနဲ့ ဝေဖန်ခံနေရပါတယ်။

တွံတေးမြို့ ကြက်ခြေနီရုံးကို ရွာသား ၂၀ တောင်းဆို ဆန္ဒပြ

2009-03-21

တွံတေးမြို့နယ် ဇီးဖြူကုန်းရွာက နာဂစ်မုန်တိုင်းသင့် ပြည်သူတွေအတွက် နိုင်ငံတကာကြက်ခြေနီအဖွဲ့ရဲ့ အကူအညီတွေကို တွံတေးကြက်ခြေနီအဖွဲ့နဲ့ ဒေသဆိုင်ရာ ရယက အဖွဲ့တွေက အလွဲသုံးစားလုပ်တဲ့အတွက် ဇီးဖြူကုန်းရွာက ရွာသားနှစ်ဆယ်လောက် ဟာ တွံတေးမြို့ ကြက်ခြေနီရုံးကို တောင်းဆိုဆန္ဒပြနေပါတယ်။

ဆန္ဒပြပွဲမှာ ရောက်နေတဲ့ ဒေသခံတဦးက

"နာဂစ်ဒေသ ပြန်လည်ထူထောင်ရေးဆိုပြီးတော့ နိုင်ငံတကာ အန်ဂျီအို အဖွဲ့အစည်းတွေနဲ့အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်း တွံတေးမြို့အသင်းက ပူးပေါင်းပြီးတော့ လေဘေး ဒေသခံပြည်သူတွေကို လေးသိန်းတန်အိမ် ဆောက်ပေးတာကို အဲဒါကိုသူတို့က ကျေးရွာဥက္ကဌနဲ့ ကြက်ခြေနီအသင်းတွေ ပူးပေါင်းပြီးတော့ မမှန်မကန်လုပ်ဆောင်ပြီး သူတို့ရဲ့ ဆွေမျိုးသားချင်းတွေပဲ ပေးခဲ့တာကြောင့် မို့လို့ ဒါကို နစ်နာတဲ့ ကျေးရွာသား ၂၀ လောက်က Signature Campaign လုပ်တာပေ့ါ။ ကိုယ်တိုင်ကိုယ်ကျ လက်မှတ်ထိုးပြီး ကြက်ခြေနီရုံးကို ဆန္ဒပြကြတာပေ့ါ"

ဒီဆန္ဒပြသူတွေကို တွံတေးမြို့နယ် အန်အယ်လ်ဒီ အဖွဲ့ဝင် နှစ်ဆယ်လောက်က ဝန်းရံ လိုက်ပါ စောင့်ရှောက် နေတယ်လို့ ဆက်ပြောပြပါတယ်။

"ဆန္ဒပြချိန်မှာ ကျနော်တို့ တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် လူငယ်အဖွဲ့ဝင် နှစ်ဆယ်လောက်က ဌာနဆိုင်ရာ အာဏာပိုင်တွေ နှောက်ယှက်ဟန့်တားမှာစိုးလို့ ဝိုင်းရံပြီးတော့ လိုက်သွားတယ်။ ကျော်မင်းထွန်းနဲ့ မြို့နယ်အဖွဲ့ဝင် ကိုအောင်စိုးဝေတို့က လိုက်ပါစောင့်ရှောက်သွားတယ်ပေ့ါ၊ အခုဆိုရင် ကြက်ခြေနီရုံးထဲကို ရောက်နေပြီပေ့ါနော်၊ ဒီအဖွဲ့ကို ဦးဆောင်တာကတော့ တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဌ ဦးချစ်ဖေ ဦးဆောင်ပြီးတော့ ဒါကို တောင်းဆိုတာပါ"

ဆန္ဒပြနေသူတွေကို အာဏာပိုင်တွေက ဘယ်လိုတုံ့ပြန်ဆက်ဆံခဲ့သလဲလို့ ဆက်မေးကြည့်ခဲ့ပါတယ်။

"ဒါတော့ ဌာနဆိုင်ရာဝန်ထမ်းတွေကတော့ သူတို့ကို ပြေလည်အောင် ဖြေရှင်းနေကြတယ်ခင်ဗျ။ အခုဆိုရင် ရဲတပ်ဖွဲ့ဝင်တွေ ရောက်နေတယ်၊ သတင်းတပ်ဖွဲ့ကရော တာဝန်ရှိလူတွေ ရောက်နေတယ်၊ စစ်ဘက်က လုံခြုံရေးတာဝန်ရှိသူတွေ ရောက်နေတယ်။ နောက်ပြီးတော့ နယ်မြေခံတပ်ရင်း (၇၀) က စစ်သားတွေကတော့ လုံခြုံရေးအစောင့်အကြပ်နဲ့ ချထားဖို့ အင်အား တောင်းခံထားတယ်"

ဒီဆန္ဒပြမှုနဲ့ပတ်သက်ပြီး တွံတေးမြို့နယ် မယက အဖွဲ့ကို ဆက်သွယ်တဲ့အခါမှာ တာဝန်ကျဝန်ထမ်းတဦးက အခုလို တုံ့ပြန်ပြောဆိုခဲ့ပါတယ်။

"မယက က ဘာမှ လက်ခံပြောမှာ မဟုတ်ပါဘူးရှင့်"

ဇီးဖြူကုန်းရွာသား ၂၂ ယောက်ဟာ သူတို့တောင်းဆိုချက်တွေ မလိုက်လျောမခြင်း အစာငတ်ခံဆန္ဒပြသွားမယ်လို့ ဆိုပါတယ်။

"အဖမ်းအဆီးတော့ မရှိဘူးခင်ဗျာ။ လောလောဆယ် ဘယ်သူတွေရှိလဲဆိုတော့ တွံတေးမြို့ ဒီမိုကရေစီအဖွဲ့ချုပ်ဝင် လူငယ် နှစ်ဆယ်လောက် ရှိတယ်။ သူတို့ဘက်က အင်အားက ၂၅ ယောက်လောက် ရှိတယ်ခင်ဗျ။ သူတို့က လူစုခွဲတယ်၊ သူတို့က မခွဲဘူး၊ နစ်နာနာတဲ့အတွက် လာရောက် ဆန္ဒပြ ဖော်ထုတ်တဲ့အတွက်ကြောင့် ဖမ်းချင်လည်းဖမ်း မဖမ်းချင်လည်းနေ၊ သူတို့ကတော့ ဆက်ပြီး ဆန္ဒပြမယ်။ ဒီကိစ္စကို မရှင်းပေးဘူးဆိုရင် ရက်အကန့်အသတ်မရှိ ဆက်လက်ပြီးတော့ အစာငတ်ခံ ဆန္ဒပြမယ်လို့ ထင်တယ်"

တွံတေးမြို့ခံတဦး ပြောပြသွားတာပါ။ ဇီးဖြူကုန်းရွာသားတွေ တောင်းဆိုတာက သူတို့အတွက်ပေးတဲ့ အကူအညီတွေကို အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးဖို့နဲ့ မှန်မှန်ကန်ကန် ဆောင်ရွက်မပေးတဲ့ ဝန်ထမ်းတွေကို အရေးယူပေးဖို့ ဖြစ်တယ်လို့ သိရပါတယ်။ အခု နောက်ဆုံးသတင်းအရ သက်ဆိုင်ရာအာဏာပိုင်တွေက လိုအပ်သလို စုံစမ်းအရေးယူမယ်လို့ ပြောဆိုခဲ့တဲ့အတွက် ဆန္ဒပြပွဲကို ရုတ်သိမ်းလိုက်ပြီလို့ သိရပါတယ်။

[ရိုဟင်ဂျာကိစ္စ - ရခိုင့်ချေပချက်]

တနင်္လာနေ့၊ 23 မတ်လ 2009 ခိုင်မင်းညို

သျှမ်းသံတော်ဆင့်မှ ဖေဖော်ဝါရီလတွင် ထုတ်ဝေသည့် Independence စာစောင် ရိုဟင်ဂျာအမည်ခံသူများ အကြောင်းနှင့် ပတ်သက်၍ ထိုင်းသတင်းစာများမှ ကူးယူဖော်ပြသည် ဟူသောဆောင်းပါး၌ "ရိုဟင်ဂျာဆိုတာ လူဦးရေ ၇ သိန်းကနေ၊ ၁.၅ သန်းထိရှိပြီး အေဒီ ၇-ရာစုလောက်က ရခိုင်ပြည်မြောက်ပိုင်းတပိုက်စီးပွား ကုန်သွယ်အလုပ်နဲ့ ရွှေ့ပြောင်း အခြေချလာတဲ့ အာရပ်လူမျိုးစုကနေ တဆင့် မူဆလင်ဖြစ်လာကြတာ"ဟု ရေးသားဖော်ပြထား သည်ကို တွေ့ရှိရ၍ အံ့ဩသင့်ရပါသည်။ ဤဆောင်းပါးကို ဖော်ပြသော ထိုင်းသတင်းစာများသည် ရိုဟင်ဂျာဆိုသူများထံမှ ရရှိ သော အချက်အလက်ဖြစ်ဟန်တူသည်။



အမှန်မှာ ၁၄၀၄-ခု လေးမြို့ခေတ်၌ မင်းစောမွန် ဘုရင်လက်ထက် ရခိုင့်ဘုရင့်နိုင်ငံတော်ကို ဗမာဘုရင်သိမ်းပိုက်သဖြင့် ရခိုင်ဘုရင် မင်းစောမွန်သည် ဘင်္ဂလားဒေသရှိ ဂေါ်လ်ဒေသသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဂေါ်လ်ကကောင်း မွန်စွာ လက်ခံခဲ့သည်။ ဘင်္ဂလားဂေါ်လ် ဆူလတန်ဘုရင်၏ အကူအညီဖြင့် ရခိုင်ထီးနန်းကို အရယူခဲ့ရသည်။ အေဒီ ၁၄၃၀-တွင် မြောက်ဦးမြို့တည်၍ မြောက်ဦးခေတ်ကို စတင် တည်ထောင်ခဲ့ပါသည်။ မြောက်ဦးခေတ်တွင် ရခိုင့် တပ်မတော်၌ အာရပ်မှစစ်သည်တော်များ၊ ဥရောပမှ ပေါ်တူဂီများနှင့် ဂျပန်တို့ပါအမှုတော်ထမ်းခဲ့သည်ကိုတွေ့ရှိရ သည်။ ယင်းအာရပ်မှစစ်သည်တော် မျိုးဆက်အများစုမှာ သံတွဲ၊ ရမ်းဗြဲကျွန်းနှင့် မြောက်ဦးမြို့ပတ်ဝန်းကျင်တွင် နေထိုင်ကြပါသည်။ ယင်းတို့ကိုရခိုင်တို့က ကမန်ဟု ခေါ်ဝေါ်ပြီး ရခိုင်ပြည်၌ တိုင်းရင်းသား မျိုးနွယ်စုအဖြစ် အသိအမှတ်ပြုထားပါသည်။ ယင်းမူဆလင် ဘာသာဝင် ကမန်တို့သည် ရခိုင်ပြည်၌ ပြဿနာဖန်တီးခြင်း၊ ရခိုင်တို့နှင့် ဘာသာရေး အဓိကရုဏ်း၊ လူမျိုးရေးအဓိကရုဏ်း ဖန်တီးခြင်းမျိုးကို လုံးဝပြုလုပ်ခြင်းမရှိဘဲ၊ ရခိုင်ပြည်နှင့်ရခိုင် လူမျိုး အပေါ် သစ္စာရှိရှိဖြင့် ရခိုင်တို့နှင့် အေးအတူ ပူအမျှ ငြိမ်းချမ်းစွာ နေထိုင်လာခဲ့ကြသောလူမျိုး တမျိုးဖြစ်သော ကြောင့် ရခိုင်ပြည်၌ ဤကဲ့သို့ မူဆလင် ဘာသာကိုးကွယ်သော ရခိုင်တိုင်းရင်းသား ကမန်လူမျိုး ရှိသည်ကိုပင်သတိပြု မိကြဖူးမည် မဟုတ်ပေ။ သို့သော် မိမိကိုမိမိ ရိုဟင်ဂျာဟု ကြွေးကြော်နေသူများမှာ ၁၈၂၅-နောက်ပိုင်း ရခိုင်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးမှ ဝင်ရောက်လာသော မူဆလင်ဘာသာ ကိုးကွယ်သည့် စစ်တကောင်းတောင်းတန်းနေ ဘင်္ဂလီများသာ ဖြစ်သည်။

၁၈၂၅-တွင် ရခိုင်ပြည်၌ မူဆလင်ဦးရေ ၃၀,၀၀၀ ရှိခဲ့ရာမှ ၁၉၃၀ ပြည့်တွင် ၂၁၇၈၀၀-ရှိခဲ့ရာ ဗြိတိသျှအစိုးရက မူဆလင်ဦးရေ တိုးလာမှုကိစ္စကို စိုးရိမ်လာသောကြောင့် အခြေအနေစုံစမ်းရန် ၁၉၃၉ ၌စုံစမ်းရေးကော်မရှင် တခု ဖွဲ့စည်းပေးခဲ့သည်။ ကော်မရှင်က မူဆလင်ဦးရေ အတားအဆီးမရှိ တိုးဝင်လာမှုကို မဟန့်တားပါက နောင်အခါ၌ လူမျိုးရေး ပဋိပက္ခများ ဖြစ်နိုင်ကြောင်း အစီရင်ခံခဲ့သော်လည်း ဒုတိယ ကမ္ဘာစစ်ကြောင့် မည်သို့မျှ မလုပ်နိုင်ခဲ့ပေ။ အစီရင်ခံသည့် အတိုင်းပင် ၁၉၄၂-တွင် ကုလား-ရခိုင်အဓိကရုဏ်း ဖြစ်ခဲ့လေသည်။ မောင်တောမြို့နယ်ရှိ ရခိုင်ရွာအား လုံး ဖျက်ဆီးခံရသည်။ ရခိုင်တချို့မှာ ပြည်တွင်းသို့ဝင်ပြီး၊ တချို့မှာ အင်္ဂလိပ်ပိုင်နက် ဒိန်နာဂျ်ပူသို့ထွက်ပြေးခဲ့ကြရ သည်။

၁၉၄၂-ဂျပန်များဝင်လာသောအခါ ရခိုင်များကို သတ်ဖြတ်ခဲ့သော ကုလားအဖွဲ့သည် ဘာသာရေးအသွင်ပြောင်းကာ ဂျမေယာတူ အိုလမာအသင်း ဖွဲ့စည်းကြသည်။ အဖွဲ့ဥက္ကဋ္ဌမှာ အုံမော်မျာ (ဘီအေဘီအယ်လ်) ဖြစ်သည်။ အုံမော်များ အဖွဲ့သည် အနောက် ပါကိစ္စတန်မှ အော်လနာမူဟာမတ် မူဇဟတ်ခန်နှင့် မော်နာအီဗြာဟိန်း တို့ကိုခေါ်၍ မူဂျာဟိန်းအဖွဲ့ ဖွဲ့စည်းကြသည်။ ပါကိစ္စတန်နယ်သို့ ရခိုင်ပြည်ထည့်သွင်းရေး အစီစဉ်ပင်ဖြစ်သည်။ စစ်ရေးအရ မြန်မာစစ်တပ်နှင့် မယှဉ်ပြိုင်နိုင်သော မူဂျာဟိန်းတို့သည် အခြား တိုင်းရင်းသားများနည်းတူ အခွင့်အရေးရလို၍ မစ္စတာဂေါ်ဖားက ရိုဟင်ဂျာဟူသော လူမျိုးသစ်တခုကို ၁၉၅၀- စက်တင်ဘာလထုတ် ဂါဒီးယန်းသတင်းစာတွင် အသက်သွင်းခဲ့သည်။

သို့သော် ၁၉၅၁- ဖွန်လတွင်ကျင်းပခဲ့သော အလယ်သံကျော် မူဆလင်ညီလာခံကမူ ရိုဟင်ဂျာမဟုတ်ဘဲ ဗမာ မူဆလင် ကဲ့သို့ ရခိုင်မူဆလင်လူမျိုးဟု ခေါ်ဝေါ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရခိုင်တို့က ငါတို့ရခိုင်တွင် မူဆလင် ဘာသာဝင် မရှိဟု ပြောလာကြသောအခါ ရိုဟင်ဂျာဘက်သို့ ဖေါက်ထွက်ရန် ထွက်ပေါက်ရှာ လာကြသည်။ ၁၉၆၀-ပတ်ဝန်းကျင်တွင် ရိုဟင်ဂျာသတင်းစာ၊ ရန်ကုန်တက္ကသိုလ် ရိုဟင်ဂျာ ကျောင်းသားအသင်းထိ လှုပ်ရှားလာခဲ့ကြသည်။
၁၃၊ ၅၊ ၈၈ - နေ့က မောင်တောမြို့နယ်တွင် အလွန် ကြောက်မက်ဖွယ်ကောင်းသော ကုလားလှုပ်ရှားမှုတခုဖြစ်ပွား ခဲ့သည်။ ကုလား ၅၀၀၀၀-ခန့်သည် မောင်တောမြို့ကို အရပ်ရှစ်မျက်နှာမှ ဝိုင်းပြီးဟစ်အော်ကြွေးကြော် မီးရှို့သတ်ဖြတ် ရန်ချီတက်လာခဲ့ကြသည်။ လှုပ်ရှားမှုမှာ ညနေရှစ်နာရီခွဲမှ နောက် တနေ့နံနက် ၃-နာရီခွဲအထိ ကြာခဲ့သည်။ သူတို့ ဘာသာစကားဖြင့် ဘုရားသခင် အလိုကျတိုက်ပွဲဝင်ကြ၊ မင်းတို့ တိုင်းပြည်ငါတို့ တိုင်းပြည် ဖြစ်ရမည်ဟူ၍ ဟစ်အော်ကြ သည်။

၁၉၄၂ မတိုင်မီက မောင်တောမြို့နယ်အတွင်း တည်ရှိခဲ့သော ရခိုင်ရွာပေါင်း ၁၉၅-ရွာမှာ ၁၉၉၂ တွင် ၄၆ ရွာသာ ကျန်ပါတော့သည်။ ကျန်ရွာများအား မူဆလင်များက လူဦးရေအသာစီးရမှုဖြင့် သိမ်းပိုက်ခဲ့ကြပါသည်။ ဤသည်မှာ ရိုဟိန်ဂျာ ဆိုသူများပေါ်ပေါက်လာပုံ သမိုင်းအကျဉ်းဖြစ်သည်။ လက်ရှိအဖြစ်အပျက်များနှင့် တိုက်ဆိုင်၍ အောက်ပါ ဆောင်းပါးဖြင့် ချေပတင်ပြလိုက်ရပါသည်။

လိမ်လည်ခြင်းနှင့် ဟန်ဆောင်ခြင်းနောက်ကွယ်မှ

ရိုဟင်ဂျာဟူသောအသံသည် ၁၉၈၈ လူထုအုံ-ကြွမှုနှင့် ၁၉၉၀ ရွေးကောက်ပွဲနောက်ပိုင်း အော်ကြီးဟစ်ကျယ်ထွက် ပေါ်လာမှု နှင့်အတူ "ရိုဟင်ဂျာအမည်ခံ" ဘင်္ဂလီမူဆလင်များ၏ စတန့်ထွင်လုပ်ဇာတ်ခင်းမှုများလည်းMedia များမှ တဆင့် ပလူပျံထွက်ပေါ်လာပါသည်။ မိမိတို့၏သမိုင်းမှန်၊ ဖြစ်ရပ်မှန်များကို ဖုန်းကွယ်၍ သမိုင်းလိမ်၊ ဖြစ်ရပ်လိမ်များ အစားထိုးတင်ပြကာ "ရိုဟင်ဂျာ" အမည်ကိုသုံး၍ လူမျိုးသစ်ဖန်တီးရေးနှင့် နိုင်ငံသစ်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ အကွက်ချ လုပ်ကိုင်လာ-ကပါသည်။

မှတ်မိသလောက်၊ ၁၉၉၀ ရွေးကောက်ပွဲတွင် ရိုဟင်ဂျာအမည်သုံး၍ ရွေးကောက်ပွဲဝင်ခဲ့မှု မရှိခဲ့ပေ။ ၁၉၈၈ လူထု အုံကြွမှု တွင်လည်း ရိုဟင်ဂျာအမည် အသုံးမပြုခဲ့ကြပေ။ ၁၉၉၁ တွင် မူဆလင် အများအပြား ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခိုင်းပြီး ယင်းဘင်္ဂလားဒေ့(ရှ်) ရှိ ဆင်းရဲသားများ၊ အခြေမဲ့အနေမဲ့များနှင့် ပူးပေါင်းကာ ဗမာစစ်အစိုးရ နှိပ်စက် ညှင်းပမ်းမှုကြောင့် လူ (၂၀၀၀၀၀) ကျော်ထွက်ပြေးရကြောင်း စာရင်းပြကာ ရိုဟင်ဂျာ အမည်ကိုကမ္ဘာကျော် အောင်နည်းမျိုးစုံ လုပ်ကြံဖန်တီးလာကြ ပါသည်။ ၁၉၉၀ တွင် မြန်မာနိုင်ငံသား အဖြစ် အသိအမှတ်ပြုခံထားရသော မူဆလင်များအား ရွေးကောက်ပွဲဝင် ခွင့်ပြုခဲ့သည်ကို ရိုဟင်ဂျာအမည်ဖြင့် ရွေးကောက်ပွဲ ဝင်ခဲ့ရသလိုလို လိမ်လည် လှည့်ဖြားလာကြပါသည်။ ဘာသာရေး အစွန်းရောက် တချို့၏ ဤကဲ့သို့ လုပ်ကြံဖန်တီးမှုများ အစပိုင်းတွင်အောင်မြင် သယောင်ယောင် ရှိခဲ့သော်လည်း နောက်ပိုင်းတွင် တိမ်ကောလာပြီဖြစ်သည်။

အင်္ဂလိပ်အုပ်ချုပ်မှု လက်အောက်၌ လယ်ကူလီများအဖြစ် ရခိုင်ပြည်သို့ လာရောက်လုပ်ကိုင်လာခါစ၌ စီးပွားရေးနှင့် ဘဂရပ်တည်ရေး ရည်မှန်းချက်သာရှိကြသဖြင့် ဒေသခံဗုဒ္ဓဘာသာဝင် ရခိုင်များက လူသားချင်းစာနာ၍ အမှတ်မထင် လက်ခံထားခဲ့ကြသည်။ နောက်ပိုင်း ဘင်္ဂလားဒေသမှ ရခိုင်ပြည်ဘက်သို့ ယင်းဘင်္ဂလီမူဆလင်များ မတရားလိမ့် ဝင်လာမှုကြောင့် အင်္ဂလိပ်အစိုးရကိုယ်တိုင် စိုးရိမ်၍ လူဦးရေစာရင်း စစ်တမ်းများ လုပ်လာခဲ့ရသည်၊၊ ရခိုင်မြေ၌ လူဦးရေ အလုံးအရင်းဖြင့် အခြေချနေထိုင်ခွင့်ရှုပြီးနောက် ဘာသာရေးအစွန်းရောက်များနှင့် နယ်မြေချဲ့ထွင်ရေး မူဆလင် ခေါင်းဆောင်များ နိုင်ငံရေးဘက်သို့ ဦးတည်လှုပ်ရှား လာခဲ့ပြီး သူတို့ကို သူတို့ ဒေသခံတိုင်းရင်းသား၊ ရိုဟင်ဂျာ များဖြစ်ကြောင်း လိမ်လည်လှည့်ဖြား တင်ပြလာကြပါသည်။ စစ်တကောင်းဒေသမှ ယင်းဘင်္ဂလီမူဆလင်များ သည် ယနေ့ထက်ထိလည်း ရခိုင်ပြည်ထဲနည်းမျိုးစုံ ခိုးဝင်နေကြရုံသာမက မြန်မာ အာဏာပိုင်များအား လာဘ်ထိုး၍ ရခိုင်ပြည်၏ စီးပွားရေး ချုပ်ကိုင်ဖို့ကြိုးစားနေကြသည်ကိုတွေ့ရှိ ရပါသည်။

အစပိုင်းတွင် မြန်မာနိုင်ငံရှိ အခြား တိုင်းရင်းသားများက ရိုဟင်ဂျာအမည်နှင့် သူတို့ နိုင်ငံရေး အရတိုက်ပွဲဝင်မှုကို လက်ခံရန် ရခိုင်တို့အား ဖိအားပေးမှုများ ရှိခဲ့သည်။ နိုင်ငံတကာ NGO များမှလည်း လူ့အခွင့်အရေးရှုထောင့်မှနေ၍ ရိုဟင်ဂျာဆိုသူများအား အသိအမှတ်ပြုမှုများ ရှိလာသည်သာမက ရခိုင်တို့အားလည်း ရိုဟင်ဂျာအမည်နှင့် နိုင်ငံရေး အရတိုက်ပွဲဝင်မှုများကို အသိအမှတ်ပြုကာ ရိုဟင်ဂျာဆိုသူများနှင့် လက်တွဲတိုက်ပွဲဝင်ရန် နည်းမျိုးစုံ ဖိအားပေးမှုများ လုပ်လာခဲ့ပါသည်၊၊ နောက်ပိုင်း မြန်မာနိုင်ငံ ဒေသခံ တိုင်းရင်းသားများက သူတို့၏လိမ်လည်ခြင်းနှင့် ဟန်ဆောင်မှုများ ကို သိလာရသောအခါ ရိုဟင်ဂျာအမည်နှင့်တကွ သူတို့၏ နိုင်ငံရေးအရ ရပ်တည် တိုက်ပွဲဝင်မှုများ ကိုပါ လုံးဝ အသိ အမှတ်မပြု ဖြစ်လာ-ကသည်၊၊

ယင်းရိုဟင်ဂျာ အမည်ခံများသည် ရခိုင်ပြည်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရခိုင်ပြည်မှ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ လှေစီးဒုက္ခသည်ပုံစံမျိုးဖြင့် အလုံးအရင်းဖြင့် ဝင်ရောက်ခြင်းများ ပြုလုပ်လျက် ယင်းနိုင်ငံများ၌လည်း လူမှုရေးနှင့် ဘဂရပ်တည်ရေး အပါအဝင် နိုင်ငံရေးအရ ကြွေးကြော်တိုက်ပွဲ ဝင်မှုများ ပြုလုပ် လာကြပါသည်။ ယင်းရိုဟင်ဂျာအမည်ခံများသည် ယခုအခါတွင် မလေးရှားနိုင်ငံ၌ သောင်းနှင့် ချီရောက်ရှိနေပြီဖြစ်ပြီး၊ ထိုင်းနိုင်ငံ၌လည်း စနစ်တကျ ဝင်ရောက်ထိုးဖေါက် နေပြီဖြစ်သည်၊၊ ထိုင်းအစိုးရက ယင်း ရိုဟင်ဂျာအမည်ခံများ ထိုးဖေါက် ဝင်ရောက်မှုကို စနစ်တကျ တားဆီးမှုပြုလုပ်လာသောအခါယင်းရိုဟင်ဂျာ အရေးသည် ဒေသခံနိုင်ငံများ အား ရိုက်ခတ်လာသဖြင့် ဒေသခံနိုင်ငံများ သတိထား ဆောင်ရွက်လာကသည်ကို တွေ့ရှိရသည်။ အာစီယံ ထိပ်သီး အစည်းဝေး၌ပင် ယင်းရိုဟင်ဂျာပြဿနာသည် နံပါတ်(၁) နေရာရယူထားပြီး ဖြစ်သည်၊၊

ထိုင်းနိုင်ငံက အဘယ်ကြောင့် ယင်းရိုဟင်ဂျာဆိုသူများအား ဒုက္ခသည်စခန်းများဖွင့်ခွင့် လက်မခံသနည်း။ အဖြေမှာ ရှင်းနေသည်၊၊ ယင်းရိုဟင်ဂျာ အမည်ကိုသုံး၍ နိုင်ငံရေးအရ တိုက်ပွဲဝင်နေသူများသည် Al-Quada အဖွဲ့နှင့် ဆက်နွယ်မှု ရှိနေသည်။ ထိုင်းနိုင်ငံ အကြမ်းဘက် လှုပ်ရှားနေသူများနှင့် ပေါင်းမိပြီး ထိုင်းနိုင်ငံ၏ လုံခြုံရေးကိုပါ ခြိမ်းခြောက် လာမည်ကို စိုးရိမ်၍ဖြစ်သည်၊၊

နိုင်ငံတကာ NGO များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများက ရိုဟင်ဂျာအမည်ခံများအား "နိုင်ငံမဲ့များ" အဖြစ် လူသား ချင်းစာနာ ရှုထောင့်မှနေ၍ ယင်းတို့၏ နိုင်ငံရေးအရတိုက်ပွဲဝင်မှုများ အသိအမှတ်ပြုရန် ရခိုင်တို့အား ဖိအားပေးနေ-ကသည်ကို တွေ့ရှိရသည်၊၊ သို့သော် ယင်းဘင်္ဂလီမူဆလင်များ အလုံးအရင်းနှင့် ဝင်ရောက်ပြီးနောက်ပိုင်းဘာသာရေး အဓိကရုဏ်းများ ဖြစ်ပွါးပြီးနောက် မိမိတို့၏ ပိုင်ဆိုင်မှုနယ်မြေ၊ အိုးအိမ်များ စွန့်ခွာ ထွက်ပြေးလာကြရသော ဒေသခံ ရခိုင်များ၏ ရှေ့အနာဂတ် အရေးကို တွေးပူသည်ကိုကား မတွေ့ရှိရသေးပေ၊၊ ယင်းအဓိကရုဏ်းကာလ၌ မူဆလင် များ၏ သတ်ဖြတ်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသော ရခိုင်ပြည်သူများ၊ ဗုဒ္ဓဘာသာရဟန်းတော်များ၊ မူဆလင်များ၏ မီးတိုက်ဖျက်ဆီးမှုကြောင့် ပြာကျခဲ့ရသော ရခိုင်ရွာများ၊ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ၊ ဘာသာရေးအစွန်းရောက် ယင်းမူဆလင်များ၏ မုဒိမ်းကျင့်သတ်ဖြတ်ခြင်းခံခဲ့ရသော ရခိုင်သူမများနှင့် မိမိအသက် အိုးအိမ်စည်းစိမ် လုံခြုံရေး အတွက် အမြဲတမ်းအထိတ် တလန့်ဖြစ်နေရသော ရခိုင်သူ၊ ရခိုင်သားများ၏ အနာဂတ်အရေးကို တွေးပူစဉ်းစားမိသော NGO များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများကို မတွေ့ဖူးသေးပေ၊၊

ဗမာစစ်အစိုးရ၏ နှိပ်စက်မှုကို ခံနေရသူများမှာ ရခိုင်ပြည်ရှိ မူဆလင်ဘာသာဝင်သက်သက်မှမဟုတ်ဘဲ၊ ရခိုင်ပြည်ရှိ ဗုဒ္ဓဘာသာဝင် များအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများသည်လည်း နည်းမျိုးစုံ ဖိနှိပ်ညှင်းဆဲခံနေရသည်ကို သတိတရား လက်ကိုင်ထားဖို့ လိုအပ်သည်။ အကယ်၍ အိမ်နီးချင်းနိုင်ငံများ၊ NGO များ ကုလသမဂ္ဂအဖွဲ့အစည်းများက ချင့်ချိန်မစဉ်းစားဘဲ ရိုဟင်ဂျာဆိုသူများ၏ အရေးကိုစောင်းပေးပြီး ရိုဟင်ဂျာအမည်နှင့် ယင်းတို့၏ နိုင်ငံရေးအရရပ် တည် တိုက်ပွဲဝင်မှုကို လက်ခံခဲ့လျှင် မကြာသောတနေ့၌ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် ဒေသ အားလုံး ယင်းရိုဟင်ဂျာ အမည်ခံသူများ လက်ထဲသို့ကျရောက်သွားပြီး၊ ဒေသခံရခိုင်ပြည်သူများ အသတ်ခံရမှု၊ ရပ်ရွာ အိုးအိမ် စွန့်ခွာ ထွက်ပြေးရမှုနှင့် ရင်ဆိုင်ရမည်။ ယင်းအရေးသည် ရခိုင်ပြည်တခုလုံး၊ ဗမာပြည်တစ်ခုလုံးနှင့် အိမ်နီးချင်းနိုင်ငံ များ၏ လုံခြုံရေးကိုပါ ခြိမ်းခြောက်လာပြီး ယင်းနိုင်ငံ၌ နေထိုင်နေကြသော ဒေသခံပြည်သူများလည်း ရခိုင်သားများ ကဲ့သို့ ဘေးဆိုးကြီးများနှင့် ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း။

# ကဗျာနဲ့ ပြန်မြင်ရတဲ့ အို - မြတ်သောမိခင် (၁၉၇၀)

ဆောင်းပါး

ငြိမ်းဝေ

တနင်္လာနေ့၊ မတ်လ 23 2009 17:02 - မြန်မာစံတော်ချိန်

(က)

ကမ္ဘာကျော် တိုက်တန်းနှစ်လို

သက္ကရာဇ်သင်္ဘောကြီး မှောက်စဉ်ကပေါ့

သွားချင်တဲ့ ကမ်းဦးကဝေး

လောကစံရဲ့ ပြက်ရယ်သံကြား

မာယာရေဆန် ဆင်ဖိုနီတီးခတ်

ဖြတ်သန်းခြင်း အနုပညာ

မြန်မာကဗျာ နှင်းဆီတွေ

မီးအဏ္ဏဝါဖွေကို အနမ်းနဲ့

အလွမ်းရာဇဝင်ကြီး တမြေ့မြေ့ငေးအောင်

ချစ်မေတ္တာနဲ့ လွမ်းလို့

၁၉၇၀ မှာ တဖွဲဖွဲ လှမ်းခဲ့ကြတယ်။

ကိုခါး (ကွမ်းခြံကုန်း) ၏ 'လမ်းဆုံ' ကဗျာ (မိုးဝေမဂ္ဂဇင်း) မှ။

ခနော်ခနဲ့ သံဇကာကွက်တံတားလေးမှာ ရင်ဘောင်တန်းပြီး ထိုင်နေကြသည့် လူ ၄ ယောက်၏ အလေးချိန်ကို မချိမဆန့် တောင့်ခံထားရ၏။ ကျနော်တို့က တံတားအောက်တွင် ခြေတွဲလောင်းချကာ တန်းစီပြီး ထိုင်၏။ ကျနော်တို့နောက်တွင် ပင်လုံးကျွတ်ပွင့်နေသည့် ပိတောက်ပင်ကြီးရှိ၏။ ပိတောက်ပန်းများမှာ ကျနော်တို့၏ ခေါင်းပေါ်တွင် ဝေလျက်။ ပိတောက်ပွင့်တချို့မှာ မြေပေါ်တွင် ကြွေလျက်။

အိမ်ရှေ့လမ်းမ၏ အမြင့်နှင့်အညီ ထိုးထားသည့် သံဇကာကွက်တံတားလေးက ကျနော့်အိမ် သို့မဟုတ် တဲကလေး၏ ဝင်ပေါက်ထိပ်တွင် ဦးတိုက်ပြီး ရပ်၏။ ရင်ဆို့မရှိတရှိအမြင့် သံဇကာကွက် တံတားလေး၏ အောက်တွင် ရေခမ်းခြောက်နေသည့် ပတ်ကြားအက် မြေပြင်ရှိ၏။ ကျနော့် အိမ်ခြံဝန်းကလေးမှာ မိုးတွင်းတွင် ရေမြုပ်ပြီး နွေတွင် ရေများ ခမ်းခြောက်သွား၏။ အိမ်မမည်သော တဲသာသာ ကျနော်နေထိုင်ရာ အိမ်ဂေဟာသို့ ကဗျာဆရာ ၃ ဦး လာလည်ကြ၏။ ကဗျာဆရာမ အေးအေးသန်း၊ ကဗျာဆရာ အောင်ဇင်မင်း၊ ကဗျာဆရာ ကိုခါး (ကွမ်းခြံကုန်း) တို့ ဖြစ်ကြ၏။ ၁၉၇၃ - ခု၊ ဗိုလ်မျိုးမြင့်ရပ်ကွက်၊ ပဲခူး။

“ကိုငြိမ်းတို့ထုတ်တဲ့ ဆီးပွင့်ကဗျာစာအုပ်က လက်ကျန်မရှိတော့ဘူးလား”

“ရှိတော့ ရှိပါသေးတယ်၊ ဆယ်အုပ်လောက်တော့ ရှိပါသေးတယ်။ ဘာဖြစ်လို့လည်း ခင်ဗျားမှာ မရှိလို့လား”

“ဟုတ်တယ်၊ သူများကိုငှါးလိုက်တာ ပျောက်သွားတယ်၊ ဆီးပွင့်ပြီးရင် နောက်ထပ်ထုတ်ဖို့ ရှိသေးလား”

“ရှိတယ်၊ ဒီရေ… လို့ အမည်ပေးထားတယ်”

ထိုနေ့က သူတို့နှင့် ကျနော် လက်ရေးဖြင့် ဖယောင်းပုံနှိပ် ကဗျာစာအုပ်ကလေးများအကြောင်း စကားပြောဖြစ်ခဲ့၏။ ကျနော်တို့ ပဲခူးက ကဗျာရေးသူများ စုစည်းထုတ်ဝေသည့် နိုင်ငံတကာ ကဗျာဘာသာပြန် စာအုပ်များ၊ ပျဉ်းမနားက “တောင်ညိုခုင်တန်း”၊ ရန်ကုန်က “နွေဦးသစ်မှာပေါ်တဲ့ ပွင့်သစ်”၊ “မတ်လအရိပ်”၊ “မိုးရိပ်လေရိပ်” ကဗျာစာအုပ်များအကြောင်း တနေကုန် စကားဝိုင်းဖွဲ့ခဲ့ကြ၏။ မိုးဝေမဂ္ဂဇင်း စာမျက်နှာပေါ်က အတတ်ပညာကိစ္စ၊ ပျံ့နှံ့ရေးနဲ့ မြှင့်တင်ရေးကိစ္စ၊ ရဲရဲတွေး ရဲရဲရေးကြ။ ကျနော်တို့ ငြင်းခုန်ခဲ့ကြ၏။

ပိတောက်ပွင့်များမှာ ကျနော်တို့ခေါင်းပေါ်တွင် ဝေလျက် …။ မြေပြင်ပေါ်တွင် ကြွေလျက် …။ လွန်ခဲ့သော နှစ် ၃၀။

(၁)

လွမ်းလျကြေရီ သက္ကရာဇ်ဆီ

ရင်အုံပေါ် ကြွေခရောင်အို

နေညိုချိန် ကျောက်တောင်လှိုင်းရိုက်ခဲ့

ကဗျာမှန်တိုင်းထဲက

ဇာတ်ကောင်ကြီးရေ

"ခေတ်ကိုလှန်ပြောင်း ခရီးကြောင်းဟာ

စောင်းသံလိုတော့ မချိုဘူးအကြည်တော်" တဲ့

သင် ဆွတ်ဆွတ်ကြေကြေ

၁၉၇၁ - ခုနှစ်လေ။

ကိုခါး (ကွမ်းခြံကုန်း) ၏ 'လမ်းဆုံ' ကဗျာ (မိုးဝေမဂ္ဂဇင်း) မှ။

" ဒါ … မုံရွာအောင်ရှင်ပဲ"

ကိုစန်းမောင်ရဲ့ နောက်ကရပ်နေတဲ့ သူ့ကို ကျနော်ကြည့်သည်။ အရပ် မနိမ့်မမြင့်။ အသား မဖြူမညို။ ခန္ဓာကိုယ်ပါးပါး။ ပါးပေါ်က မှဲ့တလုံး။ ၁၉၇၀ …။ ပဲခူး။

"အရင်က … ပဲခူးကို လာဖူးသေးလား"

"မလာဖူးသေးဘူးဗျ၊ ခုမှ ခင်ဗျားတို့ရှိလို့ လာလည်တာပါ"

ကိုစန်းမောင်၊ ကျနော်၊ မုံရွာအောင်ရှင်တို့ (ယခု- စစ်အစိုးရ အကျဉ်းထောင်တွင်း) "နွေဦးသစ်မှာ ပေါ်တဲ့ ပွင့်သစ်" လက်ရေးဖယောင်း ပုံနှိပ်ကဗျာစာအုပ်အကြောင်း စကားပြောကြသည်။ ယင်းစာအုပ်ကလေးကို မုံရွာအောင်ရှင်က ကညစ်တံဖြင့် ကိုယ်တိုင်ရေးခဲ့၏။ ဗမာပြည် တနံတလျားက ကဗျာဆရာလူငယ်များ။ သည်စာအုပ်မှာ "စာပေဆည်းဆာ" လှုပ်ရှားမှုရဲ့ ပထမဆုံး စိုက်ထူသည့်မှတ်တိုင်။ စာအုပ်၏ အမည်ကို ဆရာ ဒဂုန်တာရာက အမည်ရွေးပေးခဲ့။ ဒီတုန်းက "စာပေဆည်းဆာ" ကို နိုင်ငံကျော်စာရေးဆရာ "နိုင်ဝင်းဆွေ" ရဲ့ တောင်ဥက္ကလာပ နှင်းဆီခြံကလေးထဲတွင် မွေးဖွားခဲ့ကြ။ မိုးဝေမဂ္ဂဇင်းခြံထွက် ကဗျာရေးသူလူငယ် ၄၀ ကျော်။ ထိုစဉ်က ကျနော်တို့ရဲ့ လက်ခမောင်းခတ်သံများ တဖြောင်းဖြောင်းညံ။ သူရဲကောင်းများ တဦးပြီးတဦး ရှေ့ထွက်ရပ်ကြ။ တချို့ကြွေ၊ တချို့ဝေ၊ တချို့တွေ …။

(၀)

"ရန်ကုန်က နေနဲ့

ပျဉ်းမနားက နေဟာ

ပူတာချင်း အတူတူပါ" တဲ့

စိမ်းမြညိုပုဒ်

တောအုပ်ကြီးထဲမှာ

မောင်သင်းခိုင်က

"အာဖရိက ပုံသံ" ကို

လိုက်လို့ရှာ …။

ကိုခါး (ကွမ်းခြံကုန်း) ၏ 'လမ်းဆုံ' ကဗျာ (မိုးဝေမဂ္ဂဇင်း) မှ။

"ငြိမ်းဝေရေ …ဗိုလ်ကြီးရောက်နေတယ်၊ မြင်းဖြူကိုသာချီတက်ခဲ့"

မြင်းဖြူလွှက်ရည်ဆိုင်ကိုရောက်တော့ ဝိုင်းထဲမှာ လူစုံနေပြီ။ မင်းခိုင်ဦး၊ ကိုခါး (ပဲခူး)၊ စိုးမိုးတင် (ခရေ)၊ ကိုစန်းမောင် ...ပြီးတော့ ဗိုလ်ကြီး။ (ဗိုလ်ကြီးဆိုသူမှာ ကျနော်တို့ မိုးဝေမဂ္ဂဇင်းကဗျာ ရေးသူအားလုံးက ခေါ်ဝေါ်သုံးစွဲသည့် ကဗျာဆရာ မောင်သင်းခိုင်၏ အမည်ဖြစ်၏။)

"ခင်ဗျားက နိုင်ငံတကာ ကဗျာတွေချည်းပဲ အာရုံမထားနဲ့ဗျ။ ဘာသာပြန်ရင် ဈာန်ပွန်းတတ်တယ်။ အတတ်ပညာ အားနည်းပြီး ခင်ဗျာ့ကဗျာတွေ ကြမ်းနေတတ်တယ်"

ဂျင်းဘောင်းဘီပွပွ။ အကျႌဘိုသီဘတ်သီပွပွ။ အပြောရဲရဲ၊ အဟောရဲရဲ။ အယူရဲရဲ။ သူနှင့်အတူ သူ့အား ဝန်းရံလိုက်ပါလာသူ လူငယ် ၄ ဦး ...။ မောင်သင်းခိုင် (ပျဉ်းမနား) မှာ ကျနော်တို့ဝိုင်းတွင် ဦးဆောင်ပြီး စကားပြော၏။ ကျနော့်အပေါ် သူ့မှတ်ချက်ကို ကျနော် သဘောမတူ။ သို့သော် ကိစ္စမရှိ။ ကျနော်တို့က ထိုစဉ်ကတည်းက ရင်အခံချဲ့ပြီးသား။ လမ်းကြောင်းတခုပေါ်က ဗဟုရသ ရောင်စုံများ။ အနာဂတ်ကို ဘာသာပြန်ဖို့ ကြိုးစားကြသည့် အတောင်တူငှက်များ။ ကိစ္စမရှိ။

ထိုစဉ်က ကျနော်တို့စကားဝိုင်းတွင် "မှိုင်း" မှသည် "လှိုင်းပြာ" အထိ၊ "ဇော်ဂျီ" မှသည် ဇော် (ပျဉ်းမနား) အထိ၊ ကဗျာဆိုင်းသံ ညံခဲ့ကြ၏။ ကဗျာသိုင်းကို ကခဲ့ကြ၏။ ကဗျာမီးပေါက် ဖောက်ခဲ့ကြ၏။ တချို့ လှေဦးမှာ ထိုင်။ တချို့ လှေမြီးမှာ ထိုင်။ တချို့ လှေပေါ်က ခုန်ချ။ တချို့ လှေပေါ် တက်။ လှိုင်းထန် ရေဆန်ခရီး။

ကျနော်တို့ရဲ့ ၁၉၇၀။

(ဃ)

ဆရာဒဂုန်တာရာက အခုလို မှတ်ချက်ရေးခဲ့ဖူးသည်။ "၁၉၃၀-၌ ကား လယ်သမား သူပုန်ကို မဟာမှိုင်းက ဂဠုန်သရဏံ ဂစ္ဆာမိကြပေတော့ဟု အလေးပြုလိုက်သည်။ မဟာမှိုင်းက ပြည်သူ့ဘက်မှရပ်ကာ နယ်ချဲ့သမားအား တိုက်သူကို ကျောက်တိုင်စိုက်ပေးခဲ့သည်။ ယင်းကျောက်တိုင်းကား ခေတ်ပေါ်ကဗျာ၏ မှတ်တိုင်ပင်"... ဟု ရေးခဲ့သည်။ ၃၀.၁၁.၆၉ ... နေ့စွဲဖြင့်။

တော်လှန်ကဗျာ စာအုပ်အမှာစာမှ။

သည်လိုနှင့် မောင်ချောနွယ်ကလည်း ခေတ်ပေါ်ကဗျာရဲ့ မြစ်ဖျားကို မန်းမှုတ်အသက်သွင်း...။

"ကဲ ချွေစမ်းပါဦး

လေရူးလေနှော့၊ သော့နှင်မဆုံး

လေသင်တုံးလား၊ မုန်တိုင်းလားပဲ

တအားတိုက်စမ်း၊ ချွေစမ်းပါဦး

ပန်းအဖူးတွေ၊ မြေမှာ ကြွေအောင်

မွှေချွေစမ်းပါ၊ မမှုပါဘူး

ကြွေဒါကိုက ပွင့်ခြင်းပဲ"။

မောင်ချောနွယ်ရဲ့ 'ကြွေဒါကိုက ပွင့်ခြင်းပဲ' ကဗျာမှ။

သည်လိုနှင့် မြင်းခြံ၊ မုံရွာ၊ တောင်ကုတ်၊ မြစ်ကြီးနား၊ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ ရန်ကုန် မြန်မာပြည် တနံတလျား... ကျနော်တို့တွေ ကဗျာတွေနှင့် လိမ်းကျံပစ်လိုက်ကြ။

"သူရဲကောင်းကား သေဆုံးသွားချေပြီ

သို့သော်

ရဲဘော် ဘန်ထရှိုင်း တုနှိုင်းမရှိ

သင်၏စိတ်ထား၊ မြတ်တရားကို

ဒို့ကား ပွေ့ဖက်ပါသတည်း

ဒို့ကား လေးစားပါသတည်း"။

မောင်သင်းခိုင်ရဲ့ 'ဗီယက်နမ် မျိုးချစ်သူရဲကောင်း' ကဗျာမှ။

သူတို့ဟာ

ချစ်သူ

မိဘ

ဘဝ

အတ္တ

စွန့်လွှတ်မှုအလုံးစုံ

ယုံကြည်ချက်မီးလျှံတွင်း ခုန်ဆင်းကာ

မဟာလူသားများအဖြစ်

လောကကို ချစ်ခဲ့ကြတယ်။

ဖေါ်ဝေး ၏ 'ပန်းများကို နမ်းရှိုက်ခြင်း' ကဗျာမှ။

ကျနော်တို့တတွေ ငြင်းခုန်ခဲ့ကြ။ တင်းခံခဲ့ကြ။ လက်နက်အား၊ ကျည်အား အပြည့်နှင့် စစ်မျက်နှာ ရှေ့တန်းဆီ ချီတက်သွားခဲ့ကြ။ လောကတခွင်လုံး မီးခိုးမှိုင်းတွေဖုံးလျက်။ ပေါက်ကွဲဆူညံလျက်။ ဘယ်သူတွေ သွေးပျက်ခဲ့ကြသလဲ။ ဘယ်သူတွေ ဘေးထွက်ခဲ့ကြသလဲ။ တချို့က သွေးနဲ့ရင်းပြီး လမ်းခင်း။ တချို့က ချွေးနဲ့ရင်းပြီး လမ်းရှင်း။ တချို့ သံခင်းတမန်ခင်း။ တချို့ ပဲခူးရိုးမ တောင်ခြေရင်း။ ကျနော်တို့အားလုံး လမ်းမဆုံးခင် ရွာတွေ့နိုင်လိမ့်မယ်လို့ မည်သူမှု မမျှော်လင့်။ ကျနော်တို့ရဲ့ တမ်းတတော်မွတ်ခြင်းများက မိုးကုတ်စက်ဝိုင်းအထိ။ ခြေလှမ်းများက အနာဂတ်ဆီ။

(င)

နှစ်ပေါင်း ၄၀ ။ ၁၉၇၀ ခုမှအစချီ... ၂၀၀၉။ မြန်မာကဗျာ ရေစီးကြောင်း။ ခေတ်ပေါ်ကဗျာများရဲ့ လက်ခမောင်းခတ်သံများ ဆူညံမြည်ဟိန်းသထက် မြည်နေဆဲ။ မျိုးဆက်သစ်များကား လမ်းအသွယ်သွယ်ကို ဆက်လက်စူးစမ်း၊ ရင်းနှီး၊ ဖောက်လုပ်နေကြ။ တချို့ အလံကိုင်။ တချို့ အလံလက်ဆင့်ကမ်း။ တချို့ အလံမြှင့်တင်။ “မိုးဝေ စာပေမဂ္ဂဇင်း”စင်မြင့်ပေါ်က မြန်မာကဗျာဇာတ်ဝင်ခန်းများ...။ ဇာတ်ကောင်များ...။ တကယ့်ကို လွမ်းမကုန်တဲ့ လမ်းဆုံလမ်းမပေါ်က “မိုးဝေ” ပါပဲ။ ၁၉၇၀ ... သက္ကရာဇ်သဘော်ကြီး မှောက်ခဲ့စဉ်က “မိုးဝေ” ပါပဲ။

ကျနော်တို့သည် ရာဇဝင်ကို မရေးလို့မဖြစ်။ ရာဇဝင်ကို မချစ်လို့မဖြစ်။ ရာဇဝင်ကို မသစ်လို့မဖြစ်။ ကျနော်တို့သည်ကား ရာဇဝင်ကိုလည်း ရေးဖို့ ကြိုးစားခဲ့၏။ ရာဇဝင်ကလည်း ကျနော်တို့ကို ရေးခဲ့၏။ သို့ဖြင့်... ကျနော်တို့သည် ရာဇဝင်ကို ချစ်မက်နေဆဲ...။ ရာဇဝင်ကလည်း ကျနော်တို့ကို စိမ်ခေါ်နေဆဲ...။ ။

(မတ်လ ၂၁ ရက်၊ ကမ္ဘာ့ကဗျာနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဆောင်းပါး)

ကိုးကား။ ။ (၁) ဖေါ်ဝေးရဲ့ “ဖေါ်ဝေးငှက်များ ပျံသန်းချိန်” ကဗျာစာအုပ်

(၂) `တော်လှန်ကဗျာ´စာအုပ်

(၃) ကိုခါး (ကွမ်းခြံကုန်း)ရဲ့ `မန္တလေးကို ရွှေမြင်းလှည်းနဲ့ လည်´ ကဗျာစာအုပ်

မိတ္ထွေးဆိုပေမယ့် ဂေါ်တမီ

ဆောင်းပါး

နှင်းပန်းအိမ်

တနင်္လာနေ့၊ မတ်လ 23 2009 16:38 - မြန်မာစံတော်ချိန်




နွေဦးမှာ ဥသြတို့ တွန်ကြပြီ။ အကောင်မမြင်ရဘဲ အသံသာကြားရတဲ့ ဥသြငှက်ကလေးရဲ့အသံကို ကျမ လွမ်းမိပါရဲ့။ ဥသြဆိုတာ နွေကိုကြိုတဲ့ ငှက်ပေါ့။ ဥသြငှက်သံ မကြားရပေမယ့် နွေကိုတော့ ရောက်ရပြီ။

ကျမရောက်နေတဲ့ နို့ဖိုးစခန်းထဲမှာ ဥသြတွန်သံ မကြားရပါဘူး။ နွေဦးရဲ့ လေရူးတွေနဲ့ တတောလုံးက သစ်ပင်တွေ ရွက်ဟောင်းကြွေပြီး ရွက်သစ်ထွက်လို့သာ နွေဦးရောက်ပြီလို့ သိရတာ။

ကျမ မြန်မာပြည်ကို ခွဲခွာခဲ့ရစဉ်က ဆောင်းရာသီ။ နှင်းမှုန်တွေကြားကနေ ဒေါနတောင်တန်းကြီးကိုကြည့်ပြီး အလွမ်းဖြေခဲ့ရတာ သိပ်မကြာသေးဘူး။ အဲဒီ မြန်မာပြည်ထဲမှာ ဥပဒေဆိုတာ မရှိပေမယ့် မိသားစုဘဝတွေရဲ့ ချစ်ခြင်းမေတ္တာတွေ ရှိတယ်။ မတရားဖမ်းဆီး နှစ်ရှည်ထောင်ဒဏ်တွေချပြီး ဝေးလံခေါင်သီတဲ့ အကျဉ်းစခန်းတွေ ရှိပေမယ့် မြန်မာ ဒေသခံလူထုရဲ့ အားပေးကြိုဆိုမှုတွေ ရှိပါတယ်။ ဒီမိုကရေစီကို မကြိုက်တဲ့ စစ်အစိုးရရှိပေမယ့် ဒီမိုကရေစီလိုလားသူ မြန်မာပြည်သား သန်း ၆၀ လောက် ရှိတယ်။ ကျမ ချစ်တဲ့ အမိမြန်မာပြည်ရဲ့ ရင်ထဲမှာ ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက်နေသလို ကျမတို့ ပြည်သူလူထုရဲ့ ရင်ထဲမှာလည်း ဒဏ်ရာတွေပြည့်လို့။

ကျမရဲ့ ခရီးတထောက်က မဲဆောက်ပါ။ မဲဆောက်က မြန်မာနိုင်ငံသား ၉၀ ရာခိုင်နှုန်း ရှိတယ်လို့ ပြောပေမယ့် ကျမ စိတ်ထဲမှာ မလုံခြုံသလို လက်တွေ့ဘဝမှာလည်း မလုံခြုံခဲ့ပါဘူး။ "ကတ်ဘိဘန်း" ရွာလေးထဲမှာ အိမ်ထဲမှာ ဘယ်မှ မထွက်ဘဲ နေခဲ့ရတာ တလ ကြာခဲ့တယ်။ ထိုင်းရဲ မရှိဘူးလို့ ထင်ရတဲ့ ညနေဘက် နေဝင်ရီတရော အချိန်လေးမှာ ခြံတံခါးဝကနေ ခေါင်းလေးပြူပြီး ဒေါနတောင်ကြီးကိုကြည့်ပြီး အလွမ်းဖြေရတာပေါ့။

မနက်စောစော ဓာတ်တိုင်ပေါ် စပီကာကနေ ထိုင်းစကားသံတွေနဲ့ နေ့စဉ် နိုးရပါတယ်။ ထိုင်းရဲ့ နိုင်ငံရေး အခြေအနေ၊ ယနေ့ ကုန်ဈေးနှုန်းကို ရွာသူကြီးက ကြေညာပေးတာလို့ အရင်ရောက်နှင့်သူတွေက ပြောပါတယ်။ ကျမ နေတဲ့ ခြံထဲမှာ နတ်ကွန်း ရှိတယ်။ မင်းသမီးရုပ်၊ ရာမ၊ မယ်သီတာ နတ်ရုပ်ရှေ့မှာ အမွှေးတိုင်မီးခိုးက ခြံထဲမှာ မနက်တိုင်း လွင့်နေတယ်။ ကိုယ့်ရိုးရာနတ် မဟုတ်ပေမယ့် နတ်ဆိုတာ လူကို စောင့်ရှောက် မစဖို့ပဲလို့ UN ဒုက္ခသည်ကဒ် ရထားတဲ့ အမျိုးသမီးက တွေးပုံရတယ်။ သူ့ရဲ့ဆုတောင်းက အမွှေးတိုင် မီးခိုးငွေ့နဲ့အတူ အမေရိကန်က "ဒိုနာဆီ" အရောက်သွားမယ်လို့ တထစ်ချ ယုံကြည်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒုက္ခသည်ရဲ့ ခွန်အားဟာ လက်ရှိအခြေအနေအရ ဆုတောင်းခြင်းပါပဲ။

နွမ်းညစ်တဲ့ ဘဝနဲ့ တောက်ပတဲ့ ဘဝများကို နှိုင်းယှဉ်ခံစားနိုင်တဲ့ မဲဆောက်ပါ။ "ကတ်ဘိဘန်း" က မဲဆောက်ရဲ့ ကျေးလက်လို့ ပြောကြတယ်။ လယ်ကွင်းတွေရှိလို့သာ ကျေးလက်လို့ပြောပေမယ့် အိမ်တွေက မြန်မာပြည်ရဲ့ လူကုံထံအိမ်တွေ လိုပါပဲ။ ကျွန်းတိုင်ကြီးတွေကို တိုင်အလုံးလိုက် အလှဆင် ဆောက်ထားတာများ ကျမရင်ထဲ မချိအောင် နာရတယ်။ ကိုယ့်ပြည်တွင်းက ကျွန်းသစ်ကို ကိုယ့်ပြည်သူပြည်သားများ သုံးစွဲရင် လက်ဝယ်တွေ့ရှိရင် ထောင်ဒဏ် အပြစ်ပေးခံရတာမို့လား။ ဒီကြားထဲကပဲ သစ်တောတွေပြုန်းပြီး တောင်တွေ ကတုံးဖြစ်သွားရတာ။ ခုတော့ အိမ်နီးချင်း ထိုင်းနိုင်ငံက သူတို့ သစ်တောပြုပြင်စောင့်ရှောက်ပြီး မြန်မာပြည်ရဲ့ ကျွန်းသစ်ကို တင့်တင့်တယ်တယ် လှလှပပ ဆောက်ထားတယ်။

"ရှင်ဘုရင် ဘယ်က ထွက်၊ မင်းကြီးတာက ထွက်" ဆိုတဲ့ မြန်မာစကားပုံနဲ့ပဲ နှိုင်းရမလား၊ ဒါမှမဟုတ် မြို့စားကြီးက မီးရှို့ပိုင်ခွင့်ရှိပြီး ပြည်သူပြည်သားကတော့ မီးခွက်ထွန်းခွင့် မရှိဘူးဆိုတဲ့ တရုတ်စကားပုံနဲ့ ပြောရမလား။ ဘယ်လိုပဲဖြစ်ဖြစ် ကျမတို့ မြန်မာပြည် ကျွန်းသစ်တွေနဲ့ အလှဆင်ထားကြတဲ့ ထိုင်းအိမ်တွေ လှပတင့်တယ်နေတာတော့ အမှန်ပါပဲ။

အဲဒီအိမ်တွေကို အားကျစိတ်နဲ့ နာကျင်ငေးမောရတာ။ ခြံကျယ် ဝင်းကျယ်တွေထဲမှာ အိမ်တွေက စိတ်ကူးယဉ်စရာ။ အဲဒီအိမ်တွေထဲမှာ ထွန်တုံးတွေ၊ တံစဉ်တွေ ချိတ်ဆွဲထားလို့သာ တောင်သူတွေအိမ်လို့ ထင်ရတာ။ ဘုရားစူး လယ်သမားတွေပါပဲ။ ကားတွေ ဆိုင်ကယ်တွေလည်း ရှိသေးတယ်။ နေ့စဉ် ကောက်ရိတ်ဖို့ ကားနဲ့ ဆိုင်ကယ်နဲ့ ထွက်သွားရင် ကျမအမျိုး တောင်သူလယ်သမားတွေကို သတိရမိတယ်။

လယ်ထဲ၊ ကိုင်းထဲကို ဘယ်လောက်ဝေးဝေး ခြေလျင်လျှောက်ရတဲ့သူတွေ။ သမန်းဆီ တက်နေတဲ့ ဖိနပ်မပါ၊ ခြေဖနောင့် ကွဲနေတဲ့ သူတို့ဘဝတွေနဲ့ ယှဉ်ကြည့်မိတယ်။ လက်ကိုင်ဖုန်းကို အိတ်ထဲထည့်ပြီး လယ်ထဲက ကောက်ရိတ်ရင်း ဆက်မလား၊ ကောက်လှိုင်းစည်းရင်း ဆက်မလား - အဆင်ကို ပြေလို့။ ကျမတို့ အမျိုးများလို လယ်ကန်သင်းရိုး တာရိုးပေါ်ကနေ ထန်းရွက်လေတိုးသံကြားက အော်ဟစ်ပြောဖို့ မလိုဘူး။ ထိကရုန်းအဆူးခံပြီး လယ်ကွင်းထဲအထိ သွားပြောစရာ မလိုဘူး။ ဘယ်လောက်များ ကံကောင်းကြသလဲလို့။

ကျမ ဘကြီး၊ ဘဒွေးကြီးဒေါ်များ၊ အကိုအမများ၊ လယ်သမားဘဝနဲ့ ဆိုင်ကယ်ဟန်ဒယ်၊ ကားစီယာတိုင် ကိုင်ဖို့နေနေသာသာ တာဝန်ကျေ စပါးပေးနိုင်ဖို့၊ လုပ်အားပေးလိုက်ရလို့၊ လယ်ခွန်၊ မြေခွန်၊ သီးခွန်ဆောင်ရလို့ နအဖ လူကြီးသားသမီးရဲ့ မြေဆီအိတ် မဝယ်မနေရ ဝယ်ဖို့နဲ့ ကိုယ့်ခိုင်းနွားရဲ့ နဖားကြိုးကို ကိုင်နိုင်ဖို့ အနိုင်နိုင် ကြိုးစားရတဲ့ နင်းပြားဘဝတွေ။ ဘယ်လောက်များ ကြေကွဲစရာကောင်းလိုက်သလဲ။

ထိုင်းပြည်သူပြည်သားတွေ သူတို့ရေမြေတောတောင်မှာ သူတို့မိသားစုတွေနဲ့ ဘဝကို တင့်တင့်တယ်တယ် ဖြတ်သန်းနေရတဲ့ အချိန်မှာ ကျမတို့ မြန်မာပြည်သူတွေ ကျီးလန့်စာစား။ ဘဝက မတည်မငြိမ်။

ဆိုင်ကယ်တွေ ကားတွေစီးပြီး၊ လန်းဆန်းတက်ကြွ ပျော်ရွှင်နေတဲ့ ထိုင်းလူမျိုးတွေကို ခြံစည်းရိုး တံခါးနောက်ကနေ ကျမ ခိုးကြည့်ရတယ်။ သူတို့ကို

ဘယ်အချိန်ကြည့်ကြည့် ပေါ့ပေါ့ပါးပါး၊ လွတ်လွတ်လပ်လပ်၊ ပျော်ပျော်ရွှင်ရွှင်။ သူတို့ပခုံးပေါ်မှာ၊ ကျောပေါ်မှာ အုပ်ချုပ်သူရဲ့ ဝန်ထုပ်ဝန်ပိုး မရှိဘူး။ ကျမတို့မှာတော့ ကျောပေါ်မှာ ပခုံးပေါ်မှာ စစ်အာဏာရှင်ရဲ့ ဝန်ထုပ်ဝန်ပိုးတွေထမ်းပြီး ပြေးခဲ့ရတာလေ။ လွတ်မြောက်နယ်မြေ ရောက်ရင်တော့ ဒုက္ခတဝက် သက်သာပြီဟဲ့လို့ ကျမ တွေးခဲ့တာ။ ဒါပေမဲ့ ထိုင်းရဲကို ကြောက်ပြီး အပြင်မထွက်ရဲ မြန်မာစကားသံကြားလို့ ထိုင်းအိမ်နီးချင်းက တိုင်ရင် လာဖမ်းတယ်ဆိုပြီး စကားမပြောရတဲ့ ဒုက္ခကလည်း ဘယ်လွယ်ပါ့မလဲ။ ဒီတော့ စခန်းထဲသွားဖို့ စဉ်းစားရပါတော့တယ်။

ကျမပေါက်ဖွားရာက လူမှုလက်တွေ့ဘဝက ပေါက်ဖွားတာမို့ ဒုက္ခဆိုတာ ကျမနဲ့ ဖွားဖက်တော် ဖြစ်နေပြီ။ ကျမကို ကျမဖြတ်သန်းခဲ့ရတဲ့ ဘဝများက ရိုက်ပုတ်သင်ကြားပေးလိုက်တာမို့ ရန်သူမိတ်ဆွေ ခွဲခြားသိခဲ့ပြီ။ ရန်/ငါ စည်းကို သိနေပြီ။ အဲဒီအသိလေးပဲ ချမ်းသာတဲ့ကျမ ဒုက္ခသည်စခန်းမှာ သဘာဝတရားကို မှီခိုနေထိုင်ရပါတော့တယ်။

နို့ဖိုးနဲ့ မဲဆောက်ခရီးက ၆ နာရီ ခရီးကြာပါတယ်။ အုန်းဖျန်၊ အုန်းဖန် တောင်တက်တောင်ဆင်း ခရီးတွေ ဖြတ်ရတော့ ကလေးခရီး ချင်းတောင်ခရီးကို သွားသတိရတယ်။ မဲဆောက်နို့ဖိုးလမ်းတလျှောက် တောတောင်ကို ထိန်းသိမ်းတာ၊ လမ်းကို ထိန်းသိမ်းတာ ကောင်းမှကောင်း။ ညို့မှိုင်းနေတဲ့ တောတောင်တွေကို မြင်ရတော့ မြန်မာပြည်က တောင်ကတုံးတွေကို သတိရတယ်။ လမ်းတလျှောက် မုဒ်ဦးတွေမှာ ထိုင်းဘုရင်နဲ့ ဘုရင်မပုံတွေ အများကြီးတွေ့ခဲ့ရတယ်။ တိုင်းပြည်ကို ကောင်းမွန်အောင် လုပ်ပေးတော့ ပြည်သူတွေက ချစ်ခင်ကြည်ညိုကြတယ်။ အတွေ့အကြုံအသစ်၊ အမြင်သစ်၊ ဒေသသစ် အားလုံးအားလုံး ကျမအတွက် အသစ်တွေချည်းပါပဲ။

ဒုက္ခသည်စခန်းထဲ ရောက်တော့ ကျမ အိပ်မက်ထဲ လမ်းလျှောက်နေရသလိုပါပဲ။ ဒုက္ခသည်ဆိုတဲ့ စိတ်အသိက လူတကိုယ်လုံး ညှိုးနွမ်းသွားရတယ်။ စခန်းထဲက တဲအိမ်ကလေးတွေက စီစီရီရီ ဝါးအိမ်ကလေးတွေ။ အင်ဖက်မိုး အပေါက်အပြဲ ဝါးကြမ်းခင်း ကျိုးတိုးကျဲတဲက ဒုက္ခသည်ရဲ့ တဲစခန်းဆိုတာကို ပုံဖော်ပေးပါတယ်။

ဒုက္ခသည်စခန်းကနေ တတိယနိုင်ငံကိုရောက်ဖို့ ကျမတို့ ဝင်ရောက်တန်းစီရပြီ။ ဒီတော့ တတိယနိုင်ငံ ထွက်ရေးအတွက် ဒုက္ခသည်စခန်းထဲကိုရောက်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားလာကြတာတွေ ဖြစ်လာပါတယ်။ ဝါးတဲလေးတွေထဲမှာ ငွေထုတ်ပိုက် နေနိုင်သူရှိတယ်။ တတိယနိုင်ငံက  မိဘဆွေမျိုး၊ ဇနီးခင်ပွန်း မိတ်ဆွေ အကူအညီနဲ့ နေကြသူတွေ ရှိတယ်။ အဲဒီထဲကမှ ငွေသုံးနိုင်သူတွေကို မှီပြီး ဈေးရောင်းစား၊ ထင်းခွေစား၊ အဝတ်လျှော်၊ သဲကျုံးရသူတွေ ရှိပါတယ်။

UN က ရိက္ခာအဖြစ် ဆန်၊ ဆီ၊ ပဲ၊ ငါးပိ၊ မီးသွေး ပေးတယ်။ ကျမတို့က ရောက်တာ မကြာသေးလို့ ရိက္ခာမရပါဘူး။ ဒါကြောင့် အစစအရာရာ အားလုံး ဝယ်စားရတာပေါ့။ ဒုက္ခသည်စခန်းထဲမှာ နေ့စဉ် ဝင်ငွေရဖို့ အလုပ်မရှိပေမယ့် နေ့စဉ် သုံးနိုင်ဖို့ ငွေရှိရပါတယ်။ မဖြစ်မနေ ဝယ်ရမယ့် ဆန်၊ ဆီ ဝယ်ပြီး လောင်စာအတွက် ကျမတို့မိသားစု တောထဲမှာ ထင်းကောက်ရပါတယ်။ ထင်းခုတ်လို့ မရပါဘူး။ ကျမတို့ အနီးအနား တောတောင်တွေက ထိုင်းဘုရင့် ဘေးမဲ့သစ်တောမို့ ခုတ်တာတွေ့တာနဲ့ ပါမိုက် (တောခေါင်း) က ဖမ်းပါတယ်။ ဒီတော့ ကျမတို့က သဘာဝအတိုင်း ဆွေးမြေ့ပြီး ကျိုးကျတဲ့ သစ်ကိုင်းစ၊ ဝါးစတွေကို ရွေးပြီး ကောက်ရပါတယ်။ ကျမတို့အတွက် လောင်စာဆိုတာ နေစွမ်းအင် လျှပ်စစ် ဂက်စ် မဟုတ်ဘူး။ ထင်းပါပဲ။

ကျမတို့လို ထင်းကောက်သူတွေ ရှိတာမို့ တောကို နက်နိုင်သမျှ နက်အောင် တိုးရတယ်။ ကျမတို့ လက်ရှိဘဝကို မေ့နိုင်ဖို့ ထင်းကောက်တာက စိတ်ကုထုံးတမျိုးပဲ ဖြစ်ပါတယ်။ တောင်တက် တောင်ဆင်းရလို့ မောရင် အမောဖြေ။ ပြီးမှ ထင်းကောက်၊ ရင်ထဲ မွန်းကျပ်နေတာကို ထွက်ပေါက်အဖြစ် အော်ဟစ်နိုင်ဖို့ သီချင်းဆို၊ လင်မယား ရန်ဖြစ် ရှင်းတန်းထုတ် ဘယ်သူ့မှ ရှက်စရာ၊ အားနာစရာ မလိုဘူး။ ရင်ထဲပေါ့သွားပြီဆို ထင်းထုတ်ကို တောင်အောက်လိမ့်ချ မြေပြန့်ရောက်မှ ကျောပိုး ခေါင်းရွက် ပြန်ခဲ့ရုံပဲ။

ငွေပြတ်လပ်သွားရင် တောထဲမှာ ဟင်းရွက်ခူး၊ လွယ်အိတ်ထဲထည့် ပြန်လာ။ အိမ်ရောက်တော့ စားခါနီး ထင်းမီးမွှေး၊ ဒန်အိုးထဲ ရေထည့် ဆားခတ်၊ အချိုမှုန့်ခတ်ပြီး ကြက်သွန်ဖြူ ဓားပြားရိုက်ထည့်၊ ပွက်ပွက်ဆူတော့မှ ဟင်းရွက်ခတ်လိုက်ရင် စိမ်းစိုလို့။ တခါတရံ ကရင့်လူမျိုးတွေဆီက ဆူးပုတ်ရလို့ ဟင်းအိုးချကာနီး ထည့်လိုက်ရင် ဆူးပုတ်နံ့ သင်းသင်းက အိုး .. ဘာပြောကောင်းမလဲ မောမောနဲ့ စားလို့ကောင်းလိုက်တာ။ ဟင်းချိုအိုးထဲ ရေချိုငါးလေး ဆင်းနိုင်ရင်တော့ ပိုကောင်းတာပေါ့။

သောက်ရေက ကျမတို့စခန်းထဲမှာ ထုံးများတာမို့ ထုံးနည်းတဲ့ စမ်းချောင်းရှိတဲ့ နေရာကို သွားရတယ်။ အသွားအပြန် တနာရီကြာအောင် လျှောက်ရတယ်။ ခေတ်ပေါ်ဆံပင်၊ ခေတ်ပေါ်အဝတ်အစား ဝတ်ထားတဲ့ လူငယ်၊ ပန့်၊ ရေ့ခ်တွေ၊ ရက်ပါတွေလည်း ပုံးလေးတွေနဲ့ ရေထမ်းရတာပဲ။ ရေခပ်ရင်း ထင်းခြောက်ကောက်သူ၊ ဟင်းရွက်ခူးသူ၊ ကျန်းမာရေးအတွက် လမ်းလျှောက်သူ စုံလို့ပါပဲ။ ဟင်းချိုရွက်ကတော့ အသက်ရှိရင် ငိုလောက်တယ်။ ဒီဟင်းချိုရွက်ကလည်း ကျမတို့ကိုကြောက်ပြီး အရွက်၊ အညွှန့် ထွက်ရမှာတောင် မဟုတ်ဘူး။

ကျမတို့ ဒုက္ခသည်အိမ်လေးတွေက နီးနီးကပ်ကပ်မို့ တအိမ်နဲ့တအိမ် သက်ပြင်းချသံ၊ လေလည်သံကိုတောင် ကြားရတယ်။ ဟိုဘက်အိမ်က တံခါးဖွင့်ရင်၊ ခြေနင်းရင် ကိုယ့်အိမ်က ထင်ပြီး ခေါင်းထောင်ကြည့်ရတာလည်း အမောပဲ။ ကျမတို့စခန်းထဲမှာ ကလေးမွေးဖွားနှုန်းကလည်း များမှများ။ UN အစီစဉ်နဲ့မို့ ကိုယ်ဝန်ဆောင်သည်တွေ မြန်မာပြည်မှာ မရတဲ့  အခွင့်အရေး အကုန်ရတယ်။ ဗိုက်ကြီးသည် ရိက္ခာသက်သက် ရတယ်။ အနီး၊ ကလေးသေးခံ၊ အင်္ကျီ အကုန်ပေးတယ်။ မွေးရင် မီးဖွားစရိတ် မပူရဘူး။ တတိယနိုင်ငံစောင့်ရင်း ကန့်ထဲမှာ ကလေးတွေမွေးကြတယ်။ နိုင်ငံမဲ့ ကလေးတွေ သူတို့မိခင်တွေကလည်း သားချော့တေးအသစ်တွေနဲ့ ချော့မြူကြတယ်။

ကလေးကို အမေက "ပြောစကား နားထောင်နော်၊ ပြောစကား နားမထောင်ရင် ဩစတြေးလျား မခေါ်ဘဲ နေလိုက်မယ်" တဲ့။ အင်ဖက်အမိုးအပျက်၊ မီးဖိုချောင်ထဲက ထမင်းရည်ငှဲ့ရင်း ကလေးကို လှမ်းချော့နေတဲ့ မိခင်ရဲ့ စကားသံကို ကြားတော့ ကျမမှာ ရင်ထဲ ထိထိခိုက်ခိုက်နဲ့ ရယ်ရခက်ခက်ပေါ့။ စိတ်ထဲမှာတော့ ကလေးမြို့လေးက အုတ်ဖုတ်တဲ့ မိန်းခလေး သူ့ကလေးဗိုက်စားလို့ ပူဆာတာကို မာန်လိုက်တဲ့စကား သွားသတိရတယ်။

"အခု မင်ရည်ဆို အခု မင်ရည်၊ အခု ဖန်ခါးဆို အခုဖန်ခါး၊ ကျွေးထားရဲ့သားနဲ့ ပူဆာရလား" တဲ့။ မင်ရည်ဆိုတာ ထမင်းရည်ကို ပြောတာပါ။ ဖန်ခါးကတော့ ဖန်ခါးသီး တောထဲမှာ သိပ်ပေါတယ်။ ဒါပဲ ကျွေးနိုင်တာမို့ ကလေးအမေရဲ့စကား ကြားတော့ ကျမနားထဲ ကျင်သွားရတယ်။ လူတွေက မိမိဖြတ်သန်းရတဲ့ မိမိတွေ့ကြုံရတဲ့ အရာတွေက မိမိဘဝကို ပြဋ္ဌာန်းတယ်ဆိုတာ အမှန်ပါပဲ။

သဘာဝတရားက အလှတရားနဲ့ မျှော်လင့်ခြင်းတွေကို ဒုက္ခသည်စခန်းမှာ လက်ဆောင် ပေးထားသေးတယ်။ ညဘက် လသာရင် ကျမတို့ ခံစားရတဲ့ ဒုက္ခအခက်အခဲတွေကို အဟုတ်မေ့သွားပါတယ်ဆို။ အင်ဖက်မိုး အပေါက်ကြားထဲက လရောင်က ထိန်ထိန်သာလို့။ "အုန်းရွက်ကြို၊ အကြိုအကြား၊ ပျောက်ပျောက်ကြားကြား ... ငွေမှင်ရွှေရည် လူးသည့်နယ်" ဆိုတဲ့ အဆိုတော် ဒေါ်မာမာအေးရဲ့ သီချင်းကို ညည်းရင်း ခံစားတာပေါ့။ အုန်းလက်နဲ့ လရောင်ဆိုတာ

သိပ်လိုက်ဖက်ပါတယ်။ လရောင်က အင်ဖက်အမိုးနဲ့လည်း လိုက်တာပါပဲ။

လရောင်က ကျမတို့နေတဲ့ တဲအိမ်ကလေးကို ဖြာကျနေရင် သဘာဝတရားကြီးကို ကျေးဇူးတင်ရပြန်ရော။ နေ့ခင်း နေ့လယ်ကြည့်ရင် အကျည်းတန်တဲ့ အင်ဖက်တွေကလည်း နင်းစက်နဲ့လရောင်ကြောင့် စိုအိနေတယ်။ လေနဲ့အတူ ပါလာတဲ့ ညမွှေးပန်းရနံ့ကလည်း သင်းပျံ့မွှေးကြိုင်လို့။ မြေသင်းရနံ့လေးတွေ၊ သစ်ခွပန်းရနံ့လေးတွေကလည်း ညလေညင်းနဲ့အတူ ကျမတို့ကို ချော့သိပ်ပြန်တယ်။ ဒီလိုသဘာဝရဲ့ အလှတရားတွေကို ကျမတို့ တတိယနိုင်ငံ မရောက်မချင်း တဝကြီး ခံစားရမယ်။ ဒီလိုရနံ့နဲ့ ဒီလိုလရောင်နဲ့ အိပ်ရတဲ့ညမျိုး တတိယနိုင်ငံမှာ ခံစားရမှာ မဟုတ်ဘူး။

ကျမတို့ ကလေးအကျဉ်းထောင်ကို ထောင်ဝင်စာ သွားတွေ့လို့ တောထဲတောင်ထဲ ကားပျက်ရင် ခံစားရတဲ့ ခံစားမှုမျိုးနဲ့လည်း တူတယ်။ ကောင်းကင်တခုလုံး ကြယ်တွေ လင်းလက်လို့ ဖိတ်ဖိတ်တောက်နေတယ်။ ကောင်းကင်ကို အကာကွယ်မဲ့ ကြည့်ခဲ့ရတယ်။ တောနံ့တောင်နံ့ မြေသင်းနံ့တွေကလည်း မွှေးလို့ပေါ့။ "ဒီလိုနေရာမျိုး တကူးတကရောက်ဖို့ ဘယ်လွယ်မလဲ ညဥ့်နက်သန်းခေါင် အခုလို ကားပျက်လို့နေရတာ နေချင်လို့ပါ ဆိုရင်တောင် ကားသမားက  ဘယ်ရပ်ပေးမလဲ" လို့ ပြောပြီး အချင်းချင်း ဖြေသိမ့်ကြတယ်။ ဒီလိုမျိုးပြောတော့ ကိုအေးအောင် ဖခင် ဦးသောင်းစိန်က ကျမကို ပြန်ပြောပါတယ်။

"ဒါပေါ့ သမီးရယ်၊ အမေအရင်း မရှိတော့လည်း မိထွေးနဲ့ပျော်အောင် နေရတာပေါ့" တဲ့။

ဟုတ်ကဲ့။ ကျမလည်း မိထွေးနဲ့ ပျော်အောင် နေနေရပါတယ်။